




မျက်နှာဖုံးပုံနှိပ်သူ ။ဒေါ်စင်တင်(မြဲ ၀၅၂၀၄)
မိုး အော့ဖ်ဆက်
အမှတ်(၃၉)၊ဓမ္မာရုံလမ်း၊
မြေနီကုန်းမြောက်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။


စာမူခွင့်ပြုချက်အမှတ်.... ၅၂၁/၉၆(၉)
မျ က်နှာဖုံးခွင့်ပြုချက်အမှတ်.... ၅၂၃/၉၆(၉)
ပထမအကြိမ်၊ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၃၀ ကျပ်

နေနွယ်ဇင်မြင့်

# တို့နှစ်ယောက်ရဲ့ အိပ်မက်ကလေး

ဝတ္ထုသစ် (အစ,အဆုံး)






ထုတ်ဝေသူ ။ မောင်ဟန် (၀၈၇၆)
ကမ္ဘာ့လုံးစာပေ၊
အမှတ် ၂၅၉၊ နဝဒေးလ
ဒေါ်ပုံ၊ ရန်ကုန်မြို့။

အတွင်းစာပုံနှိပ်သူ ။ ဒေါ်သိန်းဆိုင် (၀၁၆၉၂)
မြတ်လေးပုံနှိပ်တိုက်
အမှတ် ၁၂၄၊ မြတ်လေး
ပြည်ထောင်စုရိပ်သာလမ်း
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။


## ဒို့ တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး.... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။

စည်းကမ်းရှိမှ တိုးတက်မည်။

စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

ရပ်ရွာအေးချမ်းသာယာရေး

ဝိုင်းဝန်းကူညီ စောင့်ထိန်းပေး။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန် ဖြစ်သည်။

နေနွယ်ဇင်မြင့်

# တို့နှစ်ယောက်ရဲ့ အိပ်မက်လေး

ဝတ္ထုသစ် (အစ၊ အဆုံး)

မနက်ခင်းမိုးလင်းတိုင်းမှာ....
မင်းနဲ့ ကိုယ့်အကြောင်း....
ပြန်ပြီး ဆွေးမိတိုင်းမှာ.... ကိုယ့်ရဲ့ရင်ထဲ မောနေ....
ဘယ်လိုမျိုး အတားအဆီးများကြောင့်....
တို့နှစ်ယောက် ဝေးခဲ့တာလဲ....

ဒရင်းမ်ဘက်ဒ်ဟုခေါ်သော ပက်လက်ကုလားထိုင်ရှည်ကြီးပေါ်မှာ သီရိ ခွေခွေလေး လှဲနေပါသည်။ တီဗွီဖန်သားပြင်အား သီရိနှင့် ခြောက်ပေကျော်ကျော်ပဲ ဝေးသည်။ ဖန်သားထဲမှာ ဆောင်လေး၊ ချွန်းဆိုတဲ့ အဆိုတော်လေး၊ မင်း....အဆိုတော်ဖြစ်ပြီပေါ့နော်။

ဘယ်လိုမျိုး အတားအဆီးကြောင့် ဝေးခဲ့တယ်ဆိုတာ မင်းသိပါတယ်ချွန်းရယ်၊ 'အံလွှာ' လေး 'အဆင့်အတန်း'

လေး။ သီရိဂေဟာ မိသားစုက စတုတ္ထ သမီး 'မေသီရိမြို့ညှိစုံ'၊ အင်္ဂလိပ်စာ အဓိကနဲ့ ဘွဲ့ရထားတဲ့ သူဌေးသမီးနဲ့ မိဘမဲ့ တစ်ကောင်ကြွက် သူဆင်းရဲလေးတို့ရဲ့ဇာတ်လမ်းမှာ၊ အတား အဆီးဟာ ဘာလဲဆိုတာ မင်းအ လူတာအာကို မေးနေချင် သေးတာလား ကောင်လေးရယ်။

သည်လိုပဲ လွမ်းရင်း လွမ်းရင်း....
တို့ဘဝ အဆုံးသတ်ရမှာပဲ....
မဆုံနိုင်အောင် ဝေးကြပြီလား....
ဆုံနိုင်အောင် တို့နှစ်ယောက်က မကြိုးစားနိုင်ခဲ့။

မျက်ရည်ခိုင်သူလေးအေ ခုတော့ အငိုလွယ်သူ ဖြစ်ခဲ့ရပါပြီ။ ချွန်းနှင့် ဝေးကြစဉ်ကတည်းက မတားဆီးနိုင်ခဲ့တဲ့ မျက်ရည်မြစ်တစ်စင်းဟာ မမပါးပြင်ပေါ်မှာ တစ်ရံမလပ် စီးဆင်းလို့ နေပါတယ် ချွန်းရယ်။ ဆုံနိုင်အောင် မမ မကြိုးစားနိုင်ခဲ့ပါဘူး။ မင်းလည်း မကြိုးစားနိုင်ဘူးလား ကွယ်။

စွန့်ရမယ့်အချိန်မှာ တွေဝေခဲ့လို့....
နှလုံးသားမှာ အရှုံးများကိုယ်စီနဲ့....

ဆိုတတ်လိုက်တာချွန်းရယ်၊ မောင်လေးရယ်၊ အသံလေးက သြရှရှနဲ့ ချိုမြလွန်းပါတယ်၊ အဲဒီအသံ သြချိုချိုလေးဟာ နာကျင်ကြေကွဲနေတာလည်း ပေါ်လွင်စေတာပါတို့။





မိသားစုရဲ့ မျက်နှာရှိနေပါတယ်....
ခံစားမှုကို ဦးစားမပေးချင်ပါဘူးတဲ့....
ဒီလိုမျိုး မင်းပြောခဲ့တဲ့စကား....
ကြားယောင်မိတယ်။

စိတ်နာလှပြီလားကွယ်၊ မမရဲ့ စာထဲမှာပါတဲ့ ဝါကျ ကြောင်းဟာ ခုတော့လည်း မင်းအတွက် သီချင်းတစ်ပုဒ် ပြီပေါ့။ မင်း....မမကို နားလည်စွာ ခွင့်မလွှတ်နိုင်ခဲ့ လား။ မင်းနဲ့မမ ချစ်နေကြတယ်လေ။ ကမ္ဘာစီမှာ ခုင်း ချစ်မြဲ ချစ်ဆဲ ရှိနေကြတယ် မဟုတ်ဘူးလားဟင်။

မပြတ်သားခဲ့တဲ့မင်းကို....
တို့မှာမတိုက်တွန်းရဲ....
ကြုံလာမယ့်အလွမ်းများ အဆွေးများ....
ခါးဆီးပြီး ကျိတ်ခံမယ်။

ဪ်....ဖြစ်မှဖြစ်ရလေ။ ကောင်လေးရယ်။ မမအသည်း ကြွေပါပြီ။ မင်းရဲ့ နှာတံချွန်ချွန် မေးချွန်ချွန်လေး ဟာ အလွန်ပဲချစ်စရာကောင်းခဲ့သလောက်၊ ခုတော့လည်း ရဲ့ မေးကြောကြီးက ခိုင်မာလို့ပါလား။ မင်း အသက် ဆယ်ကျော်သွားပြီနော်။ မဂ္ဂဇင်း အင်တာဗျူးထဲမှာ လိုက်ပါတယ်။ အဝေးသင်တက်နေတယ်တဲ့။ ဒုတိယနှစ် မမ စကားကို နားထောင်တဲ့ မောင်လေးရယ်။ လိမ္မာ

လိုက်တာ၊ မမထနှားလိုက်တာ၊ ပြီးတော့ မင်းရဲ့ အေ
မြင်မှုကို မဇဂုဏ်ယူလိုက်တာ၊

မင်းဆီးရိုးပေါက်လို့ ပိုက်ဆံတွေ သိန်းနဲ့ချီပြီး ရသ
တယ်ဆိုတဲ့ သတင်းကောင်းလေးဟာ မမအတွက် နားဝင်
လှပါတယ်၊ အသက်ရှူမြန်ပြီး မောဟုနတဲ့ မမရဲ့ရင်ခွင်ထဲ
ပျားရည်မြစ်တစ်စင်း ဖြတ်ဝင်လာသလို ခံစားရတယ်၊

ပါဂျရိုး စီးနေပြီတဲ့လား ကောင်လေးရယ်၊
ဝမ်းသာတယ်၊

မင်းဒင်က အခန်းကို မျက်စိကစားရ၍ လှည့်ပတ်ကြ
ည့်လိုက်သည်၊ ပြင်ဆင်မှု ကောင်းမွန်သပ်ရပ်၍ အထက်တ
ကျပါပေသည်၊ ကျယ်လည်း ကျယ်၏၊ အခန်းဆီးမျာ
နံရံကပ် မီးလုံးများက မလှလှအောင် တကူးတကာ ပြင်ဆ
ထားတာဖြစ်သည်၊ သာခန်းကနိုထရိုက်တိုက်ခန်းနှင့်မတူပ
တံခါးပေါက် ခပ်ကျဉ်းကျဉ်း တစ်ခုတည်းမှ ဝင်လာရ
ပေမယ့်၊ အထဲကျတော့ ကျယ်ဝန်းလျက်၊ ခြံကျယ်





လူနေအိမ်တစ်ခုလို အဆောင်အယောင်ထိသို့ ရောက်သွား
ရသည်၊

'ဝယ်လိုက်တာလား ချွန်'

'ပရိုဂျူဆာက ပေးနေတာပါ အစ်ကို၊ မဝယ်နိုင်သေး
ပါဘူး'

'တိုက်ရှေ့က ပါဂျရိုး'

'အဲဒါတော့ ဝယ်လိုက်တာပါ'

'အိမ်ဝယ်တော့လေ'

'ပိုက်ဆံမပြည့်ဘူး အစ်ကိုရဲ့၊ ဒီအခန်းကိုကြိုက်ရင်တော့
ရှိသလောက်ပေးထားပြီး၊ နောက်ပိုင်း နှိမ်ပေးမယ်တဲ့
ပရိုဂျူဆာက'

'လုပ်လိုက်ပေါ့၊ ဒါမှ အဖတ်တင်မှာ၊ ပိုက်ဆံဆိုတာ
လက်ထဲရှိနေရင် ဆီလိုအပေါက်ရှာပြီး ထွက်တတ်တယ်'

'ဟာ....အစ်ကိုက ခလုတ်နှိပ်ထားပြီးပြီလား'

မင်းဒင်ရယ်လိုက်၏၊

'အမြင့်ခုန်'ဆိုသည့် သီချင်းတစ်ခွေတည်းနှင့် ပေါက်
သွားသော တေးသံရှင် 'ချွန်း' ကို အင်တာဗျူးလုပ်ဖို့
သူ့မဂ္ဂဇင်းက တာဝန်ပေးလွှတ်လိုက်၍ ရောက်လာခြင်း
ဖြစ်လေ၏၊

'တခြားမဂ္ဂဇင်းတွေကလည်း လာကြဦးမှာ အစ်ကိုရဲ့'

'ဘယ်နှယောက်လဲ'

'လေးယောက်.... အစ်ကိုနဲ့ဆို ငါးယောက်'

'ဒါဆို....ကိုယ်တော်လေးက ပွဲပေးဖို့ ကောင်းပြီပေါ့'

'ဘီယာလေးခက်တော့ အဆင်သင့်ရှိပါတယ်'

'ထုတ်လေ...ဒါပဲလား'

'အမြည်းစားတော့ ရှောင်ထားတာ ကောင်းတယ်မဟုတ်လား'

'ဒါပေါ့...ဒါပေါ့'

ချန်းက ရေခဲသေတ္တာ သွားဖွင့်သည်။ ရေခဲစိမ့်ဘီယာ လေးငါးဘူး ထုတ်လာသည်။

'ကျွန်တော် နှစ်ခွါဖင် ဝယ်ထားတယ်၊ အမြည်းအစားက အာလူးကြော်ပဲ'

'အိမ်ရှင်မ မရှိသေးတော့လည်း ဖြစ်သလိုပေါ့လေ'

ခြေသံတွေ ကြားရပြီး တံခါးဖွင့် ဝင်လာသူက နှစ်ယောက်။

'ကိုယ်သိင်သိန်းနဲ့ စိန်ပွင့်'

'လာမယ်၊ ကြာမယ်၊ ထူးခြားနဲ့ ဝိဝိ'

စကားသံအဆုံးမှာ နောက်ထပ် နှစ်ယောက် ထပ်ရောက်လာသည်။

'အစ်ကိုမင်းဇင်က ကက်ဆက်ခလုတ်ဖွင့်နေလို့ ပြန်ပိတ်လိုက်ရတယ်၊ လာ...အစ်ကိုဝိဝိ၊ အစ်ကို့နာမည်ကလည်း ဒေါ် ရောက်လိုက်ဟာ'

'မောင်ဖိုးချွန်း ကလေးထက်တော့ သာပါတယ်'

ရယ်လိုက်ကြ၏။

'ကက်ဆက်ခလုတ် အရင်နှိပ်မလား၊ ဘီယာဘူး အရင် ဖောက်မလား'





'ပြိုင်တူ လုပ်ကြတာပေါ့၊ လက်ချောင်းတွေ များသား
…'

'အစ်ကိုထူးခြား စကားပြောကောင်းတယ်နော်'

'ဟာ...အဲဒါ ငါ့ဒီဇိုင်း'

'ကဲပြော...နာမည်အ ကိုသိပ်သိ၊ တကယ်တမ်းကျတော့ …ာမှမသိလို့ ကျုပ်ကို အရင်ဆုံး ပြောခေါ်မှု'

ကက်ဆက်ခလုတ်လေးတွေ ဖွင့်လေ၏။

....◎....

'သမားရိုးကျ မေးခွန်းနဲ့ စရရင်...အနုပညာ လောကထဲ ရောက်လာပုံ'

'အဟဲ...ကျွန်တော်အလည်း သမားရိုးကျ ဖြေမယ်၊ …ယ်ငယ်တည်းက ဝါသနာပါတာ'

'လူကြားကောင်းအောင် မပြောနဲ့၊ အမှန်တွေပြော'

'တကယ်ပြောတာ အစ်ကိုရဲ့၊ ကျွန်တော့်မှာ ကိုယ်ပိုင် …ဉ်တစ်လုံးရှိတယ်'

'ဒါ...အသန်းလား'

'သူများတွေအတွက် မဆန်းပေမယ့် ကျွန်တော့်အတွက် ဆန်းတယ်'

'ဆန်းပုံပြော'

'ပိုက်ဆံမရှိလို့ ကျောင်းထွက်ပြီး တစ်နေ့ခြောက်ဆယ်....။ ဟုတ်တယ်၊ အဲဒီတုန်းကပန်းရန်နေ့စက်လိုက် တစ်ယောက်ဟာ တစ်နေ့ကို ခြောက်ဆယ်ရတယ်၊ အဲဒီလိုလုပ်ရတဲ့ကောင်။ အဝတ်အစားအသစ်ဆိုရင် အဆစ်နံ့နံ့လို့ ဝတ်တတ်မှာ တောင် မဟုတ်ဘူး၊ လေဆောနဲ့ ဘောထုပ်နဲ့ ဖျာပုံနဲ့ ကြီး ပြင်းရတဲ့ကောင်မှာ ဂစ်တာ ကောင်းကောင်းတစ်ခု အပိုင် ရှိနေတာ ဆန်းတာပေါ့'

'ဒီလိုတော့လည်း ဟုတ်ပြန်ရော'

'ကျောင်းက ဆရာကန်တော့ပွဲတွေဘာတွေမှာ သူများ လက်ခုပ်တီးပေးရင်၊ စဖရင်ရှုံးအောင် တစ်လိန်ပြီးတစ်လိန် တွန့်လိန်ကတတ်တာ ကျွန်တော်'

'ဗိဇ....ဗိဇ'

'ရှိ....လို့ လေတစ်ချက်ချွန်ပေးရင် အသံကုန် ဟစ်တာ ကျွန်တော်'

'ဝါသနာဆိုတာ တားဆီးရခက်တဲ့ အမျိုးကိုး'

'ပထွေးက နှင်ချလို့ ရန်ကုန်ရောက်လာတာ'

'ပြောချင်ရာ ပြောပြီးရင် မှောင်ချချင်တဲ့ ဝါကျလေး တွေပါတော့လည်း ပြင်ဆင်ပေါ့ကွာ'

'ကျေးဇူးပဲအစ်ကို၊ ပြောတာတော့ အကုန်ပြောချင် တယ်၊ ရင်ဖွင့်ချင်နေတာ'





'ခေါ်ပြောင်ယူပြီး ခွဲချလိုက်ရင် ဟင့်လင်းပွင့်သွား တယ်'

'ကျွန်တော်က ခွဲပါတယ်၊ အူတွေမြင်ပြီး၊ အစ်ကိုတို့ ကြက်သားတုတ်ထိုးမစားချင်တော့မှာစိုးလို့'

အားလုံး ရယ်လိုက်ကြသည်။

'မင်းအခွေက တစ်တိုင်းပြည်လုံး၊ ပေါက်ကဘာပဲကွာ၊ ကြံဆံဟင်းခါးသည်လည်း ဖွင့်တယ်၊ ထီ စက်ဘီးသည်လည်း ဖွင့်တယ်'

'အဲဒါ ကျေးဇူးရှင်တွေပဲ အစ်ကိုရ၊ လက်ဘက်ရည်ဆိုင် တွေလည်း ကျေးဇူးတင်ရတာပဲ'

'ဆောင်မှလေးတွေ ပိုအဆယ်များတယ်ထင်တယ်'

'ဟုတ်ကဲ့....ယောကျ်ားတွေလည်း အားပေးပါတယ်'

'မင်းသီချင်းတွေက နည်းနည်းခက်တယ်ကွ၊ လမ်းထိပ် အုတ်ခုံမှာ ညနက်သန်းခေါင် လွယ်လွယ်ဟစ်ချင်လို့ရေဘူး ဖြစ်နေတယ်'

'လွယ်တဲ့သီချင်းလည်း ပါပါတယ်'

'မင်းဘာသာ ဖြန့်တာနော်'

'ဟုတ်ကဲ့....၊ကျွန်တော် အခွေလေးကိုင်ပြီး တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် စပ်တာ'

'ရှောင်းပို့လား'

'ဟုတ်ကဲ့'

'မင်းက ဘယ်လောက်ဘောင်းလို့လဲ'

'တစ်သိန်းခွဲ'

'နာမည်ကြီးအဆိုတော်တစ်ယောက်ဆိုရင်၊ ဆိုချည်းပဲ တစ်သိန်းခွဲကနေ လေးငါးသိန်းထိ ရတယ်မဟုတ်လား'

'ရတာပေါ့၊ ကျွန်တော့်က မာစတာခွေအပ်တာတောင် တစ်သိန်းခွဲပေးမယ့်သူ မရှိဘူး၊ ဘယ်သူမှ မဝယ်ဘူး၊ ဒါနဲ့…ကက်စားနဲ့ ပြန့်ဖို့တောင် တောင်းတောင်းပန်ပန်'

'ပရိမထုတ်ဘူးလား'

'အင်ကိုကလည်း၊ နာမည်လူသိပြီးသားတွေတောင် ပရိနဲ့ ထုတ်ပြီးမှ ကက်စနစ် ပြန်ပြောင်းရတဲ့သူတွေ ရှိတယ်'

'ဘာဖြစ်လို့လဲ'

'ကျွန်တော် သိပ်နားမလည်ဘူး အစ်ကို'

'ခွေပေါက်တော့ ဘယ်လောက် ရလဲ'

'လောလောဆယ် ပါဂျရိုးတစ်စီးပိုင်ပြီအစ်ကို'

'ကိုယ့်ဘာသာစားရဖို့ ကြံဖန်ဖြစ်တာ'

'ကျွန်တော် ရှစ်သောင်းထိ ဆင်းပေးတယ်၊ မဝင်ကြ ဘူး အစ်ကိုရဲ့၊ နာမည်ကြီးအဆိုတော်တစ်ယောက်ရဲ့မာစတာ ခွေ တစ်ခွေဟာ ဆယ်သိန်းပတ်ဝန်းကျင်ရှိတယ်'

'ကံဖယ်တာ၊ ကံဖယ်တာ'

'အဆိုတော် ဖြစ်လာပုံလေး'

'စက်အဖွဲ့မှာ ကူညီထမ်းခဲ့တာက စမရယ်'

…❁…





ပိုင်ရှင်ကိုလည်း ဖားရသည်။ ပိုင်ရှင်ကတော် ကိုလည်း ဖားရသည်။ ပိုင်ရှင်ကတော်ကို အဖားလွန်ပြီး အင်္ဂလိမှာလ ဖြစ် မှာ လည်း စိုးရသေး၏။ ပိုင်ရှင်၏ သားနှစ်ယောက် သည်းညည်းတွေတော့ ပြောမနေပါနှင့်တော့။

'အင်္ဂလိမာလ သိတယ်မဟုတ်လား အစ်ကိုတို့'

'မင်းထက်တတ်လို့ ဗျူးဆရာလုပ်နေတာကွ'

ချွန်း ရယ်၏။

'ဆရာကတော်ထံမှာ ကျိုးနွံလွန်းလို့ သားအမိ တူဝရီး လို ရိုးရိုးချစ်ကြတာ၊ မလိုသူကဘာဘာညာညာပြော၊ ဆရာ ကလည်း သဝန်တို'

'ကိုဝိဝိ ခင်ဗျားပြောတာအကျဉ်းချုံးလွန်းတယ်'

'လိုရင်း တိုရှင်းပေါ့ဗျ၊ တကယ်ဆို နှင်ထုတ်လိုက်လဲ ရသားနဲ့၊ လက်ညှိုးတစ်ထောင်တိုတို ရင်အောင် ဖြတ်ခဲ့လိုမျှား ခိုင်းရသတဲ့'

'သြော်… ဒီတစ်ထောင်ထဲက တစ်ယောက်ယောက်က ပြန်သတ်လို့သေရင်၊ သူ့လက်နဲ့ သေတ်ရတာ့ဘူးပေါ့'

'ကဲ… ဆက်ပြောချွန်း၊ မင်းဘော့စ်က ဘာလုပ်တဲ့ဘော့စ် လဲ'

'တူရိယာနဲ့ စက်ပစ္စည်း ငှားတဲ့ဘော့စ်'

'ချွန်းက အဲဒီမှာဘာလဲ'

'ကူလီ'

'သယ်ပိုးရေးဝန်ထမ်းလို့ ပြောပါကွာ'

မဂ္ဂဇင်းတာဝန်ခံများ ရယ်ကြလေ၏။

'သူမျှား မဖို့ဇန်လေးတဲ့၊ ပိုစလေးတဲ့ ပစ္စည်းတွေဆိုရင် ကျွန်တော် ချက်ချင်း ဝင်ခဲ့ပါတယ်၊ ဖင် ပေါ့ တယ် ပေါ့ အစ်ကို—

'ပြီးတော့ အရှုးထင်ထင် ငပေါထင်ထင်၊ အနီတော့နော် အစ်ကို.... ဘောက်ပေါပြောလည်းခံ၊ အရှက်နည်းနည်းနဲ့ကို သီချင်း ဆိုဆိုပြရတာ—

စက်ပိုင်ရှင်ကိုရော၊ လာငှားတဲ့တီးဝိုင်းတော့၊ ပလေယာတွေကိုရော၊ ပလေယာတွေနဲ့ ဝိုင်းမန်နေဂျာတွေဆိုရင် ခြေသလုံး မဖက်ရုံတစ်မည်ပါ—

'ခင်အောင်၊ သနားအောင် ပေါင်းခဲ့ပါတယ်၊ သီချင်း ဆိုခွင့်ကလေးရဖို့ပါအစ်ကို၊ စတီတီရှိုးလေးရှိရင် ကျွန်တော် ရှေ့ဆုံးထွက်ကလေး ဆိုပါရစေလို့'

ပထမဆုံးအတွေ့အကြုံက အဆင်ပြေလား'

'ဘယ်ပြေမလဲ၊ ဒူးလည်းတုန်၊ လက်လည်းတုန်၊ သွားတွေလည်း ရိုက်ပြီး အသံဘာလှိုင်းတွန့်နဲ့ထွက်လာလို့ အရှက်ကို ဖြန်းဖြန်းကွဲတာပဲ'

'ဝိုင်းရယ်တာ ခံရသေးလား'

'ပရိသတ်က ဩဘာ ပေး ရှာ တယ်၊ ဆင်းသွားတဲ့ ဘောက်ပေါတဲ့'

'ဒါကတော့ အဲဒီလိုအအော်မခံရဘဲ နာမည်ကြီးလာတဲ့ အဆိုတော် တစ်ယောက်မှ မရှိပါဘူး၊ ဒီလောကကတော့ အသေးအဖွဲ့ပါ'





'ဘာထွက်မှာ ဖြန်းဖြန်းကွဲ ထားတော့ ဘယ်ဝိုင်းကမှလဲ ခေါ်ချင်၊ စက်ပိုင်ရှင်ကလည်း ခေါ်သုံးပါ ပြောပေးရှာတော့ အားနာသတဲ့'

'သီချင်းတချို့ ကိုယ့်ဘာသာ ရေးတာနော်'

မဝယ်နိုင်လို့ပါ၊ သူများတွေက ရေးတတ်လို့ရေးတာ၊ ကျွန်တော်က ဆင်းရဲလွန်းလို့ မရေးတတ်ဘဲ ရေးရင်းက နည်းနည်းပါးပါး သာယာနာပျော်ဖွယ် ဖြစ်လာရတာပါ၊ သီချင်း အပုဒ်တစ်ရာလောက် ရေးပြီးမှ ဆီးရီးအတွက် မြန်ရွေးပါတယ်'

'စုစုပေါင်း'

'ဆယ့်နှစ်ပုဒ်ပါ'

'သူများတွေက အဆိုတော်ဖြစ်ပြီးမှ စတီဘီရှိုး တက်တယ်၊ ချွန်းကတော့ စတိတ်ရှိုးကနေ အဆိုတော် ဖြစ်လာတာနော်'

'ကျွန်တော့်နာမည်နဲ့ ရုပ်ကို လူသိအောင် ဒီနည်းက လွဲလို့ မရှိဘူး အစ်ကိုရဲ့၊ တီဗွီလည်း မရိုက်နိုင်ဘူး၊ ဝိုင်းကြီးနဲ့ စတူဒီယိုကြေးလည်း မတတ်နိုင်ဘူး၊ ဆီးရီးအတွက် ထုပ်တော့မှ အဲဒီထဲကယူပြီး တီဗွီရိုက်ရတာ၊ နှစ်ခါအကုန်ခံနိုင်လို့'

'ငါ့နှယ်....ထိတ်ထိတ်ကြဲ ထူးချွေးမင်းပါလားကွယ့်'

'ဝိုင်းကြေးတော့ ပေးနိုင်လား'

'ဘယ်ပေးနိုင်ပါ့မလဲ၊ ပလေယာတွေကိုဆိုရင် ကျွန်တော် ချွေးပါဘူး အစ်ကို၊ နင်းလည်းပေးဖူးပါတယ်၊'

'ဒီဝါကျ မှောင်ချရွှားလား'

'အစ်ကိုတို့သဘောပါ၊ သနားအောင် ပေါင်းရတာ ပေါ့ အစ်ကိုရယ်၊ စကားပုံကတော့ ရှိးပါတယ်၊ လူ့ အောက်ကျို့လို့လူပိပြီးနေတဲ့မသာ မရှိဘူး ဆိုတာ....'

'ခင်ကြွ သနားကြတော့လည်းဘော်ဒါကတ္တာပေါ့အစ်ကို၊ ဒါ ကျွန်တော်တို့ အနုပညာလောကရဲ့ ချစ်စရာ အကျင့် အလေးပါ'

'အေးဗျ၊ ကျွန်တော်လည်း ကြားဖူးတယ်၊ ဘော်ဒါဆို အလကားလည်း တီးပေးလိုက်တာပဲ၊ သီချင်းသည်း အလ ကား ပေးဆိုလိုက်တာပဲ၊ တန်ရာအနိကြေးဆို တောင်းပြ ပါလိမ့်မယ် သောင်းနဲ့ သိန်းနဲ့'

'ဒီလို ယိုင်းပင်းတတ်တဲ့ စိတ်ဓာလေးတွေရှိတာ အရမ်း ချီးကျူးဖို့ကောင်းတယ်'

'ကျွန်တော်က ကိုယ့်သီချင်းထိုးပေးတဲ့ စိုင်းကိုတောင် ထမင်းနပ်မှန်အောင် ကျွေးနိုင်တဲ့ကောင်မဟုတ်ဘူးအစ်ကိုရဲ့၊ တစ်ခါတလေ သူကိုစားတာ သူတို့ဘာသာ ရှင်းသွားကြ တယ်၊' အဆိုတော်ထဲမှာတော့ ကျွန်တော် အဆင်းရဲဆုံး ပါပဲ'

'စတူဒီယိုကျတော့ရော'

'ဒါလည်း လျော့လျော့ပေါ့ပေါ့နဲ့ပါပဲ၊ အားလုံးစိုင်းကူ ကြလို့ ကျွန်တော် အဆိုတော်ဖြစ်တာ၊ ဆီးရီးအတွက် လုပ် ရင်းနဲ့ သီချင်းတွေ ရလာပြီး တီဗွီရိုက်ရတယ်'





ကိုယ့်မရှိတာ၊ ကိုယ်ဆင်းရဲတာ၊ ကိုယ့်ကို လူများက ကူညီတာတွေကို ပြောဖို့မရှက်ပါ။ ကျေးဇူးတရားကိုလည်း သိတတ်ပါသည်။ မဂ္ဂဇင်းစာမျက်နှာတွေပေါ် မရောက်ချင် ည့် စကားတွေကျတော့လည်း ပြောမနေတော့ပါဘူး လေ။

'ဟာ ဒီကောင်ရှုပ်ပြန်ပြီ၊ မသိုပါနဲ့ခနော်၊ တောင်းပန် ပါတယ် မောင်မင်းကြီးသား'

သည်လောက်စကားက ပန်းနဲ့ပေါက်သလောက်ရှိသည်။ ခွေးလို မောင်းထုတ်တာလည်း ခံခဲ့ရဘူးပြီ။

'အစ်ကို၊ စတိတ်ရှိုးမှီရင် ကျွန်တော့်ကို ခေါ်ပါနော်၊ ကျွန်တော် ဆိုချင်လို့ပါ'

နှင်းပေးရမလား၊ ဇာတ်ကြေးဆွဲပေးရမလား၊ ခြေသလုံး ခေါ်တတ် တောင်းပန်ပေးမယ့် အဖက်လုပ်ပြီး လှည့်ကြည့် ခေါ်တောင် မရသူတွေရှိသည်။

'မင်းကို ဘယ်လောက်ပေးရမှာလဲ၊ တစ်ပုဒ်ဝါးသောင်း လား၊ ဟား ဟား ဟား....'

အလကားနေရင်း တစ်ဖက်သားကို နှိမ်ချပြောဆိုရမှ ကျပ်ရမှ စားဝင်အိပ်ပျော်ကြသူတွေ ရှိသည်။

'ဖိုးချွန်းလား၊ ဝေးဝေးရှောင်၊ လူတွေ့တာနဲ့ ပါးစပ် အရင်ဖြဲလိုက်တယ်၊ ဆိုပြပါလိမ့်မယ် သူ့အာကျယ် နဲ့၊ ပြီးတော့ ပြောပါလိမ့်မယ် မျက်နှာငယ်လေးနဲ့၊ ရင် လိုက်ပါရစေလို့'

'အဲ့ဒီကောင်....ဒါ ကောင်းရဲ့လား'

နဖူးထင်ကိုထောက်ပြပြီး မေးသူလည်းရှိ၏။ 'ယောကျ်ား' ဆိုသည့် ဇွဲဆတ္တိနှင့်သာ အံကြိတ်၍ တင်းမခံနိုင်လျှင် ချုံးပွဲချ၍ ငိုလိုက်ချင်၏။

'မမ ကျွန်တော် အဆိုတော်မဖြစ်ချင်တော့ဘူး'

တစ်ည အိပ်ရာထဲမှာ လူးကာလှိမ့်ကာ ကျိတ်၍ကျိတ်၍ အော်ဖြစ်၏။ မွေးရာပါ ဝါသနာလေး၊ မြောင်းရေပုပ်တို့ ကြားမှာ နံစော်နေသည်။ ကိုယ်က မြောင်းထဲမှာနေလျ၊ မမ ဆန္ဒကို ဖြည့်ပေးဖို့ ကြိုးစားချင်စိတ်လေးလည်း မြောင်းပုပ်ထဲ နစ်နစ်နေတတ်သည်မို့ ကိုယ့်ဘာသာ ဆွဲယူမ တင်ရတာ အကြိမ်ကြိမ်ပါ။

ငိုချင်လိုက်တာ။

ပျော့ညံ့သူ မထင်ကြပါနှင့်။ ရွှေလင်ပန်းနှင့်အချင်းဆေးခဲ့ရသူမဟုတ်၊ လမ်းပေါ်မှာ ဂေါ်လီတစ်လုံးလို လိမ့်ခဲ့ရသူမို့၊ ဘောင်လိုက်ကျကျ၊ မြားလိုက်ကျကျ၊ ကြံ့ကြံ့ခံနိုင်ရည် ဖြည့်ပြီးသား၊ အဲသည်လိုကောင်....ချုံးပွဲချငိုချင်သည်ဆိုတော့ စဉ်းစားလို့သာ ကြည့်ကြပါတော့။

'အရှက်'ဆိုတာ ချိန့်သား။

'သိက္ခာ'ဆိုတာ မြေကြီးထဲ မြှုပ်ပစ်။

သိက္ခာဆယ်ပြီး အရှက်ရှိစွာ ခပ်တည်တည်လုပ်နေသို့၊ ဘယ်သူက ဆေးဖော်ကြော ဖက်လုပ်မှာလဲ၊ မြောင်းထဲက ကောင်ကို ဘယ်သူ လက်ကမ်းကြိုမလဲ။ ကိုယ့်ဘာသာလေ ကုတ်ဖက်တွယ်တက်နေတာတောင် လက်ဖျားကို ခြေနှင့် လာနင်းသူက ရှိသေးသည်။





'အား....'လို့ နာကျင်စွာ အော်ကြည့်၊ ဝိုင်းရယ်လိုက်ကြတယ့် ဖြစ်ခြင်း။

ကိုယ့်မာစတာခွေလေးရင်မှာ ပွေ့ပြီး တစ်ဆိုင်ဆင်း တစ်ဆိုင်တက် စပ်စဉ်က....

'ဟ....နာမည်ကြီးတွေတောင် ဝက်ဝက်ကွဲနေတဲ့ အချိန်မှာ ခင်းမို့လို့ သေတွင်းတူးလာတယ်'....တဲ့။

ပြောရက်ပါပေ့။

ခုတော့.... ကြိုးစားရကျိုးတွေနပ်ပြီ၊ အမောပြေပြီ။ ဇွဲဆတ္တိနဲ့ လုံ့လဝီရိယ အကျိုးပေးပြီ။ ကိုယ့်အနုပညာ အရည်အသွေးလေး တောက်ပြောင်ခဲ့ပြီ။

'ကျွန်တော် အဆိုတော်ဖြစ်ပါပြီ မမ....ခင်ဗျာ'

....◎....

နိမ့်ကျစဉ်က အောက်ကျနောက်ကျနိုင်ခြင်းကို ကြိတ်မှိတ် ခါးစီး၍ အံကြိတ်ခံခဲ့ရသည်။ အောင်မြင်ပြီဆိုတော့ ချီးပင့် မြှောက်စားခြင်းတို့ အလယ်မှာ မွန်းသိပ် ပိတ်လှောင်လျက် အသက်ရှူကျပ်ရ၏။

'မဟုတ်ပါဘူး၊ ကျွန်မတော် သန့်ဘက်ခါ စာမေးပွဲမို့ မဆိုပါရစေနဲ့ ဦးရယ်'

ပထမဆုံး အသံစမ်း စက်စမ်းဆိုပါရစေ ခွင့်တောင်းခဲ့စဉ်က ခပ်ဟုဟုဟား လှောင်ခဲ့သူက....

'ပွဲသိမ်းဆိုမလား'.... မေးလာတော့ အမြောင်းအလဲ မြန်လှပုံကို ဟစ်အော်၍ ရယ်လိုက်ချင်၏။ စတိတ်ရှိုး မင်္ဂလာဆောင်၊ မွေးနေ့ခြံပွဲများ၊ အစည်းအရုံးမှ ကြီးမှူး ကျင်းပသော နိုင်ငံတော် ဖျော်ဖြေရေးပွဲများ၊ ရန်ပုံငွေပွဲ များ၊ မြန်မာ့ရိုးရာပွဲများ၊ ပြီးတော့ ဘာပွဲတော် ညာပွဲ တော်ဆိုပြီး လုပ်သည့် ပွဲသိမ်းသဘင် စတိတ်ရှိုးများ၊ အမျိုးသား ထဇာတ်ရုံကြီးမှာ ကျင်းပသည့်ပွဲများ၊ ဌာန ဆိုင်ရာ ဖျော်ဖြေမှုများ၊ ပွဲ....ပွဲ....ပွဲ....များလည်း များလှ သည့်ပွဲတွေ။

ဟိုလူကခေါ်၊ သည်လူကခေါ်။

လိုက်ချင်လွန်း၍ ထွန့်ထွန့်လူးနေစဉ်က ခေါ်ချင်သူက ရှားပါးပါတို့၊ဆိုရလွန်းလို့ မောချိန့်ကျတော့ အနားယူချိန် မရှိအောင် ခေါ်ပဲ ခေါ်နိုင်ကြလွန်း၏

'သတို့သမီးက ချွန်းအခါပေးမှုတဲ့ဗျား'

'ကြုံကြုံဖန်ဖန်.... အခါတော်ပေးကို အမျိုးသမီးတွေပဲ ပဝါချပြီး ကျက်သရေရှိရှိဆိုကြတာ၊ ယောကျ်ားအဆိုတော် ဆိုလို့ ဘယ်ဖြစ်မှာလဲ၊ ဘယ်သူ့မှ တိုက်ပုံ ပုဆိုး ဝတ်လာ တာမှမဟုတ်တာ၊ ဘောင်းဘီရှည်ကြီးဝတ်ပြီး အခါတော် ပေးလို့ ဘယ်သင့်တော်မှာလဲ'





'ချွန်းမှ ချွန်းတဲ့ကွယ်၊ ပြောမရဘူး ဖြစ်နေတယ်'

'ကျွန်တော်လာဆိုပေးပါမယ်၊ ရိုးရိုးသီချင်းပဲ၊ ချွား ချွားလေးဆိုပေးမယ်၊ ကျေနပ်ပါလို့'

ကျွန်တော် အဆိုတော်ဖြစ်ပြီ မမရေ။ ဟိုလူကလာဆိုပါ၊ သည်လူက လာဆိုပါနဲ့။ မမ....တီဗွီ မှာရော ကျွန်တော့် သီချင်းကို နားထောင်ရဲ့လား....။ မမမြင်ချင်တယ်ဆို အမျိုးသား ကဇာတ်ရုံမှာ ဆိုတုန်းက မွေ့ဆုံးဘန်းမှာ မမျက်နှာ ငွေလရှင်ပျုပျုကို ကျွန်တော် ရှာပါတယ်မမ ရယ်။

'ချွန်းက ဆန်းဖေးဆိုချင်တာသား၊ ဖြစ်တယ်လေ'

ကိုယ်နာမည်မကြီးခင်က နာမည်ကြီး အဆိုတော်က အရေးကြီး၍ ကိုယ့်သီချင်းကိုတီးဖို့၊ ဆိုဖို့၊ ကိုယ့်ရက်ချိန်းကို ဖျက်ပေးခဲ့ရသည်။ ကိုယ် နာမည်ကြီးလာတော့၊ ကိုယ်ဆိုဖို့ လူများရက်ချိန်းကို သွားဖျက်နေကြပြန်ပြီ။ အလွှာဆိုတာ နေရာတိုင်းမှာ ရှိနေခဲ့တာပဲနော်၊ အနုပညာလောကမှာ၊ ပြင်ပလောကမှာ၊ သည်ကွာခြားမှုတွေကို အကောင်းဆုံး ကော်တစ်မျိုးတီထွင်၍ ဆွဲစေ့ပေးချင်မိပါ၏။

မမရေ....ကျွန်တော် တရားနဲ့တောင် ဖြေတတ်နေပြီ။ ကျွန်တော့်မှာ ရင့်ကျက်မှုတွေနဲ့ အရေခွံလည်း ထူလာခဲ့ပြီ။ မဖြစ်စေချင်သလို အဆိုတော်လည်း ဖြစ်လာပါရဲ့။ ဆီးရိုး

ဆည်း ပေါက်ပါပြီ။ ဒါပေမယ့် ကျန်ခဲ့တော်စီးတဲ့ ပါဂျရိုး
ဟာ ဓမ္မတို့အိမ်ဆော ဖိနပ်ချွတ်တစ်ဆောင်စာပဲ ရှိနေသေး
တယ်နော်။

တဆောယ်တော့ ချွန်းထိုးတဲ့ မန္ဓးမနပ် ဆောင်လေးဟာ...

....၈....



## အခန်း ( ၁ )

ရန်ကုန်မြို့မှာ ကားတွေ သည်လောက်ပေါများတာ ခုမှ သိရတော့သည်။ ပြောမယုံ ကြုံမှသိ ဆိုသလိုလား။ မျှား လိုက်တဲ့ ကားတွေ။ တန်းစီပြီး ရွှေ့ရုံ ရွှေ့နေကြသည်။ ဟိုမီးပွိုင့်မှာတုန်းက ရပ်ထားသည့် ကားတန်းကြီးကို ရေ တွက်ကြည့်ကာ တစ်စီ၊ နှစ်စီး၊ သုံးစီး၊ အစီးသုံးဆယ် အစီး လေးဆယ့်တစ်၊ လေးဆယ့်နှစ်။

လေးဆယ့်နှစ် နံပါတ်မြောက်က တားကို ပျပျလေး။ ဘောလုံးသာသာပဲ မြင်ရတော့ပြီး နောက်မှာရှိသေးပေမယ့် ရေတွက်လို့မရတော့ပါ။

'အဲဒီလောက် တန်းစီနေတဲ့ ကားတွေထဲက အစုတ်ဆုံး တစ်စီးလောက် ပိုင်ရရင် တော်ပါပြီကွာ'

တမ်းတမ်းမွတ်မွတ် ဆွဲဆွဲငင်ငင် ပြောပြီး ပခုံးနှစ်ဖက်ကို စုံတွန့်ပစ်လိုက်သည်။ စင်စင် သည်အပြုအမူကို 'ချွန်း' လုပ်တတ်ခဲ့သည်မဟုတ်ပါ။ ဗွီယိုရုံမှာ အင်္ဂလိပ်ကားများ ဝင်ကြည့်စဉ်က အင်္ဂလိပ်မင်းသားတွေ၊ မင်းသမီးတွေ၊ နာမည်တွေလည်း ချွန်း မသိပါ။ စကားပြောပုံတွေက မြန်မာမျက်စိနှင့်ကျတော့ 'ပျာကယာစိန့်'တွေ။ စကားပြောလျှင် မျက်လုံးပြူးလားပြူးရှဲ၊ ခေါင်းခါလား ခါရှဲ၊ ပခုံးစုံတွန့်ပြီး လက်ဝါးနှစ်ဖက်ဖြင့် ဖြန့်ပြကြသည်။ ချွန်း မျက်စိထဲမှာ တောင်တောင်ကြီးကို ပေါပျက်ပျက်နိုင်၏။

သည်ကြားထဲ ဇာတိသိုက်မင်းသမီး လွှမ်းပုံက မျက်ရည်ပေါက်ကြီး စီးကျသာကိုပဲ ရှက်ယောင်ကားနှင့် သုတ်ပစ်သေးသည်။ မသနားလိုက်ဘာ၊ ဘယ်လိုမှ ခံစားမှု မရရှိနိုင်ပါ။ ပိုက်ဆံလေးကျပ် အဆုံးခံပြီး ရုံထဲမှ ပြန်ထွက်လာခဲ့ရသည်။ ပိုက်ဆံလေးကျပ် နှမြောလှပါ၏။ ကုန်သွားပြီးဖြစ်သည့် လေးကျပ်နှင့်တန်သော ကျေနပ်တင်းတိမ်မှုကို မရခဲ့သည့်အတူတူ လေးကျပ်တန်တစ်ခုခုတော့ ရအောင်ယူမှဟုဆုံးဖြတ်သည်။

ပခုံးစုံတွန့်။

မှေါ်ပျက်လွန်းသည်မို့ အမြင်ကတ်စရာပေမယ့် လောကကြီးတိုပြက်ရယ်ပြုသော ထိုသင်ရာတော့ရောက်သည်ဟု ချွန်းတွေးသည်။ ယူလိုက်ပြီ။ လေးကျပ်တန် အမူအရာပဲ။ လေးကျပ်ဘန်အောင် မကြာခဏ သုံးပေးမှ ဖြစ်မည်။ စိတ်ညစ်လည်း တွန့်၊ စိတ်ရှုပ်လည်း တွန့်၊ ဘာမှမဖြစ်လည်းတွန့်၊





အလကားနေရင်း တွန့်၊ တွန့်ရင်းက အကျင့်ပါသွားရပြီ။ ဘာမှမဖြစ်လည်းတွန့်၊ အလကားနေရင်းတွန့် အဆင့်သို့ ရောက်နေမှ သည်လောက်များတဲ့ ကားတွေထဲက အစုတ်ဆုံး တစ်စီးတောင် ကိုယ်မပိုင်တာဟု ပခုံး စုံတွန့်လိုက်ရပြန်သည်။

ဘယ်သူတွေ ဘာပြောမလဲ။

မတွန့်ရ တားမလား။ ချွန်းမှာ ပြန်ပြောဖို့ စကားတစ်ခွန်းရှိသည်။ ကိုယ့်ဘာသာကိုယ်တွန့်တာ၊ ဘာဖြစ်လဲ... ဘာဖြစ်လဲ။

'စိတ်ညစ်တယ်၊ စိတ်ရှုပ်တယ်၊ လောကကြီးကို မကျေနပ်ဘူးကွ'

ချွန်း ဆိုတာ လမ်းပေါ်က ကောင်လေး။

မိဘမဲ့၊ ဥစ္စာမဲ့ တစ်ကောင်ကြွက်ကောင်လေး။

တစ်ကောင်ကြွက် ဆိုသည့်စကားက ချွန်းအတွက် ပို၍အံဝင်ခွင်ကျ ဖြစ်သည်။ ကွက်တိဝင်၏။ ဘာဖြစ်လို့လဲဆိုတော့ ချွန်းက နာမည်နှင့်လိုက်အောင် စုတ်ချွန်းချွန်းလေး၊ ကြွက်စုတ်ကလေးတစ်ကောင်လို နှုတ်သီးချွန်းချွန်းလေးနှင့်မို့ ချွန်းကို 'တစ်ကောင်ကြွက်'ဟုပြောလျှင် အခြားမိဘမဲ့တွေထက်ပို၍ ချွန်းနှင့်မှ အံဝင်ခွင်ကျ အဖြစ်ဆုံး၊ အသိုက်ဖက်ဆုံးဖြစ်နေရတော့သည်။

အမေ့ယောကျ်ားကြီးက....

'နာမည်က ချွန်း၊ လူက စုတ်ချွန်းချွန်း၊ ကြွက်စုတ်နှုတ်သီးနဲ့ နှင့်သား ငါးဖယ်တုံးကို ဘယ်နေရာ သွားသုံးရမလဲ' တဲ့။

တောက်....အပြောခံရတာ နာတယ်ကွာ။

အဖေကကျတော့....

'နားရွက်လေး ချွန်ချွန်၊ နှာတံချွန်ချွန်၊ မေးချွန်ချွန် မျက်နှာလေးနဲ့၊ ငါ့သားက ချောလိုက်တာ' တဲ့။

အဖေရာ အဲသည်လို သဘောပေါက်ရင်လည်း လူပြောသူပြော လွတ်အောင် 'ချွန်' လို့ မှည့်ခဲ့ပါတော့လား။ 'ချွန်' မှည့်ခဲ့ပြန်ရင်လည်း နာမည်သာ ချွန်ပြီး လူက ဘယ်နေရာမှ မချွန်လို့ အပြောခံရဦးမှာပါပဲ။

ကျွတ်....လောကကြီးကွာ နေရတာ မပျော်လိုက်တာ။ လောကဆိုတာ ဘာကောင်လဲ၊ ရုပ်ရှိလား၊ နာမ်ရှိလား။ မိုက်ချိုင်ရင် ထွက်ခဲ့။ 'မေဂါရီဇာစ်' ကလေးနဲ့ နှစ်ချက်ဆင့် ကန်ထည့်လိုက်မယ်။ မတရားဘူးကွာ ဟော့ကောင်....လောကမင်းရင်ခွင်ထဲမှာ ငါ့ကို အသုံးမကျတဲ့ကောင် ဖြစ်အောင် ဖန်တီးထားတာလဲ....

ငါ အသုံးကျချင်တယ်၊ ငါ ကြိုးစားချင်တဲ့ကောင်ပါ လောကကြီးရယ်။

....❀....





ရန်ကုန်မြို့ကြီးရောက်လို့မှ ရွှေတိဂုံဘုရားကြီးကို အလျှင် ဦးမခိုက်ဖြစ်လျှင် စုတ်ချွန်းချွန်း ကြွက်ဘက်အောင် မိုက်မဲလွန်းရာကျမည်။ ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်သို့ တက်ခဲ့၏၊ ကြားဖူးနားဝကြောင့်သက်ကျော်ရစ်ပတ်သည်။ အောင်မြေကို တွေ့၏။ လူတွေ လူတွေ....အောင်မြေကို နင်းနေလိုက်ကြတာ။ အောင်မြေနေရာကြီး တစ်ခွင်လုံးမှာ ခြေချစရာမရှိအောင် ကျပ်သိပ်ပြွတ်နေ၏၊ ဘာတွေကို အောင်မြင်ချင်လို့ သည်လောက်နင်းနေကြသည်မသိ၊ သူတို့ကို ချွန်း စိုက်ကြည့်လိုက်သည်။

အားလုံးလိုလို....

ဝတ်နိုင်စားနိုင်ကြသည်။ ယောကျ်ားတွေကလည်း ဝတ်ကောင်းစားလှနှင့်၊ မိန်းမတွေဆိုသည်၊ ရွှေတွဲလွဲ ငွေတွဲလွဲ၊ ဒါ အထိုက်လျောက် အောင်မြင်ပြီးသား မဟုတ်ဘူးလား။ ချွန်၊ ကိုယ့်ကိုယ်ကို ငုံ့ကြည့်သည်။

ရုပ်အင်္ကျီက ဂျင်းကွက်ဟု ခေါ်၏၊ လက်ပြတ်ဆိုတာ ချိုင်းကစလို့ လက်ထွက်လာတော့တာ။ အဲသည်ပုံ ခုအလေ ခေတ်စားသည်။ ရုပ်ရှင်မင်းသားတစ်ယောက် ဝတ်ပြလိုက်ကတည်းက လက်မောင်း နည်းနည်းပါးပါးဝတဲ့ကောင်တွေ လိုက်ဝတ်နေကြသည်။ ချွန်းကတော့ ဟောင်းလွန်းလို့ကို စုတ်ကျသွားခဲ့တာပါ။ လှချင်လွန်းလို့ အကောင်းကြီးကို ဆုတ်ချလိုက်တာ မဟုတ်ရရိုး အမှန်ပါ။

သည်အင်္ကျီ အစကတည်းက ဖျာပုံထည်။ လမ်းဘေးမှာ ဖျာနှင့်ပုံရောင်းလို့တဲ့၊ စင်စစ် ဈေးဘောင် မခင်းနိုင်ပါ။

ဖျာက ဈေးကြီးသည်။ ပေညစ်သွားကျင် လျှော်လို့မရ။ တွက်သားမကိုက်။ ပလတ်စ တစ်ခပ်ထူထူ အဆင်နှင့်ဟာတွေ ခင်းပြီးရောင်းတာ ရှိပေလည်း ဈေးဆေးလိုက်လို့ ရသည့် အခင်းမျိုး။ ဖျာပုံအစား ပလတ်စတစ်ပုံဟု ခေါ်မှ ပိုမှန်မှာ။ တချို့က လေအေးတဲ့။ ရခိုင်ပြည်ကို လေမုန်တိုင်း ဝင်စဉ်က နိုင်ငံခြားတွေက ကူညီပံ့ပိုးသည့် အဝတ်အထည်တွေ လေအေးဒုက္ခသည်တွေဆီပဲ မရောက်လို့လား။ ရောက်ပြီးမှ ပြန်ထွက်လာသလား။ အဲသည်အဝတ်တွေတဲ့။ ရခိုင် လေအေးကို ချွန်း မမီလိုက်ပါ။ သိလည်း မသိ။ မွေးပြီးပြီ ဆိုလျှင်တောင် ဘာမှ မသိ နားမလည်သေးသည့် ကလေး ဘဝပဲ ရှိဦးမည်။

လေအေး အဝတ်အထည်တွေက ခုထက်ထိ နှစ်ပေါင်း များစွာ ရှိတုန်းတဲ့လား။

ထားပါ။ နာမည်က အရေးမကြီးပါ။ ဝင်စစ် လမ်းဘေးမှာ ပုံရောင်းသည့် အဟောင်းထည်တွေပဲ ဖြစ်သည်။ ဝယ်တတည်းက အဟောင်း။ ကိုယ့်ဆီသို့ အဝတ်သစ်အဖြစ် ရောက်လာကတည်းက ခပ်ရိရိမို့ ကြာမီမှာ လက်မောင်းရင်းက စုတ်ကျသွားသည်။ ကုတ်ပိုးက စုတ်ကျသွားသည်။ ကုတ်ပိုးစုတ်ကိုတော့ သည်အတိုင်းထားလို့မရပါ။ ပြန်ဆက်၊ ပြန်ချုပ်၊ ဖော်ဆာနှင့် ခပ်ကွယ်ကွယ်မို့လို့ မမြင်ရပါ။ မြင်လည်း ချွန်းဆိုသည့် ကောင်က ဒါမျိုးမှာ အရှက် မရှိပါ။

ကိုယ့်ဘာသာကိုယ် စုတ်တာ ဘာဖြစ်လဲ၊ ဘာဖြစ်လဲ။





လက်မောင်းရင်း အစုတ်ကိုတော့ 'စတိုင်လ်' သဘော ထားကာ ပြန်မဆက်ဖြစ်တော့။ မမိုက်လား။ ဘောင်းဘီက င်းသားစစ်စစ်ကြီးမို့ ချွန်းရဲ့ဝတ်စုံက ခေတ်ရှေ့ဆောင် ပြုံးချင်ချင်။ ဘောင်းဘီလည်းတော်တော်လေးဆွေးမြည့်ခ န်းဆီ ရောက်လာတာပေမယ့် 'အစုတ်ပလုတ်ဖက်ရှင်' ထွန်း းချိန်မှာ ချွန်းဒီဇိုင်းက ဗွီဒီယိုမင်းသား လုပ်လို့ ဆောင် သည်။

သို့ပေမယ့်....

ချွန်း ခံစားမိတာက ချွန်းသည် ဝတ်ကောင်းစားလှ နှင့် မဟုတ်ပါ။ ဝတ်နိုင် စားနိုင်သူ မဟုတ်ပါ။ အောင်မြေ ကို အလုအယက်နင်းနေကြသူတွေ ချွန်းထက် တစ်နည်း ဟုတ် တစ်နည်း၊ တစ်နေရာရာမှာတော့ ပို၍ အောင်မြင် ထားကြသူတွေချည်းပဲ ဖြစ်ပါလိမ့်မည်။ အမှန်တကယ် အောင်မြေနင်းဖို့ လိုနေတာက ချွန်းပါ။ သို့ပေမယ့် ချွန်း အတွက် နေရာမကျန်။ ထားတော့။ ချွန်းဆိုသည့် စုတ်ချွန်း န်း ကောင်က လောလောဆယ်မှာ ဘယ်လိုမှ ကံမကောင်း သည့် 'မဟာကံဆိုးရှင်'မို့ အောင်မြေနင်းလျှင်တောင် အောင်မြင်ဖို့ မလွယ်သည့်ကောင်။ နင်းဖို့ ဘာလို့ကြိုးစား တော့မလဲ။

ဟော....

ချွန်း တော်တော်ကြည်ညိုသွားမိသည်။ ဦးလေးကြီး တစ်ယောက်။ ဝင်စစ်မှာတော့ ဖခင်အရွယ်ပါ။ တန်ဆောင်း စ်ခုထဲမှာ တင်ပျဉ်ခွေ၍ ပုတီးစိပ်နေ၏။ သူ့အဝတ်

အစားတွေက တစ်ပတ်နွမ်းလိုလို၊ ချေးပြီးသားတွေပေမယ့် အသင်တုန်းက တော်တော်စျေးကြီးကြမှာ သေချာသည်။ ရုပ်ရည်က သန့်ပြန့်ကြည်စင်ပြီး ငြိမ်းချမ်းနေသည်။ အညို ဘက်သို့ လှသည့် အသားအရောင်က ဝင်းစိုနေသည်။ နှစ်လိုဖွယ် ချက်နှာထား ရှိ၏။ လက်ရှိပုံစံမှာ လောဘ၊ ဒေါသ မောဟ ကင်းနေသည်။ အဖေသာရှိလျှင် အဲသည်လိုပုံစံမျိုး ဖြစ်မှာ၊ အဲသည်လိုပဲ ပုတီးအကိုင်ကိုင်နှင့် ရှိမှာဟု တွေး ဖြစ်၏။

'ချွန်းကလေး' ဟု ခေါ်တတ်တည့် အဖေ၊

အဖေကွယ်လွန်ခဲ့တာ ရှစ်နှစ် ကြာခဲ့ပြီ၊ အမေကွယ်လွန် တာ ရှစ်ရက်ပဲ ရှိသေးသည်။ ရှစ်ရက်ကြာ ပူပူနွေးနွေး မထက် ရှစ်နှစ်ကြာ အဖေ့ကို ပို၍တမ်းတ၏။ အမေ့ကို တမ်းတတာက ရှစ်ရက်ပဲ ရှိသေးသည်။ အဖေ့ကို တမ်းတ ခဲ့တာ ရှစ်နှစ်တိတိ။ နေ့စဉ်ရက်ဆက်မို့ အလေ့အကျင့် တစ်ခုလိုလည်း စွဲမြဲခဲ့ပြီ။ အဖေသာရှိလျှင် သည်စနေ 'ချွန်း' ပုံစံဟာ ဘယ်လိုရှိနေမလဲ၊ အမေ့ထက် အသက် တော်တော် ပိုကြီးသည့်အဖေက မကွယ်လွန်မီအချိန်မှာ စိပ်ပုတီးကလေး တကိုင်ကိုင် လုပ်တတ်ခဲ့ပြီ။

'ကိုယ့်နောက်ပါဖို့'

ဆိုသည့်စကားကို သက်တူရွယ်တူတွေကြားမှာ ပြောတတ် လာခဲ့ပြီ။ အဖေက အိမ်ထောင်ပြု နောက်ကျသည်မို့ အသ အရွယ်လွန်ချင်သည့်အချိန်မှာ ချွန်းက ကလေးပဲ ရှိသေး သည်။ အမေကတော့ ငယ်သေး၏၊





'အဖေတော်ချင်လိုက်တာ'

ချွန်း ကိုယ်၌ တမ်းတ၏။ အဲသည်မှာထိုင်ပြီး စိပ်ပုတီး စိပ်နေသည့် ပုဂ္ဂိုလ်ကြီးကို အဖေတော်ရလျှင် ချွန်း ခုလို အားငယ်ကြေကွဲနေဖို့ မရှိ၊ ချွန်းမှာ အဖေမရှိ၊ အမေ မရှိ၊ ဆွေမျိုးမရှိ။ ရှိတော့ ရှိသည်ပေါ့လေ။ ချွန်းကို ဘယ်ဆွေ ဘယ်မျိုးကမှ ကျွမ်းကျွမ်းဝင်ဝင်မရှိ။ ရှိလျှင် အိမ်ပေါ် တင်ကျွေးထားရမှာ စိုးကြပါလိမ့်မည်။ ဒါလည်း လောက သဘာဝတရားပါပဲ။ ခုခေတ်ကြီးမှာ ကိုယ့်မိသားစုအတွက် တာ ရုန်းကန်လှုပ်ရှားနေကြသူတွေ၊ လူပိုတစ်ယောက်စရိတ် ကို ကြောက်ကြမည်ပေါ့။ သူတို့ဘက်က တရားပါသည်။ ချွန်းမှာ နေစရာမရှိဆလို စားစရာလည်း မရှိ။

နေဖို့ စားဖို့ ဆိုတာက ပိုက်ဆံရှိမှ ဖြစ်သည်ကိစ္စ။ ပိုက်ဆံမှ ချွန်းမှာမရှိတာ။ ပိုက်ဆံဆိုတာ မြေကြီးထဲက ထွက်ပါ၊ အလုပ်လုပ်မှ ရမည်။ ချွန်းမှာ အလုပ်မရှိ။ ချွန်း အလုပ်လုပ်ချင်ပါသည်။ ဘာအလုပ်ပဲ လုပ်ရလုပ်ရ၊ အလုပ် ရှားလျှင် အလုပ်မရှား ဆိုသည့် စကားသာ တကယ်မှန် လျှင် ချွန်း အလုပ်ရ,ရမည်ပေါ့။

'ဪ....'

ဦးလေးကြီး ပုတီးပတ် ပြည့်သွားသည်။ ပုတီးစိပ် နား လိုက်၏၊ မျက်စိကိုဖွင့်၍ ဘေးဘီ ကြည့်သည်။ မိမိကို စူးစိုက် ကြည့်နေသည့်ချွန်းကို တွေ့သည်မို့ ဘာရယ်မဟုတ်၊ ဪ.... ဆို၏။

'ဦးလေးကြီး တစ်ယောက်တည်းလား'

'အေးကွဲ'

နှင်လိုဖွယ်အပြုံးကို ချွန်းရသည်၊

'မင်းလည်း တစ်ယောက်တည်းပဲလား'

'ဟုတ်ကဲ့'

'ကောင်းတယ်၊ တိုက်ကြိုတိုက်ကြားမှာ တုတ်ထိုးပြီး တဝကူးကြမယ့်အစား၊ ဘုရားသွား ကျောင်းတက်တာ ကောင်းတာပေါ့'

'ဦးလေးကြီးကလည်း တုတ်ထိုးတာ သိတယ်လား'

'ဟ.... မင်းတို့အရွယ်ကို ကျော်ဖြတ်ပြီးမှ ဒီအရွယ်ရောက်တာပဲ'

ချွန်း ရယ်လိုက်သည်။

'ပြီးတော့ ဆားတွေရှိတယ်၊ အရွယ်စုံပဲ၊ စကားစုံကြားဖူးတာပေါ့'

ခုနှ မြင်ဖူးတွေ့ဖူးသော စုတ်ပြတ်ပြတ် တောင်ဝေးကို စကားလက်ခံပြောသည့် လူကြီးကို ချွန်း အံ့လည်းဩ၏။

'ဦးလေးကြီးက လူတန်းစား မရွေးဘူး ထင်တယ်နော်'

'ဘာကို ဆိုလိုချင်တာလဲ'

'ကျွန်တော့်လို စုတ်တီးစုတ်ချာ ဆောင်ကို စကားလက်ဆုံ ပြောပေးနေလို့ပါ'

'ဩော်....ဒါလား၊ ဒါတော့ ပြောရတာပေါ့၊ လောကမှာ လူတန်းစားက မျိုးစုံရှိတာပဲ၊ အကျိုးပေးခြင်းမှ မတူကြတာ'

'ကျွန်တော့်က အကျိုးပေးဆိုးတယ်'





'ဖြစ်နိုင်ပါတယ်'

'ကျွန်တော် အလုပ်တစ်ခုခု လုပ်ချင်ပါတယ် ဦးလေးကြီး၊ အမြဲမဟုတ်တောင် ခဏဖြစ်ဖြစ်၊ ဥပမာ....ဦးလေးကြီးမှာ ကားပါလားရင် ကျွန်တော် သုတ်ပေးချင်ပါတယ်၊ ဦးလေးကြီး ခြံမှာ မြက်တွေဘာတွေ ရှည်နေရင်လည်း ခုတ်ပေးချင်ပါတယ်'

'စိတ်ဓာတ်လေးကတော့ မဆိုးပါဘူး၊ ဒါပေမယ့် ဦးလေးကြီးမှာ ယဉ်မောင်းပါလာပါတယ်၊ ခုလောက်ဆို ဦးလေးကြီးကို စောင့်ရင်း၊ သူ....ကား သုတ်နေမှာပေါ့၊ အိမ်မှာလည်း စာလီဥယျာဉ်မှူးပေါ့ ရှိတယ်၊ မြက်ကိုလည်း ဓားနဲ့ ခုတ်တာမှ မဟုတ်တာ၊ စက်နဲ့ရိတ်တော့ ရှည်တယ်ပဲ မရှိပါဘူး'

'တခြားကစ်နေရာ လုပ်စရာ ရှိနိုင်ဘူးလား ခင်ဗျာ'

'အိမ်မှာ အလုပ်တိုင်းစေ့အတွက် အလုပ်သမားစေ့စေ့ငပဲ အလုပ်ဆမားလိုနေတဲ့ အိမ်တွေရှိမှာပါ၊ အလုပ်လုပ်ချင်နေတဲ့ သူတွေလည်း ရှိတယ်၊ မတိုက်ဆိုင်ကြဘူး ဖြစ်နေတာနဲ့ အဆင်မပြေ ဖြစ်နေကြရမှာ ခက်တာပဲ'

'ကျွန်တော်က နယ်ကနေ တက်လာတာ'

'ဗုဒ္ဓဘာသာ မြန်မာယောကျ်ားလေး တစ်ယောက်အတွက်တော့ ယာယီတည်းခိုနိုင်တဲ့ ဖရီးအင်း (Free Inn) တွေ ရှိပါတယ်'

'ဖရီးအင်းဆိုတာ ဘာလဲ ဦးလေးကြီး'

'အခမဲ့ တည်းခို နေ့ထိုင်စားသောက်နိုင်တဲ့ နေရာပေါ့'

'ဘယ်မှာလဲ ဦးလေးကြီး၊ ပိုက်ဆံပေးရဦးမလား'

'ပါရင်လည်း လှူပေါ့၊ မပါရင်လည်း မလှူနဲ့၊ ဘုန်းကြီးကျောင်းတွေလေ'

'ခင်ဗျာ....'

'နိုင်ငံခြားက ဧည့်သည်တွေလာရင်တော့ ဇရပ်ပေါ်တင်ပေးလို့ ဘယ်ရလဲကွာ၊ သူတို့ဆီဗာလာလည်းရအောင် ယူမှ ဖြစ်မှာဆိုတော့ သူတို့အတွက်တော့ ဟိုတယ်တွေဆောက်မှကို ဖြစ်မယ်၊ မင်းကတော့ ဘုန်းကြီးကျောင်းမှာတည်း'

'ဘယ်ကျောင်းမှာတည်းရမ ရနိုင်ပါလဲ ဦးလေးကြီး'

'စာသင်တိုက်တွေဆို ပိုကောင်းမယ်၊ သံဃာဦးရေများတော့ လူတစ်ယောက်စာ ထမင်းဟာ ချောင်ချောင်ပိုနိုင်တယ်'

'ကျွန်တော် ဘယ်စာသင်တိုက်ကို သွားရင် ကောင်းမလဲ'

'ဒီထိတော့ အချောင်မသိုက်နဲ့လေ၊ ကိုယ့်ခြေထောက်ကိုယ်အားကိုးပြီး လျှောက်အောင်သွား၊ မျက်စိအားကိုးနဲ့ တွေ့အောင်ရှာ၊ မင်းမှာ ပါးစပ်ပါတာပဲ ဘုန်းကြီးသင်္ကန်းအောင် လျှောက်ထား၊ ကရုဏာရှင်တွေမို့၊ လွယ်လွယ်ကြေပါတယ်'

ချွန်း....ရယ်လိုက်မိပြန်၏။

'ကျေးဇူးတင်ပါတယ် ဦးလေးကြီး'





'ရပါတယ်ကွာ.... ငါ့ဆီက ဘာမှ ပွန်းပဲ့သွားတာမှ မဟုတ်တာ နေဝင်ဖို့လည်း အများကြီး လိုပါသေးတယ်၊ မင်းအိပ်ဖို့အချိန်ထိ ကြားထဲမှာ အချိန်တွေ အများကြီး ရှိသေးတယ်၊ ဒီတော့.... ဗိုက်လေးဘာလေး ပြည့်ပြီးရင် ကြုံတာသင်္ချိုင်းသွားပါလား'

'ခင်ဗျာ....'

'ဒီနေ့....ရုပ်ရှင်ထဲက သရုပ်ဆောင် တစ်ယောက် အသုဘ ရှိမယ်ကွ၊ ဒီခေတ်မင်းသား မင်းသမီးသေါက်စ၊ လျှမ်းလျှမ်းတောက်တွေ အကုန်လာပို့မှာ၊ ကြည့်ရတာပေါ့'

'ဦးလေးကြီးရော အဲဒီသွားမှာလို့လား'

'ဘာလို့သွားရမှာလဲ၊ မင်းက နယ်ကတက်လာတာဆိုလို့ အကြံပေးတာ'

ဟုတ်သားပဲ၊ ကျေးဇူးတင်ပါတယ် ဦးလေးကြီး ကျွန်တော် ကြည့်ချင်ပါတယ်'

'စိတ်ရဲ့ ထွက်ပေါက်ပေါ့၊ မင်းကြည့်ရတာ စိတ်ညစ် စိတ်ရှုပ်နေပုံရတယ်၊ ထွင်ရာတွေ လျှောက်မလုပ်ဘဲ သင်္ချိုင်းသွားပြီး မင်းသမီးတွေ ကြည့်ပစ်လိုက်ပေါ့ကွာ'

'အားရှမ်းကောင်းတဲ့ အကြံညဏ်ပါပဲ'

'ကဲ....ကဲ,...သွား'

ချွန်းက ထွက်လာခဲ့ဖို့ ကိုယ်ကိုအလျှည့်မှာ 'တော့...တော့ နေဦး'ဟု လှမ်းခေါ်၏။

'မင်းမျက်နှာပျို ငါ တစ်ခုနေရာရာမှာ တွေ့ဖူးသလိုပဲ'

'ကျွန်တော့်ကိုလား'

'မင်းကိုမဟုတ်ဘူး၊ မင်းမျက်နှာမျိုး၊ မင်းအ တယ်သူ ဘယ်ဝါ သားသမီးလဲကွ'

ချွန်းက ပခုံးကို စုံတွန့်လိုက်သည်။ ဟက်ခနဲ ရယ်၏၊ ဦးလေးကြီးမျက်နှာက စိတ်ပျက်သွားပုံရသည်။ သည်လို ပေါ့ပျက်ပျက် အမူအရာမျိုးကို လူကြီးသူမက ဘယ်ကြိုက်ပါမလဲ။

အဖေ့နာမည်ကို အလျင်ပြောပြလိုက်သည်။

'ဆုံးတာ ရှစ်ရက်ပဲ ရှိသေးတယ်'

'ဩော်...'

အမေ့နာမည်ကို ထပ်ပြောပြလိုက်သည်။

'ဆုံးတာ ရှစ်နှစ် ရှိသွားပြီ'

'ဟုတ်လား'

'ကျွန်တော့်မိဘတွေကို သိလား ဦးလေးကြီး'

ဦးလေးကြီး ခေါင်းခါလေ၏။

'အေး... အေး... သွားတော့'

ဒုတိယအကြိမ် ပြောင်ပြောင်တင်းတင်း နှင်ထုတ်ပြီမို့ ချွန်း ရယ်ရှိန်ဖြင့် ထွက်လာခဲ့သည်။ ဩော်... ဦးလေးကြီး ဦးလေးကြီး။ စိတ်ကောင်းပုံပေါ်သော ရသည်။ သို့ပေမယ့် ချွန်းကို နည်းနည်းပါးပါး လန့်ပုံရသည်။ ဟုတ်သားပဲ။ ချွန်းဟာ လူဆိုးမှန်းမသိ၊ လူကောင်းမှန်းမသိ။ သူ ဘယ်မှာ အကပ်ခံဝံ့ပါမလဲ။ တွေ့တွေ့ချင်း သောက်နှင့် မထွင်းတဲ့ ရဲတင်းနှင့် ခုတ်သလို၊ ချွန်းတလည်း အလုပ်ကောင်းမိပေဘာကိုး။ ငတ်တစ်လှည့် ပြတ်တစ်လှည့်၊ ငမွဲချောလို့





တတ်မှတ်တော့မှာပေါ့။ ငတ်တစ်လှည့် ပြတ်တစ်လှည့်ဆိုတာ ...က ငတ်တာရယ်၊ ပြတ်တာရယ် နှစ်ခုပဲရှိပြီး၊ စားစ်လှည့်၊ ရတစ်လှည့်မှ မရှိဘာ။ ထမင်းတစ်နပ်စာအတွက် လှုပ်ရှားပြီး ပိုက်ဆံလိုချင် လုသွားနိုင်တာ။

ဦးလေးကြီး မမှားပါဘူးခင်ဗျာ။

....

'အဲဒီကားအရောင်က ဘိုတဲ့၊ ငါတို့က ငါတို့စခန်းချတဲ့ နေရာကို ဘိုလို့ခေါ်တာ။ အဲဒီကားရောင်ကလည်း ဘိုတဲ့'

'ဒီအရောင်က ပိုစီးလို့ကောင်းလို့ နေမှာပေါ့၊ စခန်းရှလို့ ကောင်းတဲ့အရောင်မို့ ဘိုခေါ်တာ နေမှာပေါ့'

'မသိဘူး'

ချွန်း ရယ်ပစ်လိုက်တော့ ချာတိတ်နှစ်ကောင်အ လှည့်ကြည့်သည်။ ခပ်ဘည်တည်တွေ။

'ဘာရယ်တာလဲ'

'တို့ တိုင်းပြည်မှာ ရယ်ခွန်မှ မရှိတာ၊ မည်သူမဆို လွတ်လပ်စွာ ရယ်နိုင်ကြတာပဲ- ရယ်တာ ပိုက်ဆံမကုန်ဘူး'

'ဟာ... ဘာတွေလာပြောနေတာလဲ'

'မြန်မာစကားတွေပါကွာ၊ မင်းတို့ပြောတဲ့ စကားပဲ'

'ဒိုက်ဘဲလား၊ ဂြိုဟ်မင်းလား မသိဘူး'

'လူသားစစ်စစ်ပါကွာ၊ နာမည်တောင် ရှိသေးတယ်၊ ချွန်းကလေးတဲ့'

ချွန်းတိတ်လေးနှစ်ကောင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ မျက်စတွေပစ်၊ မျက်လုံးတွေ မြူးနှင့် သူတို့ကိုယ်သူတို့ ဓာမီးယား ဂိုဏ်းခေါင်းဆောင်ကြီးတွေ ထင်နေကြလား မသိပါ။

'ဒီကောင်တွေ ကျွန်တော့်တို့ စောင့်နေတာ၊ ရှယ်ယာ ဆခွဲလို့တော့ မရဘူး၊ ကိုယ့်အပိုင်နဲ့ ကိုယ်'

'စည်ပင်သာယာလား မင်းတို့က'

'ပုဂ္ဂလိက'

'ဗုဒ္ဓေါ....'

ကောင်လေးတွေ ဆယ်နှစ် ဆယ့်သုံးအရွယ်လောက်စီ ရှိကြဦးမည် ထင်သည်။ ပုဂ္ဂလိကယာဉ် စောင့်ရှောက် ထိန်းသိမ်းရေး လုပ်ငန်းရှင်ကလေးများပေကိုး။

'ရန်ကုန်မြို့မှာ လုပ်စားတတ်ရင် အလုပ်တွေ ပေါလွန်းလို့'တဲ့။

ကိုပိန့်စကားတော့ မှန်ပြီထင်သည်။ ချွန်းအမေ မနေ့ကပဲ ရက်လည်တော့ အဲဒီနေ့မှာပဲ ချွန်း အိမ်ပေါ်ကဆင်းရသည်။

'ငါ့အ ဗီကလေးတွေထိန်းဖို့ နောက်မိန်းမ ထပ်ယူရဦးမှာ၊ နောက်မိန်းမဆိုကတည်းက ခပ်ငယ်ငယ်ထဲကပဲ ဖြစ်ရမှာ





[illegible]တော့ မင်းကလည်း နှစ်ဆယ်၊ မဖြစ်ဘူး၊ ခင်း ဗီနေ့ပဲ [illegible]ပြောင်း၊ ရန်ကုန်တက်ပေါ့ကွ၊ အလုပ်မရှေးနဲ့၊ ကြိုးသလို [illegible]စားရင် မင်း တစ်ဝမ်းတစ်ခါးတော့ မငတ်ပါဘူး၊ ခင်း [illegible]သာ မင်းအမေရှိတုန်းက အချိုးမျိုးနဲ့ ဂစ်တာသေး [illegible]ဒေါင်ဒေါင်ခေါက်ပြီး မဖြစ်ညစ်ကျယ် လုပ်ခနေနဲ့ပေါ့၊ [illegible]ကုန်သွားဖို့ စရိတ်နဲ့ ငွေလေးငါးရက်စာ ထမင်းဖိုးတော့ [illegible]ပေးလိုက်မယ်'တဲ့။

ပထွေးကြီးရဲ့ စကား။

အဖေက အမေ့ထက် အသက် တော်တော်လေး ပိုကြီး[illegible]၊ အဖေဆုံးတော့ အမေက ချွန်းတစ်ယောက်နှင့် [illegible]မ။

'အားကိုးမရှိဘူး ချွန်းရဲ့၊ ထမင်း ဘယ်သူ ခုမလဲ'

အမေက မကြာခင် အိမ်ထောင်ပြုသည်။ အမေ့ထက် [illegible]ပေမယ့် အိမ်ပိုင်နှင့် အလုပ်အကိုင်နှင့်မို့ အမေပြော [illegible]လို ချွန်းတို့သားအမိ အားကိုးရာတော့ ရ၏။ လူသည် [illegible]အတွက် 'ကိုပိန့်'က အကယ့် ကယ်တင်ရှင်ပါ။ ချွန်း [illegible]ကျော်တော့ ဘာသိဘာသာ၊ မဆိုးလှပေမယ့် ကောင်းကွက် [illegible]သည်း ရှာမတွေ့။ ထမင်းစားရပြီး ကျောင်းတက်ခွင့်ရတာ [illegible]တော့ ကျေးဇူးတင်ရမည်။ စကားပြောပြတ်ပြီး ချွန်းကို [illegible]လဲလုပ်သည့် ကိုပိန့်ကို ချွန်းက ဘယ်လိုနာမ်စားခေါ် [illegible]ဘဲ နေ၏။ ကွယ်ရာမှာခေါ်တော့ ကိုပိန့်၊ ပထွေးကြီး [illegible]ပိန့်လေးလေ။

အမေတို့ အဖေကဲ့ ညီတစ်ယောက်နှင့် ညီမတစ်ယောက် ရထားသည်။ ချွန်းတို့ချင်း ချစ်ပေမယ့် ကလေးတွေနှင့် မခွဲနိုင်လို့ နေပါရစေပြောလျှင် ဘယ်သူယုံမှာလဲ။

'ဒီမှာ အစ်ကိုကြီး၊ ကျွန်တော်တို့ဘိမှာ မနေ့ခဲ့ယုံကတ် ပါနဲ့'

ချာတိတ်နှစ်ယောက်က ရန်ကျတော့လည်း မဖြစ်ရဲ၊ ကားစောင့်ကျတော့လည်း ခွဲမပေးနိုင်။ ငွေဘာလေးတွေ ထက်ပြန်ပေမယ့် သူတို့ သမာအာဇီဝ သမားလေးတွေပဲ လေ။

'ငါတ ကားစောင့်မလို့ လာတာ မဟုတ်ပါဘူးကွ၊ မင်းသား မင်းသမီးတွေ လာကြည့်တာ'

'ဟောဗျာ... ပြောပြောက စောစောပေါ့'

မဟာရောမပြက်လုံးကြီးကို ထုတ်လိုက်နိုင်သည့် ဟာသ ပါရဂူကြီးတွေလို၊ သူတို့ပါး သူတို့သဘောကျနေသော သွား ကျိုးလေးတွေကြားက လျှာနီလေးတစ်လစ် ပေါ်နေအောင် ရယ်ကြလေ၏။

'အဲဒါဆို ဟိုရုပေါ်က သွားတက်ကြည့်ပါလား'

'ဝေးတယ်ကွ'

'ဝေးမှ မြင်မှာပေါ့၊ ဒီနားကပ်နေလို့ အစ်ကိုက တိုးနိုင်လို့လား'

'တိုးနိုင်တယ်'





'တိုးခွင့်ရမှာမဟုတ်ဘူး၊ ဟိုမှာတွေ့လား ရဲတွေ၊ အသုဘ လာရင် လူလာရှင်းမှာ၊ တိုးအရင်မင်းသားတစ်ယောက် သေတုန်းကလည်း အဲဒီလိုပဲ'

'ဟိုမင်းသားတုန်းက ကျတော့ လာပို့တဲ့ မင်းသား တစ်ယောက် တိုက်ပုံစုတ်တယ်'

'အစုတ်ကြီး ဝတ်လာတာလား၊ ဘယ်မင်းသားလဲ'

'ဘယ်ဟုတ်မှာလဲ အစ်ကိုရ၊ အကောင်းကြီးကို ဖြွန်းခနဲ စုတ်သွားတော့၊ မင်းသားက ချွတ်လိုက်ပြီး ရှေ့တိုးသွားရ တယ်'

'ဟုတ်တယ်... ဒီတစ်ခါတော့ ဟိုရဲကြီးတွေက လူရှင်း ပေးမှာ အစ်ကိုတိုးလို့ ရမှာမဟုတ်ဘူး၊ ဂူတွေပေါ်က သွားတက်ကြည့်ပေါ့'

'မင်းတို့နဲ့ ကားလုမစောင့်ပါဘူးကွ'

'အကောင်းပြောတာ မယုံချင်နေပေါ့'

ဘာပဲဖြစ်ဖြစ်၊ သည်ချာတိတ်နှစ်ယောက်ကို လေးစားမှ ဖြစ်မည်။ သူတို့က တစ်ဝမ်းတစ်ခါးကို သမာအာဇီဝနှင့် ရှာစားတတ်နေကြပြီ။ ကျောင်းနေရမည့် အရွယ်ကလေး တွေ၊ စာသင်ခန်းထဲမှာ မတွေ့ရဘဲ၊ သုသာန်မှာ ကားလာ စောင့်နေကြရတာတော့ သနားဖို့ ကောင်းလှ၏။ သူတို့မိဘ တွေက ဒီဝင်းထဲက အလုပ်သမားတွေမို့ သည်နားမှာ အိမ်ရပြီး၊ နီးနီးနားနားအလုပ် ဖြစ်နေကြတာလည်း ဖြစ် နိုင်သည်။

ချွန်းက ချာတိတ်နှစ်ယောက်ကို အလေးပြုလိုက်သည် ချာတိတ်တွေကလည်း ပြုံးပြ၏။ သုံးယောက် ရယ်လိုက်ကြသည်။ ဘုရားပေါ်က ဦးလေးကြီးပြောတာ မှန်၏။ စိတ်၏ ထွက်ပေါက်ရနေသည့်မို့ ညနေ မိုးချုပ်လျှင် ဘယ်မှာအိပ် ရမှာလဲ မတွေးမိ၊ မင်းသမီး မင်းသားဆိုတာကို တစ်ခါမျှ အရှင်လတ်လတ် မတွေ့ဘူးသေးပါ။ ဒါကြောင့် ချွန်းအ ဝေးလံလှသည်မဟုတ်။ မနေ့က ညမိုးချုပ်မှ ရထားတက်စီး လာတာ၊ ညနေ့ မိုးလင်းခင်ကတည်းက ရန်ကုန်ရောက် နေခဲ့သည်။

. မင်းသား မင်းသမီးကို အရှင်လတ်လတ် မတွေ့ဘူး ပေမယ့် ချွန်းကို နွယ်နွယ်ရရတော့ မမှတ်ကြလေနှင့်။ ချွန်းက ဆင်းရဲသည်။ ပတွေးက မုန့်ဖိုးပေးလေ့မရှိ။ အမေပေး ပေးထားသည့် ဂစ်တာအစုတ်ကလေး တစ် ခုပိုင် သည်။ ကျောင်းမနေရသည့်နှစ်တွေ ဖယ်လိုက်လျှင်၊ ကျောင်းနေ သည့်နှစ်တွေမှာတော့ တစ်နှစ်တစ်တန်း အောင်ခဲ့သည်။ စာတော်ထဲကမဟုတ်၊ သည်နှစ် ကျောင်းထားပေးမည့်သူ ရှိလျှင် ဆယ်တန်းဖြေမည်။

-စကြာပန်း ဖြူဖြူလေးတွေ ပွင့်သည့် အပင်ကြီးဘေးမှ ဂူမြင့်မြင့်ပေါ်သို့ ခုန်တက်လိုက်သူ....ချွန်း။

....



ဈေးပနချလာဖို့ အချိန်က တော်တော်ကြီး လိုသေးသည် တဲ့။ လူအုပ်ကြီး လူလုံးကြီးဖြစ်အောင် မစုမိသေးပေမယ့် ချွန်းလို မျက်စိစပ်စု၊ နှုတ်စမ်စု စိတ်၏ ထွက်ပေါက်ရှာသူ လေးတွေ ကျိုးတိုးကျဲတဲ ရောက်စပြုသည်အခိုက်၊ သုသာန်မြေ မှာ လူဝင်စပြုလေ၏။ လူစုမည်ဆိုကတည်းက 'ဇီးကွက် ဇီးပွားရေး' သမားလေးတွေ ရောက်လာသည်။ သူ့ကိုသာ သူများထက်ပို၍ အမြင်ကျယ်၏။ သည်နေရာမှာ ဈေးသွား ရောင်းလျှင် မှချ အရောင်းတွင်မည်မှန်း သိကြပုံရသည်။

အာလူးကြော်၊ ဝါးမှုန့်ကြော်၊ အချဉ်ထုပ် မျိုးစုံနှင့် ကွမ်းယာဆေးလိပ်လေးတွေ ရောက်လာ၏။ ဒါတွေအားလုံး ကို ချွန်း အားကျနေသည်။ သူတို့လေးတွေ၊ သူတို့အသွားနှင့် သူတို့ တစ်ဝမ်းတစ်ခါးကို မဆိုးမသွမ်းတဲ့ ရှာဖွေစား သောက်နေကြသည်။ ချွန်းက သူတို့လောက်မှ အသုံးမကျ ပါလားဟု သိမ်ငယ်စွာ တွေးရင်း ရင်ထဲမှာ တစ်ချက်တော့ မှန်းကျပ်သေးလုံသွားဖြစ်သေးသည်။

'သွားစမ်းကွာ'

ဆုတ်နစ်စိတ်ကို မောင်းထုတ်လိုက်သည်။ ချွန်းအ ကြိုးစားမှာ ကြိုးစားမယ့်ကောင်။ အချောင်သမားမှ မဟုတ် တာ၊ တစ်နေ့တော့ ဖြစ်ကိုဖြစ်ရမယ်။ ချွန်းအလေး....တဲ့ကွ နော်။

'ဟော....'

ချာတိတ်နှစ်ကောင် ပြောသည့် ဘိုထုတ်အားလေးတစ် ခင်း မောင်းဝင်လာသည်။ အသံထွက်အမှန်က ဘို(ချ်)။

အချိန်က သိပ်စောနေသေးသည်မို့၊ တခြားဈေးပန်းတွေလည်း ဈေးသေး၊ ခုမှ…ရုပ်ကလပ်ကို ရေခဲတိုက်မှ လာထုတ်ပြီး ခန်းတွေ အမွှေးတိုင်တွေနှင့် မြင်တုန်းဆင်တုန်းဆိုတော့ မည့်ငရိုဘတ်တွေမရှိဘဲ ကွယ်လွန်သူ၏ ဆွေမျိုးသားချင်းတွေ လေးကပဲ နည်းနည်းပါးပါး ရှိသည်။ ရုပ်ရှင်မင်းသား မင်းသမီးတွေကို အရှင်လတ်လတ် မြင်ဖူးချင်လို့၊ ချွန်းလို ဝိရိယကြီးသူတွေသာ ရောက်နေပြုံသေးတာ။

သုသာန်မြေက နည်းနည်းပါးပါး ငချူခင်ချီဆဲမို့ ဝင်လာသည့် ကားလေးကို မြင်ကွင်းရှင်းစွာ တွေ့ရသည်။ ချွန်းတက်ထိုင်နေသည့် အုတ်ဂူကမြင့်သည့်ပြင် လမ်းဘေးနှင့် ကပ်လျက်မို့ ပို၍ အမြင်ရှင်းနေ၏။ ဘိ(ချ်)ရောင် ကားလေးက ချွန်းထိုင်နေသည့်ဂူကိုကားထင်လျှားစာလောက်ကျော်၍ လမ်းဘေးမှာပဲ ကပ်ရပ်သည်။ ဘိချ်ရောင် တံခါးလေး အနောက်ပေါက်က အလျှင်ဆုံး ပွင့်၏။

'ဟိုက်....'

ခြေထောက်လေးတစ်ချောင်းတည်း အလျှင်ဆုံးထွက်ကျလာသည်။ ခြေထောက်လေးကလည်း ဘိချ်ရောင် ဖျော့ဖျော့လေးပါလား။ ဖိနပ်ကလည်း ဘိချ်ရောင်၊ ခြေစုံပေါ်မှာ ဖိနပ်သည်းကြိုး ပျောက်ထလုံတစ်ရောင်တည်း ဖြစ်နေသည်မို့ သည်းကြိုးဘယ်မှာလဲဟု သွားမြ်ကြည့်တာ ငပဲစုချင်ဖွယ်။

'ဟာ....'





ဘိချ်ရောင် မျက်နှာလေးနှင့် ကိုယ်တစ်ပိုင်း ယိုင်ထွက်လာသည်။ မျက်နှာလေးကလည်း ဘိချ်ရောင်ဆိုပေမယ့် ဝါသေး နည်းနည်းပိုများသည်။

'ဟှယ်....'

'ဟ'ဆိုသည့်ဗျည်းတစ်လုံးကို 'သရ'ပေါင်းစုံနှင့် တွဲဖက်လျက် ဆင်တွဲ အာမေဍိတ်များကို ထုတ်လွှင့်နေရပါတော့သည်။ လှလွန်းဆွေလေးပါလား။ လည်ကုပ်သားဝင်းဝင်းနှင့် ဆံထုံးနက်နက်လေးတို့ ထိစပ်ရာ နယ်နိမိတ်လေးများ၊ လှလွန်းလို့ လက်ဖျားလေးနှင့် သွားကိုင်ကြည့်ချင်စမ်းပါဘိ။ ကိုယ့်မှာ သည်လောက်လှတာလေး ဘယ်ရှိပါ့မလဲ။ ကြည့်ရင်းက တစ်ကိုယ်လုံး ကားပြင်သို့ ရောက်လာလေ၏။ ပွင့်ဟနေသည့် နှုတ်ခမ်းနှစ်ခုကို ဆွဲပိတ်လို့ မရလေပါတဲ့။ ဝါနုနု၊ ညိုဖျော့ဖျော့၊ ဖြူပြေပြေရောင် အသားလေးမှာ မျက်ခုံးသေးသေး မျှင်မျှင်နက်နက်ကလေးကတော့ အုပ်သွယ်သွယ်လေ တစ်ခုလုံ ဖုထနေ၏။ မျက်လုံးတွေကလည်း ရွှဲလို့ ဘယ်လိုပြောရမှန်းတောင် မသိ။ မျက်အိမ်ကျယ်ကျယ်ထဲမှာ၊ သွင်ယိုအိမ် အညိုရောင်လေးထဲမှာ မျက်ဆန်လွှားဘာလား၊ အဲဒါလေးက အနက်ရောင်၊ မျက်သားက လဲ့လဲ့ကလေး၊ ပြာသည့် အဖြူရောင် မျက်လုံး တစ်ခုတည်းက သုံးရောင်ခြယ် မျက်တောင်ကြီးတွေကလည်း ရှည်လျားကော့ပျံထားလိုက်တာ။ တာတို အပြေးသမားတစ်ယောက် အချိန်ယူနေသည့်ပုံစံ။

ဟုတ်သည်လေ!

ချွန်း ကိုးတန်းတုန်းက ကျောင်းပြေးခုန်ပစ်ပွဲမှာ ချွန်းက မီတာတစ်ရာပြေးတော့ ရောမမှတ်ခင် အဲသည်လို ရှေ့ထွက်ဖို့ တာစူနေခဲ့တာ သည်ပုံစံပဲ မဟုတ်လား။ နှာတံလေးအလည်း စင်းလိုက်တာ၊ ချွန်နှုံပုံလေးက သပ်သပ်ရပ်ရပ် နှာတံချွန်ချွန် အသားပါးပါးလေးတွေဆို ချွန်း မျက်စိထဲမှာ ဘိပ်လှသည်။ နှာတံပေါ်တော့ ပေါ်ပါရဲ့ အသားထူထူကြီးနှင့် ပေါ်နေလျှင် မုန်းချင်ဖွယ်ကြီး။

နှုတ်ခမ်းဆိုးစဆားက အရောင်ပါသည်ဆိုရုံ ဖျော့ဖျော့လေးမို့ ချွန်း အရောင်နာမည် မဖော်တတ်ပါ။ 'ဘိ'ရောင် မဟုတ်တာတဲ့ ပြောနိုင်သည်။ ပန်းနုသွေး ဆိုပါတော့။ ဝတ်ထားသည့် အင်္ကျီက ဇာအနက်လက်ရှည် မြန်မာအင်္ကျီ ရင်စေ့ ကျပ်ကျပ်ကလေး။ လုံချည်က အင်္ကျီနှင့် တစ်ဖြတ်တည်း။ ဇာအနက်မှာ ပိတ်အနက်ခံပြီး နှစ်ထပ် ချုပ်ထားသည်။ လုံချည်လေးအည်း ကျပ်ကျပ်ကလေး။

ရန်ကုန်သူတွေ အင်္ကျီကိုသာ ကျပ်ကျပ်ဝတ်တတ်သည် မဟုတ်။ လုံချည်ကိုပါ တင်းတင်းကျပ်ကျပ်၊ ထုပ်ထုပ်စီးစီး အလေးဖြစ်အောင် ဝတ်တတ်တာ ချီးကျူးဖွယ်ပင်။ အမေတို့များ ဝတ်လိုက်လျှင် ပွအယောင်းနှင့် အောက်ထားကြီးမို့ ဂါဝန်လား' စကပ်လား ထင်မှတ်မှားလောက်သည်။ သူကလေးကဖြင့် ခြေလှမ်းမှာ ပြန့်ရှုံးသွားအောင် လုံချည်တစ်ထည်ကို အလှဆုံး ပုံဖော်၍ ဝတ်တတ်ပါတိခြင်း။

ရုပ်ရှင်မင်းသမီး မဟုတ်တာတော့ သေချာသည်။





ချွန်းက ပိုက်ဆံလေးကျပ်ရှိလျှင် ဗွီဒီယိုပြေးသည့်ကောင်၊ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ လက်ဖက်ရည်ဆိုင်လည်း မထိုင် (မထိုင်လောက်အောင်လည်း ပါးစည်)ဆိုသော ချွန်း မုန့်ဖိုးမှုလေးတော့ အကုန်လုံး ဗွီဒီယိုရုံရောက်ကုန်သည်။ မင်းသား မင်းသမီးခွစ်၍ ဇာတ်ပို့ ဇာတ်ရုံအားလုံး ချွန်း မသိသာ မရှိ။ အားလုံးသိသည်။ သည်မခ လှလှလေးက မင်းသမီး မဟုတ်ပါ။ ချွန်းအက် သုံးလေးနှစ်ဆိုသလို၊ သည်ထက်လည်း နည်းနည်း ပိုနိုင်သေးသည်။ ပိုကြီးမှာ သေချာသည့် ရုပ်ခြေ၊ ရင့်ကျက်မှုနှင့် ကျက်သရေကိုပါ ပိုင် ဆိုင် ထား သည် မို့ ချွန်းက မမလှလှလေးပဲ တင်စား သုံးနှုန်းဖြစ်လိုက်တော့သည်။

သွယ်လျမပမယ့် အရိုးဂေါက်ဂတ်နှင့် ပိန်ချုပ်နေတာမျိုးလည်း မဟုတ်၊ ပါးပါးလျာလျားလေးနှင့်ပင် ချစ်ဖွယ် ကိုယ်လုံးလေးက သွယ်နွဲ့စွာ ရပ်နေခိုက် တစ်ဖက်တံခါး တစ်ချပ်ဖွင့်ကာ အောင်မလေးတစ်ယောက် ပန်းခြင်းအမ်ခု ဆွဲ၍ ထွက်လာသည်။

'အားပါးပါး'

သည်တစ်ခါတော့ 'ဟ'အက္ခရာမဟုတ်တော့ပါ။ လှလှသည့် ပန်းခြင်းကြီး။ သစ်ခွတွေ ကျောက်ခေတ်တွေနှင့် သစ်ခွပန်းမှုန်းတော့ ချွန်း သိသည်။ အမျိုးအခည်ကို မသိပါ။ သစ်ခွပန်းဆိုတာ ဘော်တော်နှင့် မနှမ်း၊ ကြာကြာခံသည်။ အဲသည်အတွက် ဈေးကြီးသည် ဆိုတာကို ချွန်း သိသည်။

'တော်တော်ပိုက်ဆံကုန်မှာပဲ'

ထောင်ဂဏန်း ဆိုလျှင်တောင် တစ်ထောင် နှစ်ထောင် ဟုတ်မလားမသိပါ။ သုံးထောင် လေးထောင်လောက်များ ဖြစ်မလား။ သစ်ပင်တွေက အပွင့်လည်းကြီး၊ များလည်းများ၊ အရောင်တွေကလည်း အစုံ။ ပန်းခြင်းကို မြေမှာ မတိုက်မိအောင် ကိုင်းမှ မြှောက်ဆွဲရသော့ ကိုင်လာရသူ ကောင်မလေး အခက်တွေ့ရှာ၏။ ကိုယ်နှင့်မကပ်အောင်လည်း ခွာထားရသေးသည်။ ပန်းတွေက ဖြာထွက် နေသည်မို့ ကိုယ်လုံးနှင့် ထိလျှင် ပန်းတွေပွန်းမှာ စိုးရသည်။

သူတို့ သုသာန်မြေထဲသို့ ဝင်လိုက်သည်။ ချွန်း ထိုင်နေသည့် ဂူပေါ်မှ ခုန်ဆင်းလိုက်သော့သည်။

'ကျွန်တော့်ကို ပေးလေ၊ ကျွန်တော် ကိုင်ပေးမယ်'

ပန်းခြင်းကိုင်ထားသည့် ကောင်မလေးကိုပဲ ကြည့်၍ ပြောလိုက်သည်။ ကောင်မလေးက မမ လှလှနိုးဆွေလေးကို မော့ကြည့်၏။

'ဩော်… အေး၊ ကျေးဇူးပါပဲ မောင်လေးရယ်၊ ဒီမှာလည်း မနိုင်မနင်း ဖြစ်နေတာ'

မမ လှလှလေးက သူ့လက်ထဲက ကြွပ်ကြွပ်အိတ်ထုပ်လေးကို မပင့်တပင့် မြှောက်ပြ၏။ ဟုတ်သားပဲ ခုမှမြင်သည်။ ဖယောင်းတိုင်နှင့် အမွှေးတိုင်ထုပ်တွေ။

ချွန်း ခွင့်ပြုမိန့်ကျသည်မို့ ပန်းခြင်းကို ယူလိုက်သည်။ အိမ်မှာ တစ်ဖက်လျှင် လေးဂါလန်ဝင်ပုံးနှင့် ရေအပြည့် တစ်ဖက် တစ်ပုံးဆွဲ တိုင်ကီကြီးထဲကို နောက် လက်တစ်ဖက် အကူအညီမလိုဘဲ ဘယ်တစ်ပုံး ညာတစ်ပုံး ပြိုင်တူလောင်းချ





ရေဖြည့်နေကျ လက်မောင်းကြွက်သားတွေအ ပန်းခြင်းတစ်ခု မြေမထိအောင် မြှောက်ကိုင်ရတာလောက်တော့ အပျော့။

'မမတို့ ရှေ့ကသွားလေ'

ကောင်မလေးက မမဆီမှ ကြွပ်ကြွပ်အိတ်ကို ဆွဲယူသည်မို့ မမက လွတ်ကျွတ်စွာ ခေါင်းခါခါ ရမ်းရမ်းလေး လျှောက်ရှာ၏။ မြေက မညီသည်မို့ အရမ်း လေးတွေ တကူ၊ တအ မစီစဉ်ဘဲလည်း ဖြစ်ထွန်း၏၊ ညွတ်ပျောင်းလှပါ၏။ ဆဗျာဆန်စွာ ယိမ်းနွဲ့ပါလေ၏။ မြန်မာပြည်မှာရှိသမျှ မင်းသမီးတွေအားလုံးထက် မမ ပိုလှ၏၊ ပိုချော၏၊ ပိုယဉ်၏၊ သွယ်နွဲ့ညွတ်ပျောင်း၏။ နိုင်ငံခြား မင်းသမီးတွေနှင့်တော့ နှိုင်းလို့ကို မနေချင်တော့ပါ။ ဘယ်တုန်းကမျှ လှတယ် မထင်ခဲ့သည့် ပါးရိုးမြင့်မြင့်၊ နှာခေါင်းတရားလွန်ချွန်နှင့် မျက်ကွင်းဟောက်ပက်ကြီးတွေ၊ မမရဲ့ ဘိုရောင်ခြေခုံလေး တစ်ခုတည်းရဲ့ အလှကိုတောင် သူတို့ ဘယ်မီလိမ့်မလဲ။

ဒေါ်တင်တင်ကြီး၊ အသက်(၄၈)နှစ်…

အို… သေဖို့အတွက် တော်တော် ငယ်နေသေးတာပေါ့။ လေးဆယ့်ရှစ်နှစ်ဆိုတာ ဆံပင်ကောက်လို့ ကောင်းတုန်း၊ နှုတ်ခမ်းရဲရဲဆိုးလို့ ကောင်းတုန်း၊ လက်သည်း ခြေသည်းတွေ ရှည်ထား၊ ချွန်ထား၊ ပန်းရောင်ရမ်း ရင့်ရင့် နုနု ဆိုးလို့ ကောင်းတုန်းအရွယ်လေ။ အမေပေါ့။ လွန်ခဲ့သည့်ရှစ်ရက်က ဆုံးသွားခဲ့သည့် အမေဟာ အသက် လေးဆယ့်ရှစ်နှစ်ပဲ။ အမေ့ရုပ်ကလေးပေမဲ့ ဆံပင်ကောက်နှင့် လက်သည်းခြေသည်း

ရှည် ဆွေးဆိုးနှင့် ဆရင်မ်ပတ်ရိုက်ပြီး နှုတ်ခမ်းနီတောင် ဆိုးပေးထားကြသေးတာ။

အမေထက် ရှစ်နှစ်ငယ်သည့် ကိုပိန်က....

'ဂစ်ရက်စရာ မရှိဘူးဗျာ၊ ဘယ်လိုပစ်ရမှာလဲ'နှင့် အမေ့ကို ထည့်ဖို့ အမေ့ဘေးနားချထားသည့် သေတ္တာကို ခေါင်းနှင့်တိုက်၍ ငိုသည်။ ချစ်ရှာသည့် ထင်ပါရဲ့။ မယားပါ သားကို မေ့တ္တာမထားနိုင်ပေမယ့် အမေ့ကို ချစ်ရှာ လွမ်းရှာသည် ဆိုလျှင်ပဲ ကျေးဇူးတင် ကျေနပ်ရပါတော့မည်။ ရက်လည် အိမ်းကျေးပြီးတာနှင့် ချွန်းကို မနေတော့ဖို့ ယဉ်ယဉ်လေး ပြောတော့ မနေတော့ဖို့၊ ရှင်းရှင်း ဆိုလျှင်တော့ နှင်ချတာ။ နှင်ချတာကိုလည်း စိတ်ဆိုး ဒေါသထွက်နေဖို့ မရှိပါ။

သူပိုင် အိမ်ပေါ် ချွန်းတို့သားအမိက တက်နေခဲ့တာ၊ အလှူပြင်ဖို့နှင့် ထလေးမွေးဖို့ကူလွဲလျှင် ဘာမျှမလုပ်တတ်၊ ထမင်းတောင် ကွယ်လွန်ချိန်အထိ ပျော့တစ်ခါမှတစ်လှည့် ချက်တတ်တာ။ အဖေရှိစဉ်က အဖေ ထမင်းချက်ကျွေးတာကို စားခဲ့သည့် အမေက ပိုက်ဆံမရှာတတ်သလို ဝေယျာဝစ္စလည်း မကျွမ်းကျင်ပါ။ သူ့အိမ်မှာ သူ့ဇနီးမရှိတော့သည့်နောက်ပိုင်း ဇနီးက အလျှင်ယောကျ်ားနှင့် မွေးခဲ့သည့်သားကို သူ မထားချင်တော့တာ အပြစ်တင်ဖို့ မရှိပါ။ သူရှာသည့် ပိုက်ဆံနှင့် ချွန်းကို ထမင်းမကျွေးချင်တာလည်း သူ့အပြစ် မရှိပါ။





ထားလျှင်၊ ကျေးလျှင် ကျေးဇူးတင်သည်ပေါ့။ မထား ကျွေးသည့်အတွက် ချွန်း အပြစ်တောင်လိုပါ။ ချွန်းသာ ပိုက်ဆံရှာနိုင်ပြီး နည်းနည်းပါးပါးပိုလျှံလာလျှင် ညီမလေး နှင့် ညီလေးကို မုန့်ဖိုးပေးချင်ပါသေးသည်။

ချွန်းက ပန်းခြင်းကို အုတ်ဂူပေါ်သို့တင်ပေးလိုက်သည်။ ဂူက လှပပါပေ၏။ အောင်းဆင်ပြာရောင် ကြွေပြားတွေ ထားသည်မို့ ကြည်ကြည်လင်လင် ရှိ၏။

'ကျေးဇူးတင်ပါတယ်ကွယ်'

'ဟုတ်ကဲ့၊ ကျွန်တော်သွားမယ်'

ဆက်နေဖို့ အကြောင်းမှ မရှိတော့တာ။ မမကို ငေးချင်သေးသည် ဆိုလျှင်တောင် ဘေးနားမှာရပ်ပြီး ပေါ်တင်ကြီး ကြည့်နေလို့ ဖြစ်မတဲ့လား။ မလှမ်းမကမ်းလေးသွား ခိုးကြည့်၊ မကောင်းဘူးလား။ ကြည့်ဖြစ်မှာတော့ သေချာသည်။

'ဩြ....အေး....ရော့ ရော့....'

ပခုံးမှာ သိုင်းလွယ်ထားသည့် ပိုက်ဆံအိတ်ကို ရှေ့သို့ ဆွဲယူ၏။

'ပိုက်ဆံပေးမလို့လား မမ'

ချွန်း နည်းနည်းပါးပါး ရှက်သွားရသည်။

'မုန့်ဖိုး'

'ကျွန်တော် သူတောင်းစား၊ မဟုတ်ပါဘူး မမ'

'ဩြ ကွယ်....ဒီလိုအဘောမထားပါဘူး၊ ငါ့မောင်က စေတနာနဲ့ ကူညီတယ်၊ မမက စေတနာနဲ့ မုန့်ဖိုးပေးတယ်'

'ကျွန်တော် ဗီဝင်းထဲကလည်း မဟုတ်ပါဘူး'

'ဗီဝင်းထဲကလည်း ဘာဖြစ်လဲ'

'ဗီဝင်းထဲမှာနေတဲ့ ကာလသားအချို့ကတော့ နေရင်းထိုင်ရင်း အလုပ်ဖြစ်ဆိုသလို ထားစောင့်ပေးကြ၊ မုန့်ဖိုးတောင်းကြနဲ့ သမာအာဇီဝ အလုပ်ကလေးတွေ လုပ်ကြပါတယ်၊ ကျွန်တော်လည်း လိုအပ်ရင် လုပ်မှာပါ၊ အခုတော့ ကူညီတာ သက်သက်ပါ'

'ဒါဖြင့်လည်း ကျေးဇူးပါပဲကွယ်'

ခလုတ်ဖွင့်ပြီး နှိုက်လျက်သားသေးဖြစ်နေသည့် မမလက်လှလှလေး ပြန်ထွက်လာတော့ ပိုက်ဆံပါမလာပါ။ ချွန်းမမကို ကြည့်နေဆဲက နောက်သို့ ခြေတစ်လှမ်းဆုတ်ပြီးမှ ချာခနဲလှည့်ကာ ပြေးထွက်လာခဲ့ပါတော့သည်။ မမနှင့် ဘယ်တော့ မျှပြန်ဆုံနိုင်တော့မည် မထင်ပါ။ မမ ဘယ်မှာနေလဲ မသိ၊ မမ ဘယ်သူလဲမသိ။ ဘယ်တုန်းကမျှလည်း မခင်မင်မရင်းနှီးခဲ့ဘူးသည့် မမတစ်ယောက်နှင့် သည်လောက်လူဦးရေ ကားဦးရေ ကျပ်တည်းလှသည့် ရန်ကုန်ရွှေမြို့တော်ကြီးမှာ ဘယ်နေရာမှာ ဘယ်တော့ ပြန်ဆုံတွေ့နိုင်မှာတဲ့လဲ။

သေချာတာတစ်ခုတော့ ရှိပါသည်၊

မမလှလွန်းဆွေ၏ ပုံရိပ်သည် ချွန်းဆိုသည့် စုတ်တီးစုတ်ချာကောင်လေး၏ မျက်ဝန်းမှန်ဘီလူးများမှ ပုံကြီးချဲ့ကာ ချဉ်းနင်း ဝင်ရောက်လျက် နှလုံးသားမှာ တံဆိပ်နှိပ်သလို စွန်းထင်သွားတာ၊ ချွန်း အသက်နှင့်အမျှ တည်မြဲနေတော့မယ် ဆိုတာပါပဲ။





လှလွန်းလို့ပါ မမ။ သည်လောက်လှတာ၊ သည်လောက်ချော၊ သည်လောက်ယဉ်တဲ့၊ သည်လောက် ကျက်သရေရှိတာ။ မမ ပတ်ဝန်းကျင်မှာ အရောင်အဝါ လျှံထွက်နေသလို ဖြာထွက်နေသလို အလှအဝန်းအဝိုင်း ကွန့်မြူးကြီး ခြုံထားသလို 'အလှပုံ'ကြီးပေါ် တက်ထိုင်နေသလို တသက် ကို တစ်ခါမျှ မမြင်ဘူးခဲ့တဲ့ အလှထူးပိုင်ရှင် မမ....

'မမ'

နာမည်လေးတောင် သိခွင့်မရခဲ့သည့် မမက ထာဝရ ကြီးစိုး လွှမ်းမိုးနေသည်၊ ရှစ်နှစ်လုံးလုံး တစ်နေ့မပြတ် တမ်းတခဲ့ရသည့် အဖေ့ပုံရိပ်ကိုတောင် မှေးမှိန်စေ၏၊အဖေ့ကို သတိရနေမည့်အချိန်တွေကို မဖဲ့ယူသွားသည်၊ ဘုရားပေါ်မှာ ဆုံခဲ့သည့် ဦးလေးကြီး၏ နှုတ်၏ ဆောင်ခြင်းကြောင့် သံဃာရိပ်မှာ ယာယီ ခိုလှုံခွင့် ရနေ၏။ နေ့ဖို့ကျောင်းတစ်နေရာစာနှင့် မနက်စာ ထမင်း တစ်နပ်ရသည်။ ညစာအတွက် မနက်ဖက်က ကျန်လျှင် မသိုးအောင် ကိုယ့်ဘာသာ သိမ်းထားနိုင်လျှင် စားရ၏။မကျန်လျှင်ဘဲဖြစ်ဖြစ်၊ တစ်ခါတလေ ဘာကြောင့်မှန်းမသိ သိုးနံ့ထွက်နေတတ်တာကြောင့် ညစာလွတ်ရသည့်နေ့တွေ ရှိသည်။

ကျောင်းမှထွက်ကာ လမ်းထိပ်နားမှာရှိသည့် မုန့်တင်းခါးလေး လက်သုပ်လေးနှင့် ပြီးလိုက်သည်။

'ကိုယ့်လူမျိုးချင်း စောင့်ရှောက်ရမှာပေါ့၊ ဘုရားသားတော်အဖြစ် ခံယူနိုင်လျှင်လည်း ရဟန်းဒကာ အဆင်သင့်ရှိတယ်'

ဆရာတော်ဘုရားက သာသနာ့ဘောင်သို့ ဝင်မလား မေး၏။

'တပည့်တော် ဒုလ္လဘတော့ ဝတ်ချင်ပါတယ် ဘုရား၊ အဲဒီဆန္ဒတော့ ရှိပါတယ်၊ အမြဲဝတ်ဖို့ဆိုတာကတော့...'

'ပါရမီ နည်းရှာသကိုး'

'ဒီလိုလည်း မဟုတ်ပါဘူး ဘုရား၊ တပည့်တော် ကိုယ်တိုင်က အကျွတ်တရားရပြီး သာသနာ့ဘောင် ဝင်လိုစိတ်နဲ့ ဆန္ဒပြင်းပြပြီး ရဟန်းဝတ်ရတာမျိုး ဖြစ်ချင်ပါတယ် ဘုရား၊ စားဝတ်နေရေးမပြေလည်လို့ ဖြေရှင်းတာမျိုးနဲ့တော့ ရဟန်းမဝတ်ချင်လို့ပါ ဘုရား'

'ဒါလည်း မှန်တာပဲ'

ဆရာတော်က နေ့ခင်းနေ့လယ် ကျောင်းက ဝေယျာဝစ္စတွေ မလုပ်ပါနှင့် အလုပ်ထွက်ရှာဟု ပြောဆည်းလူ့ဘောင်ထဲမှာ ပျော်မည့်သူမို့ လူ့ဘောင်ကိစ္စအတွက် ဝီရိယစိုက်ချေဟု ဆို၏။ ချွန်း အလုပ်ထွက်ရှာပါသည်။ ချွန်းက အလုပ်လုပ်ချင်နေသည်၊ အလုပ်သမားလိုနေသူ၊ အလုပ်ပေးနိုင်သည့် အလုပ်ရှင်တွေကလည်း ရှိနေမည်၊ ထိုနှစ်ဦး ဆုံစည်းဖို့ရာကျတော့ လူ့ပြည်က အပ်တစ်စင်းနှင့် ဗြဟ္မာ့ပြည်က အပ်တစ်စင်းလို ဖြစ်နေပြန်တော့သည်။

အလုပ်မရွေးလျှင် မရှားပါ...ဆိုသော၊ အလုပ်ကိုတကယ်ရှာတော့ တယ်ခက်သော၏။

သံလွင်လမ်း တဲ့။





နာမည်လေးက ဆဗ္ဗာဆန်ချင်သလိုလို၊ တက္ကသိုလ်ရိပ်သာ လမ်းဘက်မှ လမ်းလျှောက်၍ ဝင်လိုက်သည်။ ပထမဆုံး ညာဘက်သို့ချိုးသည့် လမ်းခွဲတစ်ခုတွေ့၏၊ မဝင်သေးဘဲ ဆက်လာတော့ လမ်းနှစ်သွယ်က အနိမ့်တစ်ခု အမြင့်တစ်ခုဖြစ်လျက် ကွဲ၏၊ လမ်းမြင့်ကိုပဲရွေး၍ ဆက်လျှောက်ခဲ့သည်။

လူဌေးတွေ၊ မဌေးတဌေးတွေ၊ မိဘအမွေမို့ နေနိုင်တာပေမယ့် လက်ရှိဝင်ငွေကြောင့် မဌေးတဌေးထက် နည်းနည်းနိမ့်ပါးသူတွေ၊ အဲသည်လူတွေ အားလုံးအပေါ်ကမှ အဓိပတိ သူဌေးခေါင်ချုပ်ကြီးတွေ ပါနေသည့် ရပ်ကွက်မို့ ခြံတွေ ဝိန်းတွေကျယ်သည်၊ တချို့ခြံတွေက သဘာဝပေါက်ပင် များနှင့် တောဖြစ်နေ၏။ တချို့ခြံတွေကျတော့ ယုယစိုက်ပျိုးပင်များနှင့် လှလွန်းနေ၏၊ ချွန်း ခြံဝန်းတစ်ခုရှေ့မှာ ရပ်လိုက်သည်၊

'ဘယ်သူနဲ့ တွေ့ချင်လို့လဲ'

'ဒီခြံမှာ အလုပ်လေးဘာလေး လိုမလားလို့ စုံစမ်းချင်လို့ပါ'

မျက်နှာချိုသွေးလိုက်ရပေမယ့် သူလည်း ကိုယ့်သာသာအိမ်ရှင် ဖြစ်နိုင်ချေမရှိ၊ အလုပ်သမားဖြစ်ဖို့က များ၏၊ လောလောဆယ်မှာ သူက အလုပ်နှင့်ဆိုတော့ ဘာပဲဖြစ်ဖြစ် ကိုယ့်ထက်တော့ သာသည်ပဲ။

'ခြံထဲပဲ မျှော်ကြည့်လိုက်စမ်းပါဦး'

'ဟုတ်ကဲ့'

ချွန်း မျှော်ကြည့်လိုက်သည်။

ပန်းပင်တွေ၊ ပန်းတွေ၊ အိုးတွေနှင့်လည်းရှိသည် မြေကြီးချ စိုက်ထားတာတွေလည်း ရှိသည်။ စင် ဆောက်ပြီး ချိတ်ဆွဲထားသည့် ပန်းပင်တွေလည်းရှိသည်။ မျက်ခင်းလေးကလည်း ညီညာတိရိလို့။ လူလျှောက်ဖို့ ကားဝင်ဖို့လမ်းကွန်ကရိခင်းပြီး အမှိုက်တစ်မျှင် သစ်ရွက်တစ်စမရှိ ပဏ်တို ပြောင်ရှင်းသန့်ပြန့်လို့။

'ခြံ ဘယ်လောက်လှလဲ တွေ့လား'

'ဟုက်ကဲ့....သိပ်လှတာပဲ'

'အဲဒါ သူ့ဘာသာလှနေတာ ဖြစ်နိုင်မလား၊ လုပ်တဲ့သူရှိလို့ပေါ့၊ လုပ်တဲ့သူလည်းတော်လို့ပေါ့'

'ဟုတ်ပါတယ်'

သည်လောက်တော်တဲ့ အလုပ်သမားရှိနေမှ နောက်တစ်ယောက် လိုပါဦးမလား'

'ဩော်....ဟုတ်တာပေါ့၊ ကျေးဇူးတင်ပါတယ်'

'ရပါတယ်'

ချက်ချင်း ပြန်လှည့်ထွက်ရှင်း ရယ်ချင်စိတ်ကို မနည်းထိန်းလိုက်ရသည်။ 'အလုပ်သမား မလိုပါ'ဟုရှင်းရှင်းပြောလည်း ရသားနဲ့၊ ပညာပေးကျူရှင်ဖွင့်နေလိုက်ပုံများ။ ချွန်းက ကျေးဇူးတင်ပါတယ် ဆိုတော့ 'ရပါတယ်'တဲ့။ သည်တစ်ခါ ချွန်း ရပ်လိုက်တာက မြက်တောထူထူ၊ သဘာဝပေါက်ပင်များ ထိုးထိုးထောင်ထောင်နှင့်၊ အကျောင်ရှည်ကြီးများ၊ အကောင်ရှည်ကလေးများမျိုး ဘယ်နှခုလောက်





ထိ ခိုအောင်း နန်းစံနေမည် မသိ၊ ဆင် တစ်ကောင်လုံးမပျောက်နိုင်တောင် ခွေးထွားထွား၊ ဝက်ပူပူတစ်ကောင်လောက် တိုးဝင်သွားလျှင်တော့ ကောင်းကောင်းပျောက်နိုင်သည်။ နှစ်ထပ်တိုက်မို့သာ အပေါ်ထပ်ကို လှမ်းမြင်ရသည်။ အောက်ထပ်ကတော့ မြင်ကွင်းမှ ပျောက်နေ၏။

ချွန်း လူခေါ် လျှပ်စစ် ဘဲလ်ကလေးကို နှိပ်လိုက်သည်။ အိမ်ထဲမှာ သွားမြည်သလားတော့ မသိပါ။ ချွန်းတော့ လျှပ်စစ်ခေါင်းလောင်းသံ မကြားရပါ။

တစ်မိနစ်၊ နှစ်မိနစ်၊ သုံးမိနစ်ကြာသွားသည်။

နာရီပါသည်မဟုတ်ပါ။ ပါတာမဟုတ် ရှိကိုမရှိတာပါ။ စိတ်ထဲမှာ တစ်နှစ်သုံးလေး မှန်မှန်ရေတွက်၊ ခြောက်ဆယ်ပြည့်တော့ တစ်မိနစ်မှတ်ယူကာ တစ်ရာ့ရှစ်ဆယ်ထိ ရေတွက်၍ သုံးမိနစ်ထိ စောင့်လိုက်သည်။

ဒုတိယအကြိမ် နှိပ်ပြန်သည်။

သည်အစ်ခါတော့ နှစ်မိနစ်ပဲ စောင့်သည်။ တတိယအကြိမ် နှိပ်သည်။ တစ်မိနစ် စောင့်၏။ စတုတ္ထအကြိမ်နှိပ်အပြီးမှာ လျှပ်စစ်မီးပျက်နေပြီဟု မှတ်ယူလိုက်မိတော့သည်။

ပထမဆုံး စကြားရတာက ဝုတ် ဝုတ် ဝုတ်.... ဆိုသည့် ခွေးဖွား ခွေးပုံ ဟောင်သံလေး။ ခွေးကို သက်ရှိထင်ရှား မြင်လိုက်ရတော့ ထင်ထားသည့်အတိုင်း ဖြူညစ်ညစ် ကောင်လေး။ ခွေးနောက်မှာ ထပ်ပါလာသူက ခွေးရှင်ထင်ပါရဲ့။

စည်ဝေးကြီးအာ ကိုယ့်ခြံရှေ့ လူစိမ်းတစ်ယောက် ရောက်နေတာ ခြောက်မိနစ်ကြာမှ အနံ့ရသည်ဆိုတော့...

ခွေးသူငယ် နှာစေးနေရှာထင်ပါရဲ့။

'ဘာကိစ္စရှိလို့လဲ'

ပေ်မငမငလေးသံက မိုးပေါ်ကပြုတ်ကျလာသည်မို့ အိမ်ရှင် ငင်ငင် ဖြစ်ပါလိမ့်မည်။

'ခြံရှင်း ဘာညာ အလုပ်ကြမ်းပေါ့ခင်ဗျာ၊ အလုပ်ရှိရင် လုပ်ချင်လို့ပါ၊ နေ့စား ခဏတစ်ဖြုတ်ပဲဖြစ်ဖြစ်ပါ'

'ဩ...'

အသက်ငါးဆယ်ကို စောင်တော်လေးကျော်မည့် အမျိုးသမီးကြီးပါ။ သနပ်ခါး ခြေဆုံးခေါင်းဆုံးခပ်ထူထူလိမ်းကျံလျက် နားရွက်နှစ်ဖက်မှ ပြောင်လက်လက်ကြီးနှစ်ခုက စိန်နားကပ် ဖြစ်နိုင်သည်။ ထင်ရတာပါပဲ။ ချွန်းအာ စိန်မှုမမြင်ဘူးတာ'

'ဒီမှာ ခြံတွေ့ တောထနေတာ တွေ့လား'

'ဟုတ်ကဲ့... ရှင်းချင်ရင် ကျွန်တော်ခုတ်ပေးနိုင်ပါတယ်'

'မရှင်းချင်လို့ တောဖြစ်နေတာပေါ့ကွယ်၊ ရှင်းချင်မှ တော့ မင်းအလာ တောင် စောင့်မနေဘူး'

'ဩ...'

ချွန်း ဘာဆက်ပြောရမှန်း မသိ။ ခွေးစုတ်ဖွားလေးက လည်း သခင်အားရစေရန် နား ညည်း လောက် အောင် ဟောင်၏။





တခြား ဘယ်အလုပ်ဖြစ်ဖြစ် ကျွန်တော်လုပ်နိုင်ပါတယ်၊ အလုပ်ရှိရင် ခိုင်းပါ'

'ဘာအလုပ်မှမရှိသေးပါကွယ်၊ ရှိမှတော့ အလုပ်သမား အလိုရှိသည် လို့ ခြံဝမှာ ဆိုင်းဘုတ် ချိတ်ထားရှာပေါ့၊ မင်းတောင် တွေ့လိုက်ရှာ မဟုတ်ဘူး၊ အလုပ်သမား ပြီး လှောကီတောင်ရှိပြီ'

'ဪ... ဟုတ်တဲ့'

ချွန်း လှည့်ထွက်ခဲ့ရပြန်၏။ သည်တစ်ခါ ရယ်ချင်စိတ် မရှိတော့ပါ။ ကြေကွဲဝမ်းနည်းသွားသည်။ ညှိုးချုံး စိတ်နွမ်း ဖြစ်ရသည်။ အလုပ် မပေးပါဘဲနှင့်တောင် မာရေကျောရေရှိလှသည်။ ချွန်း သည်တစ်သက်မှာ အလုပ်ရနိုင်ဖို့ နည်းလမ်းလေးများရှိနိုင်သေးရဲ့လား။ ဘာပဲဖြစ်ဖြစ် သည် တစ်ခါတော့ ခြံအလှကြီးလည်းမဟုတ်၊ မြက်နှင့် ဗွက်တော လည်း မဟုတ်၊ မငွေးတငွေး သတ်ခွတ်ရမည့် အိမ်တစ်အိမ် တော့ နောက်ဆုံး မျှော်လင့်ချက်အဖြစ် ဝင်မေးကြည့်ဦး မှလေ။

ဝိရိယနည်းသို့ ဖြစ်မတဲ့သား။

...◎...

'ကျွန်တော် အလုပ်ရှိရင် လုပ်ချင်လို့ပါ'

'ဪ.... ဘာအလုပ်တွေများ လုပ်တတ်သလဲ၊ မောင်ရင်က'

'မောင်ရင်'က ဆိုလို့ ပြုံးချင်ရပြန်၏။ ပြုံးချင်ဖို့ စိတ်သာကူးမိလျက် တကယ်တမ်းတော့ မပြုံးဖြစ်ချေ။ ချွန်းမှာ အပြုံးခွန်အား လက်ကျန် သိပ်ကိုနည်းပါးချေပြီ။ ချွန်းကို 'မောင်ရင်'ဟု သုံးနှုန်းသူ အမျိုးသမီးက အသက်သုံးဆယ်လောက်ပဲ ရှိပါဦးမည်။ ကြီးလှ ဆယ်နှစ်ပေါ့၊ မတိမ်းမယိမ်းသာသာမို့ သူ့ကိုယ်သူ အရမ်းကြီး ရင့်ကျက်ပစ်လိုက်တာဖြစ်ပါလိမ့်မည်။

'ပညာမသုံးရတဲ့ အလုပ်ကြမ်းအစားလုံး လုပ်နိုင်ပါလိမ့်မယ်'

'ကျောင်းမနေခဲ့ရဘူးလား'

'ကိုးတန်းတော့ အောင်ပြီးပါပြီ'

'စားမှောင်းတတ်လား'

'မမောင်းတတ်ပါဘူး'

'တို့မြန်မာပြည်မှာ ကုမ္ပဏီတွေ အမျိုးမျိုး မှိုလိုပေါက်အောင် ပေါ်လာတာ၊ အလုပ်တွေ ပေါပါတယ်တွယ်၊ နိုင်ငံခြား ကုမ္ပဏီတွေက နိုင်ငံခြားသားတွေ အိမ်မှာဆိုရင် ခြံစောင့်ပဲ လုပ်ဦး၊ ဒေါ်လာ ငါးဆယ်လောက် ရနိုင်တယ်'

'ကျွန်တော် အဆက်အသွယ်မရှိဘူး အစ်မကြီးရယ်'

'အေးလေ၊ ဒါလည်း ဟုတ်တာပဲ၊ အိမ်တွေကတော့ ခုမှ မြင်ဖူးတဲ့ လူတစ်ယောက်ကို အိမ်မှာအိပ် အိမ်မှာစား၊





ခနဲ့ထားဖို့ မလွယ်ဘူး၊ ဘယ်သူထားရဲမလဲ၊ ဒီ လိုပြောလို့ ောင်ရင်လည်း စိတ်မဆိုးနဲ့'

'မဆိုးပါဘူးခင်ဗျာ၊ ကျွန်တော် နားလည်ပါတယ်'

'မောင်ရင့်မှာ အားကိုးရာ မရှိဘူးလား၊ ကျောထောက်နောက်ခံ'

'မရှိပါဘူး ခင်ဗျ'

'မောင်ရင်က တာဝန်ယူရမယ့်သူရော ရှိလား'

'မရှိပါဘူးခင်ဗျ'

'တစ်ယောက်တည်း သမားပေါ့'

'ဟုတ်ကဲ့'

'ကြိုးစားချင်စိတ်ရော ရှိသား'

'ရှိပါတယ်'

'ရှိးသားမှုရောရှိလား၊ အကျင့်စာရိတ္တပေါ့၊ ခိုးချင်၊ ်ချင်၊ ဆိုးချင်၊ မိုက်ချင်'

'မရှိပါဘူးလို့ ကျွန်တော် ဘာသာ ဝန်ခံရုံမှာပါ၊ ောက်ခံစာ ရေးပေးမယ့်သူတော့ မရှိပါဘူး'

'အဲဒါဆိုရင် ကုမ္ပဏီလိပ်စာတစ်ခု ရေးပေးမယ်၊ နိုင်ငံ း ကုမ္ပဏီမဟုတ်လို့ ဒေါ်လာတော့ မရဘူး'

'ကျွန်တော်ကလည်း မလိုချင်ပါဘူးခင်ဗျ၊ ဒေါ်လာတွေ ျွန်တော့် လက်ထဲရောက်လာရင် ဘာလုပ်ရမှန်းလည်း မသိ ဘူး၊ ကျွန်တော် မသုံးတတ်ပါဘူး'

'အစ်မ သိသလောက်ကတော့ ခြံစောင့်၊ တံခါးဖွင့် ါးပိတ်ပဲ၊ လူလာရင် ဧည့်သည်၊ တံခါးပြေးဖွင့်၊

ဝင်သွားပြီးရင် ပြေးပိတ်၊ ပြန်ထွက်သွားရင် ပြေးဖွင့်၊ ပြီးတော့ ပြေးပိတ်၊ ထမင်းကျွေး မကျွေး၊ အိမ်ပေးမပေးတော့ မသိဘူး၊ ထမင်းကျွေး အိမ်ပေးဆိုရင်တော့ လာနည်းမယ်'

'ကျွန်တော် လုပ်ချင်ပါတယ်'

'ခုလောလောဆယ်တော့ ဒီခြံမှာ ရေကန်ဆေးဖို့အလုပ်ရှိတယ်၊ မမတို့က အဝီစိတွင်းရေ သုံးရတာဆိုတော့ ခြံထဲမှာ ရေစစ်ကန် ထားတယ်၊ ရေစစ်ကန်ထဲမှာ စစ်ပြီးမှ တိုင်ကီပေါ် မောင်းတင်တယ်၊ ခြံထဲက ရေစစ်ကန်ကို ဆေးချင်တာ'

'ရပါတယ် အစ်မကြီး၊ ကျွန်တော်လုပ်ပါ့မယ်'

'ဒါဖြင့် လာ'

ခြံတံခါးကို အလယ်မှာထား၍ စကားပြောနေကြခြင်းဖြစ်သည်။ ခုမှ တံခါးကို ဖွင့်ပေး၏။ စကားခပ်များများပြောပြီး လူကဲခတ်နေပုံရသည်။ ဒါဖြစ်သင့်သည်ကိုစွပါပဲ။ ဆေးရမည့် ရေစစ်ကန်ကြီးမှာ သုံးဆင့်တိတိမို့ သုံးကန်ဆိုပါတော့။ ရေညှိများက အုတ်ကန်ဘေးမှာ ကပ်ငြိနေသည့် အဆင့်မှာတောင် မနေတော့။ အပင်ရှည်ကြီးဖြစ်အောင် မြွေတစ်ကောင်လို ရေထဲကူးနေသည်။

'မရှိမသေ အစ်မကြီးရယ်၊ ကျွန်တော့်ကို ရေလဲလုံချည်လေးတော့ ခဏငှားပါ၊ ပြီးရင် ကျွန်တော် ပြန်လျှော်ပေးပါ့မယ်။ ဒီအဝတ်အစား ရေစိုသွားရင် အပြန်ခက်မှာစိုးလို့ပါ'





'ရမယ်'

ပြန်လာတော့ အိမ်ဖော်အောင်မလေး၊ တစ်ယောက်ပါ ပါလာသည်။ ရေလဲပုဆိုးက တစ်ထည်၊ ရေခွက်၊ ရေပုံး၊ ဆပ်ပြာခွက်၊ အုန်းတံမြက်စည်း၊ မတ်တတ်တံမြက်စည်း၊ သံဘရပ်ရှ်တစ်ခု၊ အုန်းဆံဖတ် အခွံထူကြီးလည်းပါသည်။ စုံစုံစေ့စေ့မို့ တော်တော် အကွက်စေ့ ထောင့်စေ့သည့် အစ်မကြီး ဖြစ်ပါလိမ့်မည်။

'ဒီမှာ ကုမ္ပဏီလိပ်စာ၊ မောင်ရင်က အလုပ်ရရင် ပွဲခ ဘယ်လောက်ပေးမှာလဲ'

'ခင်ဗျာ....'

'မောင်ရင့်ကို တို့က အလုပ်ရှာပေးတယ်ဆိုရင် မောင်ရင်က ပွဲခ ပေးရမယ်လေ၊ ဒါ ထုံးစံပဲ'

'ကျွန်တော့်မှာ ပေးစရာ တစ်ပြားမှ....'

'ဒီလိုလုပ်လေ၊ ဒီလောက်မွဲနေတဲ့လူဆီကလည်း ပိုက်ဆံ မယူချင်ပါဘူး၊ ပွဲခကို လုပ်အားနဲ့ချေ'

'ကျွန်တော် ဘာလုပ်ပေးရမလဲ အစ်မကြီး ခိုင်းပါ'

'ခိုင်းပြီလေ၊ အခုပဲ ရေကန်ဆေးခိုင်းထားပြီ'

'ဩော်....ဒီရေကန်ဆေးတဲ့ လုပ်အားခဆို ပွဲခ အဖြစ် ကျွန်တော် ပေးပါ့မယ်၊ ကျွန်တော့်ကို ပိုက်ဆံမပေးပါနဲ့၊ ကျွန်တော် ဆေးပေးသွားပါ့မယ်'

'မဆိုးဘူး၊ သဘောပေါက်လွယ်သားပဲ'

'ရပါတယ် အစ်မကြီး'

'သေသေချာချာလေးလုပ်နော်'

'ဟုတ်ကဲ့၊ စိတ်ချပါ'

'သန့်သန့်ရှင်းရှင်းလည်း ဖြစ်ပစေ'

'ဟုတ်ကဲ့၊ စိတ်ချပါ'

'ဒီကလေးမလေး စောင့်နေလိမ့်မယ်၊ လိုတာရှိရင် သူ့ကို ပြောပေါ့'

'ဟုတ်ကဲ့ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်'

အစ်မကြီးက ပြုံး၍ ထွက်သွားသည်။ ချွန်း တစ်ကိုယ်လုံး ရေနစ်လျက် စုတ်ချွန်းချွန်းကလေး၊ ချွန်းက ကြွက်စုတ်ကလေးတစ်ကောင်ပါ စုတ်ပြတ်ရွဲနစ်ပြီး ချမ်းတုန်လာသည် အထိ စေတနာ ရေစီးကမ်းပြိုလျက် သန့်သန့်ရှင်းရှင်း သေသေ ချာချာ အချိန်ကြာကြာလေး ဆေးပေးလိုက်သည်။

'တို့ကို ရေနွေးချမ်း ပူပူလေးတစ်ခွက်လောက် တိုက်ပါလားကွာ၊ ချမ်းလို့'

ကောင်မလေးက 'ဟုတ်' ဟုဆိုကာ ပြေးထွက်သွားသည်။ ချက်ချင်း ပြန်ရောက်လာ၏။ ချွန်း ပူပူကလေးမှုတ်သောက်ကာ ပြန်ထွက်လာချိန်အထိ အိမ်ရှင်အစ်မကြီးကို မတွေ့ရတော့ပါ။ အလုပ်က ဘယ်နေမှန်းမသိ ပွဲခတော့ ပေးခဲ့ရပြီလေ။ လုပ်အားနှင့်တဲ့။ လောကကြီးက ရယ်ရသား။

'ဟား ဟား...'

ချွန်း ခေါင်းမော့၍ ရယ်မောလိုက်သည်။ လမ်းပေါ်က လူအချို့ လှည့်ကြည့်၏။ ပြီးတော့ ပြန်လှည့်သွားကြသည်။ ချွန်းကို အကောင်မှတ်သွားကြပါလိမ့်။ မှတ်ချင်တာမှတ်။





ချွန်းက ငခုံးကို စုံထွန့်လိုက်သည်။ ခေါင်းကိုဆတ်ခနဲခါ၏။ ကိုယ့်ဘာသာကိုယ် တွန့်တာ၊ ဘာဖြစ်လဲ...ဘာဖြစ်လဲ။ လောကကြီးနဲ့ ရန်ဖြစ်ချင်လာပြီနော်။

—❁—

## အခန်း ( ၂ )

နေ့စဉ်အလုပ်တက်အလုပ်ဆင်း လက်မှတ်စာအုပ်မှာလက်မှတ်ဝင်ထိုးပြီး လုပ်ငန်းခွင်သို့ ဝင်သွားသူတွေကို သီရိစောင့်ကြည့်နေရသည်။ သူ့ အလုပ်နှင့်သူ လက်မှတ်ထိုးဖို့စာအုပ်သီးသန့်စီရှိ ရည်မို့၊ စာအုပ်စုစုပေါင်းမှာ ဆယ်အုပ်ထောင်မကပါ၊ အလုပ်မျိုးစုံနေသော ထို'စုံစီနဖာ' အလုပ်ကို မမေမို့ စိတ်ကူးစိတ်သန်းရပါဘိခြင်း၊ ဖေဖေကဆို...

'ရှုပ်ရှုပ်ယှက်ယှက်ကွာ.... မင်းလုပ်ငန်းတွေက နိုင်ငံခြားထက်တောင်သာနေပြီ၊ နိုင်ငံခြားတွေမှာကမှ၊ မသကာတစ်ခုချင်းစီရယ်၊ မင်းကျမှစုံစီနဖာ၊ မင်းရဲ့ဘွားတိုးရောဂါနဲ့တော့၊ ဘယ်တော့လေဖြတ်မလဲပဲ' တဲ့။

ရှုတ်ရှုတ်ချချကဲ့ရဲ့ခဲ့ဖူးသည်။





'အို....ရှင်....သားတွေ သမီးတွေ မွေးထားတာ ဘာလုပ်ဖို့လဲ'

မေမေက ဇွတ်အတင်းအထည် ဖော်ခဲ့လို့ ဖြစ်ထွန်းခဲ့ရသည့် 'သီရိဂေဟာ' အိမ်တွင်းမှုဝန်ဆောင် လုပ်ငန်းက ရှုတော့ဖြင့် အတော်ကြီးကို အောင်မြင်နေခဲ့ပါပြီ။

'လုပ်ကိုင်စားဖို့ ပညာလည်း ပြည့်ပြည့်စုံစုံမရှိ၊ ထိုးထွင်းဉာဏ်လည်းမရှိ၊ အရင်းအနှီးလည်းမရှိ၊ နေဘက်ဆုံ နေစရာမရှိ စားစရာ မရှိအထိဖြစ်နေတဲ့ လူငယ်မလေးတွေ၊ လူငယ်ထီးလေးတွေကို ထိန်းသိမ်းကူညီ ပေးချင်တာလည်း တစ်ကြောင်းပါ'

နေစရာမရှိသူများအတွက် ဘော်ဒါဆောင်ဆောက်လျက်ထမင်းရုံ၌ မနက်ပြန် ညပြန် ထမင်းကျွေးသည်။ မနက်စောစောကတော့ ထမင်းကြော်နှင့်ကော်ဖီ၊ အပြင်ထွက်၍ အလုပ်လုပ်ရမည့်သူများ၊ ထမင်းချိန်မှာ အပြင်သို့ ရောက်နေမည်ဆိုလျှင် ထမင်းဘူး ထည့်ပေးလိုက်သည်။

'အလုပ်ခေါ်ခိုင်းတဲ့ လူတွေကဘာယ်မှာ ထမင်းကိုတကူးတက ကျွေးနေနိုင်မှာလဲ'....တဲ့။

မေမေ့လောက် အမြော်အမြင်ကြီး သူရှားပါ၏၊ ခုတော့ဖေဖေကစလို့ သီရိဂေဟာ မိသားစုတစ်ခုလုံး မေမေ့ကိုချီးကျူးနေရပါပြီ၊ ဝင်ငွေကလည်း ကောင်းပါ၏၊ မေမေ့ခြံထဲမှာ ဘော်ဒါနေသူတွေက မိဘမဲ့တစ်ကောင်ကြွက်တွေများသည်၊ တချို့ မိသားစုရှိ သူများကျတော့ ကိုယ့်အိမ်မှကိုယ့်အလုပ်ဆင်းသည်၊ အပြင်က အလုပ်သမားတွေရော

ဘော်ဒါတွေရော၊ မနက်ရှစ်နာရီဆိုလျှင် အလုပ်ဝင်ရာအုပ်မှာ လက်မှတ်ထိုးရသည်။ ကိုယ့်အလုပ်အလိုက်သတ်မှတ်ထားသည့်အခန်းတွေမှာ စုဝေးထိုင်နေရသည်။ အလုပ်လာသောအခါ သည်နှင့်ထလိုက်သွား၊ အပြန်ကျတော့ပြန်ချိန်ကို လက်မှတ်ထိုးပြီးမှ အလုပ်ဆင်းရသည်။ တစ်ခါတည်းပေမယ့် အလုပ်ချိန်မှာကိုယ့်အဆောင်ကိုယ်ပြန်ခွင့်မရှိ၊ ထမင်းချိန်မှာ ထမင်းရုံသို့ သွားစားနိုင်သည်။ ထမင်းဘူးယူနိုင်သည်။ အလုပ်ချိန်အတွင်းမှာ ရေပြန်ချိုးခွင့်မရှိ၊ ရေချိုးခြင်း၊ ကိစ္စကို အလုပ်မဝင်မီနှင့်အလုပ်သိမ်းချိန်ကျမှ ဆောင်ရွက်ရမည်။

စည်းကမ်းချက်များကို လိုက်နာပါသည်ဟု လက်မှတ်ထိုးထားရသည်မို့ စည်းကမ်းဖောက်ဖျက်သည်နှင့် အလုပ်မှချက်ချင်းထုတ်ပစ်ခြင်းခံရမည်၊ အဲသည်အတွက် သုံးလစာတွေဘာတွေပေးလိုက်မှာ မဟုတ်၊ လုပ်ပြီးသမျှအတွက်ပဲ ရှင်းပေးမည်။ ကျေနပ်ရင်လုပ်၊ မကျေနပ်လျှင် မလုပ်နှင့်။ အလုပ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ အလုပ်အမျိုးအစားအလိုက် ခွဲထားသည့် အခန်းတွေမှာ ရုံးဆင်းရုံ ဘက်သလိုသာ ဆောက်စုဝေးနေရမည်။

နေ့တိုင်းအလုပ်ထွက် လုပ်ရသည်ဖြစ်စေ၊ အလုပ်မထွက်ရဘဲ တစ်နေကုန်ထိုင်ပြီး အချိန်ကုန်မှ အဆောင်ပြန်ရသည်ဖြစ်စေ၊ လခကတော့ပုံမှန်လစာပဲ ဖြစ်လေ၏။

အလုပ်တွေကတော့ မျိုးစုံ၏။





စိမ်းပြာရောင် စကားပြောခွက်ကလေး ထခုန်ပေါ့လောက်တယ်လီဖုန်းသံက ကျယ်ကျယ်ကြီးမြည်၏၊ သိရိကောက်ကိုင်သည်။

'ဟုတ်ကဲ့...သီရိဂေဟာ အိမ်တွင်းမှု ဝန်ဆောင်လုပ်ငန်းကပါရှင်'

'မသီရိပြည့်စုံနဲ့ ပြောပါရစေ'

'ရှင်...ကျွန်မ သီရိပါ၊ အမိန့်ရှိပါ'

'မမ...စူဇီပါ၊ ဒယ်ဒီ ပြန်ရောက်လာပြီ၊ သစ်ခွတွေ အများကြီးပါလာတယ်၊ အပင်ကျတ်တွေပါ၊ စိုက်ပြီးသားတွေ မဟုတ်ဘူး၊ စိုက်ဖို့ တစ်ယောက်လွှတ်ပေးပါ'

'လုပ်ပြီ...ဒေါ်စူဇီကလေးကတော့၊ သစ်ပင်နဲ့ပတ်သက်ရင် မမကြီးဆီ ဆက်ပါလို့'

'ဒေါ်မမ သတ္တိပြည့်စုံနဲ့ စကားပြောရတာကြောက်လို့'

'အေး...စူဇီက အဲဒီလိုပြောတယ်လို့ တိုင်ပြောလိုက်မယ်၊ ဒါပဲနော်...ခုလွှတ်လိုက်မယ်၊ သစ်ခွတွေချည်း မဟုတ်လား'

'သစ်ခွတွေချည်းပဲ'

'စိတ်ချ...ကျေးဇူးပဲနော်'

သစ်ပင်မစိုက်တတ်လျှင် စိုက်တတ်သူကို လှမ်းအကူအညီခေါ်လို့ရသည်။ အိမ်မှာ အိမ်ဖော်ကတော့ပြန်၊ အဝတ်တွေအစုပုံနေ၊ လျှော်ရမှာတွေက နှစ်တောင်း သုံးတောင်းလောက်ဖြစ်ပြီးမှ ဒီအဝတ်ညစ်ပုံကြီးကို ဖြေရှင်းနိုင်တော့ပါ ဆိုလျှင်လည်း ဖုန်းဆက်၍ အလုပ်သမား တောင်းလို့ရသည်။

'စပါယ်ရှယ်နှစ်လိုချင်လို့ပါ၊ ခနွရော ညရော'

ဆိုလည်းရသည်၊ ယေဘုယျအား သူနာပြုရော၊မိန်းမလူနာပြုပါရှိသည်။ မီးပူချည်းသက်သက် တိုက်ချင့်လျှင်ရသည်၊ခြံရှင်းမြက်ခုတ်လုပ်ချင်လား ရသည်။

'ကားပျက်လို့ တစ်နေကုန်ဝပ်ရှော့မှာ သွားထိုင်စောင့်ပြီး ပြင်မယ့်သူလည်းမရှိဘူး'

ဆိုလျှင် လည်းဖြစ်၏၊ ဓာတ်ပစ္စည်းလဲမှာ လက်ကျန်ဆီလေးခိုးထားမှာ မပူရ၊ သစ္စာရှိစွာ ကိုယ့်ကားကိုယ်တိုင်စောင့်၍ပြင်သလို သွားစောင့်ပြင်ပေးမည်။ မိခင်နှင့်ဖခင်ဆာ အပြင်ထွက်ချင်လို့ ကလေးကိုလည်း ခေါ်မသွားချင်၊ သိရိဧတာအိမ်တွင်းမှု ဝန်ဆောင်လုပ်ငန်းသို့သာဖုန်း ဆက်လိုက်ပါ၊ နာရီဝက်အတွင်း ရောက်လာမည့် ကျွမ်းကျင်သည့် ကလေးထိန်းနှင့် စိတ်ချ၍ထားခဲ့နိုင်သည်။

တစ်အိမ်လုံး ပင့်ကူအိမ်တို မှိုင်းတို့ ရှင်းလင်းသုတ်သင်ခြင်း၊ အုတ်ရေကန် သံတိုင်ကိုများ ဆေးကြောခြင်း မှစ၍ အိမ်တွင်းမှုဆိုပေမယ့် ခြံတွင်းအမှုကိစ္စပါ အပါအဝင်၊ အိမ်ရှင်မတို့ အိမ်ရှင်ထီးတို့လုပ်ရမည့် အလုပ်တွေ မလုပ်နိုင်လျှင်၊ လုပ်ကျင့်လျက်လင့်ဖို့ အချိန်မရှိလျှင်၊ လုပ်ပေးရန်ခိုင်းဖို့ လူမရှိလျှင် သိရိဒဂဟာအိမ်တွင်းမှု ဝန်ဆောင် လုပ်ငန်းသို့သာဖုန်းဆက်လိုက်ပါ၊ လုပ်ကိုင်ပေးရန်ချက်ချင်း ရောက်ရှိလာသူသည် ထိုအိမ်တွင်းမှ အပ်တိုတစ်ချောင်း မပျောက်စေရအောင် 'စိတ်ချ နိုင်သူလည်း ဖြစ်သည်။





အကယ်၍ ပျောက်ပျောက်ခဲ့ရှ ရှိပါက ထိုသူခိုး ယူ...ကြောင်းသာ မှန်ကန်ပါစေ၊ သိရိဂေဟာက ပစ္စည်းတန်ဖိုး...သော်လည်းကောင်း၊ ချွတ်စွပ်တူ ပစ္စည်းကို သော်လည်း...ကောင်း အလျော်ပေးသည့် အလုပ်ကြီးဖြစ်သော၊ အလုပ်နှ...ခြင်ခ သိရိဂေဟာမှလာသည့် အလုပ်သမားတိုင်းသည်...ရှင်းသပ်ရပ်ကာ ကြည့်ပျော် ရှုပျော်တော့ချည်းပဲ ဖြစ်၏။ ...ကီးညစ်ပတ်တွေမပါစေရ။ အိမ်ထဲနှင့်ခြံထဲကိုစွ အကုန်...သာပြော၊ မလုပ်ပေးနိုင် မရှိစေရ၊ အားလုံး တာဝန်ယူ...သည်။ အဲသည်အတွက် • အဖိုးအခကိုတော့ နှင့်နေအောင်...လေ၏။

'ဆင်းရဲသားတွေ မသုံးစွဲနိုင်သေးတာ မနိပ်ဘူးကွာ၊ ...ဈေး နည်းနည်းပါးပါးလျှော့'

ဝေဖန်စရာမရှိအောင် ထောင့်စေ့ အောင်မြင်နေသည့်...မှုလုပ်ငန်းကို ဖေဖေက ရှာကြံဝေဖန်၏၊

'ဘယ်လိုလုပ်လျှော့မလဲ၊ ခနစရာမရှိတဲ့တစ်ကောင်ကြွက်...ကို လမ်းပေါ်လေသွင့်ပြီး ဘိန်းစား သူခိုး မဖြစ်အောင်၊ ...ရသား ပျက်ပျက်စီးစီးတွေ မဖြစ်အောင် စောင့်ရှောက်...ကျွေးမွေး အဆောင်ပေးရတဲ့အခလည်း ကြည့်ဦး....

'ကျွန်မရည်ရွယ်ချက်က အလုပ်လက်မဲ့ဘာလည်း အလုပ်...အကိုင်နဲ့ဖြစ်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပစေ၊ ...မြှင်မှတွေမှာ လုပ်နေတဲ့တာဝန်တွေ နည်းနည်းပါးပါး...ပေါ့ပြီး စိတ်လျှော့ပါးပါးစေ၊ ကျွန်မ အတွက်လည်း

အကျိုးအမြတ်နည်းနည်းပါးပါး ရပစေဆိုပြီး ရည်ရွယ်ချက်သုံးမျိုးနဲ့လုပ်တာပဲ'

နောက်ဆုံး ရည်ရွယ်ချက်အလေးက ပိုများ များနေမလား'

'မများဘူး၊ ဒီလောက်အရင်းအနှီး အကုန်အကျခံရပြီးမှ ဒီလောက် အမြတ်အစွန်းပြန်ရဖို့ဆိုရင် ကျွန်မ အပင်ပန်းခံပြီး ဘာမှလုပ်နေစရာမလိုဘူး၊ အောင်မြင်နေတဲ့ ကုမ္ပဏီတွေအ ရှယ်ယာတွေ ဝယ်ရင် တစ်သိန်းဝင်ထား တစ်လကို ခုနစ်ထောင် အေးအေးလေး ရတာပဲ....

'ဆယ်သိန်းဆိုရင်မဲ ခုနစ်သောင်း၊ ဘာမှ လုပ်စရာမလိုဘဲ အတိုးစောင့်ယူရုံပဲရှိတယ်'

စင်စစ် ဖေဖေ ပြည့်စုံ'စူပါမားကက်ကြီးကမှ အမြတ်ကြီး ပိုစားပါလိမ့်ဦးမည်။

သီရိတို့မှာ မောင်နှမ ငါးယောက်ရှိသည်။ ဖေဖေ၏ ဦးပြည့်စုံ၊ မေမေက ဒေါ်ခင်စုမြတ်၊ ကိုကိုကြီးက သိဒ္ဓိပြည့်စုံ၊ ကိုကိုလေးက ဣဒ္ဓိပြည့်စုံ၊ မမကြီးက မဒ္ဒ သတ္တိပြည့်စုံ၊ သီရိနာမည်က မေသီရိပြည့်စုံ၊ ညီမအငယ်ဆုံးလေး၏ နာမည်က ခင်ခင်ကျက်သရေပြည့်စုံ။

ကိုကိုကြီးသိဒ္ဓိပြည့်စုံက 'ပြည့်စုံ' ဆိုသည့် နာမည်နှင့်ပင် အိမ်ဆောက်ပစ္စည်းချည်းသီးသန့်ရောင်းသည့် ကုန်တိုက်ကြီး တစ်ခုကိုပိုင်သည်။ အိမ်တစ်အိမ် ဆောက်ချင်သူသည် 'ပြည့်စုံ' သို့သာ သွားလိုက်ပါ။ အားလုံးပြည့်စုံသွားပါလိမ့်မည်။ အောက်ဆုံး၊ ပန္နက်ရိုက်ဖို့ ပစ္စည်းမှစ၍ အမိုးထိ။ အလယ်





တောင် တိုက်သား၊ အခန်းဖွဲ့ အခန်းတိုင်း အလှဆင်၊ ရေချိုးခန်း ပစ္စည်းမျိုးစုံ၊ လေအေးပေးစက်အထိ ရနိုင်သည်။ အိမ်တစ်အိမ်အတွက် ထားသင့်ထားထိုက်သည့် ပစ္စည်း အားလုံး 'ပြည့်စုံ'မှာ ရနိုင်သည်။ လေးထပ်တိုက်ကြီးဖြစ်၍ ခမ်းနားလှသည့် ကိုယ်ပိုင်ကုန်တိုက်ကြီး ဖြစ်သေးသည်။

ကိုကိုလေးသိဒ္ဓိပြည့်စုံက 'ပြည့်စုံ' နာမည်နှင့်ပဲ ဆေးတိုက်ကြီး တစ်ခုဖွင့်သည်။ သူ့သည်း လေးထပ်တိုက်ကြီးပဲဖြစ်၏။ အောက်ဆုံးထပ်မှာ လူနာများကို စမ်းသပ်ကုသဖို့ အထူးကုသမားတော်မျိုးစုံနှင့် ဓာတ်မှန်၊ အီးစီဂျီ၊ အီးအီးဂျီ၊ အာလ်ထရာဆောင်း၊ ဓာတ်ခွဲခန်း အားလုံးရှိသည်။ သမားတော်ကြီးက ထင်ခုခုစစ်ဆေးဖို့ ညွှန်ကြားလိုက်လျှင် တခြား ဘယ်သို့မျှပြေးစရာမလိုပါ။ ဤဆေးတိုက်မှာ အကုန်ရသည်။ အပေါ်ထပ်တွေက ခွဲစိတ်ခန်းနှင့် လူနာဆောင်တွေ ဖြစ်သည်။ ဆေးရုံတက်နေလို့ ရသည်မို့ ဆေးတိုက်သာဆို— ဆေးရုံတစ်ခုနှင့် မထူးခြားပါ။ ကိုကိုလေးသိဒ္ဓိ၏ ဇနီးကိုယ်တိုင်က သားဖွားနှင့် မီးယပ် အထူးကုဆရာဝန်မ ဖြစ်သည်။

ကိုကိုကြီးဇနီးက ရတနာဆိုင်ပိုင်ရှင်ပါ။ မကြီး ဒေါ်မဒ္ဒ သတ္တိ၏ပြည့်စုံ၏ခင်ပွန်းက ဟိုတယ်နှစ်ခုကို ဖွင့်ထားနိုင်သူမို့ ဘွဲ့ရစ်ခုရထားသည့်မမကြီးက အေးအေးသေး ဇိမ်နှင့် ထိုင်စား နေနိုင်ပါသည်။ သို့သော် မေမေက—

'သမီးကြီး အိမ်မှာ ထမင်းချက်ဟင်းချက်သည်း လုပ်မှာ မဟုတ်ဘူး၊ ခြံထဲဆင်း ပန်းပင်လေးတွေဟိုကိုင်ဒီကိုင်လောက် လုပ်ပြီး ဗွီဒီယိုကြည့်လိုက်၊ တယ်လီဖုန်းဆက်လိုက်နဲ့ တစ်နေ့

တစ်နေ့ အချိန်တွေကုန်သွားရရင် ဘယ်လောက် နှမြောစရာ ကောင်းမလဲ....

'လူဆိုတာ ဓားသွားလိုပဲ အမြဲသုံးနေမှ ထက်တယ်၊ ပစ် ထားလိုက်ရင် သံချေးတက်ပြီး တုံးသွားရော၊ ကိုယ့်ကိုယ် ကို နုလပိန်းတုံးဖြစ်အောင် အပျင်းထူမနေနဲ့ မေမေ့ သီရိ ဂေဟာမှာလာကူ'တဲ့။

မေမေ့ကို ချစ်ကြောက်ရိုသေရသည်မို့ မေမေ့ဩဇာကို မလွန်ဆန်နိုင်စွာ ကောင်တာတစ်ခုမှာ တယ်လီဖုန်းတစ်ခုနှင့် ယိုလူ ယိုသွား၊ သည်လူ သည်သွား စီစဉ်ညွှန်ကြားရေးမှူး လုပ်နေရတာကိုပင် မကြီးကတော့ ခါးတညောင်းညောင်း နှင့် ညည်းညည်းညူညူရှိလှပါသည်။

သီရိနှင့်ကျက်သရေတို့မှာ အိမ်ထောင်မကျသေးသူများမို့ မေမေနှင့် အတူနေ တစ်စီးပွားတည်းသမားတွေ ဖြစ်ကာ သည်အလုပ်တွေထဲမှာလည်း ပျော်သည်မို့ ဝိုင်းလုပ်နေဖြစ် တော့သည်။

သည်တစ်ခါ တယ်လီဖုန်း မြည်လာတာ ကျက်သရေ စားပွဲ။

'ဟုတ်ကဲ့... သီရိဂေဟာပါရှင်'

'ဟုတ်ကဲ့.... ရပါတယ်၊ နှုန်းထားက ပထမတစ်နာရီမှာ ငါးရာပါ...

'ဒုတိယတစ်နာရီမှာ သုံးရာပါ၊ နောက်ထပ် တစ်နာရီ တိုင်း နှစ်ရာပါရှင်၊ ဘယ်နှနာရီပဲ ကြာကြာပေါ့နော် တစ် နာရီတိုင်း နှစ်ရာပါ'





'နာရီဝက်ဆိုရင် တစ်ရာပါ....

'ဆယ့်ငါးမိနစ်ထိ စွန့်နိုင်ပါတယ်၊မိနစ်နှစ်ဆယ် ဆိုရင် နာရီဝက်နှုန်း ပေးရပါမယ်....

'နာရီဝက် ကျော်ရင်တော့ တစ်နာရီနှုန်းပါ...

'ဟုတ်ကဲ့... ငါးမိနစ်ကျော်လည်း တစ်နာရီနှုန်းပါပဲ....

'ကလေးအတွက်ကတော့ လုံးဝစိတ်ချပါ....

'ကျွမ်းကျင်ပြီး စိတ်ရှည်တဲ့နာနီတွေ၊ မိခင်နဲ့မခြားတဲ့ အကြင်နာမျိုးပေးပြီး ကူညီမှာပါ....

'တစ်ကိုယ်ရေသန့်ရှင်းမှု ရှိပါတယ်၊ ချောင်းဆိုးရောဂါ တို့၊ အရေပြားပေါ်က ယားနာတဲ့ဘာတို့ ဘာမှမရှိတဲ့နာနီ တွေပါ....

'ဆေးလိပ် မသောက်ပါဘူး၊ သောက်ရင်လည်းမသောက် ပါဘူး....

'ဟင့်အင်း.... ဘာမှကျွေးစရာမလိုပါဘူး၊ အလုပ်ချိန် ရှည်ကြာမယ်ဆိုရင် သူ့ထမင်းဘူးနဲ့သူ လာမှာပါ'

'စိတ်တိုင်းကျမှာပါ၊မကျရင်လည်း ကျွန်မတို့သီရိဂေဟာ ကို ဖုန်းဆက်ပြီး တိုင်နိုင်ပါတယ်...

'ကလေးအနှီးတော့ မလျှော်ပါဘူး၊ ကလေးကိုထိန်းနေ ရစဉ်အတွင်းမှာ ဆီး၊ ဝမ်းအတွက် အနှီးလဲပေးပါမယ်၊ သန့် ရှင်းရေး လုပ်ပေးပါမယ်၊ အနှီးဟောင်းကိုတော့ လျှော်ပုံးရှိရင် လျှော်ပုံးထဲထားခဲ့မှာပါပဲ....

'လျှော်စေချင်ရင် အဝတ်လျှော်သမား တစ်ယောက် သတ်သတ်ခေါ်ရပါမယ်....

'ဟုတ်ကဲ့.... မဆစ်ပါနဲ့ရှင်၊ ဒီလို အလုပ်အကိုင်မျိုးမှာ ဈေးနှုန်းကို တစ်ပြေးညီ တစ်သမတ်တည်း ဆုံးဖြတ်ပြီးသား ရှိရပါတယ်၊ ဘယ်သူ့မှ လျှော့လို့မရပါဘူး....

'အိမ်ရှိပစ္စည်း အာတစ်ခုမှ အပျောက်အရှ မရှိစေရပါဘူး၊ အိမ်ရှင်က ပစ္စည်းတွေပြသွားပါ၊ စာရင်းလုပ်ပေးခဲ့လည်း ရပါတယ်၊ ပြန်လာရင်အဲဒီစာရင်းနဲ့ တိုက်ပြီး စစ်ဆေးပါ...

'ဟုတ်ကဲ့.... ကျေးဇူးတင်ပါတယ်....'

'မနက်ဖြန်မနက်ဆယ်နာရီ ဟုတ်လား....

'ကိုးနာရီ လေးဆယ့်ငါး အရောက် လာစေရပါမယ်၊ ဆယ့်ငါးမိနစ်မှာ မှာချင်တာမှာပါ၊ ဆယ်နာရီက စပြီး အချိန်တွက်မှာပါ....

'ဟုတ်ကဲ့.... ဟုတ်ကဲ့ပါ၊ စိတ်ချပါ၊ ကျေးဇူးတင်ပါတယ်'

ကျွက်သရေ စကားပြောခွက်ကို ချပြီးသည်နှင့် ရေထသောက်ရှာ၏။

'ပါးစပ်ကို အမြုပ်ထွက်ရော'

'ဒီလောက် အမေးအမြန်း ထူမှတော့ မြန်မာသူဌေးမ အထက်ကြီးကြီးထဲက ဖြစ်ရမယ်'

'လွဲလိုက်လေမကြီးရော၊ ဂျပန်မရှင့်၊ ဂျပန်အစစ်'

'ဟိုက်....'





'ဟုတ်တယ်.... ဟိုက်ပဲ၊ မြန်မာစကားကို မြန်မာမလောက်စစ်ကြီးတော့ထက်တောင် ပိုတတ်သေးတယ်၊ ဟုတ်ကဲ့ ပြောရမယ့်နေရာမှာ ဟိုက် ပြောသာတစ်ခုပဲ'

'သူ့ကလေးက ဘယ်အရွယ်လဲ'

'လေးဆယ့်ရှစ်ရက်တဲ့'

'ဘယ်သွားမှာမို့လဲ'

'သူ့ခင်ပွန်းက အိပ်တ်စ်ပါ့တ်( Expert ကျွမ်းကျင်သူ) တစ်ယောက်ပဲ၊ ဂျပန်က သူတို့ဘာ့စ်လာမယ်၊ မိန်းမပါ ပါလာစေချင်လို့ ဒီက အမျိုးသမီးပါ လိုက်ကြိုရမှာ'

'ဘယ်သူ့ လွှတ်မလဲ'

'နှင်းပွင့်ကလေးကို လွှတ်ရမှာပဲ၊ သူက ရည်မွန်တယ်'

'တော်ကြာ နာနိုကငယ်လို့ ကလေးကို စိတ်မချပါဘူး၊ ကွန်ပလိမ့်( Complaint )လာနေဦးမယ်'

ကျွက်သရေက လွက်ဝါးနှင်ဖက် ဖြန့်ချ လိုက် သည်။ တတ်နိုင်ဘူးဟု ဆိုလိုချင်၏။ ဒီကိစ္စအတွက် နှင်းပွင့်ကလေးသာ အဆင့်တော်ဆုံးဆိုတာ မကြီးလည်း သိမှာပါ။ ခုနေခုမှနှင့် သွားတိုင်ပင်လျှင်လည်း မေမေက နှင်းပွင့်ကိုပဲ ထောက်ခံရွေးချယ်မှာ သေချာပါသည်။ မသိရိ အနေနှင့်လည်း ကန့်ကွက်သံ ထွက်မလာ။ သတည်းက သဘောတူပြီး ဖြစ်နေမည်။

မကြီးကိုတော့ တစ်ခုခုဆို ဖြင်းချက်ထဲလေး တစ်ခုထွက်ကော့ ထုတ်ကိုထုတ်ရမှ ကျေနပ်တတ်သူလေး

ဟုတ်ကဲ့.... သိရိဂေဟာကပါ၊ ဒေါ်မမသာတွတ်ပြည့်စုံပါ'

သီရိနှင့်ကျက်သရေတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ပြိုင်တူ ပြုံးဖြစ်၏။ မမကြီးက သူ့ နှာခေါင်းကို အပြည့်အစုံပြောခွင့်ကိုကျေနပ်သည်။ သူ့နှာခေါင်း ကလည်း အရှိန်အဟုန်ကြီးပါဘိ။ တစ်ဖက်သား ကြားရုံနှင့် ဖျားလောက်သည်။ အဲဒါကြောင့် ကြားရုံလောက်နှင့်တော့ ဘယ်လိုမှ မဖျားမှာသေချာသည့် 'ပဂေး'တွေနှင့်ချည်းသာ ဆက်ဆံရမည့်နေရာမှာ မမကြီးကို မေမေဆာထားတာနေမှာ။

'Land Scaping (လင်းစကေ့ပင်း) ခေါ်တာပေါ့၊ ရပါ တယ်၊ခြံက တော်တော်ကျယ်သလား....

'ရတယ် ဖြက်နှစ်ပေပဲရှိတဲ့ စမ်းချောင်းအတုလေး ထည့် ပေးလို့ရတယ်....

'ကွေ့ ကွေ့ ဝိုက်ဝိုက်လေးပေါ့'

'ရေစီးချင်ရင်တော့ ငါးထည့်လွှတ်ထားလို့ မရနိုင်ဘူး ချောင်းသက်တက်လေးလိုလို တစ်ခု ခွဲထုတ်ပေးလို့ရတယ်

'မှန်ကူသတိသတ်၊ မှန်နဲ့ ခြားလိုက်မှာ၊ အပေါ်က ကြည့်ရင် ချောင်းသက်တက်လေး....

'ရေက အိုင်နေမယ်၊ ရတာပေါ့ ရေလဲဖို့က လိုအပ်မှာ ပဲ၊ ဟုတ်တယ် အဲဒီမှာ ငါးသည့်....

'ရပါတယ်၊ သစ်ခွစင်ဆောက်မယ့် လက်သမားထော ကျွန်မတို့သီရိဂေဟာမှာ မရနိုင်ဘူးရှင့်၊သတ်သတ်ငှားပါ

'ရတယ်၊ သစ်ခွမျိုးစုံ ဝယ်ပေးနိုင်တယ်၊ ကိုယ့်ဘာသာ ဝယ်ချင်ရင်လည်း နေရာညွှန်နိုင်ပါတယ်....





'စိုက်ပေးမယ်၊ ကျွမ်းကျင်သူပေါ့၊ ပိုးသတ်ဆေး၊ မှို ...၊ မြေဩဇာ သုံးစွဲနည်း၊ အဲဒါတော့ မင်္ဂလာဒုံ ...ဥယျာဉ်မှာ သင်တန်းသွားတက်ရင် ကောင်းမယ်'

သီရိနှင့်ကျက်သရေတို့ တစ်ယောက်မျက်နှာ တစ်ယောက် ...ကြည့်လိုက်ကြပြန်သည်။ မမကြီး၊ စိတ်တိုစပြုပြီ။

'ဩော်.... အိမ်က ပြီးနေပြီပေါ့၊ အိမ်တက်လုပ်ဖို့ပဲ ကျန်...တော့တယ်၊ မိတ်ဆွေတွေနဲ့ (Warming Up) ဝမ်းမင်း ...ပ်ပေါ့....

'ခြံဖြိုင်တီစ အလွန်ဆုံး တစ်ပတ်ပါ၊ အိမ်ထဲလည်း ပြင် ...ပါတယ်၊ ခန်းဆီးကပ်ပုံအ စပြီး အဆင့်အတန်းမြင့်ဖို့ ...တယ်လေ....

'ပန်းအိုး ထိုးပေးပါတယ်....

'ကျွန်မကိုယ်တိုင် ဟုတ်လား၊ ကျွန်မက ဒေါ်မခသတ္တို ...ပုံပါ၊ ရွှေတောင်ကြားထဲမှာ ဟိုတယ်နှစ်ခု ရှိပါတယ်၊ ...ဘွဲ....

'တစ်ခုက ပြည့်စုံ၊ နောက်တစ်ခုက ကုံလုံ၊ အဲဒီဟိုတယ် ...ပိုင်ရှင် ဦးခင်ကျော်ယွှင်ရဲ့ ဇနီးပါ၊ ကျွန်မလက်ရာမှ ...တော့....

'ဝန်ဆောင်ခ သိပ်တက်သွားပါလိမ့်မယ်—

'ရပါတယ်၊ ဒါက ဝါသနာလေ၊ မေမေ့ပါရမီကိုလည်း ...နေရတာ....

'မေခမေအ အလုပ်ဆက်မဲ့ ကျောင်းလေးတွေ ကျောင်း
လေးတွေ ဒုက္ခရောက်ပြီး လမ်းမှားလိုက် ပျက်စီးကုန်မှာ
စိုးလို့ဆိုတဲ့ ရည်ရွယ်ချက်ပါ...

'ဟုတ်ပါတယ်၊ ကုသိုလ်ရပါတယ်၊ ဘယ်တော့လောက်
စမလဲ၊ ကျွန်မအတော့ ပထမတစ်ရက် လာပြီး လိုအပ်တာ
တွေ ပြောပါမယ်၊ လုပ်ငန်းပြီးစီးမှုအခြေအနေကို တစ်နေ့
နှာရီဝက် လာကြည့်ပါမယ်...

'ဖန်းရှန်ဆရာ ကိုယ့်ဘာသာ ငှားပါ၊ အိုင်ဒီယာ ကျွန်မ
ပေးမယ်၊ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

ဒေါ်မှုခသက္ကိုပြုံ့စုံအ ရှေ့ခဲ့သတ္တဝါသွားဖွင့်၊ရေပုံ
ဆွဲထုတ်အာ ဖန်ခွက်တောင် မရှာတော့တဲ့ ပုလင်းလို
မော့သည်မို့ သို့ရှိနှင့် ကျက်သရေတို့က ရယ်လိုက်ကြသည်

'ညွှန်ကြားရေးမှူးချုပ်ကတော်တဲ့ဟော့၊ အောင်အေ
တစ်ယောက်ကိုလည်း စာတစ်စောင်ရေးပြီး လွှတ်လိုက်
တယ်တဲ့၊ အလုပ်လျှောက်ဖို့'

'စကြီးနဲ့ ခင်လို့လား'

'ဒီတစ်ခါ ပထမဆုံး စကားပြောဖူးချင်းပဲ'

'ဒါနဲ့များ သူက လူလွှတ်ရလား'

'သနားလို့တဲ့၊ ကောင်လေးတစ်ယောက် အလုပ်မရှိ
အလုပ်လာတောင်းလို့တဲ့'

'အကျင့်စာရိတ္တကို ဘယ်သူ သောက်ခံမှာလဲ'

'မသိဘူး၊ ကျုပ်တော့ ကုမ္ပဏီနာမည် ပြောင်းချင်ပြီ
သို့ရှိဂေဟာ မဟုတ်ဘူး၊ အလုပ်လက်မဲ့ လမ်းပေါ





အမှိုက်ကလေးများ ကောက်ယူ စင်တင်သည့် ဂေဟာလို့၊
မေ့ခမကတော့ တကယ်ပဲ'

'ဒီအလုပ်က ပျော်စရာကောင်းပါအယ် မကြီးရဲ့'

'အလို...ရှင်သိရို၊ ရှင်ပဲပျော်၊ ကျုပ်မြင့် တစ်နေ့တစ်နေ့
ရေထသောက်နေရတာနဲ့ပဲ တစ်လကို လေးပေါင်လောက်
နှုန်းနှုန်းတက်လာပြီ၊ အိမ်က မောင်တော်က ပေါင်တစ်ရာ့
နှစ်ဆယ်ကျော်ရင် ကွာမယ်တဲ့'

ညီအစ်မသုံးယောက်လုံး ရယ်လိုက်ကြသည်။

'ပြောပေါ့၊ မမကြီးက ဝအာမဟုတ်ပါဘူး ရေသောက်
လွန်း အားကြီးလို့ ရေဖော ဖောတာပါလို့'

'ခါးလည်း နှစ်ဆယ့်လေးလက်မကျော်ရင် ကွာမယ်တဲ့၊

'ခု... ဘယ်လောက်လဲ'

'မေးမနေနဲ့၊ မနေ့အပဲ ပြောအေးတယ်၊ သတ္တိနှော်တဲ့၊
အထိုင်များတယ်ထင်တယ်၊ ခါးတုတ်လာပြီ၊ ဘယ်နှစ်လက်မ
လဲတဲ့'

'မမကြီးက ဘယ်လိုပြောလိုက်လဲ'

'ဟဲဟဲ... နှစ်ဆယ့် သုံးလက်မခွဲလို့'

အမူအရာပါ လုပ်ပြသည်မို့ ညီမနှစ်ယောက်က ဝိုင်းရယ်
ဘော့သည်။

'ဘာအယ်က ဘယ်လောက်လဲ'

'မသိဘူး၊ စကြိုးကို နှစ်ဆယ့်လေးလက်မမှာ ကတီ
ကြေးနဲ့ ဖြတ်ချထားတယ်၊ ဆွဲပတ်တာ မစေ့ဘူး၊ လက်
တစ်ဝါးလောက် လိုတယ်'

ဝါးခနဲ ရယ်ဖြစ်ကြပြန်၏။

'အရင်လထဲက မင်္ဂလာဆောင်တစ်ခုရှိလို့ အဆစ် ချုပ်ဝတ်တဲ့အင်္ကျီ ဒီလမှာ မတော်တော့ဘူး၊ ကိုယ်လုံးအလည်း တစ်လ တစ်ဆက်မ တက်နေလား မပြောတတ်ပါဘူး'

'ကြည့်လေ၊ မဝ ခံနိုင်မလား'

ရေခဲသေတ္တာထဲမှ ချောကလက်ပြားကြီး ဆွဲထုတ်ကာ ထက်ပိုင်းချိုး၍ ဝါးနေသော ဒေါ်မမသတ္တိပြည့်စုံ၏ အခက်အခဲကလည်း သနားစရာ တစ်ခုပါပဲလေ။

....◎....

သီရိ အလုပ်စားပွဲသို့ ရောက်လာချိန်မှာ ကျက်သရေ အရွေး ရောက်မလာသေးပါ။ မမကြီး သတ္တိလည်း မရောက်သေးပါ။ သည်ခနေ့ မမကြီး ဂျူတီမရှိဘူးထင်သည်။ သီရိ ဂေဟာ၏ အိမ်တွင်းမှု ဝန်ဆောင်လုပ်ငန်းက နှစ်ဆယ့်လေးနာရီလုံးလုံး ဖွင့်ထားတာမို့ သူ့ဂျူတီနှင့်သူ နေ့ဆိုင်း ညဆိုင်းခွဲ၍ တာဝန်ယူရ၏။ အိမ်တစ်အိမ်မှာ အိမ်ရှင်မ တစ်ယောက်မှာ လိုအပ်သည့် အခက်အခဲဆိုတာ နေ့ရယ်





ညရယ် ရွေးမေ

ပေါ်ပေါက်လ ကဲဗျူး (Summit park View)'

အခက်အ

ပြည်ဆည့် ပါက်ဗျူးမှာလုပ်သည့် ညည့်ခံပွဲကို နှယ်နှယ်ရရ သည်ဧ လူတစ်ယောက်အတွက် ကျသင့်သည့် ဒေါ်သာသာ စုမြဝ ပေ။ ကြီးကျယ်ခမ်းနားသောလောက် အဆင့်အတန်း လည် ါတို့။

အလှမမေက အပြင်ညည့်ခံပွဲတွေ ပန်းပို့လို့ထား' တာမှါ လက်ဆောင်ပေးမှာ၊ မွေးနေ့ပွဲ လည်ဖြော်....'

မမေကိုယ်တိုင် ဟက်ရောက်ရမည့်ပွဲ ဖြစ်နိုင်သည်။ သီရိ သွားဖို့ မမေ ပြောမထားပါ။ မေမေက မွေးနေ့ ကို ပန်းခြင်းလက်ဆောင်ပေးဖို့ ကျက်သရေကို ပြင်ဆင် ထားတာပဲ ဖြစ်မည်။ ပန်းအိုးထိုး၊ ပန်းခြင်းပြင်၊ သည်ပညာမှာ ကျက်သရေက အတော်ဆုံးပါ။ သင်တန်း ည်း တက်ထားသည်။ အိမ်အောဘားနား(ပန်းအလှပြင်ခြင်း) လည်း ကျက်သရေသည်သာ အကျွမ်းကျင်ဆုံးပါ။ မွေးနေ့ က်ဆောင်ပေးဖို့ ခြင်းတစ်ခု ပြင်ဆင်ပြီဆိုလျှင် အဲသည် င်းထဲမှာ ပိန်းနှင့် သစ်ခွကို ကျောက်ခက်ကလေးတွေနှင့် နည်းပေမယ့် အဖိုးတန် အမွှေးအောင်းစားတွေကို သုံးတတ် ည်။ ပြီးတော့ လက်ဆောင်ပေးသည့် ရက်နာပစ္စည်း။ ပမာ....လက်စွပ်၊ လော့ကက် စသည့် ပစ္စည်းတစ်ခုခုက

နှင်းကြမ်းခင်းမှာ

ဝါးခနဲ ရယ်ဖြစ်ကြပြန်၏။

ရေလောင်း

'အရင်လထဲက မင်္ဂလာဆောင်တစ်ခုရှိလို့ ဂါဝန်အမျိုး ပိန်း ဝတ်တဲ့အင်္ကျီ ဒီလမှာ မတော်တော့ဘူး၊ ကိုယ်လုံးတာ့ အင်္ကျီ တစ်လ တစ်ယက်မ တက်နေလား မပြောတတ်ပါဘူး'

'ကြည့်လေ၊ မဝ ခံနိုင်မလား'

ရေခဲသေတ္တာထဲမှ ချောကလက်ပြားကြီး ဆွဲထုတ်ကာ ထက်ပိုင်းချိုး၍ ဝါးနေသော ဒေါ်မမသတ္တိပြည့်စုံ၏ အဆိုအခဲကလည်း ယနေ့စရာ တစ်ခုပါပဲလေ။

....❀....

သီရိ အလုပ်စားပွဲသို့ ရောက်လာချိန်မှာ ကျက်သရေ အလေး ရောက်မလာသေးပါ။ မမကြီး သတ္တိလည်း မရောက် သေးပါ။ သည်နေ့ မမကြီး ဂျူတီမရှိဘူးထင်သည်။ သီဟ ဂေဟာ၏ အိမ်တွင်းမှု ဝန်ဆောင်လုပ်ငန်းက နှစ်ဆယ့်လေးနာရီလုံးလုံး ဖွင့်ထားတာမို့ သူ့ဂျူတီနှင့်သူ နေ့ဆိုင်းညဆိုင်းခွဲ၍ တာဝန်ယူရ၏။ အိမ်တစ်အိမ်မှာ အိမ်ရှင်မ တစ်ယောက်မှာ လိုအပ်သည့် အခက်အခဲဆိုတာ နေ့ရယ်





'ရှိတယ်'

'ဘယ်မှာလဲ'

'ဆန်းမစ်ပါ့က်ဗျူး (Summit park View)'

ဆန်းမစ်ပါ့က်ဗျူးမှာလုပ်သည့် ညစာစားပွဲရှိ နှယ်နှယ်ရရ ဟိုတယ်။ လူတစ်ယောက်အတွက် ကျသင့်သည့် ဒေါ်လာသာ မနည်းပေ။ ကြီးကျယ်ခမ်းနားသလောက် အဆင့်အတန်း မြင့်ပါတို့။

'မေမေက အပြင်ညစာစားပွဲတွေ ပန်းပို့လို့ ထား'

'ဒါဆို လက်ဆောင်ပေးမှာ၊ မွေးနေ့မို့'

'ဪ....'

မေမေကိုယ်တိုင် တက်ရောက်ရမည့်ပွဲ ဖြစ်နိုင်သည်။ သီရိကို သွားဖို့ မေမေ ပြောမထားပါ။ မေမေက မွေးနေ့ရှင်ကို ပန်းခြင်းလက်ဆောင်ပေးဖို့ ကျက်သရေကို ပြင်ဆင်ခိုင်းထားတာပဲ ဖြစ်မည်။ ပန်းအိုးထိုး၊ ပန်းခြင်းပြင်၊ အဲသည်ပညာမှာ ကျက်သရေက အတော်ဆုံးပါ။ သင်တန်းသည်း တက်ထားသည်။ အီကေဘားနား (ပန်းအလှပြင်ခြင်း) ဆိုလည်း ကျက်သရေသည်သာ အကျွမ်းကျင်ဆုံးပါ။ မွေးနေ့လက်ဆောင်ပေးဖို့ ခြင်းတစ်ခု ပြင်ဆင်ပြီဆိုလျှင် အဲသည် ခြင်းထဲမှာ ပိန်းနှင့် သစ်ခွကို ကျောက်ခက်ကလေးတွေရှိ၍ ပန်းနည်းပေမယ့် အဖိုးတန် အအောင်းစားတွေကို သုံးတတ်သည်။ ပြီးတော့ လက်ဆောင်ပေးသည့် ရတနာပစ္စည်း၊ ဥပမာ....လက်စွပ်၊ လော့ကက် စသည့် ပစ္စည်းတစ်ခုခုအ

ပန်းပွင့်တစ်ပွင့်၏ ဝတ်ဆံနေရာမှာ တည်ရှိပြီးတစ်လက်လက် တောက်ပနေအောင် ကျက်သရေက ပြင်ဆင်တတ်လေ၏။

'မေမေ…ပြင်နေပြီလား'

'မပြင်သေးဘူး၊ လူတစ်ယောက် အလုပ်လာလျှောက်လို့ မေးနေတယ်'

ရင်ထဲမှာ အငွေ့ခေတ်ကာလေးတစ်ခု ဖြတ်ပြေးသည်။ စုတ်ချွန်းချွန်းနှင့်ပင် ချစ်စဖွယ်လေး ဖြစ်နေသော မျက်နှာနုနု တစ်ခုကို လွှစ်ခနဲမြင်ယောင်လိုက်သည်။

'ကျွန်ုပ်တော် သူ့တောင်းစား မဟုတ်ဘူး'တဲ့။

ကောင်လေး ရှိလှမှ သူ့အသက်ကလေးနှစ်ဆယ်၊ ကိုယ့်ထက် သုံးလေးနှစ် ငယ်နိုင်၏။ တွဲရ ပညာတတ်ဟုတ်ပုံမရ။ မာကျောကျော ကျွတ်ဆတ်ဆတ်နှင့် မဟုတ်မခံပုံ ပေါက်သည်။ လူမြော်စိတ်တိုလည်း ဖြစ်နိုင်၏။ တစ်လောကလုံးမှာ အလိုမကျစရာချည်းဖြစ်တာ ဘဝမှာ အဆင်မပြေတတ်သည့် လူသားတို့၏ ခံစားချက် မျက်နှာလေးကို သူပိုင်ထား သည်။

ချောသော လှသော ကောင်ငယ်လေး မဟုတ်ပါ။

သို့ပေမယ့်….

မဟုတ်တာမလုပ်မယ့် မျက်နှာမျိုးလေး၊ ရိုးသားဖြူစင်ပုံလေး၊ ငယ်ငယ်နုနုလေး။ စာသင်ခန်းထဲမှာ ဘောလ်ပင်လေးကိုင်ပြီး ဆရာ့ဆင်သမျှ အာရုံစိုက်နေရမည့် မျက်နှာမျိုးလေး။ အသားအလေးကတော့ ဖြူရှာ၏။ ယင်းအသားဖြူဖြူကလေးကပင် သူ့မျက်နှာ ချွန်းချွန်းလေး





ကို သန့်ပြန့်သွားစေတာဖြစ်နိုင်သည်။ အသားအာ ဖြူသည် ဆိုပေမယ့် ဖွေးဆွတ်နေတာမဟုတ်၊ ကြည်ကြည်သန့်သန့်နှင့် မို့သာ ဖြူရှာသည်ဟု ဆိုရတာ။

ကျွန်းခါရေး ကောင်းပုံနှင့် စိုစိုညွှက်ညက် ရှိသည်။ မျက်ခုံးကု အပြီးကြီးကြီးလေး၊ သို့ပေမယ့် နက်မှောင်နေတာ မဟုတ်ပါ။ ထူမပါးနှင့်ပင် ခပ်ကျဲကျဲအပြားကြီးလေး။ မျက်ဝန်းကျတော့လည်း မကျယ်လှ၊ ရှူးရှူးကျဉ်းကျဉ်းမှာ မျက်ရစ်လေး သေးသည်မို့ သိပ်တောင်မတွေ့ရပေမယ့် မျက်တောင်ကြီးတွေကျမှ ရှည်တော့ပြန်၏၊ နှာတံသေးကတော့ ပါးပါးလျားလျားနှင့် ချွန်ထောက်မြက်နေသည်မို့ သူ့မျက်နှာလေးတစ်ပြင်လုံးမှာ အလှအပဆိုလို့ သည်နှာတံ စင်းစင်းချွန်ချွန်လေးပဲ ရှိသည်။

ကြက်ဥပုံရှည်ရှည် မျက်နှာလေးမှာ မေးကလေးက ခပ်ချွန်းချွန်း။ ကောင်လေး…. သူ့မျက်နှာပေါ်မှာ ရှိသည့် ပစ္စည်းတွေ တစ်ခုချင်းလည်း ပြောပလောက်အောင် မလှပ။ ပေါင်းဖွဲ့စည်းလိုက်တော့သည်၊ အလှကြီး ဖြစ်မလာ။

သို့ပေမယ့်….

ဘာတွေက ဘယ်လိုဆွဲဆောင်နေသည်မသိ၊ လျှပ်တစ်ပြက် အတွက်မထင် မြင်လိုက်မိပြီးနောက်မှာ ခပ်ကြာကြာလေး စိုက်ကြည့်လိုက်ရမှ ရောင့်ရဲနိုင်မယ့် မျက်နှာမျိုးလေး ဖြစ်သည်။ ကြာကြာကြည့်လည်း ကြည့်ကောင်းသည်။ အကြည့်ခံသည်။ ကြည့်ရင်းကြည့်ရင်းက အချိန်ကြာလေ သူ့ပုံရိပ်ကကိုယ့်မျက်ဝန်းမှာ စွဲထင်လေ၊ ဖျောက်ဖျက် မရနိုင်လေ

ရင်ထဲသို့ ချင်းနင်းဝင်ရောက်လေ၊ နှလုံးသားထိခြေဆန့်ခရီး ဆက်နိုင်စွမ်းတောင် ရှိနိုင်သည်။ ခင်မင်စရာ၊ စွဲမက်စရာ၊ ချစ်စရာကောင်းလေ။

'ကျွန်တော် သူတောင်းစားမဟုတ်ဘူး' တဲ့။

သီရိ ပြတင်းပေါက်မှ လှည့်ထွက်လာခဲ့သည်။ ခြေလှမ်းတွေက မေမေ့ရုံးခန်းဆီသို့ ဦးတည်လေ၏။

'ဘယ်သူက လွှတ်လိုက်တာလဲ'

'ဘယ်သူကမှ မလွှတ်ပါဘူး၊ ဂေဇက်ထဲမှာ သီရိဂေဟာ ကြော်ငြာပါလို့ပါ၊ အလုပ်တွေအများကြီးလုပ်တော့ လူတွေလည်း အများကြီးလိုမယ်ထင်လို့ လာလျှောက်တာပါ'

'မိသားစုရှိလား'

'အဖေ မရှိပါဘူး၊ အမေရယ်၊ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်၊ ညီလေးနှစ်ယောက်နဲ့ ညီမလေး တစ်ယောက်၊ စုစုပေါင်း မိသားစု ခုနစ်ယောက်ပါ'

'ဘယ်မှာနေလဲ'

'သမိုင်းမှာပါ'





'မိသားစု ခုနစ်ယောက်ထဲက ဘယ်နှစ်ယောက် အလုပ်လုပ်ပြီး ဘယ်နှစ်ယောက် ကျောင်းနေလဲ'

'ညီလေးနှစ်ယောက်နဲ့ ညီမလေးတစ်ယောက် ကျောင်းနေပါတယ်၊ အမေရယ်၊ အစ်ကိုရယ်၊ မမရယ်၊ ကျွန်တော်ရယ် အလုပ်လုပ်ပါတယ်'

'ဘာတွေလုပ်ကြလဲ'

'အမေနဲ့ အစ်မက မုန့်ဟင်းခါးဆိုင်ပါ'

'ဝင်ငွေကောင်း တတ်တာပဲ'

'ကျွန်တော်တို့ ရောင်းတာက ဆင်းရဲသား ရပ်ကွက်မှာ ဆိုတော့ ရောင်းကောင်းသလောက် အမြတ်မကျန်လှပါဘူး၊ မုန့်ဟင်းခါးတစ်ပွဲ တစ်ဆယ်၊ တချို့က မုန့်ဖတ်ကြီး ရောင်းတဲ့ဆိုင်က မုန့်ဖတ် ငါးကျပ်ဖိုးလောက် ဝယ်လာပြီး မုန့်ဟင်းခါးဆိုင်ကျမှ မုန့်တစ်ပွဲတစ်ဆယ်ထဲ သူ့မုန့်ဖတ်တွေ ထည့်၊ ဟင်းရည်ထပ်တောင်းပြီး ဆယ့်ငါးကျပ်ဖိုးလောက်နဲ့ အဝစားကြတာပါ၊ တကယ်သူစားသလောက် ကျွန်တော်တို့ ဆိုင်မှာစားရင် သုံးပွဲစာလောက် အနည်းလေးရှိပါတယ်၊ ကျွန်တော်တို့မှာ ဟင်းရည်လိုက်လို့ မဆုံးပါဘူး'

သီရိပြုံးဖြစ်လိုက်၏။ ဒေါ်ခင်စုမြတ်ဘေးမှာ ဝင်ထိုင်လိုက်သည်။

'အစ်ကိုနဲ့ မင်းကရော'

'အစ်ကိုက ဆိုက်ကားနင်းပါတယ်၊ တချို့ကားတွေက ဆိုက်ကားကို မထေမဲ့မြင် ပွတ်ကာသီကာ တိုက်တော့မလို ခေါ်ကားတတ်ပါတယ်၊ တချို့ကျတော့ တသေး

တစားနေရာပေးပြီး ရှောင်ပေး ရပ်ပေးတာမျိုးတောင် လုပ်ပါတယ်။ ဒါပေမယ့် အစ်ကိုက စိတ်တိုတယ်၊ မျက်နှာ ချင်းဆိုင်မှာ ကားတွေတာနဲ့ အလော်ဆဲတော့တာပဲ၊ သူဌေးကိုယ်တိုင် မောင်းလာရင်တော့ မကျေနပ်ပေမယ့် ဖက်မပြောချင်တာနဲ့ မကြားချင်ယောင်ဆောင်သွားရှာပါ။ ဒရိုင်ဘာ မောင်းလာရင်တော့....

'ဒရိုင်ဘာဆိုတာလဲ ကိုယ့်လိုလူစားမျိုးပဲ။ သူလည်း စိတ်တိုမှာပေါ့။ သူက ဖက်ပြောရဲတယ်။ ကားရပ် ဆင်းလာပြီး၊ အပြိုင်ဆဲကြ ရန်ဖြစ်ကြနဲ့ ရဲစခန်း ခဏခဏရောက် တာနဲ့ ဆိုက်ကားကို ကောင်းကောင်းနင်းရတယ် မရှိပါ ဘူး ဗျာ'

ပြုံးမိပြန်၏။ သူငယ်လေး သူ့မိသားစု အခြေအနေ နှင့် သူ့မိသားစုဝင်များ သူတို့ဘဝကို စိတ်ပျက်နေပုံ ရလေ၏။

'ခင်းအစ်ကိုက အရက်သောက်တယ်ထင်တယ်'

'ပင်ပန်းလွန်းလို့ဆိုပြီး သောက်ပါတယ်၊ ဒါပေမယ့် မသောက်လဲဆဲ၊ သောက်လဲဆဲတာပါပဲ'

အဲသည်ပုဂ္ဂိုလ်က သူ့ဘဝသူ တော်တော် မကျေမနပ် ဖြစ်နေပုံရသည်။ ရည်းစားပဲ ယောကျ်ားယူသွားသလား၊ မိန်းမကပဲ ဆင်းရဲဒဏ်မခံနိုင်လို့ မိဘအိမ် ပြန်ပြေးလား၊ သူ့ထွက်ပေါက်က 'ဆဲရေးခြင်း'ပဲ ထင်ပါရဲ့။

'မင်းကရော၊ ဒီကိုမလာခင် ဘာလုပ်လဲ'

'စားသောက်ဆိုင်မှာ စားပွဲထိုးပါ'





'ဟူ....ဝင်ငွေကောင်းမှာပေါ့၊ ဘောက်ဆူးတွေ ဘာတွေ ရှိတာပဲ'

'စားသောက်ဆိုင်မှာ စားပွဲထိုးတွေ ဘောက်ဆူးရတဲ့ ခေတ် ကျန်သလောက် ဖြစ်နေပါပြီ။ ရှိရင်လည်း အနည်း အကျဉ်းပါ။ ဘီယာကုမ္ပဏီတွေက လွှတ်ထားတဲ့ ကောင်မ လေးတွေပဲ၊ သူ့ဘီယာသောက်ပါ၊ ငါ့ဘီယာသောက်ပါနဲ့ ဒါတွေကြားထဲမှာ အစားအသောက် ပန်းကန်တွေတောင် နည်းချရပါတယ်၊ ကျွန်တော်တို့ အစားအသောက်ပွဲတွေ လာပို့တာ သူတို့သတိတောင် မထားမိကြပါဘူး....'

'ကျွန်တော် သိပ်တော့မပြောချင်ပါဘူး အန်ကယ်၊ ခု ခေတ်မှာ ယောကျ်ားလေးတွေ လုပ်ကိုင်စားဖို့ မလွယ်တော့ ဘူး၊ သတင်းစာတွေထဲမှာ အလိုရှိသည် ခေါ်လိုက်ရင်လဲ အမျိုးသမီးချည်းပါပဲ'

တော်တော်ကလေး ရင်နာနေရှာပုံရသည်။ သိပ်မပြော ချင်လို့သာပဲ။ ပြောများပြောချင်လျှင် စီခြောက်ဆယ် တစ် နာရီမျှ ပြောသည့်လေမလားမသိ။ သီရိဂေဟာအ အလုပ်သမားရွေးလျှင် 'မလိုအပ်ဘူး'ဟု ဆိုလျှင် ဆိုနိုင် လောက်သည့် ပြင်ပမေးခွန်းတွေ များစွာ မေးလေ့ရှိပါ သည်။ ဒေါ်ခင်စုမြတ်က....

'စကားများများပြောခိုင်းမှ သူ့စိတ်ကို များများအကဲ ခတ်ခွင့်ရတာ'ဟု ဆို၏။

'ပညာအရည်အချင်း ပြောပါဦး'

'ဆယ်တန်းအောင်ပြီးပါပြီ'

'ဪ... ဒီမှာက အတန်းပညာနဲ့ လုပ်ရတဲ့ အလုပ်တော့ သိပ်မရှိဘူး နော်....'

'ဟုတ်ကဲ့....ကျွန်တော်ကြားဖူးနားဝ ရှိပါတယ်'

'မင်းကို ပေးနိုင်မယ့် လခကလဲ တစ်ထောင်ကျော်ရုံ လောက်ပဲ ဖြစ်နေနိုင်တယ်'

'ဒီမှာ နေခွင့်ရမယ်ဆိုရင်တော့ တစ်ထောင်ကျော်ရရင် လဲ ဖြစ်ပါတယ်၊ အန်တီတို့ဆီမှာပဲနေ၊ စားပြီး ယူနီဖောင်း လဲ ထုတ်ပေးတော့ ကျွန်တော် ဘာမှကုန်စရာ မရှိတော့ပါ ဘူး၊ အမေ့ကို ပြန်ပို့ပေးရုံပါပဲ'

'ကားဆေး၊ တံမြက်လှည်းတို့လို အောက်ခြေသိမ်းအလုပ် တွေ လုပ်နိုင်လား'

'လုပ်နိုင်ပါတယ်'

'ကားမောင်းတတ်လား'

'မမောင်းတတ်ပါဘူး'

'အိမ်တစ်အိမ်မှာ ဧည့်ယျာဝစ္စတွေဆိုတာ နံပါတ်ထိုး ရရင်၊ ထောင်ဂဏန်းလောက်ရှိနိုင်တယ်၊ ကြီးကြီးမားမား တွေရော၊ သေးသေး ဖွဲဖွဲတွေရော၊ အပေါ်ယံ အလုပ်တွေလဲ ရှိတယ်၊ ငင်ပင် ပန်းပန်း ခက်ခက် ခဲခဲတွေလဲရှိတယ်၊ သန့် ရှင်း ကြော့မော့တဲ့ အလုပ်ရှိသလို ညစ်တီးညစ်ပတ်တွေလဲ ပါနိုင်တယ်....

'အတန်းပညာနဲ့ မဆိုင်ပေမယ့် ကိုယ်ပိုင်ဉာဏ်ကိုလွှာပြီး သုံးရတာတွေရှိတယ်၊ နှလုံးပိန်းတုံး၊ တုံးတိုက်တိုက် ကျွား ကိုက်ကိုက် ဆိုတာတွေလဲရှိတယ်၊ အမျိုးအမည် ဖော်ပြဖို့





မစွမ်းနိုင်လောက်အောင် များပြားတဲ့ အလုပ်တွေကို ရုံ ပေါင်း ခေါ်ဝေါ်လိုက်တဲ့ အလုပ်ကို...

'အိမ်တွင်းမှု အိမ်ရှင်မအလုပ်လို့ ခေါ်တယ်၊ အဲဒါတွေ ထဲက၊ အကူအညီလိုတဲ့ သူက လိုတဲ့နေရာအတွက် အကူအညီ ခေါ်ရင် သွားလုပ်ပေးရမှာပဲ...

'သူကတော့ သွားရတာ ဘယ်နှစ်ခါပဲရှိသေးတယ်၊ ငါ့အ ဘယ်လောက်ရှိနေပြီ၊ ငါ့အ ပိုပင်ပန်းတယ်၊ သူကသက်သာ တယ်၊ လခကျတော့ တူတူပဲဆိုတဲ့ တွက်ကပ်စိတ် နှိုင်းယှဉ် စိတ်တွေထားလို့ မဖြစ်ဘူး'

'ဟုတ်ကဲ့'

'သူများအိမ်ထဲကို ဝင်လုပ်ပေးရတာဆိုတော့ စည်းစနစ်ပြီး ကိုယ်ကျင့်တရားကောင်းဖို့ အထူးလိုအပ်တယ်၊ လိုချင်မှုထိ နဲ့ ခြေဆော့ လက်ဆော့ လုံးဝမလုပ်ရဘူး'

'ဟုတ်ကဲ့'

'လူဆိုတာ တန်ဖိုးကြီးပစ္စည်းဖြစ်ဖြစ်၊ တန်ဖိုးနည်း ပစ္စည်းပဲဖြစ်ဖြစ်၊ သူများဆီမှာ အများကြီးတွေ့ရင် ကိုယ် ညီ နည်းနည်းလောက် အလကား ရလိုက်ချင်တတ်တယ်၊ အဲဒီလောက် များပြားအောင် ပိုင်ရှင်က ဘယ်လောက် ဆောင်းထားရသလဲဆိုတာ မစဉ်းစားဘူး'

'ဟုတ်ကဲ့'

'သူများအိမ်ထဲ ခြံထဲရောက်သွားရင် ရေတိုင်သီးစိမ်းတစ် ပင် ပြွတ်နေအောင် သီးတာတွေ့ရင် အလကားနေရင်း ခြေ ဆော့ လက်ဆော့နဲ့ လေးငါးလုံးတော့ ခူးလိုက်ချင်တဲ့ စိတ်

ဟာ အလွန်အောက်တန်းကျတယ်ဆိုတာ သဘောပေါက်ဖို့
လိုတယ်'

'ဟုတ်ကဲ့'

'အိမ်တစ်အိမ်ထဲကို ဝင်သွားရင်၊ အဲဒီအိမ်က ပိုက်ဆံ ရှိရင် ရှိသလို အသုံးအဆောင်တွေ တန်ဖိုးကြီးမယ်၊ ဘူးခွက် အလွတ်တွေဆိုတာ လိုချင်စရာလေးတွေ ဖြစ်နေမယ်၊ သူတို့လဲ လွှင့်ပစ်ထားတာပဲဆိုပြီး မက်မောစိတ်နဲ့ ဒါလေးပေးပါလား၊ ဟိုဟာလေးပေးပါလားလို့ နှုတ်အငြိမ်မနေဘဲ တောင်းရမ်းတတ်တာဟာလဲ အောက်တန်းစား စိတ်ဓာတ်ပဲ'

'ဟုတ်ကဲ့'

'ကိုယ့်လုပ်အားနဲ့ မရှင်းရဘဲ ဘာတစ်ခုကိုမှ အလကား မတောင်းရဘူး၊ အချောင်မလိုချင်ရဘူး၊ စိတ်နဲ့တောင် မဖြစ်မှားရဘူး၊ တို့လုပ်ငန်းက သူများအိမ်ထဲ ဝင်လုပ်ပေးရတဲ့ အလုပ်ဆိုတော့ ဒါမျိုး စည်းကမ်းမရှိလို့ မရဘူး၊ တိတိကျကျ စောင့်စည်းရတယ်'

'ဟုတ်ကဲ့'

'အလုပ်သမားတွေရမယ့် အခွင့်အလာဘကို ပိတ်ဆို့ချင်လို့ပြောတာ မဟုတ်ဘူး၊ သီရိဂေဟာမှာ ဘောက်ချာဖြတ်ပြီး ပေးရတဲ့ ဝန်ဆောင်ခကလွဲရင် ဘာလက်ဖက်ရည်ဖိုး မုန့်ဖိုးမှ မယူခဲ့ရဘူး...

'အိမ်ရှင်ကပေးရင်လည်း ငြင်းရမယ်၊ လုံးဝငြင်းရမယ်၊ ယူခဲ့ကြောင်း သိတဲ့နေ့မှာ သီရိဂေဟာကနေ အပိုလစာငွေ သုံးလစာ မရဘဲ အလုပ်ပြုတ်ပြီ'





'ဟုတ်ကဲ့'

'ဘာလို့ အဲဒီလိုလုပ်ရလဲဆိုတော့ အိမ်ရှင် သဒ္ဓါကြည်ဖြူ ပေးတဲ့ လက်ဖက်ရည်ဖိုးကစပြီး ပျက်စီးတာပဲ၊ ရနေကျ ဆိုတော့ လိုချင်တယ်၊ လိုချင်တာဟာ လောဘပဲ၊ ပိုင်ရှင်က ပေးလိုက်တာသိ မပေးရင် တောင်းတတ်လာမယ်၊ တောင်းလို့က ရဲတင်းလာမယ်၊ တောင်းလို့မရတဲ့အခါမှာ ခိုးချင်လာမှာပဲ'

'ဟုတ်ပါတယ်'

'လိုက်နာရမယ့် စည်းကမ်းချက်တွေ ကျောက်သင်ပုန်းကြီးနဲ့ ရေးထားတယ်၊ တိတိကျကျ လိုက်နာဖို့ လိုတယ်၊ စည်းကမ်းတစ်ခု ချိုးဖောက်ရင် ဆင်ခြေပေးခွင့် မရှိဘူး၊ ချက်ချင်း အလုပ်ထွက်ပဲ'

'ဟုတ်ကဲ့ပါ'

'ငွေစာရင်းဌာနကိုသွားပြီး ငါးရာထုတ်သွား၊ အိမ်ကို ပေးခဲ့ပြီး ဒီကိုပြန်လာခဲ့ပေါ့၊ ဒီမှာ နှစ်ပတ်နေရမယ်၊ စောင့်ကြည့်မယ်၊ နှစ်ပတ်ပြည့်မှ အလုပ်ခန့်မယ် မခန့်ဘူး ပြောနိုင်မယ်၊ နှစ်ပတ်အတွင်း ဒီဘာအဆောင်မှာ နေပေါ့၊ စားပေါ့၊ နှစ်ပတ်ပြည့်လို့ အလုပ်ခန့်သည်ဖြစ်စေ၊ မခန့်သည်ဖြစ်စေ ငွေငါးရာကို ပြန်ပေးဖို့ မလိုဘူး၊ ကျေနပ်လား'

'ဟုတ်ကဲ့၊ ကျေနပ်ပါတယ်'

'အလုပ် လုပ်ရမယ်ဆိုလည်း ကျူဆုကြုံဆုပဲနော်၊ လူနာ ပြုစုရတာလည်း ပါနိုင်တယ်'

'ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်'

'ရော့.... ဒီစာရွက်လေး ပြလိုက်ရင် ငွေစာရင်းဌာနက ငွေထုတ်ပေးလိမ့်မယ်'

'ဟုတ်ကဲ့၊ ကျေးဇူး အများကြီးတင်ပါတယ် အန်တီ၊ ထွက်ခဲ့ပါ'

'ကောင်းပြီလေ၊ သွားတော့'

သီရိက မေမေ့နားမှာ ဝင်ထိုင်လိုက်သည်။

မဒါခင်စုမြတ် သည့်လုပ်ငန်းကို ဘယ်အတွက်ကြောင့် အပင်ပန်းခံပြီး လုပ်နေသလဲ ငွေစားလို့ သိပ်မရပါ။ အကျိုးအမြတ်မရှိ မဟုတ်ပါ။ ရှိသင့်သလောက်ရှိပါသည်။ သို့သော်ငြား ငွေရင်းရတာနှင့်၊ ဧရိယာထများတာနှင့်၊ လူတွေ အများကြီး မွေးရတာနှင့်စာတော့ တွက်သားမကိုက်လှပါ။ သည့်ထက် အကျိုးအမြတ်ကို သည်လောက် ဧရိယာ များတဲ့ ဝခြံနည်းနှင့် ရှာနိုင်ပါ၏။

ခုတော့....

ခြံထဲမှာ တန်းလျားအဆောင်တွေရှိသည်။ အဆောင်များ တွေ ထားပေးရသည်။ ယောကျ်ားဆောင်နှင့် မိန်းမဆောင် ကို ခပ်လှမ်းလှမ်းထား၍ သံဆူးကြိုး လုံလုံခြားရသေးသည်။ ထမင်းချက်ရုံ တစ်ရုံဆောက်၍ ယောကျ်ားတစ်ခန်း၊ မိန်းမ တစ်ခန်း ကျွေးရသေးသည်။ အပြင်ထွက်ကြမည်ဆိုလျှင် ထမင်းဘူးတွေ ဆည့်ပေးဖို့ စီစဉ်သူတွေ ထားရသေးသည်။ ဆေးဂိုဒေါင်ကလည်း အတော်ကြီး ဆောက်ရသေးသည်။ စားကြီး ကားလေး ပစ်ထပ်တွေတော့များသည်။ ဆလွန်း လည်း ထားရသည်။ လူနာတင်ကားတော် တစ်စင်းရှိ၏။





ခြံကျယ်ပေလို့သာပဲ။ ခုခေတ်မှာ ခုလို မြို့ထဲနှင့်လည်း ေးလှသည့် နေရာမှာ တစ်ဧခွဲ ကျော်ခဲ့သားသည့် မြေ ကျယ်ကြီးကို မေမေမို့သာ ဆက်လက်ပိုင်ဆိုင် နေနိုင် ဖြစ်၏။ တချို့ဆို ခွဲခြမ်းစိပ်ဖြာ၍ ရောင်းကြရလှပြီ။

သမီးဖြစ်သူကို ခေါင်းငဲ့အပြုံးမှာ ဒေါ်ခင်စုမြတ်၏ းဆေပ်ကြီး ဖျက်နေ့ လက်သွားရသည်။ တင်ဖက်ကို တ်ရှိ၊ ခြောက်ရတီစုံ တစ်လုံးစိန်ကြီးတွေ။ ခဲသား လျက် ဖျပ်ဖျပ်လက်နေသည့်အပါးဝိုင်းမို့ အဟန့်ကလည်း ပါတို။ မေမေမို့ နေ့ရောညပါ ချွတ်တမ်း ဝတ်ဆင် သည်။ မမကြီးသတ္တိတော့ ထူ့စိန်နားကပ်ကြီး ကြီး းလို့ နေ့ခင်းမှာသာ ဝတ်ဆင်ထားပြီး ညအိပ်လျှင် ချွတ် ည်။ အဲ့ဒါကြီးနှင့်အိပ်လျှင် ပါးမှာ ထောက်နေ၏၊ ာ့ မွေ့ပိုင်းစိန်ပွင့်အကြီးကြီး၊ နောက်ပိုင်း ဓနာတ် ရွှေမြှားထော ကြီးကြီး၊ အကြီးကြီးနှစ်ခုနှင့် ညပ်နေ ပိတ်ညှပ် ခံထားရရှာသည့် နားရွက်ဖျားများ င်ပိတ်ကာ ယားယံလာတတ်ရှာ၏။

'နားကပ် ကြီးလွန်းတော့ နားရွက်သားက ညပ်ပူး ံ ခံရပြီး ယားလိုက်တာဟယ်'

မကြီးသတ္တိ အဲသည်လိုပြောလျှင် သီရိက အော်ရယ်ပေး ၏။ ကျက်သရေရှာ....

'တိုးတိုးပြော၊ လူများကြားရင် သနားစိတ်နဲ့ဝင်သမလို ပေါက်ခေါင်းကွဲ ဖြစ်နိုင်တယ်၊ ရိုက်ပေါက်'တဲ့။

မေမေကတော့ စည်းစိမ်နှင့်ကို တခမ်းတနား နေနိုင်
လှန်းပါသည်။ မနက်မိုးလင်းသည်နှင့် မျက်နှာပေါ်မှာ
မိတ်ကပ်ပါးပါးတင်ပြီးပြီး သနပ်ခါးရေကျဲ ထပ်ပြီးပြီး
အဝတ်အစားက တော်ရုံ ဆွမ်းကျွေးလောက် သွားလု
တောင် သူများထက် နည်းနည်းပါးပါး သာဦးမည့် အမျိုး
အစားများကို အိမ်နေရင်း မိုးသင်းတာနှင့် လဲပြီးပြီး
ကံကောင်းခလောက်မှစွာ ခုထိ ဟုတ်တိပတ်တိကို မဖြူသေး
သည့် ဆံပင်တွေကို ဆိုးစရာမလိုပေမယ့် ပါးကျဲစပြုပြီ
စပ်ဖွာဖွာကောက်ကာ လည်ကုပ်ပေါ်မှာ သားရေကွင်းနှင့်
စုစည်းထားလိုက်ခြင်းဖြင့် မေမေ့ရုပ်ရည်ကို အတော်ကြ
နုပျိုသွားစေနိုင်ခဲ့၏။

လည်ပင်းနှင့် လက်မှာ စိန်ရွှေဝတ်ဖို့ မေမေ ဝါသနာ
မပါလှပါ။ အလှူအတန်း ပွဲနေပွဲထိုင်သွားမှ ဝတ်သည်
အိမ်နေရင်းကို ဝတ်လေ့မရှိ။ သို့ပေမယ့် ဘယ်လက်သူကြွ
မှာ ဝတ်ထားသည့် ဂုံးလက်စွပ်ကြီးရယ်၊ ညာဘက် လ
သူကြွယ်မှာ ဝတ်ထားသည့် နဝရတ် လက်စွပ်ကြီးရယ်နှင့်
လူတကာ လည်ပင်း၊ ကြိုးခအောင်ဝတ်တာထက် ပို၍ တန်
ကြီးနေရပါပြီ။

'မေမေ၊ ဟိုတစ်လောက အန်တီသိန်းသိန်းက
ထားနဲ့ မေမေ့လက်စွပ်နဲ့ လာလဲနေတာနော်'

ဒေါ်ခင်စုမြတ်က သူ့ဂုံး လက်စွပ်ကြီးကို လက်ချော
လေးများကော့၍ ထောင်ကြည့်လိုက်သည်။

'သူ့ တားထကိုးသိန်းပေါက်ဈေးရှိတယ်တဲ့'





ဒေါ်သိန်းသိန်းက 'ကားကုမ္ပဏီမို့ ထားပေါသည်။
ဒေါ်ခင်စုမြတ်က စိန်ကုမ္ပဏီမဟုတ်ပါဘဲ စိန်ပေါသည်။

'သူ့ထားက ပိုက်ဆံရှိရင် ဝယ်စီးလို့ရတာပဲ အမီးဖွဲ့မှာ
ကတစ်သိန်း၊ နှစ်သိန်းပိုပေးရရုံပေါ့၊ မေမေ့ စိန်လောက
ရှာရခက်တယ်၊ မလဲနိုင်ပါဘူး'

စိန်ဆိုတိုင်းကောည်း အတူတူ ဆင်ပြေးညီ သဘာဝများကို
ရေပါ၊ အရည်အသွေးမှစ၍ အနာအဆင်းဇင်ပုံ ကွာခြားပါ
သည်၊ အနာစင်ပြီး အရည်အသွေး ကောင်းလှသည့် စိန်ဆို
တာ ဈေးကယ်ရှားလျှင် ဈေးကယ်ရှားပါ၏။

'ဒီနဝရတ်လက်စွပ်ကိုလည်း ကြိုက်လွန်းလို့တဲ့ ပြန်ပေး
ပါလုပ်နေတယ်၊ အဲ့ဒီသိန်းသိန်းကတော့ မေမေထုတ်တယ်
ထမျှ စောင့်ကြိုက်နေတော့တာပဲ'

'နဝရတ်လက်စွပ်က စိန်လက်စွပ်လောက်တန်ဖိုး မကြီး
ဘူး မဟုတ်လား မေမေ'

'ပြောလို့တော့လဲ မရဘူး၊ မေမေ့နဝရတ်ထဲက ရတနာ
တွေက အရည်ကောင်းတွင်းထွက်အစစ်ကြီးတွေချည်းပဲ'

'ဘွားဘွားက ရွှေဆိုင်ဖွင့်ခဲ့တာနော်'

ဒေါ်ခင်စုမြတ်၏ မိခင်ကို သီရိတို့ မမီလိုက်ပါ၊ မီဆာ
တော့ မဟုတ်၊ မိခတာ့မီသည်လူမှန်း မသိတတ်သေးမီ၊ သီရိ
လေးငါးနှစ် သမီးမှာ အဘွားဆုံးသည်မို့ အဘွားအကြောင်း
က ကြားဖူး နားဝလောက်ပဲရှိသည်။ အဘွား၏ မျက်နှာ
ပြင်ကို ပုံဖော်ကြည့်လို့ တောင်မျက်စိထဲ မမြင်တော့ပါ။

'အဲ့ဒီလိုမျိုးပြောရင်.... သမီး ဘွားဘွားသာ ကြားရင် ကံတော့အရိုက်ခံရပါလိမ့်မယ်၊ ရတနာကုန်းအသည်လို့ ခေါ်တယ် သမီးရဲ့.... ကိုယ်ပိုင် ပန်းတိမ်လည်း ရှိတယ်၊ သမီးဘွားဘွားရဲ့ ယောက္ခမ၊ သမီးရဲ့ ဘွားဘွားကြီးပေါ့၊ အဲဒါက မိုးကုတ်သူဌေးတွေ၊ ရတနာတွင်းတွေပိုင်လောက်ကျော် သံပတ္တမြားဆိုတာ ဘာလဲပါသလဲ မသိနဲ့....

'ရတနာစိန့်ကျောက်ကို ဇယ်မတောက်လို့ ကစားနိုင်ခဲ့တာ ဆိုတာ သမီး ဘွားဘွားရဲ့ ယောက်မတွေအစစ်၊ ပြောရင် ယုံစရာမရှိဘူး၊ ပတ္တမြားလုံးချောတွေ နည်းနည်းပါးပါး အရည်သွေးရင်၊ ဒါတောင်သိပ်ညှို့တာ မဟုတ်ဘူးနော်၊ ထိပ်ထိပ်ကြဲမကောင်းရုံရှိတာ....

'ယဇယ်ဇယ်တောက်ပြီး ဆော့တာ၊ သမီး ဘိုးဘိုးရဲ့ အစ်မကြီးတွေပေါ့၊ မေမေနဲ့ကျတော့ ကြီးဒေါ်တွေ တော်တယ်'

'အဲ့ဒါတွေ အခုရှိသေးလား မေမေ'

'ညီအစ်ကိုမောင်နှမတွေ ခွဲဝေယူကြရတာပေါ့ သမီးရဲ့၊ မေမေတို့ လက်ထပ်ကျတော့ ဘယ်မှာ ဇယ်တောက်နိုင်တော့မှာလဲ'

'မေမေတို့ မျိုးရိုးစဉ်ဆက်မှာ အရမ်းချမ်းသာခဲ့တာကြီးပဲလားဟင်၊ သူဆင်းရဲတစ်ယောက်မှ မပါဘူးလား'

'မပါဘူး၊ မပါတာ.... သင်္ချိုင်းမလာလို့ဆိုပါတော့၊ ချမ်းသာတဲ့ သားစဉ် မြေးဆက်တွေဟာ သူဌေး၊ သူဌေးချင်းပဲ လက်ထပ်ခဲ့ကြတော့ သူဌေးမျိုးဆက်ကြီး ဖြစ်သွားတာပေါ့၊





ဒီကြားထဲက တစ်ယောက်ယောက်က ခေါက်ပြီး ဆင်းရဲသူ ဆင်းရဲသားနဲ့ အိမ်ထောင်ကျသွားရင်ရော ...
ပေါ့'

'ဘယ်သူမှဆင်းရဲတဲ့ လူနဲ့အိမ်ထောင် ...'

'မကျဘူး၊ မကျအောင်လည်း ...
ပိတ်ပင်တယ်'

'ဆင်းရဲသားနဲ့ ကြိုက်မိတဲ့ လူတစ်ယောက် ...
ဘူးလား'

'ပါလာရင် ဇွတ်ခွဲတယ်လေ'

'စိတ်ချမ်းသာကြရဲ့လား မေမေရယ်'

'အဲ့ဒါကျတော့ လူတွေပေါ်မှာ မူတည်တယ်၊ ... ချမ်းသာသာကို ဖယ်ထား၊ စိတ်နေသဘောထား ...
ယ်၊ ရိုးဖြောင့်တယ်၊ ကြင်နာတတ်တယ်၊ ...
ဘယ်ဆိုတဲ့ လူစားမျိုးဟာ ဆင်းရဲတဲ့ အလွှာထဲမှာ ရှိသလို ချမ်းသာတဲ့ အလွှာထဲမှာလည်းရှိတာပဲ....

'အဲ့ဒီလို လူကောင်းသူကောင်းတွေချင်း ဆုံစည်းဖို့ကြိုး ... ဖန်တီးပေးခဲ့ကြတယ်ဆိုတော့ စိတ်ချမ်းသာကြရတာပေါ့၊ ဆင်းရဲတာ ချမ်းသာတာထက် လူကောင်းဖို့ အရေးကြီး တာ မဟုတ်လား'

'မေမေတို့ မျိုးရိုးစဉ်ဆက်က လူကြီး သူမတွေကလည်း ... လိုက်တာ၊ ချမ်းလည်းချမ်းသာ လူကောင်းလည်းဖြစ် ဆိုတဲ့လူတွေကို ရှာတတ်ပါတိခြင်းနော်'

'ရှာတတ်တဲ့ နေပါ့မလား၊ ဒါကိုပဲ အလုပ်တစ်ခု လုပ်ပြီးနေ့နေ့ညည ကြိုးစားရှာနေတော့လည်းတွေ့ရောပေါ့'

မေမေရော...အဲ့သည်လိုရှာခဲ့ထားသားဟုသိရိတွေးကြည့်လိုက်သည်၊ မေမေ့မှာ သားနှစ်ယောက်နှင့်သမီးတစ်ယောက် အိမ်ထောင်ကျပြီးပြီး သူဌေးသမီးသူဌေးသား၊ ပညာတတ်တွေနှင့်ချည်းဖြစ်၏၊ မေမေ ရှာပေးခဲ့တာချည်း သက်သက်တော့မဟုတ်ပါ၊ မမကြီးသတ္တိဆိုလျှင် သူကြိုက်တာသူ ယူခဲ့တာပဲ၊ ကိုကိုကြီးကတော့ မေမေပေးစားတာ၊ မေမေကိုယ်တိုင် ထွက်မရှာခင်မှာ မိန်းကလေးဘက်မှ စကားစ၍ကမ်းလှမ်းလာခဲ့လို့ မေမေစာရင်ကောက်ပြီးမှ ခေါင်းညိတ်ခဲ့တာလေ၊ ကိုကိုလေးအတော့ မေမေ့သူငယ်ချင်း သမီးနှင့်လက်ထပ်ဖြစ်တာ၊ လူကြီးချင်းက အစည်ဆိုလိုနေကြသလိုနှင့်စကားဦးသန်းကြ၊ လူငယ်တွေက ရှက်စနိုးလိုက်ကို ကျေနပ်ဆလိုလိုနှင့်ချော်လဲသည့် နေရာမှာရောထိုင် ဖြစ်သွားကြတာပဲ ဖြစ်သည်။

အားလုံးလူကောင်း၊ စိတ်နေသဘောထားမြင့်မြတ်ကာ မှနာလိုတိုရှည်၊ စိတ်ပုပ်ကုန်းတိုက်၊ ရန်ဖြစ်ရမှာအရှက်သည်းကြပြီးသည်းခံခွင့်လွှတ်နိုင်တာကိုမှ အထက်တန်းစားဟု ခံယူထားကြသူတွေမို့ ဘာပြဿနာမှ ထွေထွေထူးထူး ဖြစ်မလာခဲ့ကြပါ၊ သမီးယောက်မတွေ၊ လင်ညီအစ်မတွေ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် ရှိကြတာကော့ မေမေ့အရည်အချင်းပါ။





မကြာခဏမိသားစုဆုံစားပွဲတွေလုပ်တာ၊ ပျော်ကြရယ်ကြဖြစ်အောင် မေမေစီစဥ်နိုင်ခဲ့သည်။

'မမကြီးက ရည်းစားထားတာနော် မေမေ'

'ဟုတ်တယ်.... ဒါပေမယ့် ခေါင်းမညိတ်ခင်၊ သူလက်ခံတော့မယ်ဆိုတာ မေမေ့ကို အသိပေးပြီးမှ ခေါင်းညိတ်တာ'

'အစ်ကို့ မင်းကျော်သွင်ကို မေမေ လက်ခံ နိုင်လို့ပေါ့နော်'

'သားအမီးတွေကို ပညာတတ်တွေရတွေ ဖြစ်အောင် သင်ပေးခဲ့တယ်၊ ငယ်စဥ်ကတည်းက ဒေးမကာ ပုံပြောပြီး သိပ်ခဲ့တယ်၊ မေမေပြောတဲ့ ပုံတွေဟာ နားထောင်အောင်းရုံ သက်သက်မဟုတ်ဘဲ မေမေဖြစ်စေချင်တဲ့ အကြောင်းအရာကို ခေါင်းထဲရိုက်သွင်းခဲ့တာပဲ....

'သတ္တိခေါင်းထဲကို မေမေက အသိဥာဏ်ရှိတဲ့ ဦးနှောက်ကိုထည့်ပေးထားပြီပဲ၊ သူ့ဦးနှောက်နဲ့ သူ အလုပ်လုပ်သွားတာပေါ့ သမီးရဲ့'

'ခုခေတ် ကလေးတော်တော်များများဟာ သနားစရာကောင်းမယ်နော် မေမေ'

'ဘာဖြစ်လို့လဲ'

'သမီးတို့လိုပုံနဲ့ အိပ်ခွင့်ရကြတော့မယ် မထင်ဘူး၊ စီးပွားကွက် ရှာနေကြရတဲ့ အမေတွေဟာ အိမ်ရှင်မတာဝန်လည်း ကစ်ဖက်ဆာ ထမ်းရသေးတော့ အိပ်ချင်လို့ မျက်ကြောင်းနေတဲ့ ကလေးက ဂျီကျရင် ပုံပြောပြီး ချော့နိုင်တဲ့ခွန်အား ရှိကြသေးရဲ့လားလို့ပါ'

'အင်း....အဖြစ်နိုင်ဆုံးကတော့ ဖြန်းခနဲ ရိုက်သိပ်လိုက်ရုံ မျှားတာပဲ....'

'အဖေတွေက စီးပွားရှာရုံ ရှာရတာနဲ့ ပင်ပန်းတယ်ဆိုပြီး ကက်ဖက်ရည်ဆိုင် ထွက်ထိုင်တဲ့သူက ထိုင်၊ အရက်သောက်တဲ့သူက သောက် လုပ်နေယ့်အစား၊ အဖေကလည်း ပုံပြောဖို့ စောစောပြန်လာသင့်တယ် နော်'

ကိုယ့်မိန်းမအပေါ် အဲဒီလောက် မျှမျှတတတွေးပြီး ကြင်နာညှာတာတဲ့ ယောကျ်ားတွေ ထွက်ခဲ့စမ်းပါ၊ ရွှေချောင်လို့ဆိုပြီး ခေါင်းကောက်ရင် အဲဒီခေါင်းထဲ ညည်းအဖေနဲ့ ညည်းအစ်ကိုနှစ်ယောက်ရယ် ညည်းခဲအိုရယ်တောင် မပါဘူး'

'ရွှေကုန်း သက်သာလိုက်တာ'

ဒေါ်ခင်စုမြတ်က ချိုလွင်ကြည်သာစွာ ရယ်လိုက်ခါးသီရိ လည်း တခိခိ ရယ်လိုက်သည်။

'ကောင်းကြပါတယ် မေမေရဲ့'

'မကောင်းဘူး မဆိုလိုပါဘူး၊ ကောင်းကြပါတယ်၊ မိန်းမက ချိုချိုသာသာပြောရင် နားလည် လက်ခံသွားကြတာ၊ ကြင်နာပေးကြတာ ကောင်းလှပြီလို့ဆိုရမယ်၊ တချို့ ယောကျ်ားတွေကျတော့ ကိုယ့်အသိစိတ်နဲ့ကိုယ် ညှာတာရ ကြင်နာရကောင်းမှန်းလည်းမသိ၊ ချစ်လို့ မဟုတ်ဘူးနော်၊ ချစ်တယ်....

'အကြင်နာပေးရကောင်းမှန်းမသိတာ၊ မသိလို့ မိန်းမက ပြောရင် မိန်းမပြောတာ လိုက်လုပ်ရမှာ ကျတော့လည်း





လူညံ့ပဲ ဖြစ်တော့မလိုလို၊ မချက်သင့်တာချက်ပြီး ကြောင်တောင်ကြည့်တဲ့သူက ကြည့်နေ....

'ရန်ဖြစ်တဲ့သူကဖြစ်၊ မိန်းမပြောစကားကို ကောင်းရှင်းကောင်းတဲ့အလျောက် နားလည်လက်ခံတတ်တဲ့ ယောကျ်ားမျိုးကို ကောင်းလှပြီလို့ ခေါ်ရတယ်၊ တို့မိသားစုထဲက ယောကျ်ားတွေက အဲဒီ အမျိုးအစား'

'မိန်းမ ကြောက်တယ်လို့ ဘေးလူတွေက မပြောဘူးလား'

'ဘေးလူပြောစကားကို ဂရုစိုက်မလား၊ ကိုယ့်မိသားစု ငြိမ်းချမ်းတာဖို့ ဂရုစိုက်မလား၊ ဆုံးဖြတ်လေ'

'ဟုတ်တာပေါ့'

'တကယ်တမ်းကြတော့ တသ် ယောကျ်ားမှ မိန်းမ မကြောက်ပါဘူး သမီးရယ်၊ မဟုတ်တာ ကျိတ်လုပ်ပို့ရအောင် ကြောက်ချင်ယောင်ဆောင်တဲ့လူရယ်၊ ကြင်နာတတ်တဲ့လူရယ်၊ ဒီနှစ်မျိုးပဲ ရှိပါတယ်၊ တကယ်ကြောက်ကြပါဘူး....

'ကြောက်စရာလည်း မလိုဘူး၊ သဘာဝတရားကိုက မိန်းမဆိုတာ အားနွဲ့မျိုးပဲ၊ ဖန်သတ်လည်း ယောကျ်ားပဲ နိုင်မှာ၊ မိန်းမက ပါးစပ်နဲ့ပြော၊ ယောကျ်ားအထာနိုး၊ ယောကျ်ားကိုလေ မှန်တယ်....

'မိန်းမကို ခြေထောက်မှန်တယ်၊ ဘယ်သူနာလဲ၊ ဘယ်သူ ရှုံးလဲ၊ ဘေးကျိုးနံကျိုးဖြစ်ပြီး ဆေးရုံရောက်မှာ ကြောက်

တာနဲ့ အသားနာလို့ အသံတိတ်လိုက်ရတဲ့ မိန်းမနဲ့၊ စိတ်လိုလ် မာန်ပါ ဆန့်လိုက်ရတဲ့ ယောကျ်ား....

'ဘယ်သူရှုံး ဘယ်သူနိုင်လဲ၊ ကဲလေ.... အဲဒါကြောင့် ကြင်နာလို့ အလိုက်တတ်တဲ့သူကို ရွေးရတာ၊ ကိုယ့်ကြောက်မယ့် ယောကျ်ား လိုက်ရှာလို့ကတော့ တောင်ဝင်ရိုးစွန်းနဲ့ မြောက်ဝင်ရိုးစွန်းပဲ ရောက်သွားမယ်၊ ဘယ်တော့မှ မတွေ့ဘူး'

'ဒါနဲ့ ဟိုပုံပြင်ကတော့....'

'ဟိုပုံပြင်မဟုတ်လား၊ မဏ္ဍပ်နှစ်ခု ထိုးထားတယ်၊ မဏ္ဍပ်တစ်ခုမှာ မိန်းမကြောက်သူများ ဝင်ပါတဲ့၊ နောက်တစ်ခုက မိန်းမ မကြောက်သူများ ပါဝင်တဲ့....

'အဲဒီအခမ်းအနားကို လာတဲ့ ယောကျ်ားတွေအားလုံး မိန်းမကြောက်သူများ ဝင်ပါဆိုတဲ့ မဏ္ဍပ်ထဲကိုပဲ စုပြုံဝင်သွားကြတယ်ဆိုတာ'

'ဟုတ်တယ် မေမေ၊ တစ်ယောက်တည်းပဲမိန်းမမကြောက်တဲ့ မဏ္ဍပ်ထဲဝင်သွားတော့ သူ့ကို သူရဲကောင်းဆိုပြီး ဟိုဘက်က မိန်းမကြောက်တဲ့အုပ်စုက လက်ခုပ်လက်ဝါးတီးပြီး ကောင်းချီးပေးတယ်တဲ့'

'ဒါနဲ့ သူ့ကို သွားမေးကြတယ်မဟုတ်လား၊ ခင်ဗျားက မိန်းမ မကြောက်တဲ့ သူရဲကောင်းကြီးပေါ့နော်ဆိုတော့ သူက ပြန်ပြောတာ သမီး သိပါတယ်၊ မဟုတ်ဘူးတဲ့၊ အိမ်က မိန်းမက မှာလိုက်လို့တဲ့၊ သူများလုပ်တာ လိုက်မလုပ်နဲ့၊





သူများမလုပ်တာ လုပ်ခဲ့ဆိုလို့ ဘယ်သူမှမဝင်တဲ့ မဏ္ဍပ်ထဲကို ဝင်တာပါလို့ ပြန်ပြောတယ်တဲ့'

'ဟုတ်တယ် မေမေ'

'အဲဒါ ရယ်စရာလုပ်ထားတဲ့ ဟာသပုံပြင်ပါ သမီးရဲ့၊ ဘယ်ယောကျ်ားမှ မိန်းမမကြောက်ဘူး၊ လူကြားကောင်းမယ်ထင်လို့ ကြောက်ပါတယ် အောင်နေတာ၊ နေပါဦး.... ဒီနေ့ သမီးနဲ့ မေမေနဲ့ ဆွေးနွေးကြတဲ့ ခေါင်းစဉ်က တို့သားအမိထဲမှာ ဆန်းသစ်ပါတယ်'

'အကိုင်းအခက်တွေ ဆင့်ပွားသွားလို့ပါ၊ သမီးခေါင်းထဲ ဝင်လာတဲ့ အတွေးက မေမေဟာ မိသားစုကြီးတစ်ခုကို နိုင်နိုင်နင်းနင်း စီမံခန့်ခွဲနိုင်လိုက်တာ၊ သီရိဂေဟာဆောင်ခန်းကြီးကို ဦးစီးနိုင်လိုက်တာဆိုတာကစပြီး တွေးမိသွားတာပါ'

'မေမေက တော်တယ်ပေါ့ ဟုတ်လား'

'အစစ်ပဲ၊ သမီးတို့ မိခင်ဘဝကိုရောက်ရင် မေမေ့လို မတော်မှာတောင် ကြောက်တယ်၊ တော်မှာ မဟုတ်ပါဘူး၊ ညံ့ဖို့များပါတယ်'

ဒေါ်ခင်စုမြတ် ဟက်ဟက်ပက်ပက် ရယ်လေ၏။ သီရိ ဆံပင်လေးတွေကို ဆွဲဖွသည်။ ပါးကို ရွတ်ခနဲ နမ်းသည်။

'ညံ့မှာကြောက်ရင် မညံ့အောင်နေပေါ့'

ပြောပြီး နောက်ပါးတစ်ဖက်ကို နမ်းပြန်သည်။

'ရှေးလူကြီးတွေကတော့ ပြောခဲ့တယ်၊ သားသမီးချစ်ရင် ရှေ့တင်မချီးမွမ်းနဲ့၊ အိပ်ပျော်နေမှ ခိုးနမ်းတဲ့၊

မူကတော့ လူရှေ့မှာရှောင် သူရှေ့ရှောင် ရှတိရှတိနမ်းတဲ့ မူပဲ'

တဆယ်လည်း နမ်းပါသည်။ မိနိုးမရနေပြီဖြစ်သည့် သားတွေတောင် အိမ်အလာကျဲသွားလျှင် လေးငါးရက်လောက် ခြားပြီးမှ ရောက်လာလျှင်....

'ခုတော့ အမေ့အိမ်ကို သတိမရတော့ဘူးပေါ့လေ' ဆို သာမျိုး ဒေါ်ခင်စုမြတ် ဘယ်တော့မျှ မပြောပါ။ ဒေါ်ခင်စုမြတ်၏မူက ချစ်သည့်မူသာဖြစ်၍ အပြစ်တင်သည့်မူ မဟုတ်ပါ။

'သားကို မတွေ့ရတာကြာလို့ မေမေမှာ လွမ်းနေတာ'

ပြောပြောဆိုဆိုပါ သားကြီးကို ဆွဲယူ၍ ရှတ်ခနဲ နမ်းလိုက်တော့သည်။

'... သမီးတွေ လိမ္မာလိုက်ကြတာ၊ ဒေါ်ခင်စုမြတ်တို့ များ ကံကောင်းပါပေရဲ့'

သူများတွေက ပြောလာလျှင် ဝမ်းသာအားရကြီး ပြုံးနေတတ်သည်။

'ကုသိုလ်ကံပေါ့၊ ကံကောင်းလို့ပါ၊ ကလေးတွေကိုပဲ ကျေးဇူးတင်ရမှာ၊ ကျေးဇူးရှင်တွေ'

အသည်လိုလည်း ပြော၍ ရယ်နေတတ်သည်။

သီရိသ မေမေ့ကို အထင်ကြီး လေးစားထိုက်သည့်အမျိုးသမီးကြီးအဖြစ် စိုက်ကြည့်နေရင်း ချစ်ကြောက် ရိုသေစိတ်တွေ တရှိန်ရှိန်တိုးရလေ၏။

'ဒေါ်ခေါ်ကလူကို မေမေ ခန့်မှာလားဟင်'





'နှစ်ပတ်စောင့်ကြည့်မယ်လေ၊ အကျင့်စာရိတ္တ ကောင်း ... ကြောင်း ဘယ်သူ့ထောက်ခံစာပါလာလို့မှ မေမေမယုံပါ ... မေမေ့ဘာသာ ဆုံးဖြတ်မှာ'

'နာမည်က ဘယ်သူတဲ့လဲ'

'မပြောချင်ဘူး၊ တဆယ်နာမည်ပဲ၊ ကျောက်လုံးထဲ... ... ကိုတာ ရွှေဒုံးဘီအောင်ရဲ့ 'အတွေ' ရုပ်ရှင်ဇာတ်ထဲမှာ ... ကျောက်လုံးတို့ကြံ့ရင် ဘယ်သူခံနိုင်မှာလဲ ဆိုတဲ့ ဦးကျောက် ... ပုံစံကို မျက်စိထဲ သွားမြင်တယ်'

သီရိ ရယ်နေလိုက်သည်။ အတွေးတစ်ခုခုထာ ခေါင်းထဲ ... ပြေးသည်။

'ဟိုကောင်လေးနာမည် ဘယ်သူလဲမသိဘူး'

အဲဒီကောင်လေးကိုပဲ သတိတရရ ဖြစ်နေလေသော ... ကောင်လေးက ဆင်းဆင်းရဲရဲလေးပဲ ဖြစ်ဖို့များသည် ... ပ်အကိုင်မှ ရှိရဲ့လား ကောင်လေးရေ။

## အခန်း ( ၄ )

ချွန်းမှာ....

သည်ထက်ကောင်းသည့် ဝတ်စုံတောင် သည်လောက် မကောင်းပါ။ ဒါ အကောင်းဆုံးဘားပြီး ဝတ်ဆည့်ဝတ်စုံ ခေတ်မီပြီး ခပ်မိုက်မိုက်တောင် ဖြစ်နေသေးသည်မို့ သူများ တွေ့ရှေ့မှာ စတိုင်လ်ဟု ရှာထွသံနှင့် ပြောလိုက်နိုင်သေး သည်။ ထုံးစံအတိုင်း ဂျင်းကွက်လွှက်ပြွတ်နှင့်ဂျင်းဘောင်းဘီ ခပ်စုတ်စုတ်။

လိပ်စာစာရွက်လေးကို ဖြန့်ဖတ်ကြည့်လိုက်တော့ ကုမ္ပဏီ နာမည်ဘော့ မှန်နေပြီ။ ဆိုင်းဘုတ်ကို အင်္ဂလိပ်လိုရေးထား ပြီး ဟိုအပ်ကြီး ရေးပေးလိုက်တာ မြန်မာလိုမို့ တော်တော် ကြီးဘော့ ကြိုးစားတိုက်ဆိုင်ကြည့်ရသေးသည်။

'[illegible]'





ဆိုင်းဘုတ်မှာ Pre Opening ပရီအိုးပင်းနင်းတဲ့။ ပရီ ဆိုတာ ဘာလဲ၊ ချွန်း သိသည့် ပရီသော့ရှိ၏၊ ကက်ဆက် ခွေလေး၊ ကက်ဆက်ခွေတစ်ခွေရလျှင် ကိုယ်ကြိုက်သလောက် ငွေးပစ်ပြီး စက္ကူအာဗာလေးလောက်ဝယ်ပြီး ခိုးကူးတာ တွေ မျှားလွန်းလို့ အရည်အချင်းပြည့် အဲဒါကို ကွာဇတိ Quality ကောင်းကောင်းဆိုဘာလောက်တော့ ချွန်း ပြော နိုင်၏။ ကက်ဆက်ခွေ အသံကောင်းကောင်းနှင့် နာကောင် နိုင်အောင် စက္ကူဖုံး ကတ်ပြား မလောင်းသော့တဲ့ ကိုယ့် အခွေနှင့် ကိုယ့်ကာဗာနှင့် လဲကြေးပြား အလုံပိတ်ပြီး ရောင်းသည့် ကက်ဆက်ခွေကို 'ပရီ'ဟု ခေါ်မှန်း ဝင်ဘာ ဒုတိလေးတစ်လက် အပိုင်ရှိသော ချွန်း နားသည်၏။

ဒိုးပင်း Open ဆိုတာ ဖွင့်တာ။

'[illegible]ခ'ဆိုလို့ မြို့က ကျောင်းမှ အတန်းပိုင်ဆရာ ပြေး သတိရလိုက်သေးသည် အင်္ဂလိပ်စာ ဆင်၏၊

'ဇီအိုအမ်အီး....ကမ်းမ် Come ဆိုတာဘာလဲ'

'လာတာ'

'မင်းဂျီးဒေါ်ကြီးလာတာ'

ဆရာ့မျက်လုံးပြူးကြီး ခုန်ထွက်လာသည်၊ 'တာ'နှင့် ပြောလျှင် ဆရာ နည်းနည်းမှ မကြိုက်ပါ။ သည်ထက် ရှင်း သီးစွာ အဆဲမခံရလျှင် ကံကောင်းလှပြီ။

'လာသည်၊ လာသော၊ လာခြင်း တိတိကျကျပြော လွှာတာ လို့ လာမလုပ်နဲ့'

တကယ်ကို မဖြေတတ်ခဲ့ပါ။ ကမ်းမ် (Come) ဆိုတာ လာသည်လား၊ လာခဲ့သလား၊ လာခြင်းလား ချွန်းမသိ။ (Come) ဆိုတာ လာတာပဲ သိသည်။

'လာခဲ့ပါ ဆရာ'

'ဟော့ကောင်'

ဆရာ့ ဒေါသတွေ ခုန်ထွက်လာသည်။ ချွန်းအတော့ ခံပေါ် ထက်သိုက်ရသည်။ ခု တွေ့နေရပြီ။ (Open)ဆိုတာ ချွန်းသိသလောက်တော့ ဖွင့်တာ။ အဲသည် 'ဖွင့်တာ' နှင့် ဆက်ဆက်ခွေကို လကြေးပြား အသေအုပ်ပြီး ထုတ်ရှောင်းသည့် 'ပရီ' နှင့် ပေါင်းလိုက်တော့ ဘာအဓိပ္ပာယ် ဖြစ်သွားလဲ ချွန်းမသိပ။

ချွန်း ကိုးတန်းတော့ အောင်ခဲ့ပြီးပါပြီ။ ကျောင်းကို နှစ်စဉ် ဆက်တိုက် မနေခဲ့ရပါ။ တချို့နှစ်တွေ ထွက်နေရသည်။ အဖေဆုံးကာစ၊ အမေ နောက်ယောကျ်ားမယူခင် တော်တော်လှည့် ပြတ်ဆတ်လှည့်တုန်းကလည်း ကျောင်းထွက်နေရသည်။ အမေ ကိုပိန်နှင့်ရပြီး ကျောင်းပြန်တက်ခွင့်ရပေမယ့် အမေတို့လင်မယား ရန်ဖြစ်ပြီး ကိုပိန် အိမ်ပေါ်က သုံးနှလးလ ဆင်းသွားတုန်းကလည်း ချွန်း ကျောင်းထွက်လိုက်ရသည်။

'နှင်မချတဲ့ သူဆင်းသွားတာ ခပ်ကောင်းကောင်း၊ နေတွေ ကျန့်တာပေါ့၊ အငယ်နှစ်ကောင်နဲ့ အမေတော့ ဘာမှ လုပ်နိုင်ဘူး ချွန်း၊ မင်းက ကြံရာလုပ်ဦး'





ချွန်း ပန်းရန်ထဲ ပါသွားသည်။ မဆိုး။ ပိုက်ဆံရသား။ သို့ပေမယ့် လူလေးယောက်တော့ ဘယ်စားလောက်ပါမလဲ။ အမေက ကိုပိန်ကို ခဏခဏ သွားချော့ခေါ်နေတာ မျက်နှာပူနှင့် မသိချင်ယောင် ဆောင်နေလိုက်သည်။ သုံးလေးလကြာလို့ ကိုပိန် အိမ်ပေါ်ပြန်ရောက်လာပေမယ့် အဲသည်နှစ်မှာ ချွန်း ကျောင်းပြန်အပ်ဖို့ နောက်ကျသွားခဲ့ရပြီ။

စာဆင်ကျောင်းဆိုတာ ချွန်းအဖို့ ထွက်ချီတစ်ခါ ဝင်ချီတစ်လှည့်နှင့် အဖြစ်သဘောလောက် နေခဲ့ရတာမို့ ကျောင်းအုပ် ဆရာကြီး လက်မှတ်ထိုးသည့်နားမှ ထပ်ပြီး အောင်ခဲ့တာချည်း။ ပရီအိုးပင်းနင်း (Pre Opening) ကို ချွန်း မသိပါ။

'သူ့ဘာသာ ပရီပဲ အိုးပင်းနင်းနင်း၊ ပရီတာကို မအိုးပင်းပဲ နင်းနင်း ကုမ္ပဏီနာမည်ထူရင် တော်ပြီ'

ချွန်း ခြံတံခါးဝမှာ လူခေါ်ခေါင်းလောင်း ခလုတ်လေးကိုတော င် လေးမိနစ်လောက်ရှာမှ တွေ့သည်။

'မြည်လည်း မမြည်ပါလား'

ဟိုတစ်ခါလို သုံးကြိမ်ခဲ့ပြီး ခြောက်မိနစ်မစောင့်တော့ဘဲ ခြံတံခါးကို ကိုယ့်သဘောနှင့် ကိုယ်ဖွင့်ပြီး ဝင်လိုက်သည်။ ခွေးတော့ မရှိတန်ကောင်းဘူး ထင်ပါရဲ့။ ကုမ္ပဏီဆိုတာ လူအများနှင့် ဆက်ဆံရတာ။ ခွေးဆိုး ခြံထဲမှာ ရှိနေလျှင် လူအများနှင့် ရန်သူတွေ ဖြစ်ကုန်တော့မှာပေါ့။

တိုက်ကြီးနှယ် လှရန်တော။

'ဗီမှာခင်ဗျာ'

မအာတ်ဆာခလို့ အသံကို ညှတ်ပျောင်းလိုက်ရုံပေမယ့် သိပ် စိတ်ရှည်လှတာ မဟုတ်ပါ။ အမျိုးသမီးလေးတစ်ယောက် လှည့်ကြည့်သည်။ ရှိလှ နှစ်ဆယ်ကျော် အစိတ်ပိုင်းပါပဲ။ မမနှင့် ရွယ်တူလောက်ပေမယ့် သူ့ နှစ်ဆယ်ကျော် အစိတ်ပိုင်းက အရွယ်တော် တစ်စိတ်ပိုင်းဖို့ သေချာနေသည်။ လှမှ မလှဘဲ။ အသားအရေကတော့ ဖြူသည်၊ နှုတ်ခမ်းရဲရဲ၊ ပါးနီနီ၊ မျက်ခွံက ခရမ်းရောင်၊ မြတ်စွာဘုရား မျက်ခွံ ခရမ်းရောင် ရယ်လို့ သူ့ကျမှ မြင်ဖူးရတော့သည်။ မျက်ခုံးက အညို ရောင်၊ မျက်လုံးပတ်ဝန်းကျင်မှာ အခည်း။

'နှုတ်ပန်းချီ မှိုင်ကျခင်း'

အမျိုးသမီးအတွက် ပေးစရာ နာမည်တစ်ခု ရသွားသည်။ တကယ်ပါ။ မိုးပေါ် ကနတ်သား ပန်းချီဆရာလုပ်ပြီး ဆင်းလာခဲ့ပါ။ ယင်း အမျိုးသမီး၏ ခက်ထန်သော၊ မာနတက်သော၊ ကိုယ့်ကိုယ်ကို အဟုတ်ကြီး လွန်စွာ ထင်နေသော ခံစားမှုမျက်နှာကို ပန်းချီဆရာ စုတ်သား ပေါ်လွင်အောင် မရေးဆွဲနိုင်လို့ မှိုင်ကာ ငေးသွားရမည်။ အဲသည် လောက်ထိ မှာရေကျောရေ ရှိသည်။

'ဒါ နေဆယ်သိန်း ကုမ္ပဏီသွားခင်ဗျ'

'ဟုတ်တယ်'

စုတ်တီးစုတ်ပြတ် အဝတ်အစားကြောင့် တမင် စတိုင် ထွင်ပြီး ဝတ်စားထားတာ မဟုတ်မှန်း သဘောပေါက်ပုံ ရသည်။ စတိုင်ထွင်ပြီး လူက သူဌေးသားဆိုလျှင် ဘာပဲ ဖြစ်ဖြစ် ပေါ့ထင်းရှူးတော့ စီးထားမည်။ ခုလို ဂျပန်





ဖိနပ်နှင့် မဖြစ်နိုင်။ ထားပါ ဂျပန်ဖိနပ် စီးဦးမည်ပဲ။ ခုလို နေခက်မြီးတို့တော့ မဖြစ်နိုင်။ သူဌေးသား၊ စစ်စစ်ကြီးဆာ ဆိုလျှင် စီးဖို့ဖယ်ထား၊ စေ့စေ့ကြည့်လျှင်တောင် ရှုံ့ပြီး အန်နိုင်သည့် အနေအထား။ ပါးချင်သည့်နေရာက ပါး၊ ချိုင့်သည့်နေရာက ချိုင့်၊ ဆေးကွက်ကျားနှင့် စုတ်ပြတ် နေသော ဂျပန်ဖိနပ် နေခက်မြီးတို့။

ပြီးတော့ ဘားလေးတစ်စီးတော့ ကိုယ်တိုင် မေ့ခင်းလာ ခဲ့မှာ။

'ဒီကုမ္ပဏီမှာ ခြံစောင့် အသိရှိတယ် ဆိုလို့ပါ'

'ဘယ်သူပြောလဲ'

'အဲ....'

ဘယ်သူပြောလဲ ဆိုသည့် မေးခွန်းကို မဖြေနိုင်ပါ။ ပွဲခ အဖြစ် အုတ်ကန့် အလှအားဆေးခိုင်းကာ လိပ်စာပေးလိုက် တည့် အမျိုးသမီး၏ နာမည်ကို ချွန်း မသိပါ။

'ပြောတဲ့သူရဲ့နာမည်တော့ မသိပါဘူး၊ သုံးလွှင်ထမ်းမှာ နေပါတယ်'

မှတ်မိခဲ့သည့် ခြံနံပါတ်ကို ပြောလိုက်သည်။ လက်ထဲမှာ ရှိနေသည့် လိပ်စာ စာရွက်လေးကို ဖြန့်ပြလိုက်သည်။

'အဲ့ဒါ အဲဒီအစ်မကြီးကိုယ်တိုင် ရေးပေးလိုက်တာပါ'

အမျိုးသမီးက စာရွက်ကို လှမ်းမယူပါ။ ရှိရာသည် ထင်ရဲ့။ လှမ်းတော့ကြည့်သည်။

'လက်ရေးမြင်ရုံနဲ့ ရေးပေးလိုက်တဲ့သူကို ဘယ်လိုလုပ် သိနိုင်မလဲ၊ ကိုယ့်ဘာသာ ရေးလာတာလည်း ဖြစ်နိုင်တာပဲ'

ဒေါသအ ထောင်းခနဲထသည်။

သို့ပေမယ့် သည်အမျိုးသမီးက သည်ကုမ္ပဏီမှာ ဘယ်လောက် အရေးပါ အရာရောက်မှန်းမသိသည်မို့ ဒေါသကို မျိုသိပ်ရပါဦးမည်။ တိုက်ကောင်းကောင်းကြီးက မှန်တံခါးတွေ ပိတ်ထားသည်။ မှန်ကြည်တွေထဲက ဖောက်မြင်ရတာတော့ ယောကျ်ား မိန်းမတချို့ တွေ့သည်။ စားပွဲ နှစ်ခု သုံးခုလည်း တွေ့သည်။ သည်အမျိုးသမီးကတော့ ပေါ်တီကိုအောက်မှာ လမ်းသလားနေတာပဲဖြစ်၏။ ခပ်လှမ်းလှမ်းမှာ ပေါင်မုန့်ဆားတစ်စီး ရပ်ထားသည်။ တံခါးဖွင့်ထားသည့် ကားဂိုဒေါင်ထဲမှာတော့ ပစ်ဆပ်ကား တစ်စီး။

'အဲဒီဆစ်မကြီး ရေးပေးလိုက်တာပါ'

ဒါကိုပဲ ချွန်း ထပ်ပြောနိုင်သည်။ ထိုးထွက်ချင်နေသည့် ဒေါသတွေကို ဖိနှိပ်ပစ်လိုက်တော့ ခံစားမှု အသွင်သဏ္ဌာန် ပြောင်းသွား၏။ ကြေကွဲလာသည်။ နာကျင်လာသည်။ မျက်ရည်ထွက်မှာ မဟုတ်ပေမယ့် အသံကျယ်ကြီးနှင့် အော်ငိုလိုက်ချင်၏။

'ခုမြင် ခုတွေ့ လူတစ်ယောက်ရဲ့ စာရိတ္တကို ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ရဲ့ ထောက်ခံစာ၊ ယုံကြည်လောက်ဖွယ် အထောက်အထား မရှိဘဲနဲ့ ချက်ချင်းကြီး ယုံပစ်လိုက်ဖို့ ခက်တယ်'

အဲဒါတော့ မှန်တယ်။

အမျိုးသမီးအပေါ် ဒေါသနည်းနည်းလျော့လိုက်သည်။ နာကျင်မှုလည်း နည်းနည်းလျော့၏။





ဟုတ်ရှာတယ်လေ။

'ခြံစောင့်ဆိုတာ ခြံထဲမှာ နေ့ရောညရောနေရမှာ'

အိမ်ပေးတော့မည်ပေါ့။ ကျောတစ်နေရာစာရှိနိုင်သည်။ သည်မှာနေရမှတော့ သည်အပဲကျွေးချင်ကျွေးမည်။ မကျွေးလည်း ထားပါ။ ကိုယ့်ဘာသာ ချက်စားမှာပေါ့။ လခ ရဖို့ပဲ လို၏။

'ယုံကြည်စိတ်ချရတဲ့သူမှ ဖြစ်ရမှာပေါ့'

'အစ်မပြောတာ မှန်ပါတယ်'

'တခြားသူ့ခိုး ဝင်သလိုလိုနဲ့ ကိုယ်တိုင်သယ်ရှာသွားပြီ အခွင့်အရေး ကောင်းကောင်းကြီး ရနေတဲ့ အခန့်အသားမှာ ရှိတယ်'

'ကျွန်တော့် စာရိတ္တကိုတော့ ကျွန်တော့်ဘာသာပဲ အာမခံနိုင်ပါတယ် အစ်မရယ်၊ ရန်ကုန်မှာ ကျွန်တော့် ဆွေမျိုး မရှိလို့ပါ၊ ရန်ကုန်မှာမှလည်း မဟုတ်ပါဘူး၊ ဘယ်မြို့မှာမှ မရှိပါဘူး၊ တစ်ကောင်ကြွက်ပါ၊ အစ်မတို့ ခိုင်းကြည့်ပါ၊ မကျေနပ်တော့လည်း ဖြုတ်ပစ်လိုက်ပေါ့၊ ကျွန်တော် ကြိုးစားပါ့မယ်၊ ခြံစောင့်ရုံတင် မဟုတ်ပါဘူး ကားရေဆေး၊ မြက်ခုတ်၊ ကြိုက်တာခိုင်းပါ'

'ခိုင်းချင်သားပဲ'

'ခိုင်းချင်ရင် ခိုင်းသာခိုင်းလိုက်ပါတော့၊ ကျွန်တော်က တစ်ဝမ်းတစ်ခါးအတွက် ကျောတစ်နေရာစာအတွက်အလုပ်နဲ့ နေရာထိုင်ခင်း တကယ်လိုအပ်နေလို့ ကျွန်တော် အကူအညီ တောင်းနေတာပါ'

'ခက်တာက ကုမ္ပဏီကမှ မဖွင့်သေးတာ'

'ခင်ဗျာ....'

'ခြံဝမှာ ဆိုင်းဘုတ် ချိတ်ထားတာ မတွေ့ဘူးလား၊ ပရိုဂရီးပင်းနှင်းဆိုတာ ကုမ္ပဏီက မဖွင့်ရသေးဘူး၊ မဖွင့်ခင်မှာ ဖွင့်ဖို့အတွက် လိုအပ်တာတွေ ဒီမှာ ခဏလုပ်တာ'

'ခင်ဗျာ....'

ချွန်း တကယ်နားမလည်သည်မို့ ထပ်မေးကြည့်လိုက်ရသည်။

'ရွှေ့လာကျလို့ ကုမ္ပဏီကို သူ့နေရာမှာ သူဖွင့်နိုင်ရင် ဒီနေရာကိုလည်း တိုက်အ ပြန်အပ်ရတော့မှာ'

'ဒါဆိုရင် အလုပ်ပေးစရာ မရှိဘူးပေါ့'

'မရှိဘူး'

'ဒီမှာမရှိရင် တကယ်ဖွင့်မယ့် နေရာမှာရော မရှိဘူးလား'

'အားလုံး ခန့်ဖို့ ရုထားပြီးသား၊ လူရွေးပြီးသား၊ အဲဒါတွေ အခုအလုပ်နေရတာပဲ'

'ဒါဖြင့် ကျွန်တော့်ကို ဘယ်နေရာမှ အလုပ်မပေးနိုင်ဘူးပေါ့'

'ဟုတ်တယ်'

'ခင်ဗျာ....'

ရင်ဘတ်ကို ဆောင့်ဆွဲပစ်လိုက်ဖို့စိတ်ကူးပြီးမှ 'မိန်းမသားပါလား' ဆိုသည့် အသိစိတ်နှင့် ဒေါသကို နှိပ်ကွပ်လိုက်ရ





သည်။ အံကြိတ်လိုက်သည်။ တောက်ခေါက်သံကြီး ကျယ်လောင်စွာ ထွက်သွားသည်။

'အလုပ်မပေးနိုင်ဘဲနဲ့ ဘာတွေ လျှောက်ရှည်နေတာလဲ၊ စောစောက ပြောပါလား၊ အလုပ်မရှိဘူးလို့'

'ဗင်း ရှိင်းလှချည်လား၊'

'ခင်ဗျားလာ လူရိုင်းမ'

'ဟော့ အောင် ချက်ချင်းထွက်သွား'

'တောက်.... မိန်းမဖြစ်နေလို့ အောက်သာဘယ်ခုတိ၊ ယောက်ျားချင်းဆိုရင် မျက်ခွက်ကြီး စုတ်သွားအောင် ထိုးပစ်ခဲ့တယ် သိလား'

အမျိုးသမီး တအံ့ယ်လန့်သွားပုံရသည်။ မှန်ကြည်တံခါးတွေဆီသို့ ငဲ့ကြည့်ရင်း ခြေတစ်လှမ်းဆုတ်သည်။

'ညာတာချင်လို့ မထင်နဲ့၊ လက်ထွေက်မှုနဲ့အချုပ်ခံရမှာစိုးလို့ ခင်ဗျား ယက်ဆာသွားတာ၊ တွေ့—'

တံခါးကို တကယ်ပဲ အများကြီးထွက်သွားအောင်ထွေးပစ်ခဲ့သည်။ ချာခနဲ လှည့်ထွက်ခဲ့၏။ ခပ်သုတ်သုတ်တောင်ဟုတ်ပါ၏။ ပုံမှန်ပါပဲ။ နောက်က ဘယ်သူလိုက်ရိုက်မလဲ။ ရိုက်မ်းပါ ပြန်ရိုက်ရုံပဲ။ လဲကြ ကွဲကြ သွေးထွက်သံယိုဖြစ်ကြ၊ သူ့ခြံထဲမို့ ကိုယ်က ပိုင်နက်ကျူးလွန်မှု ဖမ်းချုပ်ထောင်သာ ချပစ်လိုက်တော့။ နည်းနည်းလေးမှ လျှောက်လွဲချက် ပေးဖို့ စိတ်မကူး၊ ရွှေ့နေခလည်းမရှိ။ ထောင်ထဲမှာတော့ ကျောတစ်နေရာစာနှင့် ထမင်းနှစ်နပ်ကဆီးကြို နေမှာသေချာသည်။

ထောင်ကျမှာချင်းတူတူ ယောကျ်ားချင်း ရန်ဖြစ်ပြီးဝင်ရတာက ဟုတ်တုတ်တုတ်။ မိန်းမတစ်ယောက်အပေါ် လက်ရောက်မှုတော့ မဖြစ်ချင်။

တောက်....

အောက်တွေသာ တစ်ခွန်းပြီးတစ်ခွန်း ခေါက်ဖြစ်တော့သည်။

တောက်....တောက်....တောက်....

'ဟား ဟား ဟား....

အော်ရယ်လိုက်၏။ တကယ်ရယ်ချင်တာ။ တတောက်တောက်နဲ့ တောက်တွေ ဆက်တိုက်ကြီး ခေါက်နေတော့ ကျန်ခဲ့တဲ့မြို့က ကြာဆံဟင်းခါးသည် 'ဂျမ်းခိမ်း'ကို သွားသတိရသည်။ နာမည်က ဂျင်းစိမ်းတဲ့။ ရှားရှားပါးပါး ကတ်သီးကုတ်သတ်။ ရောင်းတာက ကြာဆံဟင်းခါး။ လှည်းကလေးပေါ် တင်တွန်းပြီး အရပ်ထဲ လှည့်ရောင်းရတော့ နှုတ်များက ကြာဆံဟင်းခါးလို့ အော်ရမှာလည်းရှက်လို့ ထွက်ဘူးတဲ့။ လှည်းမှာ ဝါးပြားလေးတစ်ချောင်း တန်းလန်းဆွဲပြီး ဝါးတုတ်တစ်ချောင်းနဲ့လျှောက်ခေါက်လာတာ တောက်....တောက်....တောက်....တောက်....။

တောက်တောက်သံ ကြားလျှင် ကြာဆံဟင်းခါးသည် ဂျင်းခိမ်းမှန်း အလိုလိုသိကာ ခေါ်ဝယ်စားကြရသည်။ ခုတော့ ချွန်းဆိုသည့် ကြွက်စုတ်အလေး ကြာဆံဟင်းခါး မရောင်းရဘဲ တတောက်တောက် ခေါက်ဖြစ်နေတော့သည်။ ခေါ်ဝယ်စားလျှင်လည်း အကောင်းသား။ ခုနေ





ပိုက်ဆံရမည်ဆိုလျှင် လက်မောင်းကြွက်သားကြီး လှီးရောင်းလိုက်ချင်စမ်းပါဘိ။ တစ်ပိဿာ ဈေးဆုနဲ့၊ ကြွက်သားတောင် အသားချည်း လေးရာသုံးဆယ်၊ ငါးဆယ်တဲ့။ ကျောင်းကပ္ပိယကြီး ပြောတာလေ။

တောက်....

....⦿....

'ဟော့ကောင်'

'တောက်'

မျက်စိရှေ့ ကန့်လန့်ကြီး ဝင်လာလျှင်၊ ဦးခေါင်းခွံကြီးကို ရိုက်ခွဲပစ်မိတော့မလောက် လူသားအားလုံး အပေါ် တက်တိုနေချိန်မို့ ပြဿနာမဖြစ်အောင် ကိုယ့်ဘာသာ အေးအေး ခေါင်းငုံ့ပြီး လျှောက်နေတာ။ ကတ္တရာလမ်းခင်း အပေါက်အပြဲနှင့် ချိုင့်ခွက်တွေကို အသိုက်းသိုက်ပြီး ာန့်သွင်းလို့ စိတ်ကို လျှော့နေရတာ။

ရန်မှဖြစ်ချင်ကာမှ ရန်လာစသူနှင့် ကြုံရလေးကွာ။ တောက်....။

'ဟော့ စောက်ဆို'

ပြောပြော ဆိုဆို လက်ပြင်တစ်ခြမ်းကို ဆောင့်တွန်းခြင်း ခံလိုက်ရသည်။ ကဲကွာ…

'ခွေးမသား…ဟာ…ခွေးထီး'

'ခွေးကောင် ဘယ်လိုဖြစ်နေတာလဲ'

လက်သီးရွယ်ပြီးအလှည့် မျက်ခွက်ကြီး စူပ်ထိုးပစ်ဖို့'ခွေးမသား'လို့ ဆဲပြီးမှ သူ့နှာခေါင်းပြားပြားနှင့် ကိုယ့်လက်သီးနှင့် ထိမိဖို့ ဆံချည်နှစ်မျှင်စာ အကွာလေးကျောက်ရောက်တော့မှ လက်သီးကို ဘရိတ်နင်းပစ်လိုက်ရသည်။ သူ့ကို ခွေးမသား ခေါ်လို့မှရပါ။ သည်ကောင် အားကြီးနာသည်။

'ငါ့ကို ခွေးထီးခေါ်ခေါ်၊ ဝက်ထီးခေါ်ခေါ်၊ ကြိုက်တာခေါ်၊ မဆီမဆိုင် ငါ့အမေ ပါလာတာမျိုးတော့ မလုပ်နဲ့၊ ခွေးမသားလို့ လုံးဝမခေါ်နဲ့၊ ဒါတော့ ခွင့်မလွှတ်ဘူး အသေအကြေ ဖိုက်ပြီးမှ ရာဇဝတ်ပန်း ရန်သူအဖြစ် သတ်မှတ်မယ်'တဲ့။

အဲ့သည်လို ပြောဖူးလို့ သူ့ကို 'ခွေးထီး'လို့ ခေါ်ရသည်။ ခွေးထီးမျက်နှာကြီး မြင်လိုက်ရသည်မို့ ဒေါသကို အချိန်မီ ချုပ်လိုက်နိုင်၏။

'ချွန်းသီး မင်းက ဘယ်ရောက်နေတာလဲ'

သူ့နာမည် ထွန်းမောင်။ ချွန်းကို နာမည်ထမျိုးမျိုးပေး၍ ခေါ်တတ်သည်။ ချွန်းသီးတဲ့။ ငချွန်းတဲ့။ စုတ်ချွန်းတဲ့။

'မင်း ဘယ်မှာတွေ့လဲ ငါ့ကို'

'ထမ်းပေါ်မှာလေ'





'ဒါဆို ထမ်းပေါ်ပဲ့ ရောက်နေတာပေါ့၊ မင်းက ဘယ်နေလဲ၊ ဘာလုပ်နေလဲ၊ ကောင်းစားနေလား၊ ငတ်ပြတ်နေသား၊ ကိုယ်ရှောင်ကိုယ်ဝါကြားတော့ အသင့်အတင့်ပဲ'

'လာကွာ…လက်ဖက်ရည်ဆိုင် တစ်ဆိုင်သွားမယ်'

'ငါ ထမင်းမစားရသေးဘူး'

အလုပ်မရခင် ပွဲခကို လုပ်အားနှင့် ယူလိုက်သည့် အစ်မကြီးက စောစောသွား၊ ဆယ်နာရီမထိုးခင် ရောက်အောင်သွားဆိုလို့ ကိုးနာရီထဲက ကျောင်းမှ ထွက်လာခဲ့သည်။ ထိုသာအောင်တွေမှ ထွမ်းခံကြွတုန်း ရှိသေးသည်မို့ သာမျှစားခဲ့ရပါ။ အစားအတွက်နှင့် ပိုက်ဆံကုန်ဖို့ကိုသည်းဘော်တော်ကြီး ကြိုးစား ခြိုးခြံနေရသည်။

'ငါ ကျွေးပါမယ်ကွာ…ဒါဆိုလည်း မြန်မာထမင်းဆိုင် တစ်ခုခု ဝင်မယ်'

'ငါ လှည်းတန်းမှာ ဆိုင်တွေတွေ့ထားတယ်'

'ရတယ်…စျေးကြီး နာမည်ကြီးဆိုင်လဲ ရှိတယ်၊ လမ်းဘေး နာမည်မသေး စျေးနည်းလည်းရှိတယ်၊ နာမည်သေး စျေးနည်းမှာ ကျွေးမယ်'

ဘယ်မှာစားရစားရ၊ ထမင်းဖြစ်လျှင် ပြီးတာပါပဲ၊ လူတစ်ကိုယ်လုံးမှာ သိကြားဆိုတာ၊ တော်တော်တောင်ပါးလျားခဲ့ပြီ၊ မာနအဆပ်ထပ်လည်း ခုနစ်လွှာအားလုံးသို့ တစ်လွှာတစ်လွှာ ကွာကျလာခဲ့ပြီ၊ ဒါကြောင့်လည်း ဆင်းရဲသားတွေ ငွေချေးပြီး ပြန်မဆပ်ဘာ၊ သစ္စာမရှိ ကတိမတည် ဖြစ်

ရတာ ထင်ပါရဲ့ဟု ကိုယ်ချင်းစာကြည့် နိုင်စိတ်တောင် ဝင်ခဲ့ ရှုပါပြီ။

'တောက်....'

'ဘာဖြစ်တာလဲ'

နေရင်း ထိုင်ရင်း တောက်ထခေါက်တော့ ထွန်းမောင်က မျက်မှောင်ကုတ်၍ မေး၏။

'မသိဘူး'

'မသိဘဲနဲ့ ခေါက်ရလား'

'အကျင့်ပါနေလို့'

'သေ....'

'ကောင်းသွားပဲ'

ထွန်းမောင်က လက်ပြင်ကို လက်ဝါးနှင့် ဖြန်းခနဲရိုက် ၏။ ငယ်ဖျဉ်းဖျဉ်းလိုလို ဖြစ်သွားရပေမယ့်၊ အဲသည်စပ်ဖျဉ်း ဖျဉ်းထဲမှာ ခင်မင်ရင်းနှီးမှုတွေ ထပ်ငြိပါလာတာမို့၊နောက် တစ်ချီ စပ်ဖျဉ်းဖျဉ်းလေးကိုတောင် မက်မက် မောမော တမ်းတမိတော့သည်။

....⓪....





'သိန်းစိုးနဲ့တွေ့လို့ မင်းအမေ ဆုံးတာသိတယ်'

သိန်းစိုးရယ်၊ ထွန်းမောင်ရယ်၊ ချွန်းရယ်အစ ငယ်ငယ် ...်းအ သူငယ်ချင်းတွေ။ ကြီးလာတော့ ချွန်းက ကျောင်း ဝင်လိုက် ထွက်လိုက်လုပ် ဟိုကောင်တွေကလည်း စာခေး ...ကို ကျချင်သည့် အတန်းတွေမှာ ကျနေ၊ ရှစ်တန်းရောက် ...တော့ ပြန်ဆုံသည်။ သိန်းစိုးက အလုပ်ထွက်လုပ်၏၊ ထွန်း ...င်က ရန်ကုန်ထွက်သွားသည်။ ချွန်းတစ်ယောက်ပဲ ကိုး ...း ဆက်တက်ဖြစ်လိုက်ပြီး ကျောင်းအုပ်ကြီး လက်ရှုတ် ...ကာအပ်အောင်ခဲ့သည်၊ အဆင့်စီရာမှာ အနိမ့်ဆုံး အောင် ...ယ်ပြောရမှာတောင် ရှက်တက်တက်ကြီး။

'သိန်းစိုးက ရန်ကုန်မှာ ဘာလာလုပ်တာလဲ'

ချွန်း....ရန်ကုန်ထွက်လာတော့၊ သိန်းစိုး မြို့မှာပဲ ကျန် ...။

'သူ့ဆရာနဲ့ လိုက်လာတာ၊ ကားပစ္စည်းလာဝယ်တာတဲ့၊ ...ပ်စာသိလို့၊ တွေ့ချင်လို့ လာကူးတာက လာသွားတာ၊ ...ကိုလည်း မေးတယ်၊ မင်းက အခုဘယ်မှာနေတာလဲ'

ချွန်း ရယ်လိုက်၏။

'ဖရီးအင်း'

...ရန်ကုန်ရောက်တာ တစ်နှစ်ကျော်ပြီ ဖြစ်သည့် ထွန်း ...င်က 'အင်း'တွေ 'ဟိုတယ်'တွေ 'မိုတယ်'တွေ အကြောင်း ...ပူး နားဝ မျက်စိပွင့်နေ၏။

'ခွေးကောင်၊ အင်းတက်တည်းရအောင် မင်းက ဘယ် ...က်များ ပိုက်ဆံရှိလို့လဲ'

'ဖရိုးအင်းပါဆို'

'ဖိုက်ဆံမှပေးရဘူးလား'

'ဟွင့်အင်း....'

'မင်းပထွေး ကိုပိုနိဖွင့်ထားရှင်တောင် မင်းအခေ မရှိ[illegible]
နောက်ပိုင်းမှာ မင်းကိုအဆအားမထားဘူး'

'စာအင်တိုက်တစ်ခုမှာ ကုတိကတိ စားနေတာပါကွာ'

ချွန်း လေသံပျော့နှင့် ပြောလိုက်၏။ စိတ်ခံတ်ထ[illegible]
ရှင်း ထိုင်ရင်း ညိုးချုံးကျသွားရသည်။

'ငါ့ဆီ ဘာဖြစ်လို့ မလာလဲ'

'လိပ်စာမှ မသိဘဲ'

'သိန်းစိုးကို မေးခဲ့ပါလားကွ၊ မင်း ထွက်လာ[illegible]
သိန်းစိုးတောင် မသိဘူး၊ မင်းညီပြောမှ သိတယ်တဲ့၊ မင်း[illegible]
အရေးအကြောင်းဆို သူငယ်ချင်းမှ အားမကိုးဘဲ'

'ဟောင်တော့ကွာ....ဟောင်ပေး'

'ခွေးတောင် အကောင်းလည်း ပြောရသေးတယ်၊ လူ[illegible]
များ ဟောင်တော့တဲ့'

ချွန်း ရယ်လိုက်ပြန်၏။ စိတ်ခံတ်က နည်းနည်းပါး[illegible]
ပြန်တက်လာပြန်သည်။

'ရယ်လှချည်လား'

'ပျော်တယ်မထင်နဲ့'

'ဘယ်သူက ထင်တယ်ပြောလို့လဲ'

'မင်းက ဘောစ်လား'

'အချိန်ခုနှိ ရေလှာတယ်၊ ရေလုံးတော့ ပျော့တ[illegible]





'ထမင်းစားရရင် ပြီးတာပဲ'

'နေဖို့လည်း ရတယ်'

'ဒါးပိုက်နိုက် အသင်းဝင်လား'

'အဲဒါဆို မင်းနဲ့ ထောင်ထဲကျမှ ဆုံရမှာပေါ့'

'ငါက ဘာဖြစ်လို့ထောင်ထဲရောက်ရမှာလဲ၊ သခင်အာဇာဝ
ဟုတ်ရင် လျှာမြိုက်ပေါက်ခံမယ်'

'လူရိုက်မှုနဲ့ ကျမှာ'

'ဟုတ်တယ်....အဲဒါတော့ မှန်တယ်၊ တွေ့ဘာရူသူဆဲ့ရိုက်
ပစ်ချင်နေတယ်၊ လူသားအားလုံးကို မုန်းတီးနေတယ်၊ လူ
တွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ လူ့လောကဆိုတာ
ကကယ်တော့ နေချင်စရာ နည်းနည်းမှမကောင်းဘူးကွ'

'မင်း....ဆိုစမ်းပါဦး'

'တရားမျှတမှုမရှိဘူး၊ ချမ်းသာတဲ့လူတွေက စွတ်ချမ်းသာ
နေတယ်၊ ဆင်းရဲတဲ့လူတွေက စွတ်ဆင်းရဲနေတယ်'

'အင်း....'

'လူချမ်းသာဆိုတဲ့ အမျိုးကလည်း ဆင်းရဲသားတွေချင်
နှိပ်ကွပ်ဖို့၊ လှောင်ဖို့၊ ပြက်ရယ်ပြုဖို့'

'ထားပါ....ထားပါ ဆက်ပြော'

'အဲဒီလိုလုပ်ဖို့ပဲ ဖစောင့်ချောင်းနေတယ်ကွာ'

'ဒါ မင်း ဆင်းရဲတုန်းပြောတဲ့စကားကွ၊ နောက်တစ်နေ့
ခင်းချမ်းသာလာရင် စကားပြောင်း ပြောလိမ့်မယ်၊ လူ
ဆင်းရဲတွေဟာ အသုံးကိုမကျဘူး၊ ကိုယ်ညံ့လို့ ကိုယ်ဆင်းရဲ
တာ အလကားနေရင်း သူ့ဝီရိယနဲ့ သူ့ကံနဲ့သူ၊ ချမ်းသာ

သူတွေကို မျက်မုန်းကျိုးလား ကျိုးရဲ့လို့ ပြောလာလိမ့်မယ်'

'မွင်းက သူဌေးဖြစ်နေလို့လား'

'ဒီပုံလားကွာ....နိုးစပ်လို့လား'

'ဒါဖြင့် တရားရှင်ပေါ့'

'ဘယ်နေရာမှာပဲဖြစ်ဖြစ် တရားမျှမျှတတနဲ့ အမှန်အကန် တွေးခေါ်တတ်ဖို့ လိုတယ်ကွာ၊ သူဆင်းရဲဖြစ်ဖြစ် လူချမ်းသာဖြစ်ဖြစ် ကောင်းတဲ့လူရှိသလို မကောင်းတဲ့လူ ရှိနေတာပေါ့ပဲ၊ ချမ်းသာလို့ မတရားဘူး၊ ဆင်းရဲလို့ အစော်ကားခံရတယ်လို့ ပုံသေတွက်ထားလို့လဲ မရဘူးကွ'

'ငါ့ကို တရားမဟောနဲ့ကွာ'

'အေး....အေး၊ ထမင်းယူဦးလေ'

'ဒီပိုက်ဆံ ငါ့တာသာ ပေးမှာ၊ ငါ့ကို သူတောင်းစားကျွေးသလို ကျွေးမနေနဲ့'

'ခင်းကိုသနားလို့ ကျွေးနေတာမဟုတ်ဘူး၊ ငါက ရန်ကုန်ကိုရောက်တာ နည်းနည်းကြာပြီ၊ မင်းက ခုမှရောက်တယ် ငါ့က အိမ်ရှင်၊ မင်းက ဧည့်သည်၊ မြန်မာ့ထုံးတမ်းစဉ်လာအရ ဧည့်ဝတ်ပြုတာ စားမှာစား ရန်ဖြစ်ပြီးမှ ထမင်းမျိုလို့ကျမယ်ဆိုလှည်း တစ်ချီတစ်မောင်း အဆင်သင့်ပဲ'

ချွန်း ရယ်လိုက်တော့သည်။

ချင်လွှာထောင်းသည့် သူငယ်ချင်း၊ ထွန်းမောင်သည် သူ့ကို ခွေးမလားခေါ် လျှင် စိတ်ဆိုးတာရယ်၊ စကားပြော





တိုင်း လက်ပါတတ်ပြီး တစ်ဖက်သား၏ လက်ပြင်ကိုဖြစ်ဖြစ်၊ ပေါင်ကိုဖြစ်ဖြစ် တဖြန်းဖြန်း ရိုက်တတ်ကျင့်ရှိတာ့ကြောင့် သူနှင့် အရောဝင်လျှင် အမြဲတမ်း စပ်ဖျဉ်းဖျဉ်း ဖြစ်နေရတာရယ်၊ အဲသည်နှစ်ခုလောက်လွဲလျှင် သဘောကောင်းသော ပေါင်းလို့ဆင်းလို့ ကောင်းသည့် သူငယ်ချင်းကောင်း ဖြစ်ပါ၏။

'ငါပြောမယ်၊ လူဆိုတာ အရင်ဘဝက ကုသိုလ်လေး နည်းနည်းပါးပါး ကောင်းခဲ့လို့ လူလာဖြစ်တာ မဟုတ်လား၊ လူရယ်လို့ ဖြစ်မှတော့ ခွေးထက်တော့ ကံကောင်းပါလေပေါ့ကွာ၊ ခွေးဆိုတာ လူလောက် ကံမကောင်းလို့ ခွေးဖြစ်တာပဲဟာ'

'အေးပါ၊ မင်းက ဘယ်မှာ ကံကောင်းတဲ့ခွေးကို တွေ့ခဲ့လို့လဲ'

'သူဌေးအိမ်က ခွေးတွေပေါ့ကွ၊ ဘာအလုပ်မှ မလုပ်ရတဲ့ မိုးလင်းလာရင် ကြက်ဥနဲ့ နွားနို့နဲ့ ဘီစကစ်နဲ့ ပေါင်မုန့်နဲ့၊ မနက်စာကျတော့လည်း အမဲသားနဲ့၊ နပ်ကိုနှိုလို့၊ လူဖြစ်ပြီးထမင်းနပ်မမှန်တဲ့လူတွေကို ဟိုခွေးလောက် ကံကောင်းတယ် ခေါ်မလား'

'ကောင်းပါတယ်ကွာ'

'မကောင်းပါဘူး'

'အခိုက်အတန့်ပေါ့၊ လူဆိုတာ အသိဉာဏ်ရှိတာပဲ၊ ကြိုးစားပေါ့၊ နောက် ကောင်းလာမှာပေါ့၊ ခွေးတာ ခွေးပါပဲကွ၊ ဘယ်လောက်ပဲ ကြက်ဥ၊ နွားနို့ စားရပေမယ့်

မစင်တွေရင် ပြေးဟုပ်တာပဲ။ သူဌေးအိမ်က ခွေးတွေ သူဌေးအလေးတွေ ကြမ်းပြင်ပေါ် အီးပါချရင် ပြေးစား တာပါကွ၊ လူက ထမင်း ဘယ်လောက်ငတ်ငတ်၊ မစင်ပုံ တွေလို ပြေးမစားပါဘူး၊၊ လူက ဆာပါတယ်'

'ကြက်ဥ နွားနို့ စားနေရတဲ့ကောင်တွေက မစင်စားလို့ လား'

'စားတယ်'

'မင်း တွေ့ဖူးလို့လား'

'တွေ့ဖူးတယ်၊ ငါက အခု သူဌေးအိမ်မှာ လိုအပ်တာ အကုန်လုပ်ရတဲ့ကောင်'

'ဘာတွေလုပ်ရသဲ'

'တောက်တိုမည်ရှ လက်တို လက်တောင်းပဲ၊ အိမ်မှာ ဓာတ်ခုခုလိုရင် ပြေးဝယ်၊ သူဌေးသား ကျောင်းတက်ရင် လိုက်သွား၊ မာလီ အလုပ်မဆင်းတဲ့နေ့ကျရင် သစ်ပင်တွေ ရေလောင်း၊ ဒရိုင်ဘာက အားသွားပြင်ရင်းနဲ့ မဟုတ်တာ တွေ လုပ်လာခွာစိုးလို့ ငါ့ကို ထည့်လိုက်တာမျိုး....

'လူယုံပေါ့ကွာ၊ အုတ်ကန်နီတွေ၊ ရှောင်ပေါက တိုင်ကီ တွေလည်း ဆေးကြောရတယ်'

ချွန်း ပြုံးမိရပြန်၏။ 'မွဲစားမမ'ကို သတိရလိုက်သည်။ ခုဆို ကားလည်း မောင်းတတ်ပြီ၊ သူတို့သင်ပေးထား တာ၊ အမြဲတစေတော့ မမောင်းရဘူး၊၊ ဒရိုင်ဘာ မအားတဲ့ အခါ မောင်းရတယ်၊ အိမ်ကစ်အိမ်မှာ လက်တိုလက်တောင်း တောက်တိုမည်ရ ဝေယျာဝစ္စတွေက သိပ်များတာကွ





လိုအပ်တာမှန်သမျှ လျှောက်လုပ်ပေးရတာပဲ၊ တစ်လကို တစ်ရက် လျှောက်လည်ခွင့်ပေးတယ်၊ ပိုက်ဆံပါ ပေးတာ၊ ငါ ရုပ်ရှင်ကြည့်မလို့ ထွက်လာတာ၊ မင်းနဲ့တွေ့လို့ မကြည့် တော့ဘူး၊ စကားထိုင်ပြောမယ်'

'မင်းသူဌေးဆီမှာ ငါ့ကို အလုပ်ပြောမပေးနိုင်ဘူးလား'

'ပြောပေးနိုင်တယ်'

'အမယ်လေးဟဲ့.... ကျေးဇူးရှင်'

'ငါ့အိမ်မှာတော့ မဟုတ်ဘူး'

'အစီစီ ဆင်းလုပ်ရလည်း ဖြစ်တယ်'

'သီရိဂေဟာ ကြားဖူးလား'

'မကြားဖူးဘူး'

'ငါ့သူဌေးက သီရိဂေဟာရဲ့သား အကြီးဆုံး သိဒ္ဓိပြည့်စုံ တဲ့'

ချွန်း ပခုံးနှစ်ဖက်ကို စုံတွန့်လိုက်သည်၊ နာမည်ကြားရ တာနှင့်ပင် ရှဉ်၏။ သူတို့သူဌေးတွေများ နေရာတကာ ကောင်းပေ့ ညွှန်းပေ့ချည်း၊ နာမည်တောင်မှ ဦးသိဒ္ဓိ ပြည့်စုံတဲ့။

'ငါက အစက သီရိဂေဟာမှာ လုပ်တာ၊ ငါ ရိုးသား မှုကို သဘောကျလို့ ငါ့သူဌေးက ငါ့ကို သူ့အမေ သီရိ ဂေဟာ သူဌေးမကြီး ဒေါ်ခင်စုမြတ်ဆီက တောင်းယူပြီး သူ့အိမ် ခေါ်ထားလိုက်တာ'

'လူတစ်ယောက်လုံးများ ခွေးလိုလို၊ ကြောင်လိုလို၊ အရုပ်လိုလို'ဟု ကျိတ်ပြောရင်း မျက်နှာကို မဲ့သွားရသည်။

ထွန်းမောင်ပြေတော ကြားရသမျှ ခုချိန်ထိ သူ့ သူဌေး ဆိုတာကို ကြည်ညိုစရာ ရှာမတွေ့သေးပေါင်။ ခိုင်းကောင်း လို့ ခိုင်းနေတာ၊ သည့်ကောင်ကိုအ အခင်အားရ ကျွန် ဒဏ်ဝ။

'မင်းကို သီရိဂေဟာမှာ အလုပ်ပေးပါလို့ ငါပြောပေး မယ်၊ အဲဒီမှာ ဘော်ဒါနေရင် ရတယ်၊ နေစရာ ရမယ်၊ စား စရာ ရမှာယ်၊ ယူနီဖောင်း ရမယ်'

ကြီးကျယ်သားပါလားဟု မြင့်မြင့်ကြီး ကျိတ်တကီလိုက် မိသေးပေမယ့် အဲ့သည်အလုပ်ကိုတော့ ရချင်စိတ် တော်တော် ကြီး ဖြစ်ထွန်း၏။ ရသမျှ အသားတင်လေ။ အလုပ်ရရင် ကိုပိန်ဆီ ဆိတ်ခွံလုံချည် တစ်ထည်လောက်တော့ ဝယ်ပို့ လိုက်ဦးမည်။ အတွေးတွေ...။

'အဲဒီမှာနေရင် လခတော့ နည်းနည်းလျော့တယ်၊ အပြင်မှာနေတဲ့လူဆည်း ရှားပါတယ်၊ မိသားစုနဲ့လူတွေသာ နေကြတာ၊ တစ်ကိုယ်တည်းသမားတွေဆတော့ သီရိဂေဟာ မှာပဲ နေတယ်'

'ဘာလုပ်ရမှာလဲ အဲဒီမှာ'

'အစုံလုပ်ရမှာပဲ'

'ဘာတွေလဲဟ၊ အစုံဆိုတာ'

'သီရိဂေဟာ အိမ်တွင်းမှု ဝန်ဆောင်လုပ်ငန်းဆိုတာ မင်း မကြားဖူးဘူးလား'

'မကြားဖူးဘူး'

'အန်တီ ဒေါ်ခင်စုမြတ် သိလား'





'ကြားတောင် မကြားဖူးပါဘူးဆိုမှ သိလား လာမေး နေပြန်ပြီ'

'အဲဒီမှာ နည်းနည်းပါးပါး မာရေကျောရေလိုလိုနဲ့ စကားပြော ပြတ်တောင်းတာ တစ်ယောက်ပဲရှိတယ်၊ မင်း သတိထားပြီး ဆက်ဆံရမှာ အဲ့ဒီတစ်ယောက်ပဲ၊ ဒါပေမယ့် အပြောဆာ ပြတ်တာ၊ သဘောကျတော့ ကောင်းတာပါပဲ၊ စေတနာလည်း ကောင်းတာပါပဲ၊ တစ်မိသားစုလုံး စိတ် သဘောထား မြင့်မြတ်ကောင်းမွန်ကြတား ငါလက်တွေ့ပဲ ကွာ'

'ဘယ်သူလဲ၊ ငါသတိထားရမှာ'

'ဒေါ်မမှုဆွေတို့ပြည့်စုံတဲ့'

'ဘုရား....'

ဘုရား တ, ယူရသည့် နာမည်တွေပါလားနော်။

◎

'မင်းတို့ထဲအ ဘယ်သူဆစ်ပင်တက်တတ်လဲဟေ့'

သုံးလေးငါးယောက်အ စုန်းစုန်း ဆို ထချပ်ကာ ရင် ဘလေးတွေ ကော့ပြကြသည်။ ချွန်းအ နောက်အကျဆုံးမှ

ရုပ်ဖြစ်သွားမို့ ရင်ကော့ရှုံ့မျှမဆ လက်ညှိုးပါ ထောင်ပြလိုက်တော့ ဘူဝတူငတွေက လှည့်ကြည့်သည်။ ဝါးခနဲ ရယ်လေသည်။

'ဒီလိုမလုပ်ရဘူးလေ'

'သတိထား' ထွန်းမောင်အပြောကြောင့် ဘာအယ်ပဲ သတိထားနေရသည်။ မျက်နှာထားတင်းတင်းနှင့် ဒေါ်မမှသတ္တိပြည့်စုံမှ မျက်မှောင်ကုတ်လိုက်သည်မို့ တင်းတာထက်ပိုလျက်ထန်သွား၏။ သို့ပေမယ့် နာမည်နှင့် လိုက်ဖက်စွာ သတ္တိပြည့်နေပုံကြောင့် ကျက်သရေ တစ်မျိုးရှိလေ၏။ 'ဒီလိုမလုပ်ရဘူးလေ' ဆိုတာ ဘယ်သူ့ကိုပြောမှန်း မသိသည်မို့ ချွန်းထကိုယ့်ကိုပြောတာလည်း ဖြစ်နိုင်တာပဲဟု ထောင်ထားသည့်လက်ညှိုးကို ပြန်ချလိုက်သည်။

'သူက လူသစ်ပဲ၊ လူဟောင်းတွေက ဆီးကြိုခင်မင်ဖို့ရှိတယ်၊ လှောင်တာမျိုး၊ ရန်စတာမျိုး မကြိုက်ဘူး'

ဩော်....ကိုယ့်ပြောတာ မဟုတ်ချေဘာတား....ဟု မရှုံးဆေးဘဲ ပင့်မျိုထားသည့် အသက်ကို အဆုပ်ထဲသို့ ပို့လွှတ်လိုက်ရသည်။

'သူ့ဘာသာ လက်ညှိုးပါထောင်တာဘာဖြစ်လဲ၊ မှိုင်းပြတဲ့အမူအရာမှ မဟုတ်ဘဲ'

'ဒီကောင်က ဖိုးလုပ်ချင်ဖြစ်နေလို့ ရယ်တာပါ မမကြီး' တစ်ယောက် ဆင်ခြေတက်သည်။

'ဖိုးလုပ်ချင် ဖြစ်နေရမယ် ဒါမှန်တာပဲ၊ အလုပ်ကြောက်တဲ့သူတွေအတွက် သီရိဂေဟာမှာ နေရာမရှိဘူး၊ ဒီကိုစွန့်





ပတ်သက်ပြီး နောက်ပိုင်းပြဿနာတွေ မလိုချင်ဘူးနော်၊ ရှိတာတို့၊ ရန်ဖြစ်တာတို့၊ လူဟောင်းကို သတိပေးနေလို့ လူသစ်ကလည်း ဆောင့်ကြွားကြွား မလုပ်နဲ့'

အံ့သြ ချီးကျူးရပါတော့သည် ဒေါ်မမှသတ္တိပြည့်စုံခင်ဗျား။

မိန်းမသား ဖြစ်ပါလျက် အရွယ်ရောက်ယောကျ်ားသားတွေကို အုပ်ချုပ်စီမံနေလိုက်တာ မျက်နှာထား တင်းတင်းထားတတ်တာကိုလည်း လေးစား ကြည့်ညိုရပါတော့မည်။ သည်ယောကျ်ားအုပ်စုကိုခန့်ခွဲစီမံတဲ့နေရာမှာ သည်လောက်မှ မျက်နှာမတင်းလျှင် ဘယ်သူပမာခန့်တော့မှာလဲ။ ဒါကြောင့်သည်၊ ထွန်းမောင် ကြည်ညိုတာ ဖြစ်နိုင်သည်။

'လူအစ်နာမည် ဘယ်သူ'

'ဖိုးချွန်းဘလေး'

ရယ်ချင်စိတ်နှင့် ပါးစပ်တွေပြဲလာကြပေမယ့် ဒေါ်မမှသတ္တိပြည့်စုံ ခေါင်းမှာပန်ထားသည့် အဇင်တင်ခက် ပြုတ်ကျလျှင်တောင် အသံကြားနိုင်လောက်သည့်အထိ တိတ်ဆိတ်နေကြသည်။ ကြောက်ကြသားပါပဲ။

'မင်း အလုပ်ဗင်တုန်းက မေမေနဲ့ တွေ့တာနော်'

'ဟုတ်ကဲ့'

'မင်းက ထွန်းမောင် ထောက်ခံချက်နဲ့ ဝင်လာတဲ့သူဆိုတော့ ဆန်ရှင်းနာနေဖွပ်ခလိမ့်မယ်'

'ရပါတယ် မမကြီး'

'ဆစ်ပင်ကောင်းကောင်း တက်တတ်ဘယ်ပေါ့'

'ဟုတ်ကဲ့'

'သစ်ပင်ကြီးပေါ် တက်ပြီး အကိုင်းတွေ ချိုင်ပေးရမယ်၊ အဲဒီအပင်ကြီးနားမှာ သစ်ခွရုံတွေ ဆောက်ထားတယ်၊ ရုံကျိုးတာတို့၊ ပန်းပင်ထိတာတို့ လုံးဝ မဖြစ်စေရဘူး၊ ရုံကျိုးတယ်ဆိုလည်း ပြသနာပဲ၊ ပန်းပင်ထိလို့ ပန်းပင်ကျိုးတော့မှ အပင်ဖိုး လျော်လို့ရချင်ရမှာကွ၊ တချို့ သစ်ခွမျိုးတွေဆိုတာ ပိုက်ဆံပေးဝယ်တိုင်းလည်း ရတာမဟုတ်ဘူး'

'ကျွန်တော် သေသေသပ်သပ် လုပ်ပါ့မယ်'

'အဖော်လိုမလား'

'ပေးရင် ပိုပြီးအဆင်ပြေတယ်၊ မပေးလည်း ရပါတယ်'

'ကျွန်တော်လိုက်ခဲ့မယ် မမကြီး'

စောစောက ခေါင်းဆောင်ပြီး ရယ်မောထားသည့်သူက ဝင်ပြောသည်။ ချွန်း လှည့်ကြည့်တော့ အသက် သုံးဆယ် ကျော်လောက်ရှိမည်။

'လိုက်သွား၊ ကြိုးနဲ့ ဓားဆောင်းဆောင်း နှစ်ချောင်း သုံးချောင်းလောက် ယူသွား၊ ပရက်စတိုအနီနဲ့သွား၊ ကျောက်သနရဆီအ ဘောက်ချာယူသွား၊ ထုခိုက်ရှနာအတွက် ဂွမ်း၊ အရက်ပျံနဲ့ ဟင်ဒီပလပ် (Handy plast) ပါ ယူသွား'

စုံတကာကို စေ့ပါလေရော။

လူငွေးတွေဆိုတာ အထက်တန်းကျသော စီးပွားရေးမျိုးနှင့် ပိုက်ဆံရှာဖို့၊ လုထူးသုံး စိန့်သံတွေ တချွင်ချွင်ကြားထဲမှာ ပျော်ဖို့ သည်လောက်ပဲ တတ်ကျွမ်းကြသူတွေဟု ထင်





ထားခဲ့သည်။ ခုလို အောက်သက်ကြေ လုပ်ငန်းကျတော့လည်း ကျွမ်းကျင်လားပါလား။

'သွားတော့' ဆို၍ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။ ဟိုပုဂ္ဂိုလ်က ချွန်းပခုံးကို လာဖက်သည်။

'ငါတို့ ရယ်ချင်တာသက်သက်ပါကွ၊ ရိတာ မဟုတ်ပါဘူး'

'ရပါတယ်၊ အစ်ကိုအလည်း ဘော်ဒါပဲလား'

'ငါက အပြင်မှာနေတာ၊ မိန်းမရှိတယ်၊ ကလေး တစ်ယောက်အဖေ၊ ငါတို့လို အပြင်မှာနေတဲ့လူတွေကျတော့ ပိုက်ဆံပိုရတယ်'

'အလုပ်ကြမ်းပဲ ထားပါဦး၊ အစ်ကို ပန်းရန်တို့၊ ထက်အခြားတို့ လိုက်ရင် ဒီထက်ပိုမရဘူးလား'

'ရတယ်၊ ဒါပေမယ့် ဆက်ဆံရတဲ့ ပတ်ဝန်းကျင်က မတူဘူး၊ ဒီကလူတွေနဲ့ အလုပ်လုပ်ရတာ စိတ်ချမ်းသာတယ်၊ အလုပ်လှမ်းခေါ်တဲ့ အိမ်တွေကလည်း သိရိဂေဟာ အလုပ်သမားဆိုရင် ဈေးလေးစားစား ဆက်ဆံတယ်၊ နည်းနည်းပါးပါး လျော့ရပေမယ့် စိတ်ချမ်းသာလို့ ဒီမှာ လုပ်နေတာ'

'ကျောက်သရေဆိုတာ ဘယ်သူလဲ'

'ညီအစ်မတွေထဲမှာ အငယ်ဆုံး၊ ငါတို့ထက်တော့ အများကြီး ငယ်တာပေါ့ကွာ၊ မင်းလောက်ရှိနိုင်တယ်၊ ဒါပေမယ့် အစ်မလေးလို့ပဲ ခေါ်လိုက်တယ်၊ နာမည်က ခင်ခင်ကျောက်သရေပြည့်စုံတဲ့'

ချွန်း ပခုံးကို စုံတွန့်လိုက်သည်။ လက်ဝါးနှစ်ဖက်ကို ဖြန့်မြှောက်လိုက်၏။ ကြောက်နေရပါလား၊ ဆိုသည့်ပုံပေါက်သွားသည်။

'အစ်ကိုကြီးတော့ မှင်း သိပြီးသားဆို'

'ဟုတ်ကဲ့'

'အစ်ကိုလေးနာမည်က ဦးဂုဏ်ပြည့်စုံတဲ့'

'ကြောက်နေရပါလား'

သည်တစ်ခါတော့ အမူအရာတင် မကတော့ဘဲ အသံပါ ထွက်သွားသည်။

တိုပုဂ္ဂိုလ်က မှရယ်ပါ။

'အားလုံးထဲမှာ သဘောအကောင်းဆုံးနဲ့ အလှဆုံးက အစ်မသီရိ'

'အလှဆုံးတဲ့လား ဗျာ၊ မမကြီးတောင် တော်တော်လှလှပြီ'

မမကြီး ထက် ဆယ်ဆသာတယ်'

'ဘယ်ပန်းချီရေးလို့မှ မမီပေါ့'

'ပြက်ချော်ချော်မပြောနဲ့ကွ'

'နာမည်က သီရိတစ်လုံးတည်းလား'

'မေသီရိပြည့်စုံတဲ့'

'ဩော်'

ပြက်ချော်ချော် လုပ်ရဲတော့ပါ၊ တိုပုဂ္ဂိုလ်က သူ့အလုပ်ရှင်တွေကို တကယ်ပဲ ချစ်ခင်ကြည်ညို လေးစားပုံနှင့် ထိလျှင် မခံဆိုသည့် ပုံပေါက်နေသည်။





'ငါ့နာမည်ရော သိလား'

'ဘယ်သူတဲ့လဲ'

'ဘညွှာ'

'ဆန်းသားပဲ'

'ဆန်းတာတော့မပြောနဲ့၊ မိန်းမ တစ်ယောက်တွေတော့ ကြိုက်လွန်းလို့ အဖေပိုးခဲ့တာ၊ သူနဲ့ပဲ အိမ်ထောင်ကျအယ်၊ နာမည်လည်း နားထောင်ဦး၊ မယ်ညွှာတဲ့'

'ဟား.... ဟား'

သည်တစ်ခါတော့ ချွန်းအော်ရယ်လိုက်သည်၊ 'တကယ်ပြောတာထွင်လုံး၊ မဟုတ်ဘူးကွ၊ ဘညွှာနဲ့မယ်ညွှာ'ဟု ပြောတာသို့ ဘာသာလည်း သဘောကျ၍ရယ်သေး၏။

'အလေးနာမည်ရော ဘယ်သူလဲ'

'ရှိစုမဲ့စုလေးနဲ့ နာမည်ပေးဆရာဆီမှာ နာမည်သွားတောင်းရတာကွ၊ နာမည်ဆိုတာ၊ ပညတ်သွားရာခေတ်သက်ပါတယ်တဲ့၊ တို့သီရိဂေဟာ သူဌေးကိုပဲကြည့်၊ သူဌေးကြီးက ဦးပြည့်စုံ၊ ဘာချမ်းသာကြသလဲ မမေးနဲ့၊ ချွေးမတွေ ဆက်တွေကလည်းကျိကျိတက်ကြီးပဲ၊ အဲ့ဒါနာမည်ကြောင့်ကွ....

'တို့ကျတော့ ဆင်းရဲမှာပေါ့၊ လင်ကဘညွှာ၊ မယားကမယ်ညွှာ၊ ဘဲဥလေးတစ်လုံးလောက်ချဉ်ရည်ချက်စားရင် သူ့တစ်ခြမ်းကိုယ်တစ်ခြမ်းစားရင်တော့ ရတာပေါ့၊ ဒါပေမယ့်ကွ အလည်းမယ်ညွှာ၊ ဝေါက်လည်းဘညွှာ....

'သူ့ညာကိုယ့်ညာနဲ့ အရည်ချည်းပဲ ဆမ်းစားကြတာ ထမင်းဝတော့ ပန်းကန်ထဲမှာ ရွှေဂေါင်းပြောင်လေး နှစ်ခြမ်းက ငုတ်တုတ်၊ ဟား...ဟား'

'နာမည်ပေးဆရာက ဘယ်လိုပေးလိုက်လဲ'

'တနင်္လာ နံနှစ်လုံးဆင့်၊ စနေနံ လေးလုံးဆင့်မှည့်ပြီး မှ နောက်ဆုံးမှာ ဗုဒ္ဓဟူးနဲ့ပိတ်ရမယ်တဲ့၊ တနင်္လာက ငွေ နံတဲ့၊ ငွေနံက နှစ်ဆင့်တဲ့၊ စနေနံလေးလုံးဆိုတော့ သူများထက် လေးဆသာတာပေါ့ကွ၊ ဗုဒ္ဓဟူး နံပိတ်ရတာကျတော့ စနေနဲ့ ဗုဒ္ဓဟူးဆိုတာ၊ သွက်သွက်လည်ရှူးရင်တောင် ထမင်း မငတ်ဘူးတဲ့၊ စီးပွားဖက်ဆိုလား မိတ်ဖက်ဆိုလား မသိပါဘူး'

'ဟုတ်ပါပြီ.... နာမည်ကိုပဲ ပြောပါတော့'

'ခင်ခင်တင်တင် ထားထားလွန်း....တဲ့'

'ဟား....ဟား....ဟား'

ချွန်းအော်ရယ်ပစ်လိုက်တော့သည်၊ ဘညာကဒေါသနှင့် လှည့်ကြည့်သည်။

'ဒါရယ်စရာလား'

'မဟုတ်ဘူး အစ်ကို၊ ရယ်စရာ မဟုတ်ပါဘူး၊ ကျွန်တော့်ကိုက အူရှင်နေလို့ပါ၊ ဘာကြားကြား ရယ်ချင်နေလို့ပါ'

တခန်းထတန်း တောင်းပန်ပေမယ့်သိပ်ကျေနပ်ပုံမရပါ။

'မွေသီရိပြည့်စုံ.... ဆိုတုန်းက ဘာလို့မရယ်လဲ'





'မသိပါဘူး အစ်ကို၊ ကျွန်တော်အူရှင်နေလို့ ရယ်မိရယ်ရယ်တာပေါ့ပါ၊ စိတ်မဆိုးပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ်'

'မင်းကအချင်းချင်းရိချင်တဲ့ ကောင်မျိုးပဲ'

'မဟုတ်ပါဘူး အစ်ကိုရဲ့၊ ကျွန်တော်တောင်းပန်ပါတယ်'

'တောင်းပန်တယ်ဆိုတဲ့ စကားလုံးကို ခင်းလွယ်လွယ်ကူကူပြောလို့ထွက်ပေမယ့် တောင်းပန်ခံရတဲ့ လူမှာတော့ ဒဏ်ရာကျန်ခဲ့တာပဲ'

'နိုပ်ဟ'

ရင်ထဲမှ ကျိတ်အော်ပစ်လိုက်သည်၊ စကားလုံးရွေးလှ၏၊ တောင်းပန်ခံရတဲ့ လူမှာဒဏ်ရာကျန်တယ်တဲ့၊ အဓိပ္ပာယ်လှသည်၊ အဲ ဒါ.... ညကျရင်တစ်စုတ်တလွေးနှင့် သံစဉ်ရှာလျှင်ပဲ ဤသည်အဓိပ္ပာယ်လေးထည့်ရေးလိုက်ဦးမည်။

ကျေးဇူးတင်ပါတယ် အစ်ကိုဘညာ။

....◎....

## အခန်း ( ၄ )

တောင်းပန်တဲ့ စကားလေးတစ်ခွန်းဟာ
ဘယ်လိုလွယ်ကူလဲ....
လူတစ်ဖက်သားအတွက်တော့ ဒဏ်ရာပဲ....
ခွင့်မလွှတ်တော့ဘူးကွယ်
ဒီလိုဆုံးဖြတ်ကြည့်မိလည်း....
ကိုယ်လေ.... နှလုံးသားက တင်းမထားနိုင်ဘူးကွယ်။

သီချင်းလေးတစ်ပိုဒ်ရသွားသည်၊ ကိုယ့်ဂစ်တာအဟောင်းလေးကိုပဲ မြတ်နိုးစွာ တီးခတ်ရင်းတိုးတိုးလေး ညည်းဖြစ်၏၊

ချွန်း.... လွမ်းနေပါသည်၊ ကြေကွဲနေပါသည်၊ နာကျင်နေပါသည်၊ ဘွယ်တာစရာသံယောဇဉ်က ကြိုးတစ်မျှင်မျှရစ်ပတ်နှောင်ဖွဲ့ထားခြင်း မခံရသည့် ဘဝကို လွတ်လပ်လွန်း





...ကု သံယောဇဉ် ကမ္ဘာကျဉ်းထဲမှာ လူတွေက မှက်မောမ်းတကြွပါလိမ့်မည်။ ချွန်းမှာတော့ လစ်ဟာလွန်းသို့ နှလုံး...သား လေဟာပြင်ထဲမှာပဲ နေရသလို အထိန်းအချုပ်မဲ့လွန်း...ည်။ ချွန်းမှာကွယ်တာစရာ သံယောဇဉ်ဘယ်မှာလဲ။

ချွန်းကိုတွယ်တာမည့် သူဘယ်မှာလဲ။

'တစ်ကောင်ကြွက်' ဆိုသည့်စကား လေးသုံးလုံးကမလှပ...၊ စကားသုံးလုံးထဲမှာ တိရစ္ဆာန်အခေါ်အဝေါ်ပါဝင်...သားသည်၊ မလှသလောက် အဓိပ္ပာယ်ကလေးနက်သည်၊ ...သည့်အဓိပ္ပာယ်ကို ကိုယ့်ရင်ထဲထည့်ပြီး ခံစားရသည့်အခါ...တော့ မချိမဆံ့ ကို နာကျင်ရပါ၏၊ ဘယ်သူသည် အထီး...တစ်ကောင် ကြွက်ဘဝကို ပိုင်ဆိုင်ချင်ပါမည်နည်း။

ချွန်း.... သံယောဇဉ်ထားရ သူလေးတွေ ရှိချင်သည်၊ ...မာ-ကိုပိုနှင့် မွေးထားသည့် အမေ့သား တစ်ယောက်၊ ...တစ်ယောက်၊ ချွန်းချစ်ချင်ပါသည်၊ ချစ်ခွင့်မရဘူး...မဟုတ်၊ ချစ်နိုင်ခွင့်စွမ်းအား ချွန်းမှာပျောက်ဆုံးနေ...။ ညီလေးနှင့် ညီမလေးကို ချစ်လွန်းလို့ပါ၊ ဟူ၍မုန့်...ငါးကျပ်တစ်ဆယ် မပေးနိုင်မှ ချွန်းကချစ်လှပါသည်...ကုန်အောင် အော်နေလည်း ဘယ်သူယုံမှာလဲ။

ချွန်းအပေါ် သံယောဇဉ်ထားသူ၏ အရိပ်အောက်မှာ...ခိုလှုံချင်သည်၊ ဘယ်မှာလဲ။

အဖေကွယ်လွန်ပြီး အမေကွယ်လွန်ပြီးဆိုသည့် ချွန်းဘဝ ချွန်းကို ဘယ်သူက ဖေးဖေးမမ လာရောက်တွယ်တာ...မှာလဲ။ ခုချိန်မှာ ချွန်းအမက်မော အတွယ်တာဆုံးအရာ

ကို တောင်းပါဟု တန်ခိုးရှင်တစ်ယောက်ယောက်ထံ ပြေ
လာချင်....

'တုံ့ပြန်ဖလှယ်နိုင်မယ့် သံယောဇဉ် အဝန်းအဝိုင်းထဲ
ပို့ပေးပါ'ဟု တောင်းချင်၏။

'ဖိုးချွန်း'

'ပြော်....'

လရိပ်လင်းထဲသို့ တစ်ယောက် ဝင်လာ၏။ ချွန်း
အခဆောင်က ချွန်းနှင့် အိပ်ရာချင်းယှဉ်၍ အိပ်သည့် အော
ဝင်း။ ချွန်းတို့က နှစ်ထပ်တန်းလျားကြီးမှာ နေကြရသည
အခန်းဖွဲ့မထားတဲ့ ပြင်ကျယ်ကြီးဖြစ်၏၊ အဲသည်မှာခြေ
လက်မလှောက်ပဲမြင့်မည့် သစ်သား ကုပ်ပျစ်ထလေး
တစ်ခုနှင့်တစ်ခု အသင့်အဲတာင့်ခွာ၍ ခင်းထားသည်။
ရင်းမှာ လင်းရှူးဆေတ္တာတစ်လုံး ပေးထားသည်၊ ကိုယ်
ပစ္စည်းများထည့်သည့် သေတ္တာဖြစ်သလို စားပွဲအဖြစ်လ
သုံးနိုင်၏၊ တချို့က မှန်နှင့်ဘီး တင်ထားသည်၊ အ
ထပ်ဆော အောက်ထပ်ရော ယောကျ်ားကလေးတွေရ
စုစုပေါင်း နှစ်ဆယ်ရှိသည်။

ရေချိုးခန်းကို စုပေါင်းသုံးရသည်၊ အုတ်ထန်အ
ကြီး ပတ်ဝန်းကျင့်မှာ သမံတလင်းကိုင်ပေးထားသည်၊
ချိုးခင်း အဝတ်လျှော်လို့လည်း ရသည်၊ အိမ်သာထ ဆေ
ခန်းတွဲထင်လင်း၊ ဘာပဲဖြစ်ဖြစ် ဘော်ဒါဆောင်တစ်ခု
ထန့်ရှင်းသပ်ရပ်ပါပေ၏။





'စားဖို့ သောက်ဖို့ မပြေလည်လို့ ဒီမှာ ကြုံရာအလုပ်
လာလုပ်ကြတဲ့အထဲမှာ တိန်တိန်တောင်တောင်သမားဆိုလို့
မင်းတစ်ယောက်ပါတယ်'

အဆောင်ရှေ့ လရိပ်လင်းထဲ ထွက်တိုင်နေသည့် ချွန်း
နားမှာ အောင်ဝင်းက ဝင်ထိုင်သည်။

'မင်းတို့တွေ တစ်ယောက်မှ သီချင်းလေး ဘာလေးဆိုဖို့
ပါသနာ မပါကြဘူးလား'

'ရေချိုးရင်း အဝတ်လျှော်ရင်းနည်းနည်းပါးပါးတော့
ဆိုပါတယ်၊ ဒါပေမယ့် အလုပ်သွားလုပ်တဲ့အခါမှာ သီချင်း
ဆိုရလို့ တင်းကျပ်စွာ တားမြစ်ထားတာလည်း ရှိတော့
ဆိုဖြစ်တော့ပါဘူးကွာ'

'ဘာဖြစ်လို့ တားမြစ်ထားတာလဲ'

'အိမ်ရှင်မှာ သမီးပျိုတွေရှိမယ်တဲ့၊ အလုပ်လုပ်တဲ့ မိန်း
ကလေးတွေရှိမယ်၊ တချို့ သီချင်းက နည်းနည်းပါးပါး
ကြေားဝံ့မနာသာ ပါမယ်တဲ့၊ ကိုယ့်ဘာသာဆိုတာပေမယ့်
သူတို့ကို စောင်းဆိုတယ်ထင်ရင် မကောင်းဘူးတဲ့....

'အိမ်ရှင်ကိုလည်း အားနာရမယ်၊ အလုပ်ကိုလည်း ထိခိုက်
မယ် ယောကျ်ားလေးလည်း သိက္ခာကျမယ်တဲ့၊ မိန်းကလေး
င် သိက္ခာမကျအောင် နေရတာမဟုတ်ဘူး၊ ယောကျ်ား
လေးလည်း နေရတယ်တဲ့....

'သိက္ခာမရှိတဲ့ မိန်းကလေးဟာ ရေစုံခမျာတတ်ပြီး
က္ခာမရှိတဲ့ ယောကျ်ားကျတော့ နှစ်ပြားမတန်ဘူးတဲ့'

ဪ....အောင်းလိုက်တဲ့ အဆုံး အမ တွေ ပါ လား။ တန်ဖိုးရှိလှပါတို့။ ချွန်းကိုမျှား အဲသည်လို ဆုံးမမယ့်သူမရှိ လွန်းလို့ အဆုံးမ ခံချင်နေခဲ့တာ ဆူမယ့်သူတောင်ရှိစေချင် ခဲ့တာ။ အဆူခံရတယ်ဆိုရင်တောင် ဆူမယ့် ပြောမယ့်သူ မရှိတဲ့ တစ်ယောက်ကြက်ဘဝထက်တော့ နွေးထွေးဦးမှာ လေး။

'ဘယ်သူကပြောတာလဲ'

'အန်တီ ဒေါ်ခင်စုမြတ်'

'တော်တယ်နော်'

'သိပ်ဆိုးမတာပဲ၊ တချို့က နားညည်းတယ်'

'လူဆိုတာ အားလုံး တတ်သိနားလည်နေတယ်ရယ်လို့ ဘယ်ရှိပါမလဲ၊ တို့လို လူငယ်တွေဆို ပိုသိဖို့ဘောင်မှ လိုအပ် ဦးမယ်၊ ကိုယ့်ထက်အရင် ထမင်းစားပြီး ကိုယ့်ထက် ပိုပြီး ပိုတတ်တဲ့လူက စေတနာနဲ့ ဆုံးမရင် လက်ခံသင့်တယ်'

'မင်းက အိပ်မပျော်ဘူးလား၊ မနက်ကျရင် အလုပ် တာ ပေါ်ချင်သလို မပေါ်တာ၊ အိပ်ပျက်နေဦးမယ်'

'မပျော်ဘူး အိပ်ချင်စိတ်လည်း မရှိဘူး၊ လအလည်း အချမ်းသာတော့ အရမ်းလှမ်းတာပဲ'

'ရည်းစားကိုလား'

'လွမ်းချင်တယ်....အဲဒီရည်းစား၊ လွမ်းစရာမှရှိလို့ ခ နေတယ်'





'ဒါဖြင့် ဘယ်သူ့လွမ်းတာလဲ'

'လွမ်းနေတာပဲ သိတယ်ကွာ၊ ဘယ်သူ့လွမ်းမှန်းလည်း မသိဘူး၊ အဖေနဲ့ အမေကို ထင်ပါရဲ့'

'ဘယ်ရောက်သွားလို့လဲ မင်းအဖေနဲ့ အမေက'

'အဖေဆုံးတာ ရှစ်နှစ်၊ အမေဆုံးတာတစ်လမပြည့်သေး ဘူး'

'လွမ်းမှာပေါ့'

'အဖေနဲ့ အမေနဲ့ကိုလည်း တိတိကျကျမဟုတ်ပါဘူးကွာ ငါ့ရင်ထဲမှာ ဟာနေတယ်၊ အေးစက်စက်ကြီး၊ ဒီကမ္ဘာကြီး တာ ငါ့အတွက် လုံးဝ နွေးထွေးမှုမရှိဘူး၊ ငါ့ကို ချစ်ကြ တဲ့သူတွေ မရှိဘူး၊ ငါက ချစ်ရမယ့်သူတွေ မရှိဘူး...

'များသောအားဖြင့်တော့ အဲဒီလိုဖြစ်နေတာ ငါကြိုက် ပါတယ်၊ ကိုယ့်စိတ်ကြိုက် ကိုယ့်သဘော၊ လွတ်လပ်တာကို ကြိုက်တယ်ဆိုပေမယ့် လွတ်လပ်လွန်းအားကြီးတော့လည်း ဟာတာတာကြီး'

အောင်ဝင်းက 'ဟီး'ဟု ရယ်၏။

'မရယ်နဲ့ကွ'

'ရယ်တာပဲကွာ၊ ငိုတာမှမဟုတ်တာ မတားနဲ့'

'ငါ သိပ်ပြီး ကြေကွဲနာကျင်လာရင်သီချင်းဆိုချင်တယ်၊ ဂစ်တာတီးချင်တယ်၊ သီချင်းလေးတွေ စပ်ချင်တယ်'

'လုပ်ပေါ့ကွ'

'မြှောက်မပေးနဲ့၊ အဲဒီကိစ္စတွေကို ငါ့သဘောနဲ့ငါလုပ် ချင်တာ၊ သူများမြှောက်ပေးဖို့ မလိုဘူး'

'မင်း ဂစ်တာတီးတာ ကောင်းမကောင်းတော့ ငါ
မပြောတတ်ဘူး၊ မင်းသီချင်းသည်း စာသား ကောင်း
မကောင်း ငါမပြောတတ်ဘူး'

'ဘာပြောတာလဲ ဒါဖြင့်....'

မချိမဲ့ ဖြင့်ပြုံးရင်း မေးလိုက်သည်။

'မင်း သီချင်းဆိုတာတော့ နားထောင်လို့ ကောင်း
တယ်၊ ခုလို လသာတဲ့ညတွေဆိုရင် သီချင်းအေးတွေပဲ ငါ
နားထောင်ချင်တယ်'

'မင်းက ခံစားတတ်လို့လား'

'အလွမ်းခေတ်ခံနေလို့'

'မိသားစုရှိလား'

'တစ်မြို့ကြီး ဝါလခကို ပြန်ထောက်နေရတာ'

'ဘာကို လွမ်းတာလဲ မင်းက'

'ရည်းစား ကွဲထားလို့....'

သည်တစ်ခါတော့ ချွန်းက ရယ်ပေးလိုက်သည်။

'ဒါ...ရယ်စရာလား'

'စိတ်မဆိုးနဲ့ကွာ၊ ငါက ရယ်စရာပေမယ့် ရယ်ချင်လို့
ရယ်တယ်၊ ရယ်စရာ မဟုတ်ပေမယ့်လည်း ရယ်ချင် ရယ်တာ
ပျော်တယ်တော့ မထင်နဲ့၊ ငါလည်း ရည်းစားနဲ့ ကွဲချ
လိုက်တာ'

'မသက်သာဘူး'





'အဲဒီ မဆက်ဆံ ခံစားမှုကို ရချင်တယ်၊ ရည်းစားနဲ့
ဘယ် ဆိုတာတည်းက မကွဲခင် ရည်းစားနဲ့ ချစ်ခဲ့ရသေး
ရင်ခုန် နွေးထွေးမှုလေးလည်း ငါ ခံစားချင်တယ်'

'ဒါများ ခက်လွန်းလို့၊ ရည်းစားဆိုတာ ရဖို့ မခဲယဉ်း
၊ ရပြီး မကွဲအောင် ထိန်းဖို့ ခက်တာ၊ ငါတော့ ရည်း
း ခဏ ခဏ လှည်းရတယ်၊ ခဏ ခဏလည်းကွဲတယ်၊ အဖတ်
မတင်ဘူး'

ချွန်း သည်တစ်ခါ တကယ် ရယ်ချင်စိတ်နှင့် ဟက်တက်
က်ပက် ရယ်တော့သည်။ အောင်ဝင်းပါ သူ့စကား သူ
ဘာကျပြီး ဝိုင်းရယ်သည်။

'ငါတော့ ရည်းစားတစ်ယောက်ပဲ ထားမယ်၊ ငါအရမ်း
စ်မယ်၊ ငါ့မှာ ချစ်စရာလူ ဘယ်သူမှမရှိတော့ ဒီ တစ်
ယောက်တည်းကို သေလုအောင် ချစ်မယ်၊ အပီချစ်မယ်ကွာ'

'ပြီးရင် လက်ထပ်မှာလား'

'အေးပေါ့....'

'လုပ်ကိုင် ကျွေးမလား'

'ကျွေးမယ်....'

'သစ္စာရှိမလား'

'ရှိမယ်....'

'ငါ့အစ်မပဲ ယူတော့'

အောင်ဝင်းက ပြောပြီး ရှက်ကိုး ရှက်ကန်း ရယ်သည်။

'ရုပ်ဆိုး ခလှရတဲ့ ကြားထဲ စိတ်က ပုပ် သေး တယ်၊
ပေါက်ဆိုးပြီး အပြော ကြမ်းတော့ လူသား အားလုံးက

ငါ့အစ်မကို မုန်းတယ်၊ အဖေနဲ့ အမေနဲ့ သေရင် သူ့ဘ တယ်သူမှ ချစ်မယ့်သူ မရှိတော့ဘူး၊ မောင်နှမချင်းလည်း တည့်တာ မဟုတ်ဘူး၊ အဲဒီလို လူမျိုးဟာ ရည်းစားရှ အသေ ကြိုက်တတ်တယ်ကွ၊ မင်းနဲ့ ကိုက်တယ်'

'ကျေးဇူးရှင်....'

အောင်ဝင်းကို တွန်းပြီး ရယ်လိုက်သည်။ အောင်ဝင်း လည်း ရောရယ်၏။ ဖြိုးမှ မျက်နှာပိုးသတ်ကာ သီချင်းဆို ဦးဟု ပြောသည်။

စောစောက နှင်းကျင် ကြေကွဲလေးတွေ၊ အလွမ်းနှ ဝေဒနာလေးတွေ၊ အောင်ဝင်း၊ ရှုပ်လို့ ပြေးထွက်ကုန်ကြပြီ ပြန်လည် စုစည်း ရပါဦးမည်။ ဂစ်တာကြိုးလေးကို ဆွဲပြီး လွှတ်ချလိုက်၏။ ဂစ်တာဆေး အိုလှပြီ။ အသံကလေးတစ် တော့ ရချင်သား။ သစ္စာမရှိလို့ မဟုတ်ပါ။ သံစဉ်လှလှလေး တွေ ရချင်လို့ပါ။

ဘယ်သူ့ကို မင်းထက် ချစ်နိုင်မလဲ....

ဘယ်အရာဟာ မင်းထက် အရေးကြီးမလဲ....

ပိုင်ဆိုင်ခလသမျှထက် မက်ခမာတယ်....

ကိုယ် အပိုင်ချင်ဆုံးက မင်းပါပဲ....

ချွန်း ဆောင်းအင်္ကြီးကို မော့ကြည့်လိုက်သည်။ လမင်း ကြီးက ထိန်ထိန်သာနေ၏။ သို့ပေမယ့် ဝေးသီခေါင်ဖျားမို့ အလှမ်းကွာလွန်းသည်။ လဝန်းထဲမှာ ပုံရိပ်တွေ ရှိနေသည်။ ဆန့်ငင်တဲ့ အဘိုးအိုနှင့် ယုန်ကလေး တစ်ကောင်ဟု အဆို ရှိ၏။





နှင်းကျင် ကြေကွဲလေးတွေ မှိန်ရော့သည်။ ကြည်နူးလာ၏။ လောကကြီးဟာ တစ်ခါ တစ်ခါတော့လည်း နေချင် ဖွယ် အတိနဲ့လေး။ ချွန်း မျက်လွှာနှစ်ခုကို ပိတ်ချလိုက်သည်။ လျှပ်တစ်ပြက်ပါပဲ။ လှစ်ခနဲဆို မျက်နှာသေး တစ်ခု ဖျတ် ခနဲ ပေါ်လာ၏။

ဇာ အနှက်ဝတ်စုံလေးနှင့် ဟဲ....

—◎—

သည်နေ့....

မြက်ရိတ်ဖို့စက်နှင့် အတူ ထွက်သွားသူအချည်းဆယ့်လေး ယောက်တိတိ ရှိသည်။ ဝန်ဆောင် လုပ်ငန်းတွေထဲမှာ အလုပ် ရဆုံး အလုပ်တွေက မြက်ရိတ်ခြင်း၊ အဝတ်လျှော်ခြင်းနှင့် မီးပူတိုက်ခြင်းပဲ ဖြစ်သည်။ သစ်ပင် ခုတ်ဖို့လည်း သွားရ သည်။ အသက် ခုနစ်ဆယ်ကျော် လေဖြတ်ထားသည့် အဘိုး ကြီးတစ်ဦးကို ပြုစုဖို့ ယောကျ်ား သူနာပြုနှင့် အတူတူ တွဲ ပွေ့ချီပေးဖို့က တစ်ယောက် ထွက်ရသည်။ အိုးတွေနှင့် စိုက် ထားသည့် နှင်းဆီပင်တွေကို မြေကျင်းတွေ တူးပြီး အောက် ချ စိုက်ပေးဖို့ အုပ်စုလည်း ထွက်ရသည်။

ထူးထူး ခြားခြား ချွန်း တစ်ယောက်ပဲ ကျန်ိသည်။ လူ သစ် ရောက်လာတာမျိုး၊ အထူးသဖြင့် ကျွမ်းကျင်ရာအလု မှီ လုံ့ရွေးလွှတ်ရတာမျိုးက လွဲလျှင် အလှည့်နှင့် လိုက် သည်။

'ဟေး...ဖိုးချွန်းတစ်ယောက်ပဲ ကျန်လား'

ချွန်း ဝုန်းခနဲ ထရပ်လိုက်ရသည်။ အန်တီ ဒေါ်ခင် မြတ်ကိုယ်တိုင် ချွန်းတို့ အလုပ်မထွက်မီစုနေရသည့် အခန်းထဲ ဝင်လာသည်။

'ဟုတ်ကဲ့....'

'မီးချောင်း ကျွမ်းလို့ကွယ်၊ အပေါ်ထပ်မှာ လဲပေးစမ်း ပါ'

'ဟုတ်ကဲ့ အန်တီ'

စကားပြောလျှင် ဝါကျအဆုံးမှာ ''ပါ'' ထည့်။ ခိုး သေသေ ယဉ်ယဉ်ကျေးကျေး ပြော၊ သူတို့ ကိုယ်တိုင်လည်း သူဌေးရယ်လို့ မောက်မောက်မာမာ ပြောလေ့ မရှိဘူး။ သူတို့နဲ့ စကားပြောတဲ့အခါ ရိုင်းရင် ဆတ်ဆတ်ခါ နာတတ် တယ် တဲ့။

ထွန်းမောင်က နားထဲ ရိုက်သွင်းထား၏။

'ကဲ....လာ....ဟာ....သမီးအခန်းမှာ'

သီရိဂေဟာ နှစ်ထပ်တိုက်ကြီးပေါ်သို့ ချွန်း တစ်ခါမှ မရောက်ဖူးသေးပါ။ အလုပ်သမားတွေ တချို့ ရောက်ဖူး သည်။ အိမ်ကြီးပေါ်မှာ လိုအပ်သည့်အလုပ်တွေ၊ အဝတ်လျှော် မီးပူတိုက်၊ တံမြက်လှည်း၊ ကြမ်းတိုက်၊ ဖုန်သုတ် စသည်





အလုပ်တွေအတွက် သီးသန့် အိမ်ဖော်မထားပါ။ သည်ဘက် က အမျိုးသမီးဆောင်က အလုပ်သမား မိန်းကလေးတွေ အလှည့်ကျ သွားလုပ်ပေးရသည်။ ယောကျ်ား အလုပ်တွေ ကျတော့လည်း အတူတူ အမျိုးသားတွေက သွားလုပ်ပေးရ သည်။ အားလုံးကို ခေါင်းဆောင်မှ ဦးပြည့်စုံအတွက် တစ် ယောက်ပဲ သီးသန့်ထား၍ ကျန်။ မိသားစုဝင်တွေ သွားချင် ချင် မောင်းတတ်သူက ဝင်မောင်းပေးရ၏။ အိမ်ကြီးပေါ် အတွက် သီးသန့် အလုပ်သမားဆို၍ ထမင်းချက်သည့် ဒေါ် ...မြိုင်နှင့် လက်တိုလက်တောင်း ကလေးမလေး ပူစူးပဲ ရှိ၏။

ချွန်း ဒေါ်ခင်စုမြတ်နောက်က လိုက်လာခဲ့သည်။ သူတို့ အလုပ်ခန်း၊ ရုံးခန်းတွေနှင့် တစ်ဆက်တည်းပေမယ့် အလှယ် ...ကူ ကူးချည်သန့်းချည်လုပ်လို့မရပါ။ အုတ်နံရံကြီး အပြည့် ...ထား၏။ ဖိနပ်ချွတ်သို့ပြန်ထွက်ပြီးမှ စကြံဘစ်လျှောက် သွားလျှင် တိုက်ကြီး၏ ဖိနပ်ချွတ်၊ ဧည့်ခန်းရှေ့သို့ ရောက် သည်။

ကြီးကျယ်ခမ်းနားလှပါဘိခြင်း။

အိမ်ဝင် တံခါးမကြီးမှ မှန်တံခါးရွက်ကြီး နှစ်ချပ် ...သည်နောက်မှာ သစ်သား ကနုတ်ပန်းတွေ ထပ်ထား သည်။ တံခါးရွက်မှာရှိသည့် ကြေးလက်ကိုင်ကြီးက ရွှေဆောင် ...ဝင်း။ ဒေါ်ခင်စုမြတ်က တံခါးရွက်ကို ဆွဲဖွင့်လိုက် သည်။ စိမ့်ခနဲ အအေးဓာတ် မျက်နှာကို လာပက်၏။ ချွန်း ...ယ့်ခြေထောက် ကိုယ်ငုံ့ကြည့်ကာ တံခါးရွက်ကြီးနှင့် ထပ်

လျက် ခင်းထားသည့် မွေ့နု ကတ္တီပါ ကော်ဇောကြီးကို နင်းလိုက်ရုံမှာ အားနာလှပါဘိ။ ဒါတောင် ချွန်း ခြေထောက်က ရွှံတွေ ရေတွေ ပေနေတာမဟုတ်။ ချွန်းက ခြေထောက် ညစ်ပတ်လျှင် မနေတတ်သူမို့ အမြဲတမ်း သန့်စင်ထားတာ။ ကိုပိန်ကဆို ဖွေးနေသည့် ချွန်းခြေဖဝါးကို အမြဲလိုလို ကဲ့ရဲ့သည်။

'မင်းခြေဖဝါးက မင်းမျက်နှာထက်တောင်ဖွေးသေး'တဲ့။

ပြောရလျှင် ချွန်းက တကူးတက သန့်စင်ထားသူမို့ အနီတီ ဖေါ်ခင်စုံမြှတ်လည်း တကူးတက သန့်စင်ထားသူ မဟုတ်လျှင် ချွန်းခြေထောက်က ဖေါ်ခင်စုံမြှတ် ခြေထောက် ထက်တောင် သန့်ရှင်းပါလိမ့်ဦးမည်။ သို့ပေမယ့် နင်းရ စရာ မရှိလွန်းလို့ကို ချွန်း အားနာရပါသည်။ ရေညှိရောင် ထောက်ထောက်အခံမှာ အညိုရောင်၊ အပြာရောင် ပန်းနွယ် ပန်းခက်ကြီးတွေ ဖော်ထား၏။

ဖြစ်နိုင်လျှင်....

ခြေထောက်နှစ်ချောင်းကို အပေါ်ထောင်၍ ခေါင်းနှင့် ထောင် လှုပ်၍ချင်စရာပါ။

'လာလေ'

'ဟုတ်ကဲ့'

အလိုလိုနေရင်း ကုပ်ချောင်းကုပ်ချောင်း ဖြစ်သွားရ သော သည်။ အချိန်အခါ အဲသည်လောက်ကို ခံ့ထည် သည်။

'ဝူဝူးရေ'





'ရှန်...' ဆိုသည့် အသံလေးနှင့် အတူ ခေါင်းတုံး မြှန်ပေါက်ဆံပင်၊ ဘောလုံးပန်းလို ခေါင်းမျိုးနှင့် ကောင်မ လေး၊ ရှိလှ ဆယ့်သုံးလေးနှစ် တစ်ယောက် ရောက်လာ သည်။

'ဩြ်.... သင်းသင်း'

ကော်ဇောကြီးပေါ်မှာ ဖုန်စုပ်စက်ကို ရွှေ့နေသည့် သင်းသင်းလည်း 'ရှင်' ဆို ရောက်လာသည်။ သင်းသင်း ကိုတော့ ချွန်းသိ၏။ အမျိုးသမီးဆောင်က အလုပ်သမား၊ ဤအိမ်ကြီးပေါ်သို့ ကာည်နေ့မှ ရောက်ဖူးသည်မို့ ပူစူးကို တော့ ခုမှ တွေ့ဖူးသည်။

'သင်းသင်းနဲ့ ပူစူးနဲ့ ညည်းတို့ မမငယ်အခန်းကို လိုက် ပို့လိုက်၊ ချွန်းကို ခေါ်သွား၊ မီးချောင်းလဲဖို့ ရှိတယ်၊ ဩြ်....ချွန်း၊ အဲဒီအခန်းထဲက ကုလားထိုင်နဲ့ တက်လို့မမီ ရင် ဂိုဒေါင်ထဲက အလူမီနီယံ လှေကားကို သွားယူနော်'

'ဟုတ်ကဲ့'

'မတင်မြိုင်ရေ'

'ရှင်....'သံ ကြားရပြန်ပါပြီ။ ရေတွင်ကြီး ရွှေ့လာ သလို ကိုယ်လုံးတုတ်တုတ်ကြီးနှင့်၊ အဲသည် ကိုယ်လုံးနှင့် လိုက်ဖက်သည့် အရုပ်အခမောင်းကြီးနှင့် တော်ရုံ ယောကျ်ား ပိန်ပိန်တစ်ယောက်ဆိုလျှင် တွန်းလှဲပြီး ဖိသတ်ထားနိုင် လောက်သည့် စွမ်းအားကြီးနှင့် အားဘောင်း မေခင်းသန် အမျိုးသမီးကြီးတစ်ဦး ရောက်လာပြန်သည်။

'သမီးလွတ်အခန်းမှာ မီးပြင်မယ်၊ နည်းနည်းကြည့်လိုက်နော်၊ လိုတာရှိလည်း လုပ်ပေးလိုက်ပေါ့'

'ဟုတ်ကဲ့'

အန်တီ ဒေါ်ခင်စုမြတ် ထွက်သွားသည်။

'လာ.... အပေါ်ထပ် တက်ရမှာ'

သီရိဂေဟာ နှစ်ထပ်တိုက်ကြီးထဲသို့ ယောကျ်ား သူစိမ်းတစ်ယောက် ဝင်ရာတွင် အမျိုးသမီးထု သုံးယောက်ကြီးများတောင် သုံးစွဲလိုက်သည်။ ချွန်းအသာ လက်နက်ကစ်စုံတင်ရာ ကိုင်စွဲထားတဲ့ လက်ချည်းဗလာ တိုက်ခိုက်သတ်ပုတ်ရမည်ဆိုလျှင် ထို စွဲမ်းအားရှင်သုံးဦးကို ဘယ်လိုမှ မအောင်မြင်နိုင်ဘဲ အသက်ထွက်ဖို့ ရှိလေ၏။

စိမ်ခန့်ခဲ့တတ်ပါဘိခြင်း။

နှင်းရက်စရာမရှိသည့် ကော်ဇောကို ခပ်ဖွဖွနင်းရင်း ရှေ့မှ လှေကားကြီးတစ်ခုရှေ့သို့ ရောက်၏။ သစ်သားလှေကားကြီး ပြောင်လက်နေပုံမှာ မှန်လုပ်ကြည့်နိုင်၏။ လှေကား လက်ရန်းနှစ်ခုအဆုံး တိုင်နှစ်လုံးနေရာမှာ ထွင်းထုထားသည့် နဂါးခေါင်းကြီး၊ လှပသပ်ရပ်လိုက်ပါသည့် လက်ရာ၊ ပြောင်မြောက်လိုက်ပါသည့် ပန်းပုပညာရှင်၊ နဂါးခေါင်းကြီးမြင်တာနှင့်ကို အပေါ်ထပ် ဆက်တက်ဖို့ကြောက်စရာကြီး ဖြစ်နေရပါပြီ။

လက်ရန်းသာ နဂါးကိုယ်လုံးကြီးမို့ ဖြောင့်စင်းမနေပါ။ နည်းနည်းပါးပါးတွန့်လိမ်သည်။ အကြေးကွက်တွေပါသည်။ အဲ့သည် လက်ရန်း နဂါးကိုယ်လုံးရှည်ကြီးကိုပင့်မထားသည့် ဒေါက်တိုင်တွေက ပွတ်လုံးတွေပန်းကန့်တ်ပြွေးတွေ၊ ပွတ်လုံးတစ်ခု ပန်းကန့်တ်ပြွေးတစ်ခု၊ တစ်ခုခြားစီ၊ စီထားလိုက်တာလည်း လှမှလှ၊ ခန့်မှခန့်၊ သံယောဇဉ် အနှောင်အဖွဲ့ကင်းလွန်းလို့ လူ့ပြည်မှာ နေမပျော်ချင်ပါဆိုသည့် ချွန်းကိုယ့်ဘဝ ဆက်တာမ်းထဲမှာ သည်လှေကားကြီး မြင်လိုက်ရတာနှင့်ပင် လူဖြစ်ကျိုး နပ်သွားသလို ခံစားရမိတော့သည်။

ချွန်း၏ မျက်ဝန်းတွေက လှေကားတစ်လျှောက်ဘဖြည်းဖြည်း မော့မြင့်တက်လာသည်။

'ဟာ....

ဘို့....ဘိ....ဘိရောင် ခြေခုံဖြူဖြူ ဝါဝါနောက်နောက်သွေး၊ ဘိုရောင်ဖိနပ်တော့ မပါ၊ ဘိရောင်သလုံးသားလေး ပေါ်မှ လုံချည်က ဇာအနက်မဟုတ်ဘဲ အသွေးရင့်ရင့် အရောင်တောက်တောက် ခရမ်းပုပ်၊ အင်္ကျီလည်း တူတူ၊ အင်္ကျီလည်ပင်းပေါက်မှာ စွပ်လျက်သား လည်တိုင်နှင့် မျက်နှာလေးက ငွေလ၊ ဝင်းပပ၊ ရှင်မြမြ၊ စကြဝဠာအနှံ့အပြားမှာ ပျံ့လွင့် ဖြန့်ကြဲထားသောသမျှသော အလှအပအားလုံးနှင့် ကျက်သရေအားလုံးပေါင်း စုစည်းရုံးပြီးမှ ပျားရည်ဆန့်ထဲနှစ်ပြီး မမျက်နှာပြင်ပေါ်မှာ မျက်လုံးမျက်ခုံးပုံသဏ္ဌာန် လာရောက် သွန်းထုလေသလား။

လှပါပေ့ မမ၊ ချောပါပေ့ မမ၊ ကျက်သရေရှိလွန်းပါပေ့ မမ၊ သည်နေ့ သည်အချိန်ကစပြီး အသက်သေဆုံးသည်အထိ စက္ကန့်မလပ် ငေးကြည့်နိုင်ခွင့်ကို ပေးသနားပါ ခမည်းဗျား။




စေတနာ့စာပေ

လှေကားထိပ်မှာ လှေအားထစ်လေးတွေပေါ် ခြေချ၍ ထိုင်နေသည်။

'အခန်းထဲက ထွက်လာပြန်ပြီ၊ အအေးမိတော့မှာပဲ သိရဲ့ရယ်'

ဒေါ်တင်မြိုင်က ရှေ့မှ အပြေးကလေး တက်သွား၏။

သီရိဆိုပါလား၊ ဒါဖြင့် မမဟာ 'မေသီရိမြည့်စုံ' ဆိုတဲ့ အစ်မလှတ်ပေါ့နော်။ နာမည်လေးနဲ့ လူနဲ့ လိုက်ဖက်ပါပေ့မေ့ရ။

'ကိုယ် မပူတော့ပါဘူး ဒေါ်ကြီးရဲ့၊ ဘာအလုပ်မှမလုပ်ဘဲ နေရတော့ လူလည်း ပျင်းလာပြီ'

'ဒါပေမယ့် ခုထိ အရေသောက်နဲ့ နေရတုန်း၊ ထမင်းစားခွင့်မှ မရသေးတာ၊ လှေကားထိပ်မှာ လာထိုင်ရတယ်လို့၊ မူးမေ့ပြီးများ ကျသွားရင် ကိုယ်ကျိုးမနည်းရပါလား သမီးရယ်'

ခိခိရယ်သံလေးက ချိုလွင်စွာ ပျံ့ဝဲ ဝေ့လည်ထွက်လာသည်။

'ကိုယ်ကျိုးကြီး နည်းရအောင်၊ ဟို အိုးကြီးကွဲမှာမို့လား'

'ဟောဒီ သီရိကလေးဟာလေ၊ လာ....လာ အခန်းထဲမှာ မီးချောင်းကျွမ်းလို့ဆို၊ ဒီမှာ လဲပေးဖို့လာတာ၊ လာ ဟော့ ထွေယ်လေးရေ'

'တင်...'





သို့ရှိ ခုမှ မြင်သွားရပုံနှင့် အအံ့တသြလေး ဖြစ်သွားရသည်။ မှတ်မိလိုက်ပါသည်။ ကျွန်ုပ်တော် သွားအောင်းစား ...ဟုတ်ပါဘူးထိုတဲ့ ကောင်လေး။ သီရိဂေဟာမှာ အလုပ် ...များ ယောကျ်ားလေးအသစ် လာလျှောက်တိုင်း 'အောင် ...လေး' များ ဖြစ်နေမလားလို့ ငေးစိုက်ရတာ အခေါ ...သား။ အဲသည်အထဲက အောင်လေးဟာ ပြည့်ပြည့်စုံစုံ ...ကုံကုံလုံလုံထဲကမဟုတ်၊ အမြဲဘမ်း၊ ပိုက်ဆံလိုပြီး အလုပ်ဆို ...သည်း ဟိုပြောင်း သည်ရွှေ့ သည်အလုပ် အောင်နိုးနိုး၊ ...အလုပ် အောင်းနိုးနိုးနဲ့ ဂနာမငြိမ် ရှိရှာမယ့်ကောင်လေး ...ထင်ကို ထင်ခဲ့မိတာပါ။

အောင်လေး မင်း ဘယ်တုန်းက သီရိဂေဟာကို ရောက် ...ခဲ့သလဲ၊ တို့ တိုက်ဖွံ့ကြီးဖြစ်လို့ အိပ်ခန်းထဲအခွထွက်ဘဲ ...ခဲ့တဲ့ နှစ်ပတ်ထဲမှာ မင်း ရောက်လာတာလား၊ ခင်းကို ...ပက မှတ်မိပြုရမှာလား၊ မမှတ်မိချင်ယောင် ဆောင်ရမှာ ...လား။ အဲဒါ ပြဿနာဖြစ်စရာသား။ မှတ်မိသည်ဖြစ်စေ ...တ်မိဘူးဖြစ်စေ....

အရေးမပါသိုက်တာများနော်၊

'လာလေ သမီး'

'သွားပါ၊ ဒေါ်ကြီးတို့ပဲ ဝင်သွားကြပါ'

'ဒီလှေအားထိပ်မှာတော့ ထိုင်မနေနဲ့ကွယ်'

...ညားထည်ဝါလွန်းသည့် လှေကားကြီးကို အောက်ဆုံး ...စ်ခုစပြီး တစ်ထစ်ချင်း မော့ဝင့်ကြည့်သွားရာမှ အခမ့ ...ဆုံး အမြင့်မှာ မခကို တွေ့ရခြင်းပါပဲ။ ပြန်လှည့်ဆုံးတွေ

ရုပ်ကို အနိမ့်နှင့် အမြင့်၊ တမော့ကြီးကို ငေးလို့ကြည့်နေ ရတာပါလား မမရယ်။

'ဟော့ သူငယ်၊ လာဆို'

သင်းသင်းက မသိမသာ တွန့်းလိုက်သည်။ ရင်ထဲခုန်ထွက်လာ တောင်ထွတ်ဆီသို့ ပြေးတက်နေကြသည့် အမောဝိညာဉ်က ကိုယ်ထဲသို့ ပြန်အကပ်မှာ ကြမ်းတမ်းစွာ တိုးတိုက်၍ ဝင်လာ၏။ မမသေားမှ ဖြတ်လျှောက်ခဲ့ရသည် ရောက်ခဲ့ရပါပြီ။ ဒါ မခွအခန်းပေါ့နော်။

သည် ခုတင်ငြိမ့်ငြိမ့်ကြီးပေါ်မှာ မမအိပ်ဟာပေါ့နော်၊ သည် ကတ္တီပါစောင် လှလှလေးက မမခြုံတာ၊ သည် မှန်တင်ခုံမှာ မမထိုင်ပြီး အလှပြင်တာ၊ သည်ကုလားထိုင်လေးက မမ ဆက်နသောင့်ဆက်သာ ထိုင်တာ၊ သည်ဗီရိုကြီးထဲမှာ မမ်အဝတ်အစားတွေ အများကြီး ရှိမှာပေါ့နော်။ မမရေ… ဒါ အပျိုခန်းပေါ့နော်။ မမရဲ့အခန်းဆိုတော့ အပျိုခန်းလေး၊ အပျိုနတ်ပဲ ကြီးလေသလား၊ ကျွန်တော် ကိုယ်တိုင်က ပျော့ညံ့လွန်းတာလား။

ရင်ထဲမှာ ခုန်လိုက်တာ ဒုန်းဒုန်းဒိုင်းဒိုင်း။

မနုဿတဘာဝေါ ဒုလ္လဘာတဲ့။ ဆရာတော်ကျောင်းမှာ ထင်ပတ်လျောက် တည်းခိုခဲ့ဖူးလို့ ပါဠိတွေ ဘော်တော် များများ ကြားဖူးနားဝ ရှိနေပြီ မမရဲ့။ လူ့ဘဝကြီး ရခဲ လွန်းလှိုဆိုပဲ။ ပြီးတော့ လူ့ဘဝကမှ အမွန်မြတ်ဆုံးတဲ့။ မြတ်စွာဘုရားဟာ လူ့ဘဝထဲမှာပဲ ပွင့် တော် မူ တယ်။





…တ်သားကနေ ဘုရားဖြစ်မသွားဘူး။ ခုလို အထူးခြားဆုံး …ဖြစ်တဲ့ လူ့ဘဝ ရခောင့်ရခဲကို ပိုင်ဆိုင်တုန်းမှာ—

ဆရာတော်ကတော့ ဆုံးမတာပေါ့ မမရယ်။

အမွန်မြတ်ဆုံး အထူးခြားဆုံးဆိုတဲ့ လူ့ဘဝ၊ အထူး…ဖြင့် ယောကျ်ားဘဝ စစ်စစ်ကြီးကို ကျွန်တော် ပိုင်ဆိုင် …ားပေမယ့်၊ ခုချက်ချင်း ရွတ်ခြည်း သေပစ်လိုက်ချင်တယ် …၊ မမရဲ့အခန်းထဲမှာ မီးသီးလုံးလေးနားမှာ ပျံဝဲတိုးကပ် …တဲ့ ဖလံပိုးလေးအဖြစ် နေခွင့်ရမယ်ဆိုရင် မမ ပိုင် …ခန်းလေးထဲက ထွက်မသွားရအောင် လူ့ယောကျ်ားဘဝနဲ့ …လံဘဝကို မျက်စိမှိတ်ပြီး လဲလှယ်ချင်ပါတယ် မမ။

'အဲဒီမီးချောင်းပဲ၊ မီးချောင်းကျွမ်းတာလား ဘာလား …ဘူး၊ မလင်းဘူး၊ သီရိက သူများတွေနဲ့ တွေဘူး၊ တစ် …လုံးမှာ မီးလုံးတွေ အများကြီးထွန်း၊ ခေတ်အားတွေ …များကြီးသုံးပြီး မှိန်မှိန်လေးဖြစ်အောင် လုပ်ထားပေမယ့် …ကတော့ လင်းထိန်နေမှ ကြိုက်တယ်၊ မီးဆိုတာ ထိန်နေ …လို့ ထွန်းတာ တဲ့။

ပူစူးက ခွေးခြေမြင့်မြင့်တစ်ခု ယူလာပေးသည်။ သင်း …းကတော့ မိန်းမအင်အားတောင့်အောင် အဖေဖော်လိုက် …ရတာ ဖြစ်မည်။ ဒေါ်တင်မြိုင်ကတော့ သီရိဂေဟာမှာ …တွာခမ္ဘာကိ မို့ လူမပါလျှင် တာမျှပြီးသည့် ပဲခူး …မို့ လိုက်လာရတာအပြင်၊ သူ့ဗလအင်အားကြီးကို …ည်း ပြဖို့ ဖြစ်နိုင်၏။

'ရော့…. မီးချောင်းအသစ်'

မသွင်းပါစေနှင့်၊ မလင်းပါစေနှင့်။ သေလှူအောင် ဆောင်းလိုက်ရသည့် ဆုဆာ မပြည့်ပါ၊ မဟာ့တံဆိုးရှင်ပါ ကား။ မီးချောင်းကျွမ်းတာမို့ အသစ်လဲလှယ်လိုက်သည့် အခါမှာ ထိန်ခနဲ လင်းသည်။ မီးချောင်းကျွမ်းတာ မဖြစ် စေဖို့ စတတ်ဆာတို့၊ ချုပ်တို့ ပျက်စီးတာဆို သွားဝယ် အပြီးမှာ မမအခန်းထဲ နောက်တစ်ခေါက် ထပ်လာပြီး တပ်ပေးနိုင်ဖို့ ဆုတောင်းတွေ နောက်ဖေးက ရေမြောင်းထဲ မျောကုန်သည်။

'ကျုပ်ခန္ဓာကိုယ်ကြီးနဲ့အမြင့်မတက်ရဲလို့သာ၊ မီးချောင်း လဲတာဆောက်တော့ ကျုပ်လည်း လုပ်တတ်ပါတယ်၊ မီးသ ဘောက်စ်ထဲက ဖြူးစ်ပြုတ်ရင်တောင် ကျုပ်ပဲ လဲတာ ဒီအိမ်မှာ လုပ်မယ့်သူ ဘယ်သူရှိတာမှတ်လို့၊ သိဒ္ဓိတို့ ဂူဒိ မိန်းမရပြီးကတည်းက ကျုပ်ပဲ လုပ်ရတာ'

မမက အခန်းထဲ ဝင်လိုက်မှ သွားပေမယ့် မခကိုယ် လေးများ မွှေးအီကြိုင်လျှောက်နေသည့် အခန်း၊ မမတစ် ဆည်းနှင့်သာ သက်ဆိုင်သောနေရာ။ မမတစ်ဦးတည်း သည့် ပစ္စည်းလေးတွေထားသိုရာအရပ်။ သည်အရပ်ဒေသ မခွဲခွာနိုင်ပါ မမ။ မခွာချင်ပါ မမ။ လူ့ဘဝကိုတောင်စွန့်ပြီး ပလံပိုးကလေးအဖြစ် မီးချောင်းနားမှာ ပျံ့ရင်း ဝဲရင် ရှင်ကဲ့နာကျခွင့်ကို ပိုမက်မောမိသွားရပါပြီ မမ။ မမခုတင် ပေါ်မှာ တင်ထားတဲ့ ဗက်ဝံဖြူရုပ်ကလေး ကျွန်ုပ်ထော ဖြစ်ချင်လိုက်တာ မမရယ်။

....◎....





မှီးရထားကြီး ဖြတ်ခုတ်သွားသလိုပဲ။

နှလုံးသားထဲက အသံတွေ အတိုင်းသားကွယ်။

တဂျုန်းဂျုန်း တဂျက်ဂျက် အဆည်းထဲက မြည်တယ်။

အိုး.... မင်းလေးကြောင့်ပေါ့ အချစ်ရယ်။

ကြားလားကွယ်....။

ကြည့်စမ်း။ ဂစ်တာသံ့ သီချင်းသံလေးတွေ ထွက်လာ ပြီပါရော့လား။ ဟိုနေ့ကလည်း တစ်ခါ ကြားရပြီးပြီ။

အပူရောင်ဆိတ်သုဉ်းပြီး အအေးရောင်လွှမ်းတဲ့ညလိုအချိန် မျိုးကို အကျိုးမဲ့အိပ်ပစ်လိုက်ရမှာ သီရိက သိပ်နှမြောလေ့ သူပါ။ ညနက်လေ ရင်ထဲမှာ ကြည်နူးလေ၊ နေလို့ ကောင်းလေ။ အဲသည်အချိန်တွေမှာ စာဖတ်ရင် ဖတ်၊ သီချင်းလေးတွေ နားထောင်။ တစ်ခါတလေတော့ လက် ဆည်း ခြေဆည်းလေးတွေမှာ ဆိုးထားတဲ့ဆေးတွေကိုဖျက်။ အသစ် နောက်တစ်ရောင်ဆိုး။ တစ်ခါတလေကျ စိတ် ကိုင်းကျဝယ်လာခဲ့သည့် ရယ်ဒီမိတ် (Ready Mad အသင့် ဝတ်) အင်္ကျီတွေမှာ ဘော်ကြယ်လေးတွေ၊ ပုတီးစေ့လေး တွေ လိုက်သီ။ ကိုယ် ဝါဆနာပါတဲ့လေးတွေကို ညနက် သန်းခေါင်မှာ အနှောင့်အယှက်ကင်းစွာ၊ တိတ်ဆိတ်စွာ၊ အေးငြိမ်းချမ်းမြေ့စွာ နေရတာကို သိပ်သဘောကျသည်။ သိပ်ကြိုက်သည်။ နေ့ခဲ့ဖူးပေါင်းလည်း များပြီ။

မနက်ကျ ခုနစ်နာရီမှာ ဆော်ဖီဝိုင်းသို့ စုံညီစွာရောက်မှ ကြိုက်တတ်သည့် ခမမေ့အသူအပူကို မကြာခဏလည်း ခံရ ဖူးပြီ။

'ညအာ ညဥ့်နက်မှအိပ်သို့ပါ မေခမ'

'စောစောအိပ်ပြီး စောစောထတဲ့သူမှ ထကြွဝီရိယ ရှိတဲ့သူသို့ ခေါ်တယ်၊ လူသာဝုခေါ် နတ်သာမုခေါ်တယ် မနက်မိုးလင်းပြီး နေထွက်လာတာ အလကားထွက်လာတာ မဟုတ်ဘူး၊ လူတွေ အိပ်ရာကထ၊ အလုပ်လုပ်ကြတော့ နေမင်းကြီးက အလင်းရောင်ပေးနိုးဆော်ပြီး ထွက်လာတာ နေရောင်ရှိတဲ့အချိန်မှာ အိပ်နေတဲ့လူကို လူပျင်းလို့ ခေါ်တယ်၊ လူဆိုတာ ပျင်းပါများရင် ဖျားသွားရော'

'ညအက် လထွက်တာသည်း အတူတူပဲ၊ တစ်နေကုန် အလုပ်လုပ်ပြီး မောပန်းနေကြတဲ့ လူတွေ၊ အေးအေးဆေး နေကြတော့၊ အနားယူတော့၊ အိပ်တော့လို့ သူ အမှောင်ရိပ်နဲ့ အအေးဓာတ်လေးကို အသွင်းဖြော့လေးနဲ့ မျှတပေးတာ....

'အဲဒါ သဘာဝတရား၊ လထွက်ချိန်မှာ မအိပ်ဘဲထင်သလို လုပ်နေ၊ နေထွက်တော့ ထိုးအိပ်ဆိုရင် သဘာဝတရားနဲ့ ဆန့်ကျင်ရာရောက်တယ်....

'အဲဒီအခါမှာ သဘာဝတရားကြီးက ဒဏ်ခတ်တယ် ဖျားနာခြင်း၊ လေးလံထိုင်းမှိုင်းခြင်းဆိုတဲ့ ဝေဒနာတွေ ခံစားရတယ်၊ ပြီးတော့....

'ညက ကိုယ် ဘယ်အချိန် အိပ်ပါတယ်ဆိုတာ အိမ် ပေါက်ဝမှာအော်လန့်ကပ်ပြီး အော်နေလို့ရတာ မဟုတ်ဘူး ဘယ်သူမှလဲ မသိဘူး၊ ကိုးနာရီမှာ လာတဲ့ ညဉ့်သည် အိပ်ရာထပြီး ညဉ့်ခံနေရရင်....





'ဘယ်လောက် လူအထင်သေး ခံလိုက်ရလဲဆိုတာ ...စားစမိ၊ လူမကြိုက် နတ်မကြိုက်ဆိုတာ အဲ့ဒီလိုဟာ ...ကို ခေါ်တာ'တဲ့။

သြဝါဒချည်ကြီးနှင့် ဆုံးမခဲ့ပေမယ့် သိရှိအတော့ ည ...လေးတွေကို ချစ်မြဲ၊ အိပ်ပျော်လိုက်ဖို့ နှမြောမြဲ ကိုယ် ...ရာလေးတွေ လုပ်မြဲပင် ဖြစ်၏။

မေမေ့အဆုံးအမကို ကျိတ်၍ဘော်လွန်ပြီး မနက်ကျတော့ ...မှအလိုကျ ခုနစ်နာရီမှာ ကော်ဖီပွဲ တက်နိုင်အော ...ကြာကန်နာရီမှာ ပြန်ထရသည်။ အိပ်ရာကနိုးလျှင် မျက်နှာ ...မ်ရုံနှင့် မေမေက မကျေနပ်...ပါသည်။ ရေချိုး ...သည်။ ...ရေမိုးချိုး၊ သပ်နှ ...လိမ်း၊ အဝတ်အစားလဲပြီး ဘုရားရှိခိုးရသည်။ အခေါ ...ရောက်နှင့်သူ (မေမေ၏ အမြဲ ဖြစ်လေ့ရှိသည်)က ...တော် သောက်တော်ရေနှင့် ဆီမီးများ ကပ်လှူပူဇော် ...လျှင် ဘေးနားက ဝင်ထိုင်ပြီးတဘက်လေး ကန့်တော့ ...၍ ဘုရားရှိခိုးရ၏။

ဘုရားရှိခိုးပြီးမှ အစားစားခွင့်ရှိသည်။

ညနက်မှ အိပ်ပေမယ့် မနက်ခြောက်နာရီ ပုံမှန်ထရတော့ ...ပျက်ညတွေ များလာသည်။ အိပ်ပျက်ခြင်းက အအေးမိ ...အအေးမိတာကြာလျှင် ဖျားဖို့ပဲရှိတော့သည်၊ အဖျား ...ပြီးရက်ကြာလာတော့ တိုက်ဖွိုက်ဖြစ်သည်။

'ဘာဖြစ်လဲ....ဆေးကုလို့ရတာပဲ'

သီရိမှာတော့ ကိုယ့်ဆင်ခြေနှင့် ကိုယ်ပါ။ အဖက်မစာ ရှဘဲ အရည်သောက်နေလို့လည်း သီရိ ဝမ်းမနည်းပေါင်း နှဂိုကတည်းက သီရိ မှက်မှက်စမာမော စားချင်သည့် 'အဖတ်' တို့တာလည်း ရှိမှုရှိမနေဘဲ။ သီရိက အစားကို ဟုတ်တိပတ်တိ စားတတ်သူလည်း မဟုတ်။ ထမင်းကို တခဝန်အရ ... ခြင်းသာဖြစ်လျက် မြိန်ယှက်လှသည်လည်း မရှိ။ စားချင်ကောင်းဘူးဆိုတာလည်း မရှိ။ နိစ္စဓူဝကိစ္စအဖြစ် သာ တာဝန်ထမ်းဆောင်နေသူ ဖြစ်လေ၏။

သီရိချစ်သည့် ညလေးတွေမှာ အိပ်ပျက်ခံရင်း သီချင်းသံ လွင့်လွင့်ကို ကြားခဲ့ရသည်။ ဟိုနေ့အခါတော့ နားထောင် ကောင်းလို့ ထောင်လိုက်သည်။ ရင်ထဲမှာ ခံစားမှုဖရှိပါ သည်နေ့တော့ တစ်မျိုးကြီးရယ်လေ။

အစွဲအလမ်း စိတ္တဇ ဒုက္ခတစ်ခုကိုလည်း....
ငင်းလေးအလှကြောင့် အလွယ်တကူရရှိခဲ့....
မီးခိုးတာက်များသည်း ကိုယ့်ရဲ့အသဲညီးမှာစွဲ....
အေးချမ်းသွားဖို့ ကူညီမိန့်းလေးရယ်....

ဘယ်သူဆိုနေတာလဲဆိုသည့် မေးခွန်းကရင်ထဲသို့အလျှင် ... း ဝင်မွေသည်။ ယောကျ်ားလေးဆောင်ဘက်အမို့ သီ ... ဂေဟာ အလုပ်သမားကလေးတစ်ယောက်မှန်းတော့ သေချာ ... ၏၊ အဲသည် သီရိဂေဟာ အလုပ်သမား ယောကျ်ားလေး တွေထဲမှာ 'ဟိုအောင်လေး' လည်း ပါဝင်နေတယ်လေ ... တယ်တူန်းကများ အလုပ်ဝင်သွားပါလိမ့်။





သီရိဖျားတာက နှစ်ပတ်။ ပထမအကြိမ် သီချင်းသံလေး လွင့်လာတာ လွန်ခဲ့တဲ့သုံးရက်က သည်နေ့ ဒုတိယအကြိမ်။ သီရိ ဖျားမှ ရောက်လာတဲ့ အလုပ်သမား အသင်္ကာလေးထဲ က ဆိုတာဆိုလျှင် ဓားသံရှင်ဟာ အောင်လေးများလား ကွယ်။

မီးရထားကြီး ဖြတ်ခုတ်သွားသလိုပဲ....
နှလုံးသားထဲက အသံတွေ အတိုင်းသားကွယ်....
တဂျုန်းဂျုန်း တရျက်ရျက် အသည်းထဲက
မြည်တယ်....

ဟုတ်ပါ့။ သတိထားမိလိုက်တဲ့အခါမှာ နှလုံးသားက ဆောင့်ခုန်နေလိုက်တာမှ နဂါးပွက်တောင်မှ ရှုံလုံးကြီး ပွင့်တက်လာသလို ငုန်းခနဲတက်ပြီးမှ ဖြုန်းခနဲ ပြန်ကျအော မ်းရထားသံ ဂျုန်းဂျုန်းရျက်ဂျက်ထက်တောင် ဆိုးနေပါ ရောလားကွယ်။ ဩော်....သူ့ခများ သံစဉ်လေးရှာလိုက်၊ စာသားလေးထည့်လိုက် ထင်ပါရဲ့။ သည်အပိုဒ်လေးကိုပဲ တကြော့ကြော့နဲ့။ ချစ်စရာညလေးမှာ ချစ်စရာ ဂီတလေးနဲ့ သိပ်သည်းစွာ ခံစားနေရတဲ့ ဝေဒနာလေးကို မက်မော လိုက်ပါဘိတော့လယ်။

....❁....

'မေ...နေကောင်းသွားပါပြီလား ခင်ဗျ'

'ကြြော်....အေး'

'မမ...ကျွန်တော့်ကို မှတ်မိတယ်မဟုတ်လားဟင်'

ကောင်လေး ရိုကျိုးရှာ၏။ လေးစားသမှုလေး ပြရှာ၏။ စုတ်ချွန်းချွန်းမျက်နှာလေးနှင့် ပြုံးပြနေတာချစ်စဖွယ်လေးတောင် ဖြစ်နေ၏။ ခုမှ တွေ့ဖြစ်သည့် သွားရွှယ်လေးနှစ်ခုက သူ့မျက်နှာကို ချစ်စဖွယ်လေးဖြစ်အောင် ပံ့ပိုးပေး၏။ ဘာလေးတွေကြောင့်မှန်းမသိ၊ သူ့မျက်နှာသည် မြတ်နိုးဖွယ်လေး ဖြစ်နေ၏။ ဆွဲဆောင်မှုတွေရှိနေ၏။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ချစ်စရာလေးပါ။ သူ့မိဘများ ဘယ်လောက်များ ချစ်လိုက်ကြမလဲ။

မလှဘဲ၊ မချောဘဲ၊ ချစ်စရာကောင်းနေသည့် ရုပ်လေးမျိုး သည်တစ်ခါပဲ တွေ့ဖူးသည်။ မျက်နှာအခံကလည်း အချိုးကျလှသည်မဟုတ်၊ မျက်နှာပြင်ပေါ်ရှိ ပစ္စည်းတွေကလည်း ထိတ်ထိတ်ကြဲ အကောင်းစားကြီးတွေမဟုတ် ဖွဲ့စည်းတည်ဆောက်ပုံပဲ အချိုးကျလို့လား၊ တစ်ခုနှင့်တစ်ခု ထပ်ကာသွားလေးတွေ ပြည့်လျှံနေသည့် သူ့ပါးစပ်ကလေးကပဲ ချစ်ဖို့ကောင်းနေတာလားမသိ။ သည်ရုပ်မျိုးလေး ဂတ်ကာစားကာ ကြွေ့ကာ မော့ကာနှင့်ဆိုလျှင် ဆယ်ကျော်သက်လေးတွေ ကမ်းတမ်းစွဲကြလေမှာလား တွေးစရာ။

အိမ်က ပူစူးကိုပဲကြည့်။





မဂ္ဂဇင်းစာအုပ်ထဲမှာ တော်တော်ချောသည့် မင်းသားတစ်တစ်ယောက်ပုံ ပါလာ၍ သီရိက ချောလိုက်တာဟယ်ဟု ဘာရယ်မဟုတ် ပြောဖြစ်တော့ မချွဲပူစူးပြောပုံက....

'ဟင်....ချောချောကြီး'တဲ့။

'တဲ့....ချောတာ မကောင်းဘူးလား'

'ချောလွန်းအားကြီးတော့ မချောတော့ဘူး မမရယ်ရဲ့'

'ဟင်....နင့်အယူအဆက တစ်မျိုးကြီးပါလား'

'ပူစူးတို့က ခပ်မိုက်မိုက်မှ ကြိုက်တာ'တဲ့။

သည်ကောင်လေးကျတော့ ခပ်မိုက်မိုက်ပုံစံထဲသည်း ပါ ...ယ် မတင်။ ဘယ်လိုပြောရမှန်း မသိအောင်ကိုဘဲ သူ့ ...ပ်သွင်လေးက ထူးခြားနေခဲ့တော့တာ။

'မမ....မမှတ်မိဘူးထင်တယ်'

'မှတ်မိပါတယ်၊ အံ့သြနေလို့'

သည်နေ့ သီရိရုံးခန်းမှာ ပြန်သာလာထိုင်သည်။ မေမေက ...နဦး၊ နားဦး ဟု ပြောပါသေးသည်။ သို့သော်ငြား မယ့် သီရိ ...နချင်၊ မနားချင်တော့ပါ။ အလုပ်ဆိုတာ ရှုပ်ယှက်ခတ် ...ဘုန်းများဖြင့် နားချင်လိုက်တာ။ နားခွင့်ရကြသည်၊ ...ဆေ နားရတာ ပျင်းလွန်းလို့ သေချင်စော်နံသလောက်ကြမြ။ ပြီးတော့ ကောင်လေးကို သတိတရဖြစ်နေပါ ...ယ် ဆိုတာ အမှန်အတိုင်း ကိုယ့်ကိုယ်ကိုတော့ ဝန်ခံလိုက် ...်၏။

ကောင်လေးက သီရိရှေ့မှာ လက်မှတ်ထိုး စာအုပ်ထဲ ...က်မှတ်ထိုးအပြီး ဘေးနားမှာ ကိုယ့်ကို မှတ်မတ်ကလေး

ရပ်၊ လက်ကလေးနှစ်ဖက် ရှေ့မှာချလျက် နှုတ်ဆိတ်နေ
ခြင်း ဖြစ်ပါ၏။

'ဒီကို ဘယ်လိုရောက်လာတာလဲ'

'ကျွန်မတော့်သူငယ်ချင်း ထွန်းမောင်က ပြောပေးလာ
ပါ၊ ကျွန်တော် အလုပ်တန်းရပါတယ်၊ တို့...နှစ်ပတ် အစမ်း
ခန့်တောင် မလုပ်ရပါဘူး'

မီးခိုးပြာ ဆဖာရီကုတ်၊ ဂျင်းဘောင်းဘီနက်ပြာနှင့် သူ့
အသားက မဖြူပေမယ့် အညိုပေါ်မှာဖြူကြည်ရိပ်ပါးပါး
ပြေးသလို ထူးခြားသော အသား၊အရောင်နှင့် သူ့အရပ်
ရှည်ရှည် ပိုင်းပိုင်းလေးနှင့် ကြည့်လို့ကောင်း....ကောင်း
သေးတော့။

သီရိဂေဟာ အလုပ်သမားယောကျ်ားအားလုံး ဘောင်း
ဘီ ဝတ်ကြရသည်။ အလုပ်တွေက အလုပ်ကြမ်းများလျှင်
အမြင့်တက်ရတာတွေလည်း ပါသည်မို့ ဘောင်းဘီက အဆင်
အပြေဆုံး ဖြစ်၏။ ဂျင်းဘောင်းဘီတွေ ဆိုပေမယ့် နိုင်ငံခြားမှ
ဝင်လာသော ရယ်ဒီမိတ် (Ready Made) တွေ မဟုတ်ပါ။
ကျင်းသားတွေ မြန်မာပြည်ထဲသို့ အလိပ်လိုက်ဝင်တာရှိသည်။
သိပ်အကောင်းစားကြီးတော့ မဟုတ်။ ထူထူကြမ်းကြမ်းနှင့်
အစင်းကြောင်းတွေ ပေါ်နေသည့် အသားဖြစ်၏။

'အဲဒါ....ဟိုတုန်းကတော့ ဇင်ပိတ်ခေါ်တာပဲ' တဲ့။ မေမေ
က ပြောသည်။

အဲသည်ဇင်ပိတ်ကို နက်ပြာနု၊ ရင့်၊ မှောင် ဆိုးပြီး ဆောင်း
သည်။ အသားတွေကို ကိုယ်တိုင်းနှင့် ချုပ်ပေးခြင်းဖြစ်၏။





တချို့က ပွပွကြိုက်သည်။ တချို့က ကျပ်ကျပ်ကြိုက်သည်။
ဘောင်းဘီ အကြီးကြီးကျယ်ကျယ် ကိုယ်ဘော်လွှား
တခါးနားနှင့် ပေါင်ရင်းမှာ သင့်ရုံ၊ ခြေဖျားနားကျ
တော့မှ ကားသွားသည့် ဘဲလ်ဘော်တွန်ခေါ် ဟိုတုန်းက
ခေါင်းလောင်းဘောင်းဘီပုံစံ ချုပ်ထားသည်။ ဒါလည်း
တစ်မျိုးဆန်းသစ်ကာ ကြည့်လို့ကောင်းနေရပြန်၏။

'မင်း ကားမောင်းတတ်လား'

'မတတ်ပါဘူး၊ ခင်ဗျ'

'တတ်ချင်စိတ်ရှိလား'

'အရမ်းရှိပါတယ်'

'အေး....မင်းကို ကားမောင်းသင်ပေးဖို့ မေမေ့ကိုပြော
ဦးမယ်၊ မင်းရဲ့သူငယ်ချင်း ထွန်းမောင်ဟာ သိပ်သဘော
ကောင်းတယ်၊ အကျင့်စာရိတ္တသည်း ကောင်းတယ်'

'ကျွန်တော်လည်း ကောင်းပါတယ် မမ'

'ဘယ်သူက အာမခံတာတုန်း'

ကျွက်သရေက သူ့စားပွဲခုံ ထသွားကာ ချွန်းကို ခြေဆုံး
ခေါင်းဆုံး ကြည့်မေးသည်၊ ရှယ်တူလောက် ရှိမည်။ တစ်ဦး
ဦးက ကြီးရမည်ဆိုလျှင်တော့ ကျွက်သရေကပဲ တစ်နှစ်
နှစ်နှစ် ဆိုသလို ကြီးနိုင်၏။

'အဟဲ...ကျွန်တော့်ဘာသာဖဲ အာမခံရတာပါပဲ မမ
သေးရယ်'

'ထွန်းမောင်တစ်ယောက် ရှိနေတာ ကိုကိုကြီးအဘွား
တကယ့်လက်ရုံးပဲ'

'ကျွန်တော့်ကိုလည်း ခိုင်းကြည့်ပါ မမ၊ ကျွန်တော်က အလုပ်ကြောက်တတ်တဲ့ကောင်မျိုး မဟုတ်ပါဘူး ကြိုးစားချင်စိတ်ပဲ ရှိပါတယ်'

'မမငယ်က သူ့ကို ဒရိုင်ဘာခန့်မလို့လား'

'စဉ်းစားထားတာ တို့သွားချင်တဲ့အခါ ကြုံရာလူကို မောင်းခိုင်းနေရတာနဲ့စာရင် သီးသန့်ဖြစ်တော့ ပိုကောင်းမလားလို့'

'ကျက်သရေလည်း မေမေ့ကို အဲဒါပြောချင်နေတာ၊ တစ်ခါတစ်ခါ အိမ်မှာကျန်ခဲ့တဲ့သူတွေက မမိုက်ဘူး'

ကျက်သရေက နှာခေါင်းလေး ရှုံ့ပြလိုက်သည်။ နှာခေါင်းရှေ့မှာ လက်ဝါးလေးနှင့် ခတ်ပြသေးသည်။ ကျက်သရေလေးက အလွန်အသန့်အပြန့်ကြိုက်၏။ ကြံဖန်၍လည်း ရှုံ့တတ်သေးသည်။ ပိတ်သားကျော ဖြူဆွတ်နေသည့် သူ့အသားရောင်ပေါ်မှာ အရောင်ဖျော့ဖျော့၊ အရောင်ပါသည်ဟု ပြောနိုင်ရုံ အဖြူနီးပါးလေးတွေပဲ ဝတ်သည်။ ကလေးစိတ်လေးအလည်းမကုန်ချင်သေး၊ နှစ်ဆယ်တော့ နည်းနည်းကလေးတော့ ကျော်ပြီ။ ဘွဲ့လည်း ရပြီးပြီဆိုပေမယ့် မောင်နှမ ငါးယောက်ထဲမှာ အငယ်ဆုံးလေးမို့ မေမေ့အချစ်တော် အလိုလိုက်ခံလေးလည်း ဖြစ်သည်။

သူက အသားမည်းသူများကို ကြောက်၏။ အရုပ်ဆိုးသူများကို ကြောက်၏။

ဖေဖေဦးပြည့်စုံက တရားမြဲ နားချပေမယ့် ကျက်သရေလေးက ငိုရှာသည်။ သူနှင့် နီးနီးစပ်စပ် လုပ်ကိုင်ဆောင်





က်ရမည့်သူသည် အသားမည်းပါစေနှင့် အရုပ်မဆိုးပါစေနှင့်။ ကြောက်လည်းကြောက် ရှုံလည်းရှုံ့ရှာ....

'ဟင်....ကျက်သရေနဲ့ အရမ်းဆန့်ကျင်ဘက်ကြီးဖြစ်နေလို့ ကြောက်တယ်'ဟု ပြောပြောဝိုသည်။ ပုနီးရည်ကြီးမသား၊ ာက်လှိုင်းတီမုန့်မစား၊ ကောက်ညှင်းပေါင်း ဆိုလျှင် ချိပ်မစား၊ အဲသည်လို သူငယ်မလေး။ သူ့သွားစရာရှိလို့ ့အတွက် ယာဉ်မောင်းခေါ်ပေးရလျှင် အသားမည်းနေ င်၊ အရုပ်ဆိုးနေလျှင် မသွားတော့ပါ။

'ကျက်သရေနော်၊ အဲဒါ ရောဂါ၊ စိတ်နဲ့ဆိုင်တယ်၊ ဲ့အလမ်းကို ဖျောက်'ဟု ပြောထားရသည်။

အဲသည်လိုသူငယ်မလေးက ယာဉ်မောင်းအတွက် ကောင့် းကိုကျတော့ လက်ခံနိုင်သည် ထင်ရဲ့။

'သူ့ကို ကားမောင်းဖို့ သပ်သပ်ထားမယ်ဆိုရင် ကျက် ရာ ဘယ့်နှယ်လဲ'

'ဖြစ်ပါတယ်'

ဖြစ်ပါတယ်ဆိုမဲ့၊ ဒါဆို ကျက်သရေရဲ့ မျက်စိထဲမှာ င်ဆေးဟာ အသားမမည်းလို့ပေါ့။ အရုပ်မဆိုးလို့

'သေချာရဲ့လား၊ မေမေ့ကို ပြောရဦးမှာ'

'သေချာပါတယ် မမငယ်ရဲ့'

ချွန်းကို ရှေ့ထားလျက် စစ်တုရင်ခုံမှ အရုပ်ကလေး ့လို ရှေ့ချင်ရာရွှေ့ဖို့ ညီအစ်မနှစ်ယောက် တိုင်ပင်နေ သည်ဟု ချွန်းက သဘောပေါက်လိုက်သည်။ သို့ပေမယ့်

စိတ်မဆိုးပါ။ နာကျင်စွာ ခံစားရမှုမျိုးလည်း မဖြစ်ထွ…
ပါ။ ချွန်းက သူတို့ဆီမှာ အလုပ်သမားလေ။ သူတို့ထား…
မှာနေ၊ သူတို့စေရာသို့ သွားလိုက်ရုံပဲပေါ့။ အထူးသဖြင့် …
ထားလျှင် အဝီဝီမှာလည်း နေရပါသည်။ ယောယု…
လည်း သွားချင်ပါသည်။

'ဟဲ့....ဒီပုဂ္ဂိုလ်ကလေးက ပုံဆန်းပါလား'

မမကြီးက ဝါသနာအတိုင်း ကျယ်ကျယ်လေး…
ရောက်လာသည်။

'ကြည့်ပါဦး... ဘဲလ်ဘော်တွန် Bell Bottom နဲ့…
လား'

အဝေးမှ လျှောက်လာသူမို့ တစ်ကိုယ်လုံး ခြုံကြည့်…
လိုက်သည့်အခါမှာ လူတကာထက် ထူးခြားနေသည့် …
လောင်းပုံအောက်ကား ဘောင်းဘီကို မမတို့ အရင်…
သတိထားလိုက်မိသည်။ ကျွန်သရေက ငုံ့ကြည့်၏။ ထူး…
မတ်ကတ်ရပ်နေသူကော။ သီရိကကြည့်ချင်သည်ဆိုလျှင် စား…
မှ ထရဦးမည်။ တကူးတကသွားပြီး ပြူးပြဲကြည့်လျှ…
ကောင်လေး ရှက်ရှာတော့မည်လေ။

'မင်းက ဒီပုံစံချုပ်ခိုင်းတာပေါ့၊ ဟုတ်လား'

'ဟုတ်ကဲ့ပါ မမကြီး၊ မမကြီးမကြိုက်ရင် ပြင်လိုက်…
ယ်'

'ဟုတ်ပါဘူး၊ မကြိုက်မရှိပါဘူး အံ့သြလို့ပါ။ ဒီ…
မျိုး ဘောင်းဘီကို လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က …
မြန်မာပြည်က ကောင်လေးတွေ ရုပ်ရှင်မင်းသားတွေ အ…





…ဝတ်ခဲ့သေးတာ၊ ကျွန်သရေတို့ဆို ဘယ်မီခဲ့လဲ တို့
… မမီပါဘူး၊ ဒါပေမယ့် တို့က စာအုပ်တွေ ခေတ်ပုံ
…မှာ တွေ့ဖူးရသေးတယ်'

ချွန်း ရှက်စိတ်ဖြင့် မျက်နှာလေး ရဲလာသည်။

'ဘောင်းဘီဆိုတာ နိုင်ငံခြားကလာတာပဲ၊ သူတို့ဆီမှာ
…တဲ့ ဖက်ရှင်ကို တို့မြန်မာတွေက လိုက်တုကြတာ၊ သူတို့
…ချင် တို့လည်းလိုက်ကျပ်၊ သူတို့ပွရင် တို့လည်းလိုက်ပွ
…၊ ဒီဘဲလ်ဘော့တွန်က မြန်မာပြည်မှာ ခေတ်တုံးသွား
…ကြာပြီ....

'အဲဒါ အခု နိုင်ငံခြားတွေမှာ ပြန်ခေတ်စားနေပြီ၊
…မာပြည်ကိုတော့ သိပ်ရောက်သေးတာမဟုတ်ဘူး၊ တော်
…ဆို ဖောဖောသီသီ ရောက်လာတော့မှာ ခုတော့ မင်းက
…သူ ဖြစ်သွားတာပေါ့၊ ဘယ်ဟုတ်တာပဲ'

ချွန်း ရှက်ရယ် ရယ်လိုက်သည်။

'ကျွန်တော်က အဲဒါတွေ နားလည်လို့ မဟုတ်ပါဘူး
…ကြီးရဲ့၊ တစ်ခါတလေကျ ဘောင်းဘီကို ခေါက်လိုက်ရ
…မျိုးတွေ ရှိပါတယ်၊ အလုပ်လုပ်တဲ့အခါမှာ ဘောင်းဘီ
…ရှားထိန့်ဆိုရင် လုပ်လို့မကောင်းဘူး မမကြီးရဲ့၊ ဒူးခေါင်း
…သာချုပ်ထားပြန်လည်း မမကြီးတို့ရှေ့မှာဖြတ်သွားဖြတ်
…နဲ့ မတင့်တယ်မှာ စိုးလို့ပါ....

'ခုလို အောက်ခြေခွာထားနေတော့ ပြန်ခေါက်တင်ရ
… လွယ်ပါတယ်၊ အောက်ခြေကျဉ်းနေရင် ခေါက်လို့မရ
… ဆွဲဆွဲဆင်နေရတော့ အလုပ်လည်း ခရီးမတွင်ဘူး၊ အဲဒါ

ကြောင့်ပါ၊ နိုင်ငံခြားမှာ ဘာတွေခေတ်စားနေလဲ
တော်ထည်း မသိပါဘူး'

ညီအစ်မတွေ ရယ်ကြသည်။

'ကိုကိုကြီး စုထားတဲ့ ပုရက်စလေဖုံတွေဆိုရင် ဘဲလ်
တွန် ချည်းပဲ'

'ဝင်းဦးပုံတွေလည်းဘဲလ်ဘော်တွန်တွေချည်းမဟုတ်

'နှာမည်ကြီး၊ အဆိုတော် မင်းသားတွေလေ ဒီတိုင်း
မင်းလည်း နှာမည်ကြီးအဆိုတော် မင်းသားဖြစ်နိုင်တယ်'

'ခခကြီးထလဲ သူ့ခမျာ ရှက်နေပါပြီ'

'ဟဲ့....အလေးမို့စတာ'

ချွန်း ရယ်လိုက်သည်။ နှာခေါင်းဖျားနှင့် နားရွက်
လေးတွေ ရဲရဲနှင့် သွားစွယ်လေးဖွင့်ပြီး ရယ်နေပုံက အ
ထင်းလှ၏။ ကြည့်လို့ကောင်းတာ အမှန်ပဲမို့ ညီအစ်မ
ယောက်လုံး ဆက်ကြည့်နေဖြစ်၏။

'မကြီး မှမငယ်တ သူ့ကို ထားမောင်းသင်ခိုင်း
တဲ့ မေမေ့ကို ပြောပေးဦးနော်'

အလုပ်ကိစ္စမှာဆိုလျှင် မမကြီးကို အသိပေးပြီးမှ
လုံး လုပ်ကြရမြဲ၏။

'ကောင်းသားပဲ၊ ယာဉ်မောင်းသီးသန့်မရှိတာ မမ
လည်း မကြိုက်ဘူး'

'မေကြီး ချွန်းက ကိုကိုကြီးတို့အိမ်က မောင်ထွန်းမော
ထောက်ခံချက်နဲ့ ဝင်လာတာ'





ချွန်း မျက်နှာလေး ဝင်းတက်သွားရသည်။ စောစော
အနီအရဲတွေ ပျောက်ကုန်၏။

'ကျွန်တော့်နာမည် ချွန်းပါ၊ မောင်ဖိုးချွန်းကလေး
ပါ'ဟု မမကို မပြောရသေးပါ။ မမသလည်း မမေးသေး
ပါ။ သို့ပေမယ့် မသိနှင့်နေပြီ၊ သိနှင့်နေပြီဆိုတာ စုံစမ်း
ထားလို့၊ စုံစမ်းထားတာ စိတ်ဝင်စားလို့၊ ပြီးတော့'ဖိုးချွန်း'
ခေါ်လည်း ရပါလျက် 'ချွန်း'တဲ့ ချွန်းတဲ့လား. မမရယ်။

'နှာမည်က ဘယ်သူ'

မမကြီးက အမည်မေ့နေပုံနှင့် ထပ်မေး၏။

'မှတ်ပုံတင်ထဲမှာ မောင်ဖိုးချွန်းကလေးပါ မမကြီး'

'နာမည်က ရှိုးသလိုလိုနဲ့ ဆန်းသားပါလား'

'ဖေဖေက ဖိုးချွန်းအလေးလို့ မှည့်တာပါ၊ ကျောင်း
နေတော့ နာမည်ရှေ့မှာ မောင်ထည့်လိုက်တာပါ'

'မောင်ဖိုးချွန်းဖြင့်လည်း မောင်ဖိုးချွန်း၊ ဒါမှမဟုတ်
ချွန်းကလေးဖြင့်လည်း ချွန်းကလေးပေါ့၊ မင်းအဖေက စိတ်
ကူးဆန်းသားပဲ၊ ဖိုးချွန်းကလေးတဲ့'

'ချစ်စနိုးနဲ့ မှည့်ခဲ့တယ်လို့ ပြောပါတယ်'

'ဘာအဓိပ္ပာယ်လဲ မသိဘူးနော်'

'စုတ်ချွန်းချွန်းလေးနဲ့ ချစ်စရာကောင်းလို့တဲ့'

ခုမှ ဝါးခနဲ ရယ်လိုက်ကြသည်။ အားနာမနေကြတော့
ပါ။ ရင်းနှီးမှုက ထင်ထိုင်တည်း ဖြစ်ထွန်းသွားတော့သည်။

'အစစ်ပဲ မင်းမျက်နှာက စုတ်ချွန်းချွန်းလေး လိုလိုနဲ့
တော်တော်ကြည့်ကောင်းတာပဲ၊ အကြည့်ခံတယ်ဆိုတာ

မျက်နှာမျိုးပေါ့၊ ကြာကြာကြည့်လေ ကြည့်ကောင်းလေပဲ၊ အထရက်ရှင်[Attraction] ဆွဲဆောင်မှုရှိတဲ့ မျက်နှာမျိုးကွ

မှခ သတ္တိပြည့်စုံနှင့်ကျတော့ အသက်ချင်းက တော်တော်ကြီး ကွာသည်။ ပြီးတော့ မမကြီးက အိမ်ထောင်သည်လည်း ဖြစ်၏။ တူအရွယ် သားအရွယ်ထိ မကွာလှပေမယ့် ကိုယ့်အလုပ်သမား လူငယ်လေးကို မမကြီးကတူလိုသားလိုသဘော ထားလိုက်ပုံ ရသည်။ ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်းပဲ ပြောရင်း သူလည်းတစ်ဝကြည့်လေ၏။ ကျက်သရေရှိလှသော မခကြီးစကားကို ထောက်ခံဖို့ ကြာကြာလေး ငေးကြည့်နေသေးသည်။

သီရိအဖို့မှာ ပြောဖို့ လိုသေးလား။ ပြောနေရဦးမှာလား။ ကြည့်လို့ ကောင်းလိုက်တာ ကောင်လေးရယ်၊ ချစ်ဖွယ်လေး။

—◎—

သိပ်လှတဲ့ မိန်းကလေးကို ချစ်မိတော့လည်း...
သူ့ကြောင့် စိတ္တဇဖြစ်မယ် ကျိန်းသေတယ်....





သိတယ်....သိလျက်နဲ့လည်း ကိုယ့်အချစ်တွေ ထိန်းချုပ်မရခဲ့...
နေ့ခက်ဆုတ်ဖို့ ကြိုးစားလေတိုင်း....
တိုးတိုးပြီး ချစ်မိနေတယ်....
မင်းမျက်နှာ ငေးကြည့်နေရင်း....
ဝေးရမှာ ကြောက်ကြောက်လာတယ်....

ချစ်စရာညလှလေးကတော့ပြုံးစားလို့ နေပြန်ပါပြီ။ ခါတိုင်းလို သီချင်းအေးလေး မဟုတ်တော့ဘဲ ဘည်နေ့ကျတော့ မြူးမြူးသွက်သွက်လေး ဖြစ်နေသည်။ သီချင်းသံနှင့်အတူ မြူးကြွသော လူငယ်ယောကျာ်းသံ သဲ့သဲ့လေးတွေလည်း ကြားရသည်။ ကောင်လေး စည်းရှိုးရေး တောင်းတာလား၊ ရွယ်တူ တန်းတူ လေးတွေကပဲ ဂီတထဲမှာ ပျော်ဝင်ကြတာလား မသိ။ သီရိဂေဟာပိုင်ရှင်ကြီးများနှင့် တစ်ဝင်းတည်း တစ်ခြံတည်း နေရတာမို့ သိပ်ပြီး ဆူဆူညံညံ မလုပ်ကြရှာ။ သံစတိတာလေးတွေကိုပဲ ပြန်သနားဖို့ ဖြစ်တော့သည်။

သိပ်လှတဲ့ မိန်းကလေးကို ချစ်မိတော့လည်း....

ဝိုင်းဆိုသံ သဲ့သဲ့လေး ကြားရသည်။ စကားလုံးတွေ မပီသပါ။ ကောင်လေးတစ်ယောက်တည်း ဆိုတုန်းကတော့ တစ်သံတည်းမို့ စကားလုံး ပီသသည်။ ဟော့...ဟော့.... ဟော့....ဟော့....ဆိုသည့် စည်းလိုက်သံ မှန်မှန်ကိုလည်း ကြားရသည်။ သူတို့ ပျော်နေကြသည်ပဲ။

သီရိ မျက်ဝန်းတွေက လန်းဆန်း လတ်ဆတ်လွန်းစွာ ပွင့်နေ၏။ မျက်ခွံ နှစ်ခုက စေ့ပစ်ဖို့ ငြင်းဆန်နေကြသည်။

'ဒိုင်ယာဇီပင်ဖိုက်လောက်တော့ အချော့'

အဲသည်လို အော်နေကြသည်။ အိပ်မပျော်လို့ ပုတီးစိပ် ရမှာ ကျတော့လည်း သိရိ လိပ်ပြာ မလုံပါ။ စိပ်ပုတီးကို စိပ်ချင်လို့ ကြည်ညို ဆဒ္ဒါပွားလို့ စိပ်တာပဲ ဖြစ်ချင်၏။ မနက်တစ်ခေါက်၊ ညဦးပိုင်းတစ်ခေါက် တစ်နေ့ကို နှစ် ခေါက် မေမေနှင့်အတူ စိပ်သည်။ စိပ်ဖြစ်သည်။ မေမေ ကတော့ ပြောသား။

'အိပ်မပျော်ရင် ပုတီးစိပ်ပါလား သမီးရဲ့' တဲ့....

အိပ်မပျော်လို့ စိပ်တာမျိုး မဖြစ်ချင်ပါဘူး။ တစ်ခုတော့ ရှိသည်။ သမ္ဗုဒ္ဓေဂါထာတော်ကြီး ရွတ်လျှင် ဖြစ်၏။ အဲဒါ ကတော့ နေ့တိုင်း တစ်နေ့ကို တစ်ရာ့ရှစ်ခေါက်ရွတ်နေကျ။ စိတ်အားလျှင် အားသလို၊ လူအားလျှင် အားသလို ရွတ် နေသည်။ တစ်ထိုင်တည်း အပြီးရွတ်ဖြစ်တာ ရှား၏။ တစ်ခါ တလေကျ အခေါက်နှစ်ရာ နီးပါးတောင် ဖြစ်သွားရသေး သည်။ တစ်ရာ့ရှစ်ခေါက်ကတော့ အနည်းဆုံး ရွတ်တာပါ။

သမ္ဗုဒ္ဓေ....အဋ္ဌဝီသဉ္စ....

အသံထွက်၍ ရွတ်လိုက်သည်။ ရွတ်နေကျ ချောင်းချောင်း ပြေးရနေသည့် ဂါထာတော်မို့ စိတ်တည့်စရာမလိုဘဲ ရွတ် နိုင်သည်။ ရွတ်ဖြစ်နေ၏။ သို့ပေမယ့်....နားထဲကျတော့အသံ တစ်သံ ဝင်နေသည်။

သူ့မျက်နှာ ငေးကြည့်နေရင်း....
ဝေးရမှာ ကြောက်ကြောက်လာတယ်....





ကောင်လေး....မင်းနှိပ်စက်ပြီ။ မင်းပြုစားပြီ။ ဂီတဆိုတာ ...တစ်ယောက်ရဲ့ မာရေကျောရေ တင်းမာ ခက်ထန်မှုတွေ ... ညွတ်ပျောင်း စေနိုင်တဲ့ စွမ်းအားရှင်။ မနုလို အစ ...တည်းက သိုးဆလေးတစ်ကောင်လို အေးဆေးစွာ နေ ...တတ်တဲ့ညဉ့်နက်ညလေးတွေကိုချစ်တတ်တဲ့အညွတ်အပျောင်း ...လေးကိုဆို ထုံးလိုချေလို့ ရေလိုနှောက်တော့မယ် ထင်ပါ ...ကောင်လေးရယ်။

ညကလေးက နက်လာသည်။ ဂီတသံလေး တိတ်သွား ...သည်။ သို့ရိမျက်ကြောလေးတွေ တွန်းအား မပါဘဲ ပိကျ ...သည်။

မမရဲ့ ညဉ့်နက်ညလေးတွေထဲမှာ မင်းရဲ့ ဂီတသံလေး ...တာဝရ တည်ရှိဖို့ ...အိပ်နေပြီနော်။

....◎....

တစ်ဆောင်လုံး အိပ်မော ကျသွားပါပြီ။

ဘေးနားမှာ ကွပ်ပျစ်ချင်း ယှဉ်၍ အိပ်သည့် အောင် ...င်းထံမှ ဟောက်သံသဲ့သဲ့တောင် မှန်မှန် ထွက်လာသည်။ ...ချွန်း အိပ်မပျော်နိုင်သေးပါ။ ချွန်း မျက်စိတွေ ကြောင်

နေသည်။ ကြောင်နေသည် ဆိုတာထက် မျက်ဝန်းအိမ်ထဲ ခုန်ထွက် ပြေးသွားကြသည်ဟု ပို၍ ဆိုချင်၏။ မီးချောင်း မကျမ်းတော့ပေမယ့် ငါးတိုင်အားလောက်သာ ရှိမယ့် ညစ် ပြာပြာလေး ရှိနေတဲ့ အခန်းနားဆီမှာ ဝေ့သို ဝဲပျံနေ ခဲ့ အထက် ရှုသံ တိုးတိုး တိမ်တိမ်လေးကို ရှာဖွေ ခံစား နေကြမည် ထင်သည်။

ဓမ အခန်းကို ခြံထဲဆင်း၍ တကူးတက ကြည့်မှ မြင်နိုင် ရပါသည်။ နှုန်တံခါးတစ်ထပ်၊ သံပန်းတစ်ထပ်၊ ခြင် ဆေး ခါ တံခါးတစ်ထပ်၏ နောက်မှာမှ ခန်းဆီး ထူထူ ချထား သည့် မမအခန်းမှာ အလွန် မှိန်ပျသည့် မီးရောင်သဲ လေး ရှိသည်၊ သို့ပေမယ့် မည်သည့် ပုံရိပ်မျှ စွန်းထွင်းခြင်း မရှိအောင် လုံလဲပါ၏။ သီရိဂေဟာ တိုက်ကြီးနှင့် အမျိုး သမီး အလုပ်သမားဆောင်က ပိုနီးသည်။ စိတ်တိုင်းကျ ကူးသွား၍တော့ မရပါ။ သံဆန်ခါ ခြံစည်းရိုး ငါးပေ အမြင့်ခြားလျက် သီရိဂေဟာဘက်မှ တံခါးကို သော့ခတ် ပိတ်ထားသည်။

အဲဒါပြီးမှ ငါးပေခွဲအမြင့် အုတ်ရိုးကာပြီးမှယောကျ်ား အလုပ်သမားဆောင် ဖြစ်သည်။ အရပ်မြင့်သူတွေတော့ လှမ်းမျှော်ကြည့်လို့ ရ၏။ အရပ်ပုသူတွေဆို မြုပ်နေသည်။ အုတ်တံတိုင်းမှာ ခိုင်ခံ့လှသည့် သံတံခါးကြီးရှိသည်၊ သီရိ ဂေဟာဘက်မှပဲ သော့ခတ်၍ ပိတ်ထားသည်။ အဆောင် နှစ်ခုလုံး၏ ထွက်ပေါက်တွေကို ဒေါ်တင်မြိုင် သော့ကိုင် သည်။ တစ်ဆောင်နှင့် တစ်ဆောင် ဖြတ်သန်း သွား လာ





ပ်လို့လည်း မရပါ။ သူ့စိတ်ကြိုက်နှင့်သူ ရှိသည်။ မနက်ကျ ပ်ဝန်းခွင်ဝင်ဖို့ ကိုယ့်စကြိုမှ ကိုယ်သွားလျှင် အမျိုးသား ျိုးသမီး အလုပ်သမားတွေ သွားရင်း လာရင်းတော့ တွေ့နိုင်ပါ။

အဲ့သည်လောက်ထိ စည်းကမ်းကြီးသည်။

အလုပ်ခန်းထဲ စုထိုင် နေကြတုန်း တစ်အုပ်စုနှင့် တစ် ပ်စု တွေ့ဖူးမြင်ဖူး ဖြစ်ရသည်။ ထမင်းစား ဆောင်မှာ ကြရသည်။ တစ်ယောက်နှင့် တစ်ယောက် ခင်မင် ရင်းနှီး ရသည်။

'အချင်းချင်း ကြိုက်သွားကြတာမျိုး မရှိဘူးလား'

အောင်ဝင်းကို မေးကြည့်ဖူးသည်။

'မသိသေးရင်တော့ ဖုံမှန်ပဲ၊ သိတာနဲ့ အလုပ်ထွက်ရ သ်'

မပေးစားဘူးပေါ့'

'မေးတယ်၊ ယူကြမလားတဲ့၊ မယူဘူးဆိုလည်း အလုပ် က်၊ ယူမယ်ဆိုလည်း ထွက်ပဲ၊ ယူမယ့်သူတွေကို အိမ် ောင်ဦး စရိတ်ဆိုပြီး ထောက်ပံ့လိုက်တယ်'

'ဒါဖြင့် ဒီမှာ အပျို လူပျိုချည်းပေါ့'

'အေး၊ အပြင်မှာ ကိုယ့်မိသားစုကို ပစ်ခဲ့လို့ မရလို့ က်နေ အလုပ်ဆင်းတဲ့ ကောင်တွေလည်း လူပျိုပဲ၊ သူတို့ မှာ မိန်းမသားချည်းမို့ ညရေ၊ ညတာ မနေနိုင်တဲ့သူ တွေပေါ့'

'အိမ်ထောင်သည် ဘာဖြစ်လို့ လက်မခံတာလဲ'

'အိမ်ထောင်သည်တွေက အပျို လူပျိုထက် ပိုထိန်းခ
ခက်တယ်တဲ့'

သီရိဂေဟာမောင်နှမတွေထဲမှာ သုံးယောက် အိမ်ထောင်
ကျပြီးပြီမို့ 'အိမ်ထောင်မပြုရ' မူတော့ ရှိမည်မထင်ပါ။
သို့ပေမယ့် ဂုဏ်ချင်း၊ ငွေချင်း၊ ပညာချင်း ထပ်တူညီသူ
နှင့်သာ ဖြစ်ပါလိမ့်မည်။

အတွေးတွေက ရင်ထဲမှာ ပွလာသည်။ အိမ်မှ မနေ
ကျလျှင် မမသီရိကို လေယာဉ်ပျံကွင်း လိုက်ပို့ရမည်။
အိပ်တော့လည်း အိပ်တာပါပဲ။ ပျော်တော့လည်း မပျော်
ဘူးလေ။

'အို.... နေမကောင်းဘူးလား'

'ကန်တော့ မမ၊ ကျွန်တော် အအေးမိနေလို့ပါ'

နှာခေါင်းတရှုံ့ရှုံ့ လုပ်နေရတာ မမကို အားနာလှ
ပါပြီ။

'နေမကောင်းရင်လည်း နေလေ၊ တခြားတစ်ယောက်
သွားလိုက်မယ်'





'ကျွန်တော် ပို့ချင်လို့ပါ၊ ပို့ပါရစေ'

စကားမှားသွားပြီလားဟု ရင်ထဲမှာ စုန်းခနဲ ဆောင့်
နေသည်။ သီရိဂေဟာ သူဌေးသမီးကို ယာဉ်မောင်း
စေစားပြောသည့် စကားကဲ့ ညုတုတု၊ ရိုချွဲချွဲ ဖြစ်
သွားလေသလား။ ရင်ထဲမှာရှိသည့်အတိုင်း ပြောဖြစ်တာ
ပေမယ့် ယာဉ်မောင်း လခစားတစ်ယောက်ဟာ ကိုယ့်
အလုပ်ရှင် သူဌေးသမီးကို ညုညုချွဲချွဲ ဘယ်ပြောသင့်
သလဲ။

'အန္တေးထည် သွားဝတ်ဦးမလား'

'ဟုတ်အင်း၊ အဲဒီလိုတော့လည်း အိုက်တယ်'

'အပြန်ကျ အဲယားကွန်းဖွင့်ပြီး တံခါးပိတ် မောင်းလာ
ရမှာ၊ ယူချင် သွားယူချေ၊ တို့ကြိုရမယ့်သူက နိုင်ငံခြားအ
ပြန်လာတာ'

'ဟုတ်ကဲ့ မမ'

အမှန်တကယ်ကို ဝန်ခံချင်ပါသည်။ ချမ်း အန္တေးထည်
သွားယူဖို့ စိတ်မှသန်ပါ။ သည့်သောက်လည်း မနပါ။
ပေမယ့် မမစကား နားထောင်ချင်တာ တစ်ခုတည်းနှင့်
တိုက်တစ်လျှောက် ပြန်ပြေးကာ အဆောင်မှာ အန္တေးထည်
ပြန်ယူဖြစ်သည်။ အဖေ့ဆွယ်တာလေးလေ။ တော်တော်
တော့ ဟောင်းနေပါပြီ။ ဒါပေမယ့် ပရုတ်နံ့ကလေး
သင်းသင်းနှင့်ရယ်ပါ။

'ညည သီချင်းဆိုတာ ချမ်းလား'

ကားစမောင်းသည်နှင့် မမက စကားစပြောသည်။

'ဟုတ်ကဲ့ပါ မမ'

'အရင်တုန်းက ဆိုဖူးလား'

'ကျွန်တော် ကျောင်းနေတုန်းက ကျောင်းမှာ ဆ[illegible]
တန်တော့ပွဲတို့ဘာတို့ပေါ့မမ၊ အဲဒါတွေမှာ ဆိုပါတယ်၊ကို[illegible]
အိမ်မှာလည်း ကိုယ့်ဘာသာ ဆိုနေတာပါပဲ၊ မမ အနေနဲ[illegible]
အယုက်မျှား ဖြစ်မလား မသိဘူး'

'အို.... မဖြစ်ပါဘူး၊ နားထောင်လို့ ကောင်းပါတယ်'

'ကျွန်တော် ညည ဆိုတော့ စည်းကမ်းပျက်ရာမျ[illegible]
ကျမလား မသိဘူး'

'မဖြစ်ပါဘူး၊ သိပ်အကျယ်ကြီးမှ မဟုတ်တာ'

'ကျွန်တော် သီချင်းမဆိုတဲ့ နေ့တစ်နေ့မှ မရှိဘူး မ[illegible]
တိုးတိုးနဲ့ ကျယ်ကျယ်ပဲ ကွာတယ်၊ အပုဒ်ရေအနည်းအမျ[illegible]
ကွာတယ်၊ နေ့တိုင်းတော့ ဆိုတာပဲ'

'တော်တော် ဝါသနာပါတယ်ထင်တယ်'

'ဟုတ်ကဲ့'

'တီဗီတွေ ဘာတွေ မရိုက်ဘူးလား'

'ဟာ....မမ၊ တီဗီတစ်ခါရိုက်ရင် ပိုက်ဆံအရမ်းကုန်တာ
ကျွန်တော် စုံစမ်းပြီးပြီ၊ မတတ်နိုင်ဘူး မမရဲ့'

'တီဗီက ပိုက်ဆံပေးရလို့လား'

'မြန်မာ့ရုပ်မြင်သံကြားကိုတော့ ဘယ်ပေးရမလဲ၊ သူ[illegible]
က အလကားရိုက်ပေး၊ မိတ်ကပ်တောင်အလကားလိမ်း[illegible]
သေးတယ်'

'ဒါဖြင့် ဘာက ကုန်တာလဲ'





'ပထမဆုံး သီချ[illegible]းဖယ်ရတယ်၊ တစ်ပုဒ်ကို တစ်သောင်း
[illegible]ဲ့ နှစ်ဆောင်းတဲ့၊ နာမည်ကြီးသေးတဲ့ တေးရေးဆိုရင်
[illegible]ောင် သုံးလေး ငါးထောင်ပေးရတယ်'

'ကိုယ့်ဘာသာ မရေးဘူးလား'

'ရေးတော့ ရေးပါတယ်'

'ဒါဆို သီချင်းဝယ်ဖို့ မကုန်တော့ဘူးလေ'

'တီးဝိုင်းငှားရတယ်မမရဲ့၊ စတူဒီယိုငှားရတယ်၊ တစ်ပုဒ်
[illegible] တစ်သောင်းလောက်ကုန်တယ်၊ တချို့ဝါသနာရှင်တွေ
[illegible] စုပြီးလုပ်ပေးတဲ့ သူတွေရှိတယ်၊ အဲဒီလူတွေနဲ့ဆိုရင်
[illegible]လုပ်တော့ နည်းနည်းပါးပါး သက်သာပါတယ်'

'တစ်သောင်းကုန်ရင် သီချင်းတစ်ပုဒ် ရိုက်ဖြစ်ရောသား'

'ဟုတ်ကဲ့'

'ချွန်နီး ရိုက်ပါလား၊ မမပေးမယ်၊ သုံးပုဒ်လောက်ရိုက်
[illegible]လား'

'ဟာ.... ခမ'

သုံးသောင်းကြီးများတောင်ပါလား။

'ကျွန်တော် မရိုက်ပါရစေနဲ့'

'ဘာဖြစ်လို့လဲ'

'မမဆီက ပိုက်ဆံကို ကျွန်တော် မဖြုန်းချင်လို့ပါ'

'ဒါ....အနုပညာဖန်တီးမှုပဲ၊ ဖြုန်းတာမှ မဟုတ်တာ'

'အနုပညာ ဖန်တီးတာက ကျွန်တော်၊ ပိုက်ဆံကုန်တာ
မမဆိုတော့ တလွဲကြီး ဖြစ်နေပါတယ် မမ'

သီရိ အသံတိတ်သွားသည်။

ကောင်လေးကို တီဗီဖန်သားပြင်ပေါ်မှာ ကြည့်ရ
လိုက်တာ။ သို့ပေမယ့် သည်ကောင်လေးဟာ သူလည်း
ပိုက်ဆံရှိ။ ပေးလည်း မယူ။ ချွန်း မမပိုက်ဆံ သုံးသော
အကုန်ခံတာဟာ ပြောရင် မင်း ယုံမလား။ မင်းကို ကူညီ
သက်သက်မှ ဟုတ်ဘူး၊ မခကိုယ်တိုင်က မင်းရဲ့အရုပ်နဲ့ အသံ
ကြွဲပြီး ဖန်သားပြင်မှာ တွေ့ချင်စိတ် ပြင်းပြနေတာ။ ကိုယ်
ဆန္ဒ ပြည့်ဝဖို့အတွက် ကိုယ်က စိုက်ထုတ် ကုန်ကြမှုမျိုး အဲဒါ
မင်းပိုက်ဆံ လက်ခံအောင် လှည့်ပတ်ပြောဆာ မဟုတ်ပ
ဘူး။ တို့ရင်ထဲက ဆန္ဒအမှန်ပဲ ကောင်လေးရယ်။

တို့က သီချင်းလေးတွေ ကြိုက်တတ်တယ်။ တို့ရဲ့ ညဦး
ည လှလှလေးတွေထဲမှာ ထက်ဆက်ခွေ နားထောင်ခြင်း
ဟာ တို့ကြိုက်တဲ့ စာရေးဆရာရဲ့ ဝတ္ထုတွေဖတ်ခြင်းနဲ့ တ
တူ မက်မော တန်ဖိုးထားတဲ့ အလေ့အကျင့်တစ်ခုပဲ။

ပြောရင်းက ထားပါလားနော်။

'မင်း စီးရီးရော မထုတ်ချင်ဘူးလား'

'ဘယ့်နှယ်ပြောပါလိမ့် မမရယ်၊ ဒါပေမယ့်ဒီတစ်ဆ
မှာ ထုတ်နိုင်တော့မယ် မထင်ပါဘူး'

'ကွယ်...အညွန့်တုံးစကားကြီး ပြောရလား'

'စီးရီးတစ်ခွေ ဘယ်လောက်ကုန်လဲ မမသိလား'

'အဲဒါ မသိဘူး'

'ခုဆို တီးဝိုင်းက တစ်သိန်း၊ စတူဒီယိုက တစ်သိန်း
ဘူး နည်းနည်းပါးပါး ကျော်ဦးမှာနဲ့၊ ကိုယ့်သီချင်း
ဆွဲတီးနေတဲ့အခါတွေမှာ စားသောက်စရိတ်က အဆို





တဝန်း၊ ပြီးတော့ တချို့အဖွဲ့တွေဆို ကြိုပို့ပေးရတယ်၊
ထားငှားရတယ်၊ အများကြီးပဲ မမ၊ သီချင်းမပါ ကိုယ့်
ဘာသာဆိုမှာမို့ ဆိုခမပေးရပေါ့နော် သုံးသိန်းလောက်ကုန်
နေပြီ။ သီချင်းပါခယ်မရင် လေးငါးသိန်း၊ ဒါ ကြော်ငြာ
ခ ဝေါလ်ရှိတို့ မပါသေးဘူး'

'ဟ...ကုန်လှချည်လား'

'ကုန်ပါတယ် မမ၊ ကျွန်တော် သူများအိမ်ခွာ ဆယ်နှစ်
ခံပြီး စုရင်တောင် မပြည့်ပါဘူး ခမရယ်'

'မင်းပြောသလောက် ကုန်ပါ့မလား၊ စီးရီးတွေဖြင့်
နေလိုက်တာ၊ ယောတစ်ခွေ၊ ယောတစ်ခွေ အားလုံး
ငှားတွေချည်းလား၊ တချို့ ခြစ်ခြစ်ကုတ်ကုတ်နဲ့ လုပ်ကြ
သူတွေလည်း ပါမှာပေါ့'

'တချို့ လုပ်တတ်တဲ့ သူတွေလည်းရှိတယ် မမရဲ့၊ အတီး
လည်း တီးဝိုင်းကြီးမဟုတ်ဘူးပေါ့၊ တခ်နေရာက တစ်
ကိစ်ခေါ်၊ သီချင်း ကိုယ့်ဘာသာခွေး၊ စတူဒီယိုမှာ
(Track) နည်းနည်းသုံး'

'အဲဒါဆိုရင်ရော'

'ဒါတောင် တစ်သိန်းခွဲ နှစ်သိန်းနီးပါတော့ ကုန်မယ်
ပါတယ်၊ ရချင်မှတောင် ရပါမယ်၊ ခန့်မှန်းတာ'

'မင်း တော်တော်စုံစမ်းထားတာပဲ'

ကျွန်တော် ရန်ကုန်ရောက်ကတည်းက တခြား ဘာဗဟု
မှ သေသေချာချာ မရသေးဘူး မခရဲ့၊ ဒီကိစ္စပဲလိုက်
မ်းနေတာ'

'မင်းကို မမက အဆိုတော်ဖြစ်စေချင်တယ်'

ချွန်း ရင်ထဲမှာ လေးသွားရသည်။

'အဆိုတော် ချွန်းရဲ့ စီးရီးကို နားထောင်ချင်တယ်'

မမ သီပ်ကိုစိတ်ကူးယဉ်နေပါပြီခင်ဗျာဟု ပြောချင်ခဲ့။ ဖြစ်နိုင်ချေက သုည ရာခိုင်နှုန်းပါ မမ။

'အဲဒီအတွက် မမသက်က တစ်ခုခုဖြစ်ဖြစ်၊ ခပ်များများ ဖြစ်ဖြစ် ကူညီခွင့် ရမယ်ဆိုရင်လည်း ကူညီချင်တယ်'

ဆယ်ပိသာအလေးကြီးကို ဆေးပြားအမှတ်နှင့် ရေဖြင့် မျှော်ချမိလျှင်တောင် ချောချောရှုရှုကျချင်ကျမည်။ ခုတော့ မမ စကားတွေက ရင်ထဲမှာ တနင်နင်ရှိတော့သည်။

'ပြီးတော့....မင်းကို ဘွဲ့ရစေချင်တယ်'

အဲဒါကမှ နီးစပ်သေး။ သည်နှစ် ဆယ်တန်းကို ကျူရှင် တစ်ခုခုမှာတက်၊ ဇင်ဖြေ၊ ကြိုးစားတော့ ကြိုးစားပေါ့ ယောကျ်ားပဲ၊ ဆရာဝန်၊ အင်ဂျင်နီယာလိုင်း မရလျှင်တော ရှိရမည်။ ဆယ်တန်းအောင်ပြီးမှတော့ ဘွဲ့တစ်ခုခုရဖို့ သိပ် မခဲယဉ်းတော့ပါ။ အဝေးသင် တက္ကသိုလ်လည်း ရှိနေ တာပဲ။

'အဲဒါကမှ နည်းနည်းပါးပါး နီးစပ်ပါသေးတယ်'

'ကြိုးစားပေါ့'

'ဟုတ်ကဲ့'

'ထတိပေးမလား'

'မမ ဘာဘာယ်ဖြစ်စေချင်ရင် ဖြစ်ရပါစေ့မယ်'





'ကတိနော်'

'ယောကျ်ားကတိပါ'

'အမယ်လေး....မိန်းမကတိဆိုရော ဘာဖြစ်သေးလဲ၊ ကတိ ာ ကတိပဲ၊ ယောကျ်ားကတိကပဲ မိန်းမကတိထက် ပိုပြီး ြဲသလိုလို၊ မကြိုက်ပေါင်'

မမ....

ကျွန်တော် ရင်ပွင့်သွားပါပြီ၊ ပေါက်ကွဲရပါပြီ မမ။ ျန်တော် ကိုယ် ကျွန်တော် ညာထားတာ။ ကိုယ့်ဘာသာ ာ်ချင်ယောင် ဆောင်နေတာ။ လူတကာကို ညာရတာ ာ်ပါတယ်မမ၊ ကိုယ့်ကိုယ်ကိုညာရတာ အလွန်ပဲ ပင်ပန်း ်းရဲပါတယ် မမ။

မမကိုခင်တာ၊ မမကို လေးစားတာ၊ မမကို ကြည်ညို ာ၊ မမကို အစ်မရင်းတစ်ယောက်သို့ သံယောဇဉ်ဖြစ်နေ ာ....

ကျွန်တော် အဲသည်လို ညာခနတာ။ မမရယ်....နှုတ်ခမ်းစူ ား တစ်ပွင့်နဲ့ 'မကြိုက်ပေါင်' ဆိုတဲ့ စကားလေးတစ်ခွန်း ာ ကျွန်တော့် ရင်ထဲက အချစ် ရေကာတာကြီးကို ကျိုးပဲ့ ာ်စီးသွားစေခဲ့ပါပြီ မမရယ်၊ ဝေါခနဲ ထိုးသွန်စီးကျ ာတဲ့ အချစ်တွေ မမဆီ မျောသွားတာ ကျွန်တော် ဝန်မခံ ရတော့ဘူး မမရဲ့။

'အနူလက်နှင့် ရွှေခွက်ကို နှိုက်သေခြင်း' လို့ ဆိုပါမနဲ ာ့ တန်မှန်းလည်း သိပါတယ်၊ အသင့်ချင်းက မိုးနဲ့မြေ ၊ ကျွန်တော်ဆိုတဲ့ မွဲပြာပြားအောင်တာ မမတို့ရဲ့ ကြွယ်ဝ

မှုနဲ့ တိုင်းဆအချိုးချကြည့်တဲ့အခါ သူတောင်းစားသာသာ ပဲ ရှိပါတယ် မမ။ ဆည်လောက် ဝေးကွာလွန်းလို့ ကျွန်တော် ဘယ်လိုမှ မမျှော်မှန်းရဲခဲ့တာပါ မမရယ်။

ခုလည်း ပေါက်ကွဲတယ်ဆိုတာ ကျွန်တော့်ရင်ထဲမှာပဲ။ ရင်ထဲမှာ မီးတောင်ပေါက်နေတာ၊ ချော်ရည်ပူထဲမှာ နှလုံးသား ကျိုက်ကျိုက်ဆူနေတာ မသိစေချင်ပါ။ ကိုယ့် ရင်ထဲ ကိုယ်ဖွင့်တာပြီး တိတ်တဆိတ် ချစ်လိုက်မိတာတောင် လူ့ဇဝတ်ပြစ်မှုကြီး တစ်ခုလို မမကို အလွန်အမင်းအားနာ အားနာမိပါတယ် မမရယ်။

'နောက်ထပ် ဆုတိုတစ်ခု ထပ်တောင်းဦးမှာ၊ ဒီနေ့ ချွန်းကို မမက ကတိနှစ်ခု တောင်းမှာ'

'ပြောပါ မမ'

'နောက်တစ်ခုက ချွန်း အဆိုတော်ဖြစ်အောင် လုပ်ရမယ်'

ဘယ်လိုပေးနိုင်မှာလဲ မမ။ ဘယ်လို နီးစပ်မှာလဲ မမ။ မမနဲ့ ကျွန်တော်နဲ့နီးစပ်ဖို့ မလွယ်သလို၊ အဆိုတော် တစ် ယောက်ဆိုတဲ့ ဘဝကို ကျွန်တော်လို သူဆင်းရဲက ဘယ် နည်းနဲ့ ရနိုင်မှာလဲ မမရယ်။

'ပေးလေ၊ မပေးနိုင်ဘူးလား၊ ချွန်းမှာ အခက်အခဲ ရှိမယ်ဆိုတာ သိပါတယ်၊ လိုအပ်တဲ့ အကူအညီအားလုံး မမဆီမှာ တောင်းပါ။ ငွေရေးကြေးရေးပဲဖြစ်ဖြစ်၊ စိတ်ဓာတ် ခွန်အားပဲ ဖြစ်ဖြစ်၊ မမရဲ့အကူအညီကို ယူဖြစ်အောင် ယူပြီး အဆိုတော်တော့ ဖြစ်အောင်လုပ်၊ ဖြစ်ကို ဖြစ်ရမယ်၊ မင်း





ပြောင်းနဲ့ ချွန်း၊ မမ ဆုကယ်ဖြစ်စေချင်တာ ဖြစ်အောင်လုပ် ရမယ်လို့ ကတိပေး'

မမ နိုပ်စက်ပါ မမ။ မမရဲ့ နှိပ်စက်ခြင်းတွေထဲမှာ ကျွန်တော် တစ်စုံတစ်ခုကို တွေ့ရှိနေသလိုပဲ။ အဲဒါကြောင့် မမရဲ့ နှိပ်စက်ခြင်းလေးတွေဟာ ချိုသာကုန်ကြပါလေရော။ ဒါတော့ သိတယ်မဟုတ်လား။ ချွန်းလေး၊ မောင်ဖိုးချွန်း ကလေးတဲ့။ မမကို အသက်ပေးပြီးချစ်နေတဲ့ စုတီချွန်းချွန်း ကောင်လေး။ မမ သည်လောက် ပြင်းပြနေတဲ့ ဆန္ဒဆိုရင် ကျွန်တော် မဖြည့်ဘဲ နေဖြစ်မယ်များ ထင်သလား မမ။

'မေ....'

'ပြော....'

'ကျွန်တော်ကလေ....'

အားမောင်းရင်း ရင်ခုန်ရသည့် ဝေဒနာက ပြင်းထန် လှပါ၏။

'မမကသာ ကျွန်တော်.... ကျွန်တော် တစ်ခုပြောမလို့ပါ လေ၊ မမ ဘယ်လိုမှ မထင်ပါနဲ့နော်၊ တစ်မျိုးမဟုတ်ပါဘူး လေ၊ ရိုးရိုးသားသားပါ'

'ပြောလေ၊ ပြောပါ'

'မမကသာ ကျွန်တော့် အသည်းနှလုံးနဲ့ ကလီစာတွေကို ကင်သားတုတ်ထိုးလုပ်ပြီး စားချင်တယ်ဆိုရင်....'

ချွန်း ရယ်လိုက်သည်။ ငင်စစ် မချိလို့ ပေါ်တဲ့သွားပါ။ မမကတော့ ရယ်သလား ထင်ကြပါလိမ့်မည်။

'ကျွန်တော် အသေခံပြီးပေးချင်လို့ပါ၊ ရိုးရိုးသားသား
ပါ မမ'

'အင်း....ပြော'

'အဲဒါကြောင့် မမတောင်းတဲ့ ကတိကို ကျွန်တော် ပေး
ပါတယ်'

'နှစ်ခုလုံးနော်'

'နှစ်ခုလုံးပါ မမ၊ ကျွန်တော့်အတွက် မဟုတ်ပါဘူး
မမအတွက်ပါ၊ ဒါပေမယ့် မဖြစ်ခဲ့ဘူးဆိုရင်....'

'ဖြစ်ရမှာပေါ့၊ ဖြစ်အောင်လုပ်ရင် ဖြစ်ရမှာပေါ့'

'ကိုယ့်ကိုယ်ကို ဆာတ်သေရတာထက် လွယ်ပါသေးတယ်မမ
အနုပညာရှင်တစ်ယောက် ဖြစ်ဖို့ဆိုတာ အဲဒီထက် အများ
ကြီး ပိုခက်ပါတယ်'

'မင်း ကတိပေးပြီးပြီလေ'

'ဟုတ်ပါတယ်၊ ကျွန်တော် ကြိုးစားမှာပါ၊ သေသည်
အထိ ကြိုးစားမယ်၊ မသေမချင်း ကြိုးစားနေမယ်၊ မမ
စိတ်တိုင်းကျ မဖြစ်ခင် ကျွန်တော်သေသွားရင် ကျွန်တော့်
အပြစ်မှသတ်ပါနဲ့ မမ....

'ကျွန်တော် မကျွတ်မလွတ်ဘဝနဲ့ ဆက်ပြီး ကြိုးစားနေ
ချင်သေးတယ်'

'တော်ပြီ....တော်ပြီ၊ ဟင့်အင်း၊ မင်း မကြိုးစားနဲ့တော့
မမ မှားသွားပြီ၊ ဖြစ်စေချင်လွန်းတဲ့ စေတနာက ပြင်းထန်
လွန်းလို့ပါ၊ မင်းဟာ မမ့ဆီက အကူအညီလည်း ယူစရာ
မဟုတ်တော့ မသိတယ်၊ မင်း အရမ်းခက်ခဲမှာယ်၊ တော





ပါပြီ ချွန်းရယ်၊ မမ မှားသွားပါတယ်၊ မမကို ခွင့်လွှတ်ပါ'

'ဟင်.... မမ'

ဖြစ်မှ ဖြစ်ရလေ မမရယ်၊ ငိုမလို့လား၊ ကျွန်တော့်လို
အစုတ်ပလုတ်ကောင် တစ်ကောင်ဟာ မမမျက်ရည်နဲ့တန်လို့
လား၊ မငိုပါနဲ့ မမရယ်၊ ကျွန်တော် ချော့ချင်လိုက်တာ၊
ဘေနိလွန်းလို့ မချော့ဘော့ပါဘူး၊ မမစေတနာနဲ့ ကျွန်
တော်နဲ့ မတန်မရာမို့ ကျွန်တော့်အပေါ် စေတနာမထားပါနဲ့ အမြင့်စံ မမရယ်၊

မမ....၊

ကျွန်တော် သိလိုက်ပြီနော်၊ ကျွန်တော်တို့ နှလုံးသား
ချင်း စကားပြောဖြစ်သွားကြပြီ မမရဲ့၊ ကျွန်တော်နဲ့ မမ
နှုတ်ဖျားတွေက ဖွင့်ဟပြီး ဝန်ခံကြ၊ တောင်းဆိုကြ လုပ်စရာ
လိုပါဘူး၊ အချစ်ချင်းညီရင် နှလုံးသားချင်း စကားပြော
ပါတယ်၊ မမရဲ့ နှလုံးသားနဲ့ ချစ်ခြင်းမေတ္တာကို မြင်နိုင်
ဖို့အတွက် ကျွန်တော့်မျက်စိ မဲ့ပါတယ်၊ ဒါပေမယ့်
ကျွန်တော့် နှလုံးသားကတော့ အအင်းပါးလှပါတယ်၊

ကျွန်တော် မမကို ချစ်တယ်၊

မမက ကျွန်တော့်ကို ချစ်နေပြီဆိုတာလည်း ကျွန်တော်
သိသွားပြီ၊

ကျွန်တော် သိသွားပြီဆိုတာလည်း မမ သိလိုက်ပါပြီ၊

ကျွန်တော်က မမကိုချစ်လို့၊ မမက ကျွန်တော့်ကို ပြန်
ချစ်တာ၊ ကျွန်တော် သိသွားပြီ ဆိုတဲ့အကြောင်း မမ
သိသွားပြီ ဆိုတာလည်း ကျွန်တော် သိလိုက်ပါပြီ၊

ဘာလိုသေးလဲ မမရယ်၊
နှလုံးသားချင်း စကား ပြောပြီးပြီမလား။
မဟုတ်ဘူး။ လိုအပ်နေပါသေးတယ်။ အဲဒါ ကွာခြားမှု
အဆင့်အတန်း၊ အသိုက်အဝန်း၊ အမြင့်နဲ့ အနိမ့်။
ကျွန်တော် ပြောပါရစေ။
မမ မိုက်တယ်။
မမိုက်မဲချင်ပါနဲ့ မမ။ ကျွန်တော့်ကို ချစ်ပစ်လိုက်တဲ့အထိ ကိုယ့်ဘဝ ကိုယ်ဆွဲနှိမ့်ပြီး မမိုက်မဲလိုက်ပါနဲ့ မမ။ ကျွန်တော် မမကိုချစ်လွန်းလို့ မမရဲ့အချစ်ကို ခံယူထိုက်တဲ့ကောင် မဟုတ်ကြောင်း သတိပေးပါရစေ။ အချစ်ဆိုတာ ရေစုဟုတ်ပါဘူး မမ။
မမရယ်.... မြင့်ရာကနေ နိမ့်ရာကို စီးဆင်းမလာခဲ့ပါနဲ့။ ချစ်လွန်းလို့ တားပါရစေနော်။

...◎...



အခန်း ( ၅ )

သော်တာငွေရောင် ထွန်းအင်းထားအလိုမျိုး....
မင်းအပြုံးဟာ လှပလွန်းအယ်....
သံစဉ်ညီညွှာ အေးသွားတစ်ပုဒ်လိုပဲ....
မင်း ရယ်သံလေး ချစ်စရာကောင်းတယ်....
ကိုယ့်အသည်း စွဲမိပေါ့ကွယ်....

'သတ္တုသံရှရှလေး' ဟု ခေတ္တခေဗဒသင်ပေးခဲ့သည့် ဆရာမ ပြောတာကို ချွန်း သတိရလိုက်သည်။
'ဖိုးချွန်း အဆိုတော်လုပ်ပါလား' တဲ့။
အဲ့သည်တုန်းက ကိုးတန်း။

လုပ်ချင်ပါသော်လော၊ အဆိုတော်ဆိုတာ ကိုယ်
ချင်တိုင်း လုပ်လို့ရတာကျလို့၊ လမိုက်ညလိုမျိုးမှာ ပိုး
ကြူးအရောင်တောက်တာလှမ်းတော့ မသိ၊ ချွန်းနေခဲ့
ကျောင်းဆာတော့ ချွန်းအသံကို ကြိုက်ကြသည်၊ သူငယ်
တွေဆာ မြှောက်ပေးသည်၊ သိန်းစိုးဆိုလျှင် သူ့အ
ဘယ်ကီးမှုမဝင်သည့် ကြောင်တောင်မို့ ချွန်းအ
အလွန်ရှိသဘောကျသည်၊ အမေနှင့် ကိုပိန်တို့ ရန်ဖြစ်
ညတွေမှာ ချွန်းက သိန်းစိုးတို့အိမ်ကိုပဲ ရှောင်ထွက်လာ
ကိုပိန်လေးက အမေ့ကို ချစ်တာမရှိ၊ ကိုပိန်လေ
အမေ့ကို ရိုက်တာရှိ၊ ချစ်သလောက် ရိုက်တတ်သူဖြစ်
တစ်ခါတော့ အမြင်မတော်လွန်းသည်မို့ အမေကိုယ်တိုင်
'ဖိုးချွန်း ဆယ်ပါဦး၊ အမေ သေတော့မယ်'ဆိုလို့
ကို စိတ်တိုင်းကျ နှိပ်စက်နေသည့် ကိုပိန်ကို ဆွဲဆောင့်
အခန်းထောင့်ဆီသို့ လွှင့်ပစ်လိုက်ဖူးသည်၊ ကိုပိန် 
ကျ၏၊ လှုပ်တောင် မလှုပ်နိုင်၊
'ဟဲ့…ဘယ်လိုလုပ်လိုက်တာလဲ၊နင်ဆလား ငါ့ယောက်
ကို ဟင်'
အမေ အမန်းဆတန်း ထလာကာ ချွန်းပါးကို ဖြန်း
တီး၏၊
'လာကြပါဦး အရပ်ကတို့၊ ဖိုးချွန်း ကျွန်ုပ်ခယောက်
ကို သတ်နေပါတယ်'
အသကုန်ဟစ်လေ၏၊ အိမ်နီးပါးချင်းတွေဆတစ်ယော
မှ ရောက်မလာ၊ ကျိတ်ပြုံးနေကြရှာ သေချာသည်၊





လေးရှက်လောက် ချွန်းအနေခက် အစားခက် ဖြစ်သွားရ
သည်၊ နောက်တော့ အမေတို့လင်မယား ရန်ဖြစ်တာနှင့်
ချွန်း လစ်ပြီး သိန်းစိုးတို့အိမ်မှာ သီချင်းတွေသွားအော်ဆို
နေလိုက်သည်၊ အမေ့ကို နှိပ်စက်နေတာလည်း မတွေ့ရတော့
ကောင်းလေစွ၊

'ချွန်း….မင်း အဲဒါ ဘယ်သူဆိုတာလဲ'

'ငါဆိုတာ'

'အေးလေ…ဘယ်သူ့ သီချင်းလဲ'

'ဘယ်သူ့သီချင်းမှ မဟုတ်ဘူး၊ငါဘာသာစပ်ငါဘာသာ
ဆိုတာ'

'ဟာ….မိုက်လှချည်လား၊ မင်း ဒီလောက်ဖြစ်တယ်၊ မယုံ
နိုင်စရာပဲ၊ ငါ့သူငယ်ချင်း တယ်ဟုတ်ပါလားကွ၊ မင်း
တစ်နေ့တော့ ဂီတလောကမှာ အောင်မြင်မှာပဲ'

'ကြီးအောင်နန်းနဲ့ ဗျိုင်းနဲ့ အရောင်ချင်းလဲကြတဲ့နေ့မှာပေါ့
ကွစ'

တစ်ယောက်ပခုံး တစ်ယောက် အပြန်အလှန် လက်သီး
နှင့်ထိုးပြီး ရယ်ဖြစ်ခဲ့သည်၊ ခုတော့ ချွန်း သီချင်းတေး
တွေ ရေးဖြစ်ခဲ့တာ မမရဲ့ ညလှလှလေးတွေမှာ တန်ဆာ
ဆင်ဖို့ ဖြစ်ခဲ့ရပြီ၊

မမက ညလေးတွေကို သိပ်ချစ်တာ ချွန်းရဲ့၊ ဒီလောက်
လှတဲ့ ညလေးရဲ့ အလှအပကို မခံစားဘဲ လျစ်လျူရှုပြီး
အိပ်ပစ်လိုက်ရမှာ ဘယ်လောက် အားနာဖို့ကောင်းလဲ၊ မမ
အတွက်တော့ ညဟာ ပန်းချီကားတစ်ချပ်ပဲ'တဲ့၊

မမရဲ့ လှသော ညပန်းချီလေးထဲမှာ ချွန်းရဲ့ ဓာတ်သီအဆေးတစ်စက်အဖြစ် တင်မှုန်းခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ မမ။

'ချွန်း သီချင်းသံလေး လွင့်လွင့်လာတာ တိုးတိုးရှိုင်းရှိုင်းနဲ့ တစ်ချက်တစ်ချက်မှ သေသေချာချာ ကြားရတာ လှတဲ့ညလေးကို ပိုလှသွားစေသလိုပဲ'တဲ့။

'ကျွန်တော် သိပ်ကျယ်ကျယ် မဆိုရဲဘူး မမရဲ့၊ ကျောင်းလေးတွေအဆောင်ကို စောင်းဆိုတယ် အထင်ခံရပြီး အလုပ်ပြုတ်မှာလည်း ကြောက်တယ်၊ အန်ကယ်လ်တို့ အန်တီတို့ နားညည်းအိပ်ပျက်ဖြစ်မှာလည်း ကြောက်တယ်'

'ဘယ်တော့မှ အိပ်မပျက်မှာ သေချာတာကတော့ ကျွက်သရေလော၊ ဘယ်လိုကလေးလဲ မသိဘူး၊ ဆယ်နှစ်ရှိတိုးတာနဲ့ ဝုန်းခနဲအိပ်ပျော်တာ၊ မမအဖို့တော့ ဆယ်နာရီဆိုတာ ညဦးပိုင်းပဲ ရှိသေးတယ်၊ ညနက်အောင် နေလို့ကောင်းလေပဲ၊ တစ်ခါမှ အိပ်မငိုက်မိပါဘူး'

'အိပ်ပျက်ပြီး အားနည်းလာမှာ စိုးရတယ်ခနော် မမ'

'အဲဒါကြောင့်ပေါ့၊ မေမေကပြောတယ် မျက်စိအကျင့်ဝမ်း အကျင့်တဲ့၊ မျက်စိဟာ အကျင့်ပါတတ်တယ်၊ ကျင့်ယူရင်လည်း ရတယ်တဲ့၊ အချိန်မှန်အိပ်ဖို့ပေါ့၊ ဝမ်းဗိုက်ကတော့ သူ့အထဲ အစာထည့်ရင် ချင့်ချိန်ပြီး ထည့်တဲ့၊ ခံတွင်းလိုက်တိုင်း အချင့်အချိန်မရှိ နင်းကန်ထည့်ရင် ရောဂါဖြစ်တယ်တဲ့'





'အန်တီက ဗဟုသုတတွေ အများကြီးပဲနော် မမ၊ ကျွန်းပြောလည်း ကောင်းတယ်'

'ပုံပြောလည်း ကောင်းတယ်'

'ပုံတွေလည်း အများကြီး သိတာပဲလား'

'မမတို့ကြီးလာတော့ သိလာတာပေါ့၊ တချို့ပုံတွေက အဓိပ္ပာယ်မရှိဘူး သိလား၊ မေမေက သူ ဖြစ်စေချင်တာကို ပုံဘာသာ တင်ပြောတာ၊ ရိုးရိုးဆုံးမရင် နားမထောင်ဘူးလေ၊ ပုံဆိုတော့ စွဲသွားရော၊ မေမေတို့က အဲဒီလို ကျွမ်းတာ'

'ကျွန်တော်လည်း အမေတော်ချင်လိုက်တာ'

ဝမ်းသာအားရ အားတက်သရော ပြောချလိုက်စဉ်က အဓိပ္ပာယ်ကို ရိုးရိုးသားသားပါ။ အမှတ်တမဲ့ ပြောချလိုက်တာ၊ ဆင်ခြင်ဖို့ မေ့သွားတာ။ ပြီးတော့ အန်တီ ဒေါ်ခင်မြတ်ကို ချစ်ကိုလည်း ချစ်တာ။ ချစ်စရာကောင်းသော အလုပ်ရှင်အဘွားကြီးအဖြစ် ချစ် ကြောက် ရို သေ စိတ်နှင့် သားအမိတော်ချင်စိတ် ပေါက်သွားမိရတာ ခေမျက်နှာရဲ့ ရဲလေးနှင့် အသံတိတ်သွားတော့မှ 'စကားမှားပြီ' ဆိုတာ သိလိုက်ပြီး ကိုယ့်ဘာသာလည်း ပြန်ရှက်ကာ နားရွက်ဖျားလေးတွေ ထွတ်ထွတ်ရဲရတော့သည်။

'ကျွန်တော် ရိုးရိုးပြောတာပါ မမ'

မမက ချွန်းနားရွက်လေးတွေကို ကြည့်နေသည်။ တွတ်တွတ်ရဲနေမှာ သေချာသည့် နားရွက်ကလေးနှစ်ဖက်အပွထွေနေ၏။

'အဖေရှိတုန်းက အဖေက ကျွန်တော့်ကို တော်တော်လေး တယုတယရှိခဲ့ပါတယ်၊ ချစ်လည်း ချစ်တယ်၊ အခေ ကတော့ ဘယ်လိုပြောရမလဲ၊ အဖေနဲ့လည်း အဆက်ကွာ တော့ ကျွန်တော့်ကို နို့တောင်မတိုက်ဘူးတဲ့၊ ပြီးတော့ တောမှာဆိုတော့ နို့မှုန့်တွေဘာတွေလဲသိပ်ကောင်းကောင်း မရှိ…

'ရှိလည်း မဝယ်နိုင်ပါဘူး၊ နို့ဆီနဲ့ လူဖြစ်လာရတာလို့ လူများတွေက ပြောပါတယ်၊ အဖေဆုံးပြီးတော့ အမေနဲ့ နေရတော့လည်း အမေက သိပ်ကြီး ရင်းရင်းနှီးနှီးလည်း မနေဘူး မမရဲ့…

'ကျွန်တော် အလုပ်ထွက်လုပ်ရတယ်'

'ငယ်ငယ်ရွယ်ရွယ်နဲ့ မင်းက ဘာလုပ်တတ်လို့လဲ'

'လက်သမား နောက်လိုက် ခေါ်တာပေါ့၊ လက်သမား တော့ မတတ်ဘူး၊ လက်သမားဆရာခိုင်းတဲ့ အောက်တိုမည်ရ တွေ လုပ်ရတယ်၊ ပန်းရန်လည်း လိုက်ဖူးတယ် မမရဲ့၊ ရောက် လေရာမှာတော့ အလုပ်ကို သိချင်းတအေးအေးနဲ့ လုပ်တာပဲ'

'မမတို့ သားအမိတွေ စည်းလုံးပုံက အားကျလောက် ဖွယ်ပါ၏ တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်လုံးထွေးနေ ကြသည်၏ ရယ်လိုက်ကြ၊ နောက်လိုက်ကြ၊ တစ်ယောက်နှင့် တစ်ယောက် နှိပ်ကွပ်ပြီး ပြောင်ကြ၊ စကြ၊ ဘယ်သူ့ဘယ် သူမှ စိတ်မဆိုးဘဲ တစုနီးဝုန်း တဝါးဝါးနှင့် ရယ်မောပျော် ရွှင်နေတတ်ကြသည်၏ အိမ်ထောင်ခွဲတွေရော၊ ချွေးမတွေ





သမက်တွေပါ သီရိဂေဟာခွာ တစ်လ တစ်ကြိမ် စု၍ ညစာ စားကြရသည်တဲ့၏

'အဲဒီကျရင် ဖေဖေက သခက်တွေ သားတွေနဲ့ အာဘွ ဘီယာသောက်တယ်'

'မမတို့ရော သောက်လား'

'အချုံးမပေးချင်လို့ တစ်ဘူးတော့ ခွဲတမ်းယူထားလိုက် တာပေါ့၊ ပြီးတော့ ခပ်မော့မော့လေး နေပေးလိုက်တယ်၊ အစ်ကိုတွေနဲ့ ခဲအိုက မျက်နှာငယ်လေးတွေနဲ့ လာတောင်းမှ အချုတဲ့ပုံစံနဲ့ ပြန်ပေးတာ'

'သိပ်ပျော်စရာ ကောင်းမှာပဲနော်'

'ပျော်တယ်၊ ကိုကိုကြီးက အလေးနှစ်ယောက်၊ ကိုကို လေးက တစ်ယောက်၊ မမကြီးကတော့ မရသေးဘူး၊ အဲဒီ တစ်ဝမ်းကွဲတွေကျရင်လည်း အရင်းလိုပဲ နေရတယ်တဲ့၊ သွေး ကွဲတဲ့စိတ် နည်းနည်းမှ မဝင်ရဘူးတဲ့….

'အဲဒီလို စည်းလုံးချစ်ခင်နေဖို့က ကိုယ်ကစပြီး ရန် ပြဿနာ မလုပ်ရ၊ သူ ဘာပြောပြော၊ ကိုယ့်ကို စောင်း ပြောတယ် မထင်ရ၊ ရိုးသားတဲ့ အမြင်နဲ့ ရိုးရိုးသားသား ပြောကြ ဆိုကြလို့ပဲ မှတ်ယူထား၊ ကိုယ်အလည်း ရိုးရိုးပဲ ပြော၊ ရယ်စရာဆိုရင်သာ နှိမ်ချင်နှိမ်….

'မနာကြနဲ့ စိတ်မဆိုးကြနဲ့တဲ့၊ မမတို့အားလုံး အရမ်း ဘည့်တယ်၊ ဘာပြဿနာမှ မရှိဘူး၊ မိသားစု တစ်စုတိုင်း တစ်စုတိုင်း စည်းရုံးချစ်ခင်မှ တိုင်းပြည် စည်းလုံးညီညွတ် မှာတဲ့….

'ကိုယ့်မိသားစုထဲမှာတောင် သူတစ်လူ ငါကတစ်မင်း ဆိုရင် အဲဒီတိုင်းပြည်မှာ ဘယ်လိုစည်းရုံးမှု ရှိတော့မှာလဲတဲ့'

'မမရယ်....သိပ်အဖိုးတန်တဲ့ စကားတွေပဲ၊ ကျွန်တော် အထင်ကြီးလိုက်တာ၊ ဝန်ခံရရင် ကျွန်တော့်မှာကျတော့ အဲဒီလို ဆုံးမ ပြောမယ့်ဆိုမယ့်သူလည်း မရှိခဲ့ပါဘူး'

'ဒါပေမယ့် ချွန်းအာ လိမ္မာပါတယ်'

'လိမ္မာလား'

'အင်း....လိမ္မာတယ်'

'မမ ချစ်တယ်ပေါ့'

'ကိုယ့်မောင်လေးလိုလေ'

'အဲဒီလိုပဲ မေးတာပါ'

ရှက်ရယ်လေးတွေ ရယ်လိုက်ဖြစ်ကြသည်။ 'ချစ်'ဆိုသည့် စကားလုံးသည်လည်း အဓိပ္ပာယ်ဖေါင်း များစွာ သက်ရောက်သည်။ တစ်ယောက်နှင့်တစ်ယောက် ရိုးရိုးသားသား မေတ္တာထားနေကြတာဟာလည်း ချစ်ကြတာပဲ မဟုတ်လား။ ခုလို မလွတ်မထောင်၊ မေးခွန်းမျိုးကို မေးဖို့ မရှည်ရှယ်တဲ့ လွတ်ခနဲ ထွက်သွားမိတာကိုတောင် နှောင်တ ရလိုက်မိပါသေးသည်။

'မမကိုချစ်ရင် မမအတွက် အစနှောင့်အယှက် အကျဉ်းအကျပ် ဖြစ်စေမယ့် စကားမျိုးကို ရှောင်ရမယ်လေ၊ ကျွန်တော် ပြောခဲ့ပြီးကော မမရယ်၊ အချစ်ဆိုတာ 'ရေ' မဟုတ်ပါဘူး။ မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းမလာခဲ့ပါနဲ့'လို့....





သံစဉ်ညီညာ တေးသွားတစ်ပုဒ်လိုပါပဲ....
မှင်းရယ်သံလေး ချစ်စရာကောင်းဘယ်....
ကိုယ့်အသည်း စွဲမိပေါ့ကွယ်....

စပ်လိုက်ဖြစ်သည်။ ဆိုလိုက်ဖြစ်သည်။ သည်သတ္တုသံ ...ရှလေးဟာ မမ ရင်နာကြေကွဲစရာ လမ်းတစ်ခုကို ...ကျင်းပေးနေရာ ရောက်မယ်ဆိုလျှင် ကျွန်တော် တိုးတိုး ...း ဆိုပါမယ်။ မမ မကြားပါစေနဲ့။ အဲသည်လိုဆိုတော့ ...ည်း မမရဲ့ ညဥ့်နက်ညရဲ့အလှပန်းချီကားမှာ စုတ်တစ်ချက် ...းတစ်စက်များ လျော့ပါးသွားလေမလား။

အရမ်းချစ်တယ်မမ။ ဘာပဲလုပ်ပေးရပေးရ

...◎...

သီရိ တာဝန်က စနေနေ့ဆို တစ်ပတ်စာဈေးဝယ်ရသည်။ ...ဂဟာ မိသားစုစားဖို့ ဝယ်ရ၏။ အလုပ်သမားတွေ ...ဖို့ ဝယ်ရ၏။ အလုပ်သမား အားလုံးကို အရည် ...ခွက်၊ အသားဟင်းတစ်ခွက် ကျွေးသည်။ တချို့ ...တွေကျတော့ ချဉ်ရည်ဟင်းကို ငါးနိုင်နိုင် ဖော်၍

ချက်ပြီး အသားဟင်း ထပ်မချက်တော့ဘဲ အသီး အရွက်ကြော်၊ သို့မဟုတ် အသုပ်နှင့် ငါးပိထောင်းတို့၊ ငါးပိတို့စရာ စုံလင်စွာနှင့် မြိုင်မြိုင်ဆိုင်ဆိုင်ကျွေးတတ်၏။ အသားစားမပါပေမယ့် ချဉ်ရည်ဟင်းမှာခပ်သည့် ငါးက တစ်ယောက် တစ်တုံးလောက် စားနိုင်အောင် လောက်ငှ၏။ အဲသည်ခေတ်က ပိုပြီး ဖွယ်ရာသည်မို့ ထမင်းအဘောင် ပိုမြိန်ကြရသေးသည်။

သိရိ ဈေးသွားလျှင် ဟိုင်းလတ်ပစ်ကတ်အားတစ်စီးအပြည့်လောက် ဝယ်ရသည်။ ချွန်းက တောင်းကြီးတောင်းငယ် အိပ်ကြီးအိပ်ငယ်နှင့် လိုက်၏။ ဈေးထဲမှာ ဝယ်လိုက်တာဆို ပြန်ထမ်းပို့လိုက်နှင့် ချွန်း ပျော်ရပါဘိခြင်းလေ။

'မမ ငါးပိထောင်း စပ်စပ်တစ်ခွက် တစ်ခနဲ့ ထည့်ပေးပါ'

'ချွန်းက ငါးပိကြိုက်တယ်နော်'

'တောသားပဲ မမရယ်၊ ငါးပိရည်နဲ့ ငါးပိစိမ်းစားနဲ့ လူဖြစ်လာရတာပါ၊ အဖေရှိတုန်းကဆိုရင် အသားဟင်းလေးဆို နည်းနည်းလေး ချက်နိုင်လို့ အဖေ့ကျွေးရတယ်၊ အဖေက ပိုတော့ အမေ့ပဲ ကျွေးလိုက်တယ်၊ အဖေဆုံးပြီး ကိုပိန်နဲ့ရတော့ ဦးစားပေးရမယ့်သူတွေ များလွန်းလို့ ကျွန်တော့်အလှည့်ဆိုတာ မရှိတော့ပါဘူး'

'ချွန်းရယ်.... မင်းတောက်လျှောက် နွမ်းပါးနေခဲ့တာပဲလား'





'ဆင်းရဲနေခဲ့တယ် ပြောစမ်းပါ မမရဲ့၊ ဟုတ်ပါရဲ့၊ ကိုယ့်ကိုတောင် သနားတယ်၊ တစ်ခါမှ မကောင်းစားဘူး'

င်း ညက်ကောင်းလား'

ကောင်းမယ် မထင်ဘူး၊ စာမှ မတော်တာ'

မကျက်တာ မဟုတ်လား'

ကျက်ချိန်လည်းသိပ် မရဘူး၊ အိမ်အလုပ်လည်းကူရတယ်၊ တော်က အိမ်မှာ မပျော်တော့ အဖော်ပဲ ခင်တယ်၊ ဖောင်နဲ့ သိန်းစိုးတို့ အိမ်တွေဟာ ကျွန်တော့် စာအိမ် က်အိမ်ပဲ၊ သူတို့ မိဘတွေက ကျွေးရင် ကျွန်တော် ဝင် ိုက်တာပဲ၊ ခုမှ တွေးပြီး ရှက်တယ်၊ အဟဲ....'

ိရိရင်ထဲမှာ နင့်သွားရတော့သည်။

နားစရာ ကောင်လေး၊ စာမတော်တာ စာကျက်ပျင်း ည်းဖြစ်မှာ၊ ကျက်ချိန်မရလို့လည်း ဖြစ်မှာပါ။ သည် င်လေးကိုတွဲရှိစေချင်လိုက်တာ၊ သြော်....ပြောပြီးပြီလေ။

မင်း ကျောင်းတက်နေပြီလား'

မမ ကျွေးဦးပဲ မမရဲ့၊ ကျွန်တော် ကျူရှင် တက်နေပြီ၊ က် ဖြေမယ်'

'မင်းလခနဲ့ လောက်ပါ့မလား'

'လောက်ပါတယ်၊ ဝတ်ဖို့လည်း ကုန်မှ မကုန်တာ၊ ကျွန် က ကျူရှင်သွားလည်း ဆဖာရီကုတ်နဲ့ ဘဲလ်ဘော်တွန် တော့ မိုက်တောင်နေသေး၊ ကောင်မလေးတွေက အောင် ကြည့် ကွက်ကြည့်နဲ့။ ဘယ် ဇာတ်လိုက်နဲ့ မှားတယ်

မသိဘူး၊ တကယ်တော့ အခုဆက်ရှိ ဇာတ်လိုက်အား
တစ်ယောက်မှ ကျွန်တော် လောက် မချောဘူး၊ အဟဲ'

'အဲဒါတွေနဲ့ ကြည်နူးပြီး စာခမ်းပွဲလည်း ကျဦးမ

'အောင်ရပါစေ့မယ် မမရဲ့၊ မမက ယာဉ်မောင်း
လုပ်ခိုင်းထားတော့ ကျွန်တော့်မှာ အချိန်တွေ အများ
ပိုပါတယ်'

'ညတိုင်းလည်း သီချင်း ဆိုရတာနဲ့ စာ မကျက်ဖြစ်
မဟုတ်လား'

'နေ့ခင်းဘက် ကျက်ထားတယ်၊ မမတို့က ဘယ်မှ
သွားကြတာမှ မဟုတ်တာ၊ မမတို့အလုပ်က အိမ်မှာပဲ
ပွဲတစ်လုံးနဲ့ ဖုန်းစောင့် စီစဉ်ပေး ဆိုတော့ သွားစရာလ
သိပ်မှ မရှိတာ၊ ကျွန်တော် နေ့ခင်း ကျက်ပါတယ်'

ညနေစောင်းကျတော့ ကျူရှင် သွားတက်ရသည်။

'ကျွန်တော့် ကျူရှင်က တစ်တန်းမှာ လူ ငါး
ကျော်တော့ ပိုက်ဆံ သိပ် မပေးရပါဘူး'

'ဒါနဲ့ ခုခေတ် ဆယ်တန်းကျူရှင်တွေ တစ်လတစ်
သောင်းနဲ့ ချီကုန်တယ်ဆို'

'အဲဒါက ဝိုင်းတွေ ဖြစ်မှာပါ၊ အိမ်မှာလုပ်တဲ့ ဝိုင်း
က လူ လေးငါးယောက်နဲ့ သင်တာဆိုတော့ အများ
စာကို လေးငါးယောက်ထဲက မျှခံရတော့ ဈေးကြီးမှာ

'အဆိုတော် ဖြစ်ဖို့ရော....'





'ညတိုင်း သီချင်းရေးတယ်၊ ဂစ်တာတီးတယ်၊ ဆိုတယ်၊
အဲဒါလည်း လေ့ကျင့်ခြင်း တစ်မျိုးပေါ့ မမရယ်၊ တစ်နေ့
တစ်လုံး ပုဂံ ဘယ်မှ မရွှေ့ပါဘူး'

'ဇွဲ မလျှော့နဲ့နော်'

'မလျှော့ပါဘူး၊ ကျွန်တော် အဆိုတော် မဖြစ်ခင် ဆေ
သွားရင် မမ သပိတ်မဘွတ်နဲ့၊ ကျွန်တော် သရဲဘဝနဲ့ ဆက်
ကြိုးစားနေမယ်'

သီရိမှာ တခိခိ ရယ်လိုက်၏။

'သရဲ အဆိုတော်ရယ်လို့ ဘယ်လို တီဗီရိုက်မှာလဲ၊ အဆို
တော်က သရဲဆိုတော့ တီဗီမှာ လူရုပ်မထင်ဘဲ အရိုးခေါင်း
ကြီး ထင်နေရင် ပါစ် Pass မဖြစ်ဘူး'

သီရိ ရယ်၍ ပြော၏။

'မမ ရယ်ရင် သိပ်လှတာပဲ'

'ငိုရင် မလှဘူးလား'

'မမ ငိုတာ တစ်ခါမှ မတွေ့ဖူးဘူး'

'အစ်စ်ပဲ၊ တို့ မှတ်မှတ်ရရ ငိုတာဆိုလို့ တစ်ခါမှ မရှိ
သေးဘူး၊ ကလေးတုန်းက ငိုခဲ့မှာပေါ့၊ လူမှန်းသိကတည်း
က တစ်ခါမှ မငိုရသေးဘူး၊ ဟုတ်တယ်တော့ တကယ်ပဲ၊
ငိုတာကို မေ့တောင်နေပြီ'

'ကောင်းတာပေါ့၊ မငိုတတ်တာဟာ နည်းတဲ့ အရည်
အချင်းလား မမရဲ့'

'မေမေက တစ်ခါတလေ ဆူပါတယ်၊ ဒါပေမယ့်....
ယ်သား ဘယ်ဆမီးကမှ မငိုပါဘူး၊ ကောင်းစေချင်လို့

ပြောခွန်း သိနေသာပဲ၊ မေမေ့ ဒေါသထွက်တာကို ရယ်တောင် ရယ်ချင်သေးတယ်၊ ဝမ်းနည်းစရာပဲ တစ်ခါမှ မကြုံဖူးဘူး ထင်တယ်၊ ဟုတ်တယ် ချွန်းရဲ၊ တို့ တကယ်ပဲ မငိုဖူးဘူး၊ သိပ် ထူးဆန်းတယ် နော်'

'ရုပ်ရှင်တွေ ဘာတွေ ကြည့်ပြီးတော့ရော မငိုဘူးလား'

'ဟင့်အင်း....မငိုပါဘူး၊ သရုပ်ဆောင်နေတာ သိသားပဲ'

'မမကိုတော့ မျက်ရည် ခိုင်လို့ပေါ့'

'ဟုတ်မယ်....ဟုတ်မယ်....ကျက်သရေလေးများဖြင့် ငိုပါ၊ ဟုတ်တာပေါ့၊ သူ ခဏ ခဏ ငိုတယ် သိလား'

'ဘာဖြစ်လို့လဲ'

'ရုပ်ရှင်ကြည့်လည်း ငို၊ ဝတ္ထုဖတ်လည်း ငို၊ အသုဘတွေ ဘာတွေ သွားပို့ရင်လည်းငို၊ အသုဘရှင်တာငိုရင်သူပါလိုက် ငိုတယ်၊ အားကြီး မျက် ရည်လွယ်တဲ့ ကောင်မလေး'

'မမမျက်ရည်ခိုင်တာ သတ္တိကောင်းလို့ပေါ့နော်'

'ဟွင့်အင်း....သတ္တိက မမကြီးကမှ ကောင်းတာ၊ အဲဒါကြောင့် မမ သတ္တိပြည့်စုံလို့ မှည့်ထားတာ၊ မမကြီးက သတ္တိလည်း ကောင်းတယ်၊ ဒေါသလည်း ကြီးတယ်၊ စိတ်လည်း ထက်တယ်၊ ဒါပေမယ့် တစ်ခါတလေကျရင် ဒေါသ ထွက်ပြီး မျက်ရည်ကျရော'

'မမတစ်ယောက်တည်းကျမှ မငိုတတ်တာနော်'

'မေမေက ပြောဖူးတယ်၊ သိရက အေးတယ်တဲ့၊ အငိုအရှုံး နည်းတယ်တဲ့၊ အဲဒါ ငယ်ငယ်ကလေးတုန်းက ပြောတာ'





'မမ ငိုလောက်အောင် တစ်ခါမှ ဝမ်းမနည်းခဲ့ဖူးဘူးပေါ့ နော်'

'မကြုံဖူးဘူး ချွန်းရဲ၊ မမ ဘာကိုမှလဲ ဝမ်းမနည်းပါဘူး'

'မမ....ဟို သုသာန်မှာ မခကို ကျွန်တော် စတွေ့တော့ မမ ပန်းခြင်း လာချတာ၊ အဲဒါ ဘယ်သူလဲ'

'ဪ....အဒေါ်ပေါ့'

'အဲဒီ အဒေါ် ဆုံးတုန်းကရော မမ မငိုဘူးလား'

'အဲဒီ အန်တီ တင်တင်ကြီး ဆုံးတုန်းက မေမေတောင် ငိုတာ၊ မမကြီးလည်း ငိုတယ်၊ ကျက်သရေတော့ မပြောနဲ့တော့ မမတော့ မငိုဖြစ်ဘူး၊ ဝမ်းတော့ နည်းတယ်၊ စိတ်ညစ်တယ်၊ အန်တီကြီးကိုလည်း သနားတယ်၊ငိုတော့ မငိုမိဘူး'

'အဒေါ် အရင်းပေါ့'

'အရင်း မဟုတ်ဘူး ချွန်းရဲ၊ ဒါပေမယ့် အရင်းလိုပါပဲ၊ မေမေက တစ်ဦးတည်းသော သမီးဆိုတော့ အဖော်မရှိဘူး၊ မေမေ့ အဖော် အနေနဲ့ အန်တီကြီးကို မွေးစားခဲ့တာ၊ဘွားဘွားက သမီးအရင်းနဲ့ တန်းတူ ထားပါတယ်တဲ့'

'ဟုတ်လား'

'အင်း၊ မမတို့ အဒေါ်ရင်းလိုပဲ ချစ်ကြတာပါ၊ ခုထိ သူဆုံးတဲ့ နှစ်ပတ်လည်တွေမှာ သပိတ်သွတ်တယ်၊ အလှူလုပ်တယ်၊ သုသာန်သွားတယ်၊ လူစေ့တက်စေ့တော့ မသွားနိုင်

ဘူးပေါ့၊ တစ်ယောက်ယောက်က တာဝန်ယူပြီး သွားလိုက်တယ်'

'အဲဒီနေ့က မေမေ အရမ်းလှတာပဲ'

'ခုတော့ မလှလို့လား'

'အမြဲလှနေတာ'

သီရိ နောင်တ ရလိုက်မိတော့သည်။

မှားသွားပြီ။ မေးစရာမဟုတ်သည့် မေးခွန်းကို မေးဖြစ်၏။ ပြီးတော့ ဆည်းဆာအင်လေးနဲ့ ဆည်းလောက် အလှကဝင် စကားတွေ ပြော၊ အချိန်တွေသုံး၊ လေကုန်ခံနေဖို့ မဟုတ်။ သိက္ခာ၊ သိက္ခာပိုင်းဆိုင်ရာမှာ ထိန်းသိမ်းဖို့ရှိသည်။ ကောင်လေးကို ငဲ့ပါသည်။ စေတနာတွေလည်း အများကြီး ထားသည်။ ဖြစ်ထွန်း ပေါက်မြောက်စေလိုစိတ် အများကြီး ရှိသည်၊ သို့ပေမယ့်....

သူနဲ့ ကိုယ်နဲ့ နီးစပ်စရာလား၊ နီးစပ်ခွင့် ကြုံမယ်ချာ ထင်နေသလား၊ မဆုံနိုင်တဲ့ မျဉ်းပြိုင် နှစ်ကြောင်းလို သူတစ်လှမ်း ကိုယ်တစ်လှမ်း သွားနေကြသည့် ခရီးမှာ ကိုယ့်လမ်းက သူ့လမ်းထက် အများကြီး ပိုမိုမြင့်မား ထည်ဝါနေသည်။ သူ့လမ်းက ကိုယ့်ထက် အများကြီး နိမ့်ကျ သိမ်ငယ်နေသည်။

လူ....လူချင်းလေ။

လူချင်းတော့ တူတူပေါ့။ သို့ပေမယ့် အမြင့် အနိမ့် ဆိုတာ လူတွေပဲ ခွဲခြားခဲ့တာပဲ။ လူချင်းက ဘယ်တူနိုင်တော့မှာလဲ။ မတူသူတွေ မဆုံနိုင်ကြတာ လောကဓံမှတာ





လို့၊ ဖြစ်ထွန်းလာမှာ မဟုတ်တဲ့ 'ဆုံမှတ်'ကို မရှာဖွေကြ အကောင်းဆုံး မဟုတ်လား။

အထူးသဖြင့် ကိုယ်က မိန်းမသား။

ကိုယ့်ဘာသာ ခမ်းခမ်းနားနားလေးကို အိမ်အိုလေးတစ်လုံး ပစ်ချလိုက်သင့်သလား၊ မေမေတို့ အခွင့်ပေးမှာလား၊ သားစုဆန္ဒကို ကိုယ်က ပယ်ဖျက် တော်လှန်လို့ ရနိုင် ကောင်းတဲ့ အရာလား၊ အို... မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ပါ ကောင်လေးရယ်၊ မင်းဟာ တစ်ခါမှ မငိုဘူးတဲ့ သီရိ တဲ့ မိန်းမသားရဲ့ မျက်ရည်တွေကို ချူဖို့ သီရိဝေယံကို ကာလာတဲ့ နတ်ဆိုးလေးပါပဲကွယ်။

ရှုတ်တရက် တင်းသွားသည့် မမမျက်နှာကို ချွန်းက ငံ့ရံမလပ် ငေးမောနေသူမို့ ချက်ချင်း သတိထားပေါက် သည်၊ ကြွေကျလာတော့မည့် အချစ်၏ အသီးအညွန့်တွေကို ပင်စည်ကိုင်းမကြီးဆီ ပြန်လည်သိမ်းငင် ထယ်တင် ဆောင်သွားတာလေ၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ လုပ်ရပ်မှန်ပါ ရယ်။

—◎—

နေခြည်ရောင်ဝါ ဈာန်းပက်လိုက်ဆလိုမျိုး
မင်းအကြည့်တွေ နွေးထွေးလှနီးတယ်၊
ထာရန်စုံလှုပ် လှပတဲ့ ကဗျာလေး
တစ်ပုဒ်လို ဟန်လေးနဲ့ နေ့တာတီတယ်၊
ကိုယ် သိပ်ချစ်မိပေါ့ကွယ်....။

သီချင်းလေးတစ်ပုဒ်ရတိုင်း စာအုပ်ထဲမှာ ဆပ်သပ်ရပ်
ကူးသိမ်းထားရသည်။ ဆီးရီးတစ်ပုဒ်တော့ ထုတ်ဖြစ်အော
ထုတ်ရမည်လေ။ မမရာ....

'အဆိုတော် ဖြစ်စေချင်သည်'တဲ့။

ဆီးရီးတစ်ပုဒ်အတွက် တေးရေးစာဆိုတွေဆီမှာ သီချ
ယနိုင်သည့်ငွေနှံအား မရှိပါ။ ဆီးရီးတစ်ပုဒ်ကို ခြ
ခြုတ်ခြုတ် အကုန်အသက်သာဆုံး နည်းနှင့် ဖြစ်အော
လုပ်ရမည့်သူပါ။ မြန်မာ့ရုပ်မြင်သံကြားမှာ သီချင်း
ရိုက်ဖို့အတွက်လည်း သီးသန့်မလုပ်နိုင်။ ကိုယ့်ဆီးရီးအ
လုပ်ရင်း သီချင်းရအောမှ သွားရိုက်ရတော့မည်။
လုပ်လျှင် နှစ်ခါကုန်ရမည်။ အကုန်မခံနိုင်ပါ။ အဆို
ဖြစ်ဖို့ ကြိုးစားကြသူတွေထဲမှာ ချွန်းလောက် မွဲသည့်
တစ်ယောက်မျှ ရှိမည်မထင်ပါ။

သူဆင်းရဲ သီချင်းသည်လေးပါ မမရေ။

....◎....





'သီချင်းတွေ တော်တော်ရပလား၊ ချွန်း'

'ကိုယ့်ဘာသာ ရေးထားတာ ရှစ်ပုဒ်လောက်ရှိပြီ။ အပုဒ်
နှစ်ဆယ်လောက် ရေးပြီးမှ ပြန်ရွေးရမှာ မမရဲ့'

'မမကို ပေးဖတ်လေ၊ မမလည်း ကူပြီး ခံစားပေးမှာ
ပေါ့၊ ပရိသတ်အမြင် ရတာပေါ့'

'စာရွက်ဖတ်ကြည့်ရုံနဲ့တော့ သိပ်ပြောနိုင်မှာမဟုတ်ဘူး
မမရဲ့၊ နားထောင်ကြည့်မှ ဖြစ်မှာ'

'ဒါဖြင့် မမ ကက်ဆက်ပေးလိုက်မယ်၊ မင်းအခန်းထဲမှာ
သွင်းယူခဲ့၊ ပြီးတော့မှ အခွေလေးပေး၊ မမ နားထောင်
ကြည့်မယ်'

'ကောင်းအားပဲ မမ'

'စာမေး ကျက်ရဲ့လား'

'ကျက်ပါတယ်'

'အောင်မှာလား ဒီနှစ်'

'ကျွန်တော်ဖြေတဲ့ စာမေးပွဲတိုင်း တစ်ခါမှ မကျဖူး
ခဲ့ဘူး မမရဲ့၊ မဖြေရတဲ့နှစ်သာ အတန်းမတက်ရတာ၊ ဖြေ
ရတဲ့ နှစ်တိုင်းတော့ အောင်တာချည်းပဲ၊ ဆစ်ခုပဲရှိတယ်'

'ဘာလဲ'

'ကျောင်းအုပ်ဆရာကြီးရဲ့လက်မှတ်ပေါ်မှာ ကျွန်တော်ပဲ'

'ဟင်.... ပိုဇေရှင် (Position အဆင့်) ဘိတိချည်းပေါ့'

'နှစ်တိုင်း မော်ဒရေးရှင်း (Modaration) ထင်ပါရဲ့'

'မပူနဲ့လေ၊ဆယ်တန်းမှာလည်း မော်ဒရေးရှင်း ရှိတာပဲ'

သီရိက ချစ်စရာလေး ရယ်နေ၏။

'အောင်မှာပါ မမရဲ့၊ စိတ်ချ'

'ဘာလဲ၊ မအောင်ရင် သပိတ်မသွားဘဲ နေရမယ်ပေါ့၊ ဆရာ့ရဲ့တာဝန်နဲ့ ဆယ်တန်းဖြေ'

ချွန်းက မသက်မသာ ရယ်၏။

'မမ စိတ်ချ၊ ကျွန်တော်က သေရင် သရဲဖြစ်မယ့်ကောင်၊ မခနားမှာ အမြဲ တဝဲလည်လည်နဲ့ ကပ်နေမှာ၊ ယောကျ်ား ယူရင် အဲဒီယောကျ်ားကို ကုပ်ချိုးသတ်မယ်'

ဖွင့်ပြောရဲသည်တော့မဟုတ်။ စိတ်ထဲက ကျိတ်ပြောလိုက်ခြင်းသာ ဖြစ်သည်။ ယောကျ်ားဖြစ်ပါလျက် ကိုယ်မြတ်နိုးတွယ်တာသည့် မိန်းမသားတစ်ယောက်ကို ချစ်လို့မှ ချစ်ပါတယ် ဖွင့်မပြောရဲသည့် ဘဝကို အသည်းနာလှပါ၏။ ခေလာကမှာ လူချင်းတူပေမယ့် အသက်ရှူချင်း ကွဲပြားလျက် ရှိလေ၏။ မမတို့မိသားစု ရှူသွင်းသည့်လေက အဆင့်အတန်း မြင့်စွာ လတ်ဆတ်နေ၏။ ချွန်း ရှူသွင်းနေရသည့် လေက အောက်တန်းကျစွာ ညစ်ညမ်းနေသည်ဟု ဆိုချင်ပါသည်။ လေကိုသာ အရောင်ဆိုးလို့ရလျှင်....

'မမ့ လောကမှာ လူတွေဟာ ဘာဖြစ်လို့ အဆင့်အတန်း ကွဲပြားနေရတာလဲ မသိဘူး နော်၊ ဘာတွေ ဘယ်လိုပဲပြော ပြော လူတန်းစား ကွာခြားမှုဆိုတာ ရှိကိုရှိနေတာပဲ'

'ဒါပေမယ့် ချွန်းရယ်၊ အဲ့ဒါကို ဆုတ်နစ်စိတ်နဲ့ ထိုင်ညိုးချုံးနေမှာနဲ့စာရင် အမြဲကြိုးစားနေသင့်တာပေါ့'

'လူချင်းတူပေမယ့် အသက်ရှူချင်း ကွဲတယ်နော်'





'ချွန်း တက္ကသိုလ်ရောက်ရင် ဖီလိုဆိုဖီ (Philosophy) ယူနော်'

'တကယ်ပြောတာ၊ မမရှူတဲ့လေနဲ့ ကျွန်တော်ရှူတဲ့လေ တောင် မတူဘူး'

'ပြောပါဦး၊ ဘယ်လိုကွဲပြားလဲ'

'မမရှူတဲ့လေက ပေါင်ဆန်းမွှေးနဲ့ စိန်ဘယက်ကို ဖြတ် တိုက်ပြီး တိုက်ကြီးပေါ် မြင့်တက်လာတဲ့ လေချိုအေး'

'ချွန်း သီချင်းထဲမှာ ထည့်ရပ်သိုက် အိုင်ဒီယာ (Idea) ကောင်းတယ်'

'ကျွန်တော်ရှူတဲ့လေက ငစိန့်ဆန်နဲ့ လေအေးသည်ကို ဖြတ်တိုက်ပြီးမှ တဲကြိုတဲကြားဝင်တဲ့ လေညှစ်။ လေကိုသာ အရောင်ဆိုးလို့ရရင် မမရှူတဲ့လေက ဘိုချ် (Beach) ထဲက လာလေး'

မမခြေဖျားလေးကို ငုံ့ကြည့်ပြီးမှ ပြောလိုက်သည်။ သီရိက တခစ်ခစ်ရယ်၏။

'ကျွန်တော်ရှူတဲ့လေက အညိုပုပ်ရောင်'

'အဲ့ဒီ ဘိုချ်နဲ့ အညိုဖုပ်ရောင်က အကျီနဲ့ လုံချည်အဖြစ် တွဲဝတ်ရင် လိုက်တယ်'

မမ....။

ဘာရယ်မှဟုတ် ပြောလိုက်ဘာသား။ စကားကို စကား အဖြစ် စကားလုံးဖြစ်ရင် ပြီးရော ပြောလိုက်ဘာလား။ တခြား အဓိပ္ပာယ်သည်း တစ်မျိုးထွက်သွားနိုင်တယ်ဆိုတာ

မမ မသိလို့ ပြောတာလား၊ သိလို့ပြောတာလား၊ အဲ့ဒီ အခိပ္ပာယ်ကို သက်ရောက်စေချင်လို့ ပြောတာလား။

မမ....။

ကျွန်တော့်အပေါ်ကို အကြင်နာရိပ်လေးတွေ မပြပါနဲ့ သည်းခံနောင် ပေါက်ကွဲတော့မယ်၊ ဖိနှိပ်မျိုသိပ်ထားရတာ လွန်လွန်းအားကြီးလို့ ရင်ဘတ်ကြီး ဖြန်းခနဲ ပွင့်တော့မယ် မမရဲ့။

'ခုလို အလကားကောင်အဖြစ်နဲ့ လူဖြစ်လာမယ့်အစား လူ့ဘဝ မရောက်တဲ့ သရဲဘဝနဲ့ နေချင်တယ်'

'ကောင်းသားပဲ ကိုယ်မုန်းတဲ့ လူတွေကို ခြောက်လှန့်ရတာပေါ့'

ကိုယ်မုန်းတဲ့ လူတွေကို ခြောက်လှန့်လို့ရသလို၊ ကိုယ်ချစ်တဲ့ သူနားမှာလည်း တဝဲလည်လည် နေလို့ရတယ် မမရယ်၊ မမ မျက်နှာလေး ငြိမ်းချမ်းလိုက်တာနော်။ တစ်ခါမှ မငိုဖူးဘူးဆိုတဲ့ မမ၊ သောကတွေလည်း အင်းနေတယ် ထင်ပါရဲ့၊ မျက်နှာလေးကြည့်လိုက်တာ ခင်ခင်ကျက်သရေပြည့်စုံ ဆိုတဲ့ ညီမအငယ်ထက်တောင် မမ မျက်နှာလေးက ပိုနုသေး၊ ဘဝအကျိုးပေး ကောင်းလိုက်တာနော်၊ မမ မျိုးရိုးစဉ်ဆက် အလည်းမြင့်မား၊ ဆွေကြီးမျိုးကြီး၊ ဂုဏ်ရှိသရေရှိအထက်တန်းစား၊ ပညာတတ်၊ ကျိကျိတက်သူဌေးတွေ၊ လှလိုက်တာလေးအစောင်စောင်ယို။

ကျွန်တော့်ကျတော့ အကျိုးပေးဆ ညံ့လေခြင်း။ အရင်တုန်းကတော့ ကိုယ့်ဘဝ ကိုယ်နိမ့်ကျလေခြင်းရယ်လို့ တစ်ခါမှ





အည်း ဝမ်းမနည်းခဲ့ဖူးပါဘူးလေ၊ ယှဉ်စရာကလည်း ကိုယ်သာသူမသာတွေ။ ခုတော့ ကျွန်တော့်ဘဝရဲ့ အမြင့်တစ်နေရာမှာ မမက မားမှားလေးရပ်လာပြီမို့ မခရယ်...

'မမ ကျွန်တော့်အကြောင်း သိချင်လား'

'ပြောချင်လို့လား'

'ပြောချင်လို့'

'ဒီအလဲ သိချင်တာပေါ့၊ ခေးရမှာ အားနာလို့၊ ပြောရင်းနဲ့ စိတ်အားငယ်လာမယ်ဆိုရင်တော့ မပြောနဲ့ တစ်ခုတော့ရှိတယ်၊ ကိုယ့်ကိုယ်ကို ဝေဖန်ဆန်းစစ်ရင်းနဲ့ လိုအပ်နေသေးတဲ့ အခြေအနေကို သဘောပေါက်ပြီး ကြိုးစားချင်စိတ်က ပေါက်လာအောင်တော့ ပြောသ တယ်'

'ဘာကြောင့်မှန်းတော့ မသိပါဘူး မမရယ်၊ မခကို ပြောပြချင်လို့'

'တို့အလည်း နားထောင်ချင်တယ်'

'ကျွန်တော် ငယ်ငယ်တုန်း သိပ်ငယ်တုန်းကတော့ပေါ့နော်၊ အဲ့ဒီအကြောင်းတွေတော့ မသိတော့ဘူးပေါ့၊ လူခုန်းသူမှန်းသိတဲ့ အရွယ်ကစလို့ပေါ့နော်၊ ကျေးဇူးအန်းတာတော့ မဟုတ်ပါဘူး မမရယ်၊ အဒမေ သိပ်ပြီး တယုဘယခရှိလှဘူး၊ ဆူပူမာန်မဲတော့လည်း မဟုတ်ဘူး၊ ဒါပေမယ့် ဘာသိဘာသာများတယ်...

'အဖေကသာ ဂရုစိုက်တာ၊ အဖေက တော်တော်လေး ချစ်ပုံရတယ်၊ အဖေကပြောတယ် မင်းအမေ အသက်ငယ်

တော့ လှချင်ပချင် စိတ်နဲ့ သားငမီး ကရိဏာ မခံချင်ဘူးတဲ့....

'အဖေဆုံးတော့ အမေ့ဆာ စီးပွားမရှာတတ်လို့ ကျွန်တော်က အလုပ်ထွက်လုပ်ရတယ်၊ ကျောင်းလည်းထွက်ရတာပေါ့....

'နောက် အမေအိမ်ထောင်ထပ်ပြုတော့ ပထွေးက တော်ပါတယ်၊ ကျွန်တော် ကျောင်းပြန်တက်ရတယ်'

'ညီလေးတွေ ညီမလေးတွေ ရှိမှာပေါ့'

'ရှိတယ်မမ၊ ညီတစ်ယောက် ညီမတစ်ယောက် ရှိပေမယ့် ကျွန်တော်က လုံးဝအထီးကျန်မှုပဲ၊ သူတို့ သားမီးသားဖ လေးယောက်က လုံးထွေးနေတယ်....

'အမေက အဲဒီ အငယ်နှစ်ယောက်ကိုတော့ နှိပ်တိုက်တယ်၊ ဂရိကထခံတယ် သူတို့ ကသိုလ်ကောင်းတယ်ပေါ့'

'အသက်အရွယ်ရလာတော့ လူကြီးစိတ် ဝင်လာတာလည်းဖြစ်မယ်ပေါ့၊ ချွန်းရဲ့'

'အခုတစ်ခါ အမေဆုံးပြန်တယ်၊ ပထွေးက စာဝန်မယူနိုင်တော့ဘူးလို့ ပြောတယ်၊ ဒီလိုပြောတာ တရားပါတယ်၊ ကျွန်တော် အသက် နှစ်ဆယ်တောင်ရှိပြီပဲ၊ ယောကျ်ားလေးလည်းဖြစ်တော့ ကိုယ့်အားကိုယ်ကိုး ရင့်ပြီ....

'ရှက်စရာကောင်းတာက အသက်နှစ်ဆယ်ကျမှ ဆယ်တန်းစဖြေရတာ'





'ကွယ်....ဒါရှက်စရာလား၊ မကြိုးစားရင်သာ ရှက်စရာ ကြိုးစားနေတဲ့လူဆိုတာ ဘယ်အရွယ်ပဲဖြစ်ဖြစ်၊ ဘယ်အတွက်ပဲဖြစ်ဖြစ်၊ ရှက်စရာမရှိဘူး ဂုဏ်ယူဖို့ပဲရှိတယ်'

'ဘယ်လောက်ပဲ ကြိုးစား ကြိုးစား မမတို့လို အဆင့်မျိုးတော့ ဆယ်ဘာဆက်တိုက် ကြိုးစားလည်း မီဖို့မရှိဘူးနော် မမ'

'ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ တစ်ခုခုပေါ့ တစ်ခုခုကို အောင်မြင်အောင် ကြိုးစားလိုက်ပေါ့၊ မင်းဆို အနုပညာနဲ့ အောင်မြင်နိုင်တာပဲ....

'အနုပညာရှင်ဆိုတာ တစ်နှစ်မှာ ဆယ်ယောက်မပေါ်ထွက်ပါဘူး ချွန်းရဲ့၊ ဆရာဝန်ဆောင် တစ်ပြည်လုံးအတိုင်းအတာနဲ့ဆိုရင် တစ်နှစ်မှာ လေးငါးရာဖြစ်တာယ်'

'အဆိုတော်တစ်ယောက်အဖြစ်နဲ့ အောင်မြင်မယ်ဆိုရင် ဆရာဝန်တစ်ယောက်နဲ့ အဆိုတော်တစ်ယောက် ပြိုင်တောင်းမယ်၊ သမီးရှင်က ဘယ်သူ့ကို ရွေးမယ်လို့ မမထင်လဲ ပြောလေ'

'သမီးရှင်ကတော့ ဆရာဝန်ကို ရွေးချင်ရွေးမယ်၊ သမီးကတော့ အဆိုတော်ကို ရွေးမယ်ထင်တယ်'

သီရိက ရယ်၍ ချွန်းပါ လိုက်ရယ်၏။

'ဒါပေမယ့် ကျွန်တော်က အောင်မြင်တဲ့ အဆိုတော်တစ်ယောက်ဖြစ်ဖို့ မျှော်လင့်ချက်က အပုံတစ်သိန်းမှ တစ်ပုံလောက်ပဲရှိတယ်'

'ဘာဖြစ်လို့ ဒီလောက် စိတ်လျှော့ရတာလဲ'

'ငွေပေါ့ မအေ၊ လောကမှာ ငွေဟာ အဓိကကျတဲ့အရာ မဟုတ်ဘူးလို့ ပြောကြတယ်၊ ဒါပေမယ့် ငွေဟာ အရာရာကို ဖန်တီးနိုင်တယ်ဆိုတာ မငြင်းနိုင်ကြပါဘူး'

'ငွေနဲ့ပေးပြီး ဝယ်လို့မရတာတွေ အများကြီး'

'မြ တစ်ခုပြောလေ'

'မေတ္တာ'

'ကျွန်တော် နယ်မှာနေတုန်းက ဘေးအိမ်မှာ အဘွားကြီးတစ်ယောက်ရှိတယ်၊ သမီးနှစ်ယောက် မွေးထားတယ်၊ တစ်ယောက်က ကျောင်းဆရာနဲ့ အိမ်ထောင်ကျတယ်၊အကြီးမပေါ့၊ ကျောင်းဆရာက အိမ်တစ်ဆောင် မီးတစ်ပြောင် မထားနိုင်ဘူး၊ ယောက္ခမအိမ်ပေါ်ပဲ ကပ်နေရတယ်....

'အဘွားကြီးက မုဆိုးမ၊ ကျေးတော့ ကျေးထားတယ်၊ အမေရယ်လို့ စားဦးစားဖျား သူ့ဘို့တောင် မစားရှာပါဘူး၊ သမီးဖြစ်သူက ကျွေးပါတယ်....

'နေထိုင်မကောင်းလည်း ပြုစုတယ်၊ သမက် ကျောင်းဆရာကလည်း ဘော်တော်ယ်မှာရှဲ၊ မြေးတွေဆိုလည်း ပြားပြားဝပ်လို့ အဘွားကြီးက ဆူရဲမာန်ရဲ....

'သမီးအငယ်က စက်သူဌေးသားနဲ့ ရတယ်၊ ယောက္ခမ အိမ် လိုက်သွားတယ်၊ အနီးကပ် မပြုစုနိုင်ဘူးပေါ့၊ တစ်ခါ တစ်ခါ့လာတယ်၊ ပိုက်ဆံထောက်တယ်....

'ဘယ်သမီးလိမ္မာလဲ...မမပြောလေ'

'နှစ်ယောက်လုံး လိမ္မာတယ်'

'တူတူပဲလား'





'တူတူပေါ့'

'အဘွားကြီးကတော့ အငယ်ထဲက လာသမျှလူကို ဆီး ပြောတာပဲ၊ သူ့သမီး အငယ်က ပိုက်ဆံဘယ်လောက် ပေး သွားပြန်ပြီ၊ ဟော့လစ်ဝယ်ပို့ပြန်ပြီ၊ ကြက်ဥဝယ်ပို့ပြန်ပြီနဲ့ အဲဒီကမွေးတဲ့ မြေးတွေဆို တဲ့တစ်ချက် မခေါ်ရက်ဘူး၊ ခေါ်လည်း မခေါ်ရဲဘူး၊ သခက်အ အခါတိုင်းပါတာ ဟုတ်ဘူး၊ တစ်ခါတလေ သခက်သူဌေးပါလာရင် အဘွား ကြီးကသူကိုယ်တိုင်တံမြက်စည်းထလှည်းသေးတာကလေ....'

'အနေစိမ်းလို့ အားနာတာ ဖြစ်မှာပေါ့'

'အကြီးမဆိုအာ ကျိတ်ကျိတ်ငိုရှာတယ်၊ နေ့တိုင်း ကျွေး နေတာ မပေါ်တင်ဘူး မမရဲ့၊ မမရယ် ငွေဟာ သော့က ကြီးမှာ ကြီးစိုးလွန်းပါတယ်'

'အဲဒီလို တစ်ယူသန်ကြီးလည်း ခထားနဲ့၊ စိတ်ခတ်ခက် ထန်သွားမှာ စိုးရတယ်'

'ပြီးတော့လေ...ကျွန်တော် ကြိုးစားချင်စိတ်ရှိပါတယ်၊ ကြိုးလည်း ကြိုးစားမှာပဲ၊ ဒါပေမယ့် ဘယ်လောက်ကြိုးစား ကြိုးစား တစ်ဝမ်းတစ်ခါးအတွက် ရှာဖွေစားသောက်ရတဲ့ သူတွေဟာ ဘယ်တော့မှ သူဌေးမဖြစ်ပါဘူး၊ ကျွန်တော် တော့ တကယ်ပဲ၊ တစ်ခါတစ်ခါ အားပျော့မိပါတယ်'

'အဲဒါ ယောကျ်ားစကားမဟုတ်ဘူး၊ ဒီလောက် ကျယ် တဲ့ ပင်လယ်ကြီး လက်ပစ်ကူးလို့ ဘယ်တော့ ကမ်းကို ရောက်မှာလဲလို့ စိတ်လျှော့လိုက်ရင် မဟာဇနက္ကမင်းသား တာ ရှင်ဘူရင် ဖြစ်မလာဘူး'

'အဲဒါ မေခလာနတ်သမီးက ဆယ်လို့ကိုး'

'မင်းကိုလည်း....'

'ချွန်းရေ...

မမကြီးက အနားသို့ ရောက်လာသည်။ အားအားရှိ သီရိစားပွဲနားပဲ လာလာစကားပြောနေတတ်သည့် ယာဉ်မောင်းလေးကို မမသတ္တိ မျက်စိနောက်စပြုသည်။

'ဟုတ်ကဲ့ မမကြီး'

ချွန်းတာ ခတ်တတ်ကလေး ထရပ်၏။ ကိုယ်ကလေးတောင့် လက်ကလေးနှစ်ဖက် နောက်ပစ်ကာ အမိန့်နာခံသည့် ပုံစံလေးနှင့် ကြိုလင့်သည်။ အဲသည်လိုဆိုတော့လည်း မမသတ္တိ ကျေနပ်သွားရပြန်သည်။

ဆည်ကျောင်လေး၊ သည်အနေအထား သူသိရှာသား။ ကျိုးနွံရှာသား၊ သီရိကို ရောချင်လို့ လာစကာနေတာဟုတ်မယ် မထင်။ သီရိက သီချင်းလေးတွေဆည်း ဝါသနာပါ၊ ဆင်းဆင်းရဲရဲထဲက ကြိုးစားချင်သူတွေဆိုလည်း ကူညီတတ်၊ တိုတင်ခါ ရိုရိုဝင်း ဆိုသည့် တောင်မလေးတုန်းကလည်း အချုပ်အလုပ် ဝါသနာပါလို့ သူပဲ အနားတခါခါ စကားတပြောပြောနဲ့ နောက်ဆုံးမှာသိုးမွေးထိုး စက်ကလေး တစ်လုံး ဝယ်ပေးပြီး ထူထောင် ပေးလိုက်တာ။ မေမေ ကလည်း သူ့ကို တခေါ်ခေါ်နဲ့။ အဲဒါမျိုးပဲ ထင်ပါရဲ့လေ။

'မေကြီး မလိုက်တော့ဘူး၊ ချွန်းပဲ သွားပေးတော့ကွယ်၊ ပေးဖနဲ့ မေမေ သောက်နေကျအားဆေး ကုန်လို့၊ မီဂါရိုက် (Megarite) ကတ်နဲ့ ထည့်ထားတဲ့ အတောင့်ညို





တွေ၊ ဆတ်ပြားကိုမှ စက္ကူကတ်ဘူးထဲ ထည့်ထားတာ၊ နာမည်ပြောရင် ချွန်းလည်း သိပါတယ်၊ စာဖတ်ကြည့် လိုက်ပေါ့'

'ဟုတ်ကဲ့ မမကြီး၊ မင်္ဂလာဈေး သွားလိုက်ရမလား'

'မသွားနဲ့၊ ဆေးလေးတစ်ဆတ်နဲ့ ဟိုထိသွားရတော့ ပင်ပန်းတာပေါ့၊ ရန်ကင်းနားဆေးဆိုင်တွေမှာ ရနိုင်တယ်၊ အဲဒီပဲ သွားနော့'

မမသတ္တိက ပိုက်ဆံထုတ်ပေးသည်။ ချွန်းက သူ့အင်္ကျီ အိတ်ထဲမှ ဘောလ်ပင်လေးကို ထုတ်၍ ဆေးနာမည်ကို လက်ဝါးမှာ ရေးမှတ်သည်။ မမသတ္တိ လှမ်းပေးသည့် ပိုက်ဆံကို လက်နှစ်ဖက်နှင့် ယူ၏။ ပြီးတော့ ချာခနဲ လှည့်ထွက်သွား ပုံလေးမှာ ကားကိုမှ မောင်းသွားပါမလား။ ဆည်ထက် မြန်အောင် ကားကို ပခုံးပေါ် ထမ်းပြီးတော့မျာ၊ ခြေထောက်နှင့် ပြေးလေမလား ထင်ရသည်။

သွက်လ လိုက်ပ ဘိခြင်းလေး။

'အဲဒီကောင်လေး ဖင်ပေါ့ပုံက ဘင်ပါးမှာ အတောင် တပ်ထားသလား ထင်ရတယ်၊ ထွန်းမောင်တို့ ကိုကိုကြီးတို့ လက်မလွှတ်နိုင်သလို ချွန်းလည်း ဒီအိမ်မှာ တော်တော် အသုံးဝင်နေပြီ...

'မမကြီးက မေမေ့ကို ပြောပြီ၊ မမကြီး အိမ်အတွက် တောင်းမလွှား စိတ်ကူးနေတာ၊ ခုတောင်းရမှာလည်း အခါနာတယ်၊ မေမေကလည်း စွတ်စွတ်ခိုင်းတာ'

သီရိ နှားထောင်နေလိုက်ပါသည်။ ကစ်ခွနိုးမျှ ပြန် မပြောဖြစ်ဘဲ မျက်နှာလေး ရဲရဲနှင့် ရှက်နေရတော့သည်။

မနက်ကပဲ မေမေ မနက်စာ စားပြီးတော့ သီရိကိုယ်တိုင် ဆေးယူတိုက်ခဲ့တာ။ မီဂါဖိုက် ဆေးတောင့်တွေ ဆတ်တွေ ကတ်တွေနှင့် ဘူးထဲမှာ အပြည့်။

မမကြီး သည်ဆောင်လေး သီရိနှား ကပ်လွန်းနေတာကို မမကြီး မကြိုက်ဘူး ထင်တယ်နော်။ မျက်စိနောက်ပြီလား။ သီရိလည်း နှောက်ချင်စိတ်ရှိပါတယ် မမကြီးရယ်။ ဒါပေ မယ့်....

—❁....

ရင်ထဲမှာ ပူနေသည်။

ရင်ညွန့်နေရာနားမှာ တကယ့်ကို ပူနေတာပါ။ ခံစားမှု ကြောင့်လည်း ပူသည်။ အစာမရှိသည်မို့လည်း ဝေဒနာ ကြောင့် ပူ၏။ မနေ့မနက်ကတည်းက ဘာမျှဟုတ်တိပတ်တိ မစားဖြစ်ခဲ့။ ညစာကျတော့လည်း မဆာသေးသလိုလို၊ ရင် ပြည့်သလိုလို၊ နေ့လယ်စာ ဆော်ဖီတွေဝဲ ခွက်ဆင့်သောက် လိုက်မိသလိုနှင့် ထမင်းဝိုင်းကို ရှောင်လိုက်သည်။ သို့ပေမယ့်





တော်ကြာမှ စားမည် ဆိုသည့် ညစာကို မစားဖြစ်တော့ ပါ။ ခေါင်းထဲမှာ မီးတောက်၏။

ရင်ထဲမှာ တစ်ခုခု ဆို့နင်နေသလိုလို၊ ဘယ်လို အစား အစာ အဖတ်တစ်မျိုးမျိုးကိုမျှ မျိုမချနိုင်မှာ သေချာနေ သည်။ ရေတွေချည်း တစ်ခွက်ပြီးတစ်ခွက် သောက်ဖြစ်၏။ ရင်ထဲအပူကို မအက်သာစေခဲ့ပါ။ သီရိချစ်သော ညအလေး ကလည်း လှပ၍ မလာခဲ့ချေ။ ကောင်လေး သီချင်းသံကို လည်း မကြားရတာလည်း ကြာပြီ။

'သီချင်းစပ်တာ ခဏရပ်ပြီး စာကျက်နေပါတယ် ခေ'တဲ့။

လွန်ခဲ့သည့် နှစ်ရက်က ထစာင်းပို့ထားသည်။ နှစ်ရက် ဆိုသည့် အချိန်ကာလသည် သီရိအတွက် ကြာပြီဟု ပြောဖို့ လုံလောက်နေတော့တာ ခက်လှပါ၏။ သီရိချစ်သည့် ည စာလေးမှာ ဝတ္ထုစာအုပ် ဖောက်ကိုင်လည်း စိတ်မဝင်စား။ သီရိနှစ်သက်သည့်အဆိုတော်တွေ၏သီချင်းခွေတွေ တစ်ခွေပြီး တစ်ခွေဖွင့်နားထောင်လည်းကြည်နူးစိတ်ဝင်မလာ။ နောက် ဆုံးစယ်ထားသည့် ဇာဖြူ အထပ်ထပ်နှင့် အင်္ကျီလေးကို ယူ၍ ပန်းပွင့်တွေ ကြားထဲမှာ ရေမာရောင် ဘော်ကြယ်နှင့် ငွေ ရောင် ပုတီးစေ့တွေ သီခက်တော့လည်း၊ လက်ကို အပ်စူးလို့ သည်း နေတော့သည်။

အချိုးကျ၊ လှလှပပ ဖြစ်မလာ။ ဘော်ကြယ် အပေါ် မှာ အပ်ချည်က ကျော်လို့ ကျော်မိ။ ပုတီးစေ့က ပြန်ပြုတ် ထွက်၊ ဆက်ချောင်းလေးတွေကိုချည်း ခုနစ်ခါ ရှစ်ခါ

[illegible] အပ်စူးပြီးသည့် အခါမှာ အင်္ကျီကို အခန်းထောင့်သို့ လွှင့်ပစ်လိုက်တော့သည်။ ညဥ့်က မနက်သေး။ ပြတင်းတံခါးကို ဖွင့်လိုက်တော့ လဆန်းရက်မို့ အလင်းရောင်အမှိန်ပျပျ။ စိန်ပန်းပြာ ပင်ပေါ်မှ လက်ကျန်ပန်းဖူးလေးတွေကို တောင် မမြင်ရ။

ဆောက်တည်ရာမရတိုင်း တံခါးကို ခပ်ပြင်းပြင်း ပိတ်လိုက်သည်။ ကျွက်သရေနှင့် သွား စကားပြောဖို့ကျတော့ ရှူ အိပ်လေခက်ပြီ၊ ပန်းနုရောင် လက်သည်းရှည်ရှည်လေးတွေကို လက်ချောင်းလေးတွေ ကော့ကြည့်ပြီး အနီရဲရဲ ပြောင်း ဆိုးဖို့ စိတ်ကူးပေါက်သည်။ လက်မတစ်ချောင်း ဆိုးလိုက်သည်၊ ဖျက်ဆေးနှင့် ဖျက်ပြီးခူ ဆိုးတာ မဟုတ်သမို့ ထူထူ ပျစ်ပျစ်နှင့် မလှမပ ဖြစ်နေသည်။ လက်ညှိုးကို ခရမ်းရောင် ဆိုးလိုက်သည်။ လက်ခလယ်ကျတော့ ရွှေမှုန်ဆေးတွေပါသည့် လိမ္မော်ရောင် ဆိုးသည်။ လက်သူကြွယ်ကို ပန်းနုနုထဲ ပုလဲ သွေး ထည့်ထားသည်မို့ ဖြူလှနီးပါး ဖြစ်နေသော ဖြူ ပိတ်ပိတ် အရောင်ကို ဆိုးလိုက်၏။ လက်သန်းကာ မှောင်လွန်း သည်မို့ အနက်နီးပါး ဖြစ်နေသော နီညိုပုပ်။

ကိုယ့်လက်တွေ ကိုယ်ပြန်ကြည့်တော့ မရမ်းပတာ ခံနေရ လိုက်သည်ကိုပဲ ကျေနပ်ပစ်လိုက်သည်။ အိပ်ရာခင်းကို ဆွဲ တွန့် ပစ်လိုက်သည်၊ ခေါင်းအုံးကို စောစောက အင်္ကျီနှင့် ဝေးစည် နောက်အခန်းထောင့် တစ်ခုသို့ ပေါက်ထည့်လိုက် သည်။ ရှန်ထင်ခုံပေါ်မှာ စီရီနေသည့် အလှပြင် ပစ္စည်းများ





ကို တွန်းလှဲ၏။ အသံမထွက်စေရအောင် ဖြည်းဖြည်း လုပ်ရ သည်မို့ တင်းတိမ်ခြင်း မရှိ။

အသံတွေ အကျယ်ကြီးထွက်အောင် ဝုန်းဒိုင်း ပေါ်ပေါက် လွှင့်ပစ် ပေါက်ခွဲ ရစရာမရှိအောင် ပျက်စီး ပစ်လိုက်ရမှ တစ်ခန်းလုံး မြင်မကောင်း ရှုမကောင်း၊ မရှုမလှ ပျက်စီး သွားမှ စိတ်ထဲမှာ နည်းနည်း ပါးပါး ကျေနပ်သာနိုင်မည် သို့ပေမယ့်....အသံတိတ် ပေါက်ကွဲနေရသည်။

သီရိဂေဟာ မိသားစု၏ စတုတ္ထ သမီးလေး ရှုံ့ချင်း ကြမ်း တမ်းစွာ ပေါက်ကွဲခွင့် ဘယ်ရှိပါမလဲ။ အဲ့အည်လို ဘယ်သူက စည်းကမ်း လာချပြီး ပညတ်ထားလို့လဲ။

ဒါ....သီရိဂေဟာ မိသားစုမှာ အလိုလို နားလည် လက်ခံ ပြီးသား ဥပဒေ တစ်ခုလေ။

ရေချိုးခန်းထဲ ဝင်၏။ အိမ်သာ ကြွေခွက်ကြီးနားမှာ ရပ်ကာ ရေတွေပဲ ဆွဲချလိုက်သည်။ တဝေါဝေါ သံလေးက ကြားလိုက်ရတာ သီရိရဲ့ တိတ်တဆိတ် ပေါက်ကွဲမှု ထဲမှာတော့ အပြင်းထန်ဆုံး လှုပ်ရှားမှုပါပဲ။ မလွှတ်ချပ်လိုက်တာများ နော်။ အိပ်ရာပေါ် ပြန်မတက်ဘော့ဘဲ ဇောင်ဇောခင်းထား သည့် ကြမ်းပြင်ပေါ်မှာပဲ အိပ်စက်ဖို့လှဲချလိုက်သည်။ ဖြစ်နိုင် လျှင် အဲသည် ဇောင်ဇောကြီးလည်း ဆွဲဖယ် လွှင့်ပစ်လိုက်ချင် ၏။ မမနိုင်လို့သာ ကြည့်နေလိုက်ရသည်။ မေကြီး တွေ့လျှင် ဘယ်လို ပြောမလဲ။

'ပေရင် မေ့ရာပေါ်ကနေ ကြမ်းပြင်ပေါ် ဆင်းအိပ် ချင်ရတယ်လို့ကွယ်၊ မိုက်မဲလိုက်တဲ့ သီရိ'

အဲဒီလို ပြောမှာ အသေအချာ။

တစ်ရေးမှ မနှဲတဲ့ မိုးစင်စင်လင်းတော့ ထုံးစံအတိုင်း ရေချိုးပြီး ဘုရားရှိခိုးခိုက်မှာ ယောက်ယက်ခတ်နေသည့် မိ အလေး နည်းနည်းပါးပါး သက်သာ၏။

'နှလုံးစိတ်ဝမ်း ငြိမ်းရပါလို၏ ဘုရား'

တစ်ခုခုကို ဆုတောင်း လိုက်ချင်သည်။ 'မက်မောသ တစ်ခု ရင်ထဲမှာ ရှိနေသည်။ သို့ပေမယ့်....သီရိ ကိုယ်တိုင် မတောင်းရဲသေးပါ။ အဲဒီဆုကို တောင်းလိုက်လို့ တစ တမ်း ပြည့်သွားခဲ့သော် စိတ်ချမ်းသာမှာလို့ ကိုယ့်ကိုယ် မယုံရဲသည့် သီရိပါ။

မပြတ်သားလိုက်တာနော်။

ဘော်ဖီဝိုင်းမှာ သီရိအသံ တိုတိနေလို့ ဖေဖေအတော မှ သမီး နေကောင်းရဲ့လား တဲ့။

'ကောင်းပါတယ် ဖေဖေ'

'မျက်နှာ ပျက်နေသလားလို့'

'သမီးဘဝရဲ့ အရေးအကြီးဆုံး ဆုံးဖြတ်ချက် တစ်ခု သမီး မဆုံးဖြတ်တတ်အောင် ဖြစ်နေလို့ပါ'

ဖေဖေကရယ်၏။

မေမေတင်ပြထားသည့် လုပ်ဆောင်ချက်တစ်ခုကို ဖေ သိပြီးသား ဖြစ်နေမှာပါ။ သီရိကလည်း သတိကောင်းသည် မကြီးကို မမီလျှင်သာ ရှိရမည်။ အေးဆေးငြိမ်သက်ထ ဝါသနာမို့ ပူပူဆာဆာ မရှိတတဲ့ ဖြစ်မည်။ ပျော့ညံ့ တစ်ယောက်တော့ မဟုတ်ပါ။ မေမေက သားတွေ သမီ





တွေကို 'ခပ်တုံးတုံး' တွေဖြစ်အောင် ပုံသွင်းခဲ့တာမဟုတ် ချေ။

ရိုင်းပျတာနှင့် ပွင့်လင်းတာကို ခွဲခြားသိစေခဲ့သည်။

'ဒါပေါ့...ဒါပေါ့၊ ငါ့သမီး ညာ အိပ်ရေးတောင် ပျက်နိုင်တာပဲ'

ကျက်သရေက ခိခနဲ ရယ်သည်။

'ရယ်မနေနဲ့ တစ်နေ့ သူ့အလှည့် မလာမှာကျလို့'

နောက်သလိုလို ပြောင်သလိုလိုနှင့် အတည်ပေါက် ဝေါဟ ပစ်လိုက်သည်။ ကျက်သရေက ဝါးခနဲ ရယ်ချ၏။ မကြီး ဆွေက်မလာသေးသည်မို့ စားဝိုင်းက သိပ်မစည်ပါ။ မေ မေက မမကြီးတုန်းကလို ရယ်ရယ် ပြုံးပြုံးမရှိ။ ပုံမှန်ဖြစ် နေ၏။ ဖေဖေသာ ပြုံးစိစိလုပ်နေသည်။ ကိုကိုကြီးနှင့်ကိုကို လေးရှိလျှင် မျက်နှာတွေ ဘယ်လိုဖြစ်နေကြမလဲ သိချင် သည်။

'မေမေ့ပြစမ်း'

ဒေါ်ခင်စုမြတ်က သီရိ၏ ဘယ်ဘက်လက်ကို ဆွဲယူကြည့် လိုက်၏။ ပညာရှိတွေချင်းမို့ ချက်ဆို နားခွက်က မီး တောက်၏။

'သမီးကလည်း အပျိုပေါက်ကလေး ရည်းစားစာပေးခံ ရတာ ကျနေပြီ'

ဒေါ်ခင်စုမြတ်က ခုမှ တပြုံးပြုံး လုပ်ဖော်ရသည်။ သီရိတစ်ယောက် စိတ်တွေ ယောက်ယက်ခတ်ရနိုကောဟု မေမေက ကျီစယ်လိုပုံရသည်။ လက်သည်း ငါးချောင်းမှာ

တစ်ချောင်း၊တစ်ရောင် ဖြစ်နေတာကို ဦးပြည့်စုံကလည်း ကြည့်၍ ရယ်သည်၊ ကျက်သရေကတော့ တစ်ချိန်လုံး တခိခိ ဖြစ်နေတော့သည်။

'ညာဘ အိပ်ပျော်ရဲ့လား'

'ပျော်ပါတယ် မေမေ'

မျက်စိမှိတ်၍ ညာလိုက်၏။

ဖေဖေနှင့် မေမေကို ညာပြောဖို့ သီရိ တော်တော်ကြီး စဉ်းစားခဲ့သည်၊ ညာခဲ၏၊ သီရိမှတ်မိသလောက် မညာမိတာ ကြာပြီ။ တော်တော်ကြာသော နှစ်ကာလ အပိုင်းအတွင်းမှာ သီရိ အမှန်တွေချည်း ပြောခဲ့သည်။

'ညာပြောတာကို မေမေက သိပ်စိတ်ဆိုးတာ၊ ဘယ်သူ ညာညာ မေမေကို စော်ကားတယ်လို့ မြင်တယ်၊ ညာတဲ့ သူဟာ ဒိမိန်းမကြီး ငါ ညာလိုက်ရင် သူယုံသွားမှာပဲ ထင်ပြီး ညာပြောတာဟာ မေမေ့ အသိဉာဏ်ကို အထင်သေးတာ၊ မေမေ့ကို နုံလပိန်းတုံးလို့ စွပ်စွဲလိုက်တာနဲ့ အတူတူပဲ၊ အဲဒါကြောင့် စော်ကားတယ်လို့ ယူဆထားတယ်၊ မေမေ အရမ်းစိတ်ဆိုးတာပဲ' တဲ့

အဲသည်လို ပြောပြီးထားတည်းက မညာတော့ပါ။ ဟိုး— ငယ်ငယ်လေးတုန်းကတော့ ညာဖြစ်ပါသည်။ ကျောင်းမှာ ဆီးချဉ်ထုပ် ဝယ်မစားရဟု မေမေက အမိန့်ထုတ်ထားသည်။

'သမီး၊ အချဉ်ထုပ်တွေ ဝယ်စားသေးလား'

'မစားပါဘူး မေမေ'





အဲဒါမျိုး ညာခဲ့ဖူးပါ၏၊ မညာတာ နှစ်ပေါင်းအတော်ကြီး ကြာပြီးမှ ပြန်ညာရတာ၊ ရင်ထဲမှာ ဆွေးသွားရသည်၊ မေမေသိလျှင် ကြေကွဲရှာမည်။

'သမီး သီရိ မေမေ့ကို စော်ကားပြီ'ဟု ဝမ်းနည်းတနည်း ပြောရှာမည်။

ခွင့်လွှတ်ပါ မေမေ၊ သမီး နှုတ်ခမ်းက အညာစကားကို ရည်ရွယ်ချက်မရှိဘဲ လွှတ်ခနဲ ထွက်သွားမိပါတယ်ဟု ရင်ထဲမှာ ကျိတ်ပြောလိုက်သည်၊ ညာတစ်ကြိမ် ဘုရားရှိခိုးသည့် အခါ မေမေ့ကိုပါ ရှိခိုးပြီးလျှင် ရင်ထဲမှပဲ ကျိတ်၍ တောင်းပန်ရပါဦးမည်။

'မေမေ'

'ပြော…သမီး၊ ဘာပြောချင်လဲ ပြောချင်တာပြော'

'ဖေဖေ့ကို ပြောချင်တာရှိရင်လည်း ရတယ်နော်၊ ဖေဖေပါ နားထောင်ဆိုရင် ဖေဖေ ထိုင်နေမယ်၊ ဖေဖေ နားမထောင်ပါနဲ့ဆိုရင် ထသွားမယ်'

'အမယ်…ပြီးရင် ဖေဖေက မေမေ့ကို ကျိတ်မေးမှာ မျှား'

ကျက်သရေက ရယ်၍ပြော၏။

'ကျိတ်မေးစရာ မလိုပါဘူးကွယ်၊ မြတ်က ဖေဖေ့ နားရွက်ကြီးကို ဆွဲပြီး အတင်းလိုက်ပြောနေလို့တောင် နားအူပြီး ထွက်ပြေးရဦးမှာ'

'ဖေဖေက မေမေ့ကို အရမ်းချစ်တယ်နော်၊ ကိုကိုမင်း ကျော်သွင်က မမကြီးဆို အဲဒီလောက် ချစ်ရဲ့လား'

ကျောက်ဆရေက ပူပူပနိုပန် မေးရှာ၏။ သီရိဂေဟာဖခင်ကြီးနှင့် မိခင်ကြီးတို့က အပြန်အလှန် မျက်စောင်းထိုးကြ၏ စကားနာထိုးကြနှင့်ပေမယ့် ဖေဖေသည် စမမ့်ကို ဘာလုပ်နေလို့မှ တားမြစ်ပိတ်ပင် ဆူပူမောင်းမဲခြင်းမရှိ။ ကိုယ်ကျင့်တရားထိန်းအော ဇနီးနှင့် မ်သားစုအပေါ် အလွန်သစ္စာရှိသူဖြစ်လေ၏။ မေမေကတော့ ပြောဖို့တောင် မလိုသလောက်ပါပဲ။ ခုချိန်ထိ မိုးတွင်းနှင့် ဆောင်းတွင်းတွေမှာ တစ်ညနှစ်ခါလောက် ထပြီး ယောကျ်ားရော သမီးတွေပါ စောင်လိုက်ခြုံပေးတတ်သည်မို့ အိပ်ခန်းတံခါးတွေကို စေ့ရုံစေ့လျက် ဆောင့်မခတ်ဘဲ အိပ်ရသည်။

'အင်း....မိန်းမ ထမင်းခူးစကျွေးမှုစား၊ခြင်း၊ နေမှဆောင်းချိန်မှာ မိန်းမဆေးစတိုက်လျှင် ကိုယ်တိုင်ယူသောက်ရန်ပျင်းလွန်း၍ အဆေခံပြီးနေခြင်း၊ ကိုယ့်ကိုစ္စနှင့်ကိုယ့်စကားပြောစရာရှိတာကိုတောင် တယ်လီဖုန်းခွက်ကိုင်ပြီး ဂဏန်းနှိပ်ဖို့ ပျင်းလွန်း၍ မိန်းမရေ ဖုန်းခေါ်စမ်းပါဟုပြောခြင်း မိန်းမတစ်ယောက် ယူခြင်းကို ကျွန်ဆယ်ယောက် အလကားရသည်ဟု သဘောထားခြင်းများကို....'

ဦးပြည့်စုံက ကော်ဖီမသီးပါဘဲ သီးချင်ယောင်ဆောင်၍ ချောင်းတဟွပ်ဟွပ် ဆိုးပြသည်။

'အချစ်ဟု အဓိပ္ပာယ် ဖော်နိုင်မည်ဆိုပါက ကဲမှာပေါ်တွင် ဦးပြည့်စုံလောက် မိန်းမချစ်သူ မရှိတော့ပါကြောင်း'

ဒေါ်ခင်စုမြတ်က စာသံပေသံနှင့်ပြောပြီး ထိုင်ရာမှထလိုက်၏။





'မြတ်....လက်သုတ်ပပါ'

'ကဲ....အဲဒါသာကြည့်'

လှမ်းယူသိုက်သည်။ လက်လှမ်းမီသည့်နေရာတွင် ရှိပါ ...ျက် အကျင့်ပါနေပြီမို့ ဒေါ်ခင်စုမြတ်ကိုပဲ ယူခိုင်းနေ၏။ ဒေါ်ခင်စုမြတ်က လှမ်းယူပေးတော့ ဦးပြည့်စုံက ...ါးစပ်သုတ်သည်။ ပြီးတော့ ရေ့ဆိုအော ဒေါ်ခင်စုမြတ်ကိုပဲ လှမ်းပေး၏။

'စားပွဲပေါ်ချလိုက်ရင် ဘာဖြစ်သွားမှာမို့ မြတ်ကိုသာပေးနေတာလဲ၊ မြတ်အမှတ်စဆင့် ချမပေးရင် ဘုရားသုပန်ထားတာ ပျက်သွားမလား'

'ဘုရားဆုလား....တစ်ခါမှလည်း မ ပန် ဘူး ပါ လား၊ ...ခေလှောက်ပါရမီနဲ့ ဝေးမှန်းသိလို့ နိဗ္ဗာန်မြန်မြန်ရောက်ဖို့ပဲ ...ောင်းပါသဗျ'

ဒေါ်ခင်စုမြတ်အမျက်စောင်းထိုးလိုက်သည်။ ကျောက်သရေ ...ဖို့ရာတော့ ဒီမနက် ကော်ဖီဝိုင်းမှာ ဟာသအခန်းတွေချည်း တွေ့နေရသည်မို့ ရယ်မဆုံးဖြစ်နေသလောက် သီရိဒွာသော့ ...တ္တရားကျေရုံတောင်လိုက်မပြုံးနိုင်ခဲ့ပါ။ သီရိအဲဒီလိုဖြစ်နေတာ ဒေါ်ခင်စုမြတ် အစစအရာရာမှာ တတ်သိန္နစပ် ...ကင်းပါးလွန်းသူပဲ၊ မသိဘဲ နေမတွဲသွား။

'သမီး သီရိ၊ စောစောက ဘာပြောခလို့လဲ၊ ပြောဦးလေ'

မတ်တတ်ရပ်လျက်က လှမ်းမေးသည်။

'သမီး ဗီနွေ နုနုတို့အိမ် သွားလည်ချင်ပါတယ် မေမေ'

ဒေါ်ခင်စုမြတ် မျက်မှောင်လေးတစ်ချက် တွန့်ခနဲဖြစ်သွားသည်။ ချက်ချင်းပြန်ဖြေ၏။

သီရိဂေဟာမှာ ဘယ်သူပဲ အပြင်သွားသွား ဦးပြည့်စုံ၊ ဒေါ်ခင်စုမြတ်တို့အစ ဘယ်သွားမလို့ဆိုတာ အိမ်ကျန်မိသားစုကို ပြောခဲ့ရသည်။ ပြန်ရောက်လာလျှင် ရောက်ပြီဆိုတာ ပြောရသည်။ ကိုယ့်မိသားစုဝင်ထဲက တစ်ယောက် အပြင်ထွက်ပြီး ဘယ်ရောက်နေမှန်း မသိတာမျိုးကို ဒေါ်ခင်စုမြတ်က ခွင့်မပြုပါ။ ဦးပြည့်စုံနှင့် ဒေါ်ခင်စုမြတ်တို့ဆိုလျှင် သွားသည့်အကြောင်း အသိပေးရုံဖြစ်၏။ သီရိနှင့်ကျက်သရေတို့ဆိုလျှင် အိမ်ထောင်ကျွဲမဟုတ်။ မိဘအုပ်ထိန်းမှု ကောင်းလေးသည့် အပျို တွေမို့ ဘွဲ့တွေရ၊ အသက်တွေသနှစ်ဆယ်ကျော် အစိတ်တွေဖြစ်နေပေမယ့် သွားမည့်လာမည့်ကိစ္စကို အသိပေးရုံနှင့် မပြီးပါ၊ ခွင့်တောင်းရသည်။

'သွားပေါ့ သမီးရဲ့၊ ဒါပေမယ့် ဖိုးချွန်းတော့ ထားခဲ့၊ မေမေ သွားစရာရှိလို့၊ အင်းလျားလိပ်မှာ ဒီနေ့ အီကေဘားနား (Ikebana ပန်းအလှပြင်ခြင်း) လက်တွေ့ထိုးပြတဲ့ပွဲရှိတယ်၊ ဂျပန်က ပါမောက္ခကြီးတဲ့၊ သူကိုယ်တိုင် လာထိုးပြမှာတဲ့၊ တက်ရောက်တဲ့သူတွေထဲကလည်း စွဲ ထိုးပြပြီးရင် ပြန်ထိုးပြခွင့်ရှိတယ်တဲ့၊ ကိုယ်ကြိုက်တဲ့ ပန်းနဲ့ပေါ့....

မေမေက သကြားသီးပင်က ကိုင်းခြောက်တစ်ခုရယ်၊ ခြံထဲမှာ ဆွဲနိုတ် လွင့်ပစ်နေရတဲ့ ရှင်းနှောင်းညွန့်တစ်နွယ်ရယ်၊ လိမ္မော်ရောင် ပိုန်းပန်းအသေးစားလေးတွေရယ် ယူသွားပြီး ဝင်နွှဲမယ်လို့'





ဒေါ်ခင်စုမြတ်က ပြုံးပြုံးရွှင်ရွှင် ပြောနေ၏။ သို့ပေ ယ့် မေမေ့ရင်ထဲမှာ တကယ်ပဲ ပြုံးနေရဲ့လားဟု သီရိ င်သယဖြစ်ပါ၏။

'ကောင်းတယ် မေမေ၊ မအေး ခြင်ထောင်လည်း လေး ါ၊ပင် ယူသွားပါလား'

'ဟယ်....သမီးလေးက တော်လိုက်တာ၊ စိတ်ကူးကောင်း ယ် ဟုတ်တယ်၊ ယူသွားရမယ်'

'မအေး ခြင်ထောင်ကြီးက ဘာလုပ်ဖို့တုန်း'

ဒေါ်ခင်စုမြတ်နှင့် ကျက်သရေတို့ ရယ်ကြလေ၏။ ဦး ည့်စုံက သူ့မေးခွန်းမှာ ရယ်စရာပါသဲ ရယ်တာကို ဩနေသည်။

မအေးခြင်ထောင်ဆိုတာ မြက်ပင်ရဲ့နာမည်လေ ဖေဖေ အီကေဘားနားထိုးမှင် လှတတ်လို့ သူ့ကို ဘယူဘယ ်ထားရတယ်၊ မလိုရင်သာ ပေါ်တာ၊ လိုချင်တော့လည်း ၊သား'

'သိပါဘူး၊ လူလယ်ကောင် ထုတ်ပြဖို့ဆိုရင် မအေး ခြင် ောင်အစား ဖေဖေနဲ့မေမေ မင်္ဂလာဆောင်တုန်းက ဇာ ်ထောင်ကြီး ယူသွားပါလားလို့ ဖေဖေက ပြောခလို့'

ကျက်သရေ၏ ရယ်သံလေးတွေပဲ ထပ်တလဲလဲ ကြားနေ ာ့သည်။

'အိမ်မှာ ကားက ပြဿနာမရှိဘာ၊ ကားတွေအများ း၊ပဲ သမီး ယူချင်တဲ့ကား ယူသွား၊ စိတ်အေးလက်အေး

နေရအောင် ကိုယ်တိုင်ပဲ မေခင်းသွားပေါ့ သမီးရဲ့၊ မေမေ့ အတွက်သာ ဖိုးချွန်းကို ထားခဲ့ ဟုတ်လား'

ဒေါ်ခင်စုမြတ်က အလျင်ဆုံး ကော်ဖီဝိုင်းမှ ခွာသည်၊ ဒုတိယ ထွက်ခွာခဲ့သူက သီရိပါ။ ကိုယ့်အခန်းထဲသို့ ပြန်ဝင် လာခဲ့သည်။ ခုတင်ပေါ်မှာ လှဲချသည်။ ထည်မနက် သီရိ တစ်ချက်ကလေးမျှ ရယ်ခဲ့ပါ။ ပြုံးတောင် မပြုံးခဲ့ပါ။ ရင်ထဲ ခံစားမှုကို မထိန်းချုပ် မလိမ်ညာဘဲ အမှန်အတိုင်း အမူအရာကိုပဲ ပြခဲ့သည်။

'အိုင်ပျော်ပါတယ် မေမေ'ဟု မေမေ့ကို ဝါကျတစ် ကြောင်း ညာမိပေမယ့် အမူအရာအားလုံး တစ်ခုမျှညာ ခဲ့ပါ။ ညာတာကို မကြိုက်ဘူး၊ စော်ကားတယ်လို့ သထိ မှတ်တယ်၊ သိပ်စိတ်ဆိုးတယ်လို့ ပြောခဲ့ဖူးသည့် မေမေ၊ စကားတွေ ဝါကျတွေထဲမှာ 'အညာ'ပါချင်မှ ပါမှာဖြစ် ပေမယ့် မပါနိုင်ဖို့ သေချာဆလောက်ဖြစ်ပေမယ့် အမူအရာ တွေကတော့ 'ညာ'သွားပြီ ထင်ပါရဲ့ မေမေ။

ဘာပဲဖြစ်ဖြစ် မိသားစု နံနက်ခင်းကော်ဖီဝိုင်းမှာ အိမ်သား လေးယောက်တည်းပါတာ။ သုံးယောက်က ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော သီရိတစ်ယောက်မှာတော့ ခုချိန်ကစလို့ မိသားစုရဲ့ ပြင်ပကို ခြေတစ်လှမ်း ရောက်သလို၊ ကွဲပြား ခြားနားခဲ့ရပြီကောလေ။

....◎....



အခန်း ( ၆ )

'နုနုံက မေ့ဘ်ဘီကို လိုက်သွားရတယ်၊ မပြောချင်ဘူး သမီးရယ်၊ အငယ်ကောင်လေ မိန်းမခိုးတယ်၊ ဆယ်တန်း အောင်ထားတာကမှ မနေ့တစ်နေ့က၊ မိန်းကလေးဘက်က ရှာပေးပါ...ရှာပေးပါနဲ့...

'လိုက်လည်း မရှာတတ်ဘူး၊ ခိုးတယ် ဆိုကတည်းက အ သူမသိအောင် လုပ်တဲ့ကိစ္စ၊ ဘယ်နေရာ ခိုးသွားပါမယ်လို့ လူကြီးတွေကို ပြောခဲ့မှာလားကွယ်...

'ဒုက္ခ တော်တော်ပေးတယ်၊ ခုတော့ မေ့ဘ်ဘီမှာလို့ သတင်းကြားလို့ လိုက်ရတာ၊ ကောင်မလေး မိဘတွေလည်း ပါသွားတယ်၊ ထူတို့သမီးကို ပြန်သိမ်းမယ်တဲ့...

'သူ့မောင် အဖမ်းအချုပ် ခံရမှာစိုးလို့ နုနုက စိတ်ပူပြီး လိုက်တာ၊ ကောင်မလေး အသိတွေလို့ လိုက်တဲ့ကိစ္စဆိုတာ ပေါ်လွင်မှ ဒီကောင်သက်သာမှာ....

'မိန်းကလေးဘက်က သဘောမတွေ့ဘူးလေ၊ တွဲရှိလို့တဲ့ မချမ်းသာလို့တဲ့၊ သူတို့သမီးကို တွဲရ ပညာတတ် သူဌေးသား လေးငါးယောက်တောင် စိုင်းကြိုက်နေတာတဲ့....

'ပန်းကောင်းအညွန့်ကျိုး အဖြစ်မခံနိုင်ဘူးတဲ့ကွယ်၊ မြော ပုံထ ကြမ်းသလောက် ရိုင်းပါပေရဲ့ကွယ်၊ အိမ်ပြန်ရောက်လို့ နွားနို့နဲ့ ပြုတ်ပစ်ပြီးမှ သူတို့ သဘောတူတဲ့လူနဲ့ ပေးစား မတဲ့'

'ဩော်....'

နုနုအမေကြီးက မျက်ရည်လေး စမ်းစမ်းနှင့် ဆိုးပြော ရှာ၏။ သိရိ'ဩော်'လိုက်မိသည့်'ဩော်'က အစိပ္ပာယ်မဲ့စွာ ရင်ထဲမှ မချိမဆံ့ ထွက်လာသည့် 'ဩော်'ဖြစ်လေ၏။

'တစ်လမ်းလုံးလည်း၊ ရန်ဖြစ်သွားမှာပါပဲ၊ နုနုနဲ့ တူတူ သူ့အဒေါ် တစ်ဝမ်းကွဲတစ်ယောက်တော့ ပါသွားတယ် ဗလတောင့်လို့ ထည့်လိုက်ရတာ၊ ဆွဲဖို့လွဲဖို့လည်း အားရှိ ဖက်သတ်ရသည်း သန့်သန့်မာမာဆိုပြီး....'

'စိတ်ရှုပ်လို့ မြစ်ကမ်းနံဘေး လာထိုင်ပါတယ် သပွတ်အူ က ရေတံမျောလာ ဆိုလာမျိုးနှင့်ပဲ တွေးသားတော့။ သူ့ အပူက ကိုယ့်အပူထက် ဆိုးနေတော့သည်။

'ကိစ္စ ထူးထူးထွေထွေ မရှိပါဘူး အန်တီ၊ မတွေ့တာ ကြာလို့စကားပြောချင်လို့လာတာပါ၊ဒါဆိုကျွန်မ ပြန်ပါဦး





မယ်၊ ကျွန်မ ဘာလုပ်ပေးရမလဲ၊ ကျွန်မလုပ်ပေးနိုင်တာရှိ ရင် ခိုင်းပါ'

'မရှိပါဘူးကွယ်၊ ဘယ်သူ ဘာလုပ်လို့ ရမှာလဲ၊ သား လေး အဖမ်းအဆီး မခံရဖို့မဲ့ ဘုရားရှိခိုးဆုတောင်းပြီး ပုံတီး စိပ်နေရတာ'

နုနု အိမ်ပေါ်မှ ပြန်ဆင်းလာခဲ့သည်။

'မိန်းကလေးဘက်က သဘောမတူဘူး'တဲ့။

'တွဲရလို့၊ မချမ်းသာလို့'တဲ့။

ဒါဆောင် နုနုတို့က မချို့တဲ့ရှာပါ။ ရန်ကုန်မြို့မှာ အိမ်ပိုင်လေးတစ်လုံးနှင့် နေနိုင်သည်။ ဝတ်ဖို့ စားဖို့ မပူရ ပါ။ သူဌေးကြီး မဟုတ်ပေမယ့် စားချင်တာလေးစား၊ သုံးချင်တာလေး သုံးပြီး ချောင်ချောင်ချိချိ နေနိုင်သဖြင့် တော်ပါသေးသည်။

'နွားနို့နဲ့ ပြုတ်ပစ်ပြီးမှ'တဲ့။

'အဖမ်းအဆီး မခံရဖို့'တဲ့။

နားမှာ ပဲ့တင်ထပ်နေသည့်ဝါကျတွေက ရင်ကို နှိပ်စက် လွန်းလှသည်။ အိမ်ကိုပြန်ချင်စိတ် မရှိသေးပါ။ တစ်နေရာရာ မှာ တစ်ယောက်တည်း သွားထိုင်နေချင်သည်။ တွေးချင်ရာ တွေး၊ ဆွေးချင်ရာဆွေး။ သည်အချိန်မှာ တစ်ယောက် တည်းပဲ နေချင်သည်၊ ဘယ်သွားရလျှင် ကောင်းမလဲ။

ကားကို အင်းလျားဆီသို့ ဦးတည်လာခဲ့သည်။ ဘုတ် ခလပ်ဘက်မှာက ဝင်ခွင့်မရှိ၊ ကမ္ဘာ့အေးဘုရားလမ်းဘက် က ကန်ပေါင်ပေါ်ကျတော့လည်း လူရှင်းလွန်းသည်၊ မိန်း

ကလေးတစ်ယောက် ငုတ်တုတ်သွားထိုင်နေဖို့ မသင့်တော်၊ စီးပွားရေးတက္ကသိုလ် နှောက်တက်ဆိုလျှင်လည်း မဆိုးပါ။ မုန့်ဆိုင်တွေလည်း ရှိသည်။

တကယ်တမ်းကျတော့ ဘာမုန့်မှ စားချင်စိတ်မရှိသည်မို့ ပန်းခြံလေးထဲသို့ ဝင်လိုက်သည်၊ ခုံတန်းတစ်ခုမှာ ဝင်ထိုင်ပြီး ရေပြင်ကို ငေးနေလိုက်သည်။ လှိုင်းကလေးတွေ ပြေးသွားတာကို အဓိပ္ပာယ်မဲ့စွာ ငေးနေလိုက်၏၊ အတွေးတွေသာ ရေထဲသို့ ငုပ်ဝင်သွားသည်။ ပြန်တက်လာပြီး တိမ်ညွန့်တွေဆီ ပြေးတက်ပြန်၏။ သစ်ပင် ထိပ်ဖျားနားဆီမှာလည်း ဝဲနေသည်၊ စိတ်က ပြေးနေသလောက် လူက နည်းနည်းလေးမှ မလှုပ်ပါ။

အသက်တောင် ချက်မှန်အောင် ရှူမိရဲ့လားမသိ။ အချိန်တော်တော်လေး ကြာသွားမည် ထင်သည်၊ စုစည်းမရအောင် ပြေးလွှား ရုန်းကန်နေကြသည့် အတွေးအားလုံး ရင်ဆဲ ပြန်ဝင်လာချိန်ကျမှ ဘေးဘီကို သတိပြုမိသည်။ အို....ကွက်ကြည့်ကွက်ကြည့်နှင့် စပ်စုနေလိုက်ကြတာ၊ အကြည့်တွေက စိမ်းနေသည်။ အထင်သေးနေကြသည်။

'ဒီအသက်ဒီ အရွယ်နဲ့'

အဲသည်လို တွေးကြတော့မှာပေါ့။ သိရိဟာ ကျောင်းသူ ရွယ်မှ မကတော့တာ၊ တွဲခဲ့ပြီးတာတောင် ကြာပြီလေ၊ လွှစေား ဝန်ထမ်းအလုပ်ကို ဝင်မလုပ်ဘဲ မေမေ့အလုပ်ထဲမှာ ပဲ ဝင်လုပ်နေလို့သာကိုး။ တကယ်ဆို နည်းပြဆရာမ၊ သရုပ်ပြဆရာမ ဝါကလေးတောင် ရင့်လောက်ပြီ။





'မိန်းကလေး တစ်ယောက်တည်း'

အဲသည်လိုလည်း ကဲ့ရဲ့ကြမှာ။

'ဘာဖြစ်လာတာပါလိမ့်'

'မိန်းမသား တစ်ယောက်တည်း လာထိုင်နေပုံ ထောက်တော့ ရည်းစားပွဲ ဖြစ်ရမယ်၊ ဒီအသက် ဒီအရွယ်ကြီး ရည်းစားပွဲမိတယ်ဆိုတော့....'

အို....မျိုးစုံအောင် ထင်ကြမှာ။ အကောင်းပါနိုင်ဖို့က ဝေးပါတိ။

ငထမဆုံး ကွက်ခနဲမြင်လိုက်မိတာက မေမေ့မျက်နှာပါ။ သိရိဂေဟာ မိခင်ကြီး၊ သိရိဂေဟာ မိသားစုဆိုတာ လူရိုသေ ရှင်ရိုသေ။ မဟုတ်တာ မမှန်တာ မတရားတာမျိုးနဲ့ နာမည်ပျက် မရှိ၊ မြင့်မြတ်ပြီး ဂုဏ်သိရေရှိ မျိုးရိုးတွေက စုန့်ဆင်းလာခဲ့ပြီးမှ ဦးပြည့်စုံ၊ ဒေါ်ခင်စုမြတ်ဆိုတာ ဖြစ်လာခဲ့တာပေါ့။ သားသမီး ငါးယောက်လုံး ယဉ်ကျေး သိမ်မွေ့ကြ၊ လိမ္မာကြ၊ မိဘရိုသေပြီး ဘာသာတရားကိုင်းရှိုင်းကြလွန်းလို့ ကျောင်းနေစဉ်က စာတွေတော်ပြီး အလုပ်ထဲ ဝင်တော့လည်း သမ္မာအာဇီဝနဲ့ စီးပွားတွေ ဖြစ်လိုက်ကြတာ။

လူတကာ ချီးမွမ်းခံရသည့် မိသားစုမှ စတုတ္ထသမီး၊ အင်းလျားစောင်း ပန်းခြံထဲမှာ တစ်ယောက်တည်း လာထိုင်နေသည် ဆိုတော့ စိတ်ဖောက်ပြန်ပါပြီ ဆိုပြီး လူသိထဲက သာ တွေ့လျှင် ဖမ်းပြီး အိမ်ပြန်ပို့မှာတောင် စိုးရသည်။ မသိကြပါစေနဲ့၊ မတွေ့ကြပါစေနဲ့။ မိန်းမသား တန်မဲ့

တစ်ယောက်တည်း လာခေါင်းသူဟာ သီရိဂေဟာ စတုတ္ထ သမီးမှန်း ဘယ်သူမှ မမှတ်မိကြပါစေနဲ့။

အသိတရားလေးနှင့်အတူ ကားဆီ ခပ်သုတ်သုတ်ပြန်လာ ခဲ့သည်။ မောင်းထွက်ခဲ့သည်။ အားနောက်ဘီးနားမှာ ဆပ်၍ ပြေးလိုက်လာကြမည်ဖြစ်သော စပ်စုမျက်လုံးတွေအ တစ်နာရီ ဈေးဆယ့်ရှစ်ကီလိုတော့ မပြေးနိုင်အောင်းပါဘူး နော်။

နေရစ်တော့ အင်းလျားရေ…

ဘယ်သွားရမလဲ။ အန္တရာယ်ကင်းစွာ လွတ်လပ်ခွင့်ကို ဘယ်နေရာမှာ ရနိုင်မလဲ။ မိန်းမသားမို့ ဘယ်နေရာမှာမှ မရနိုင်ဘူး ထင်သည်။ အထူးသဖြ သီရိဂေဟာ စတုတ္ထ သမီးမို့ ပို၍ မရနိုင်ပါ။ တတိယသမီးထိ အိမ်ထောင်ရက် သားကျပြီး တအယ့် ထိတ်ထိတ်ကြဲတွေ ဖြစ်ခဲ့ပြီးမို့ အိမ် ထောင်မကျသေးသည့် သမီးနှစ်ယောက်မှာ ပိုကြီးသည့် စတုတ္ထသမီးက လူပိုပြီးစောင့်ကြည့် ပြောဆို ခံနေရတာ လေ။

'သီရိဂေဟာ မိသားစုကတော့ စံပြပဲ၊ အိမ်ထောင်တွေ ကျလိုက်ကြတာ၊ တကယ့်ဒိတ်တွေနဲ့ချည်း၊ ကျန်သေးတယ် လေ သမီးနှစ်ယောက် ဒိတ်ဆို့တဲ့ဟာတွေနဲ့ ရဦးမှာ' –

အောင်ခတ်တာလား။ စည်းဝိုင်းကို ကျော်သွားအောင် လာချပေးတာလား။ အဘင်ကြီးကြတယ်လို့ပဲ ရှိးသားစွာ ထင်ရမလား မသိပါ။ အဲသည်လို စောင့်ကြည့်ခံနေ





ရသည့် သမီး။ အထူးသဖြင့် သီရိဂေဟာ စတုတ္ထသမီးမို့လို့ ဒီလိုအပြုအမူဟာ ရောမဖြစ်မှုကြီးတစ်ခုလို ဖြစ်ရတော့မှာ။

ကွယ်…လောကကြီးဆိုတာ ကျဉ်းကျဉ်းလေးရယ်နော်။

ရုပ်ရှင်ရုံထဲ သွားထိုင်နေရမလား စဉ်းစားသည်။

'မေ့သီရိပြည့်စုံလေးနေလ၊ တစ်ယောက်တည်းမျှား ရုပ်ရှင် လာကြည့်သတဲ့တော်'

'အိမ်မှာဆိုလည်း ဗွီဒီယို အလျှံပယ်ပါနော်'

'ကြည့်မယ့်ကြည့်လည်း မိသားစုနဲ့၊ ဒါမှမဟုတ် မိန်း ကလေး သူငယ်ချင်း လေးငါးယောက်နဲ့ပေါ့၊ ခုတော့….'

ဝေဖန်သံတွေ နားထဲမှာ ကြားလာရသည်။

လူဆိုတာ ချီးကျူးဖို့များဖြင့် တိုရေရှားရေ။ ကဲ့ရဲ့ဖို့ များဖြင့် မြိန်ရေရှက်ရေ။ အထူးသဖြင့် မိန်းမသား။ ဘာ လုပ်လုပ်၊ ဘယ်သွားသွား၊ တယ်လည်း ဘေးကျပ်နံကျပ်။ ဖြစ်ပါလား။ ဆင်ခြင်ရမည့်အချက်အလက်တွေ များလွန်း သည်။

သူငယ်ချင်း ဖြူအိအဖြင့် ထင်ရာလုပ်တတ်၏။

'တို့ကတော့ ဒုန့်ကဲယား (Don't care) ဂရုမစိုက်ပဲပေါ့၊ ငါ့ဘည်း ဘယ်သူ့မှ ဂရုစိုက်စရာ မလိုဘူး'

တစ်ယောက်တည်း ရုပ်ရှင်ကြည့်သည်။ ဇိုလ်ချုပ်ဈေးထဲ တစ်ယောက်တည်း ပတ်သည်။ စားသောက်ဆိုင်ထဲ တစ် ယောက်တည်းဝင်၊ မှာချင်တာ မှာစားပြီး ပြန်ထွက်လာ သည်။ သူငယ်ချင်းတွေအိမ် လျှောက်လည်သည်။ စတိုးဆိုင် မိနီမားကွတ်၊ စူပါမားကတ်တို့မှာ အသစ်ဖွင့်လျှင် သူ

ရောက်ပြီးပြီ။ အစားအသောက်ရှိလျှင် ဝယ်ပြီး လက်ထဲ တကိုင်ကိုင် စားလျက်နှင့် လျှောက်သွားနေသည်"ကိုယ့်ကား ကိုယ်မောင်းလျက် နေရာအနှံ့ရောက်သည်။

အစားအစားကွင်းတွေလည်း ရောက်သည်။ တိုက်စား ဆိုလည်း မကြီးမငယ်နှင့် သွားစီးပြီးပြီ။ လှူလယ်တောင် အောင်ရယ်ပြီးပြီ၊ရေလျှောဆိုလည်းစီးပြီးပြီ။ အဖေဘ်မခေါ်၊

'နှစ်ယောက် ဆိုကတည်းက နှစ်စိတ်ဖြစ်နေပြီ။ ငါ့ဆန္ဒ ငါးဆယ် ရာခိုင်နှုန်းပဲ ရှိတော့မယ်၊ မရဘူးကွာ.... ကိုယ့် သဘောပဲ'

သူ့ထင်ရာ သူလုပ်သည်။

စင်စစ် မည်သူ့ကိုမျှ မထိခိုက်ပါ။ သူပိုင်ပိုက်ဆံ သူသုံး သည်။ သူ့မှာ ယောကျ်ားသနာ ကိစ္စမျိုးလည်းရှင်းပါတိ။ ရည်းစားတောင် တစ်ယောက်မျှ မထားဘူးသေး။ ဘယ် ယောကျ်ားလေးရှေ့မှာမှ ရှက်ကိုးရှက်ကန်းနှင့် မလှုပ်တလှုပ် မျိုး မရှိ။ ပြီတီတီ ညုတုတုမရှိ။ ရဲရဲတင်းတင်း ရှိးရိုးသား သား ကိုယ်ကျင့်တရား အပျက်အယွင်းမရှိ။

သို့ပေမယ့်....

မြန်မာပြည်လေ။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ ဓလေ့ ထုံးစံ၊ မြန်မာ့အကျင့်စရိုက်နှင့် မြန်မာမှုဆိုတာ ရှိသည်။ ငည်းတောင်ရှိသည်။

ဤမျှ လွတ်လွတ်လပ်လပ်နေချင်သူကို ကြားပွဲစား တစ် ယောက်က မနေနိုင်မထိုင်နိုင် ယောကျ်ားစပ်သည်။ အခ ကြေးငွေရသည်တော့မဟုတ်ပါ။ ဝါသနာပါသည်မို့ အိမ်





ထောင်ရေး ပွဲစား ဖြစ်နေသည်။ ဖြူ့အိမ်ဘတွေဆီမှာ ယောကျ်ားလေး နာမည်ပို့သည်။ ထိုယောကျ်ားလေးမိဘ များထံ ဖြူ့အိမ်နာမည်ပို့သည်။

'အမယ်လေးလေး.... ဒီမိန်းကလေးလား မလုပ်ပါနဲ့၊ သားနဲ့ ဒီပေါက်ကျော်မနဲ့ မဖြစ်ပါဘူး'တဲ့။ ယောကျ်ား လေးရှင်က ခါးခါးသီးသီး။ ဖြူ့အိမ်များ နေရင်းထိုင်ရင်း နာမည်ပျက်ရှာပါလေရော။

'ဖြူ့အိမ်တို့များ ယောကျ်ားစပ်ပေးတဲ့သူ ရှိတာတောင် ဟိုဘက်က ခါးခါးသီးသီး ငြင်းခံရသတဲ့ကွယ်'

အညို့ရောင် အတင်းများက ပျံ့လွှယ်ပါတိခြင်း။

ကဲလေ....သီရိ ဘယ်နေရာသွားရမည်လဲ။ ခုချိန်မှာ သီရိ တစ်ယောက်တည်း နေချင်သည်။ ငြိမ်ငြိမ်လေး နေချင်သည်။ တွေတွေလေးငေးချင်သည်။ မည်သူ တစ်ဦးတစ်ယောက်နှင့်မျှ စကားမပြောချင်ပါ။ အဲ့သည်လို သက်မဲ့ကျောက်ရုပ်လေး တစ်ခု ချထားခံရသလို ငြိမ်သက်နေချင်သည်။ နေရာသည် ကိုယ့်အိမ်လည်း မဖြစ်စေရ တစ်နေရာရာ။

သီရိအတွက် တစ်နေရာရာဆိုတာ မရှိနိုင်ပါကလား။

'ဘုရားသွားမယ်'

ရွှေတိဂုံဘုရားကြီး တက်ဖူးဖို့ပဲ စိတ်ကူးလိုက်သည်။ လူ သိပ်မပြတ် သီရိလည်း မစည်သော တစ်နေရာရာမှာ ဘုရား ထိုင်ဖူး နေလိုက်တော့မည်။ အဲဒါကိုမှ တစ်ယောက်တည်း

အခုသသွားရယ်လို့ ကဲ့ရဲ့မည့်သူရှိလျှင် ရေကြီးကြပေ တော့။

—◎—

သီရိ ဦးသုံးကြိမ်ချလိုက်သည်။ မှိတ်ထားသည့် မျက်စိကို ဖွင့်လိုက်၏။

'မမ'

'ဟင်...'

'ချိန်းထားချင်မှ လွဲဦးမယ်'ဟု ဆိုလေ့ရှိကြ၏။ သီရိနှင့် ချွန်း ချိန်းစရာ လူသားနှစ်ဦး မဟုတ်ပါ၊ ချိန်းသာချိန်းမိ လို့ကတော့ မုချလွဲကြရမည့်သူ နှစ်ဦးပါ။

ခုတော့...။

သီရိ ရင်ထဲမှာ နွေးသွားသည်။ နွမ်းသွားသည်။ ပြောဘ်... သည့်ကောင်လေးနှင့်မှ တိုက်တိုက်ဆိုင်ဆိုင်။

ခပ်ခေးဝေးကတည်းက မြင်တယ်၊ မမနဲ့ တူလိုက်တာ ဆိုပြီး လာကြည့်တာ ဟုတ်နေတယ်၊ ဘယ်သူပါသေးလဲ ကြည့်တော့လဲ တစ်ယောက်မှမတွေ့ဘူး၊ တစ်ယောက်တည်း လာတာလား မမရယ်၊ မမတစ်ခုခုတော့ ဖြစ်ပြီထင်တယ်၊





ဘာတွေ စိတ်ညစ်နေလဲ ကျွန်တော် တတ်နိုင်ရင် လုပ်ပေးပါ ရစေ'

ကောင်လေး ပါးလိုက်တာမှလွှစ်လို့၊ အေးလေ...ကောင် လေးက ပါးတာလွှစ်တာ ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ သီရိ မျက်နှာပြင် ခံစားမှုကိုအ ပျက်ယွင်းစွာ ပေါ်လွင်လွန်း နေတာလည်း ဖြစ်နိုင်သည်။

'ချွန်းက ဘုရားကို ဘာလာလုပ်တာလဲ'

'ကျွန်တော့် ညီမလေး တော်တော်နေမကောင်းဖြစ်လို့ ရန်ကုန်ကလေးဆေးရုံ လာတင်ရတယ်လေ၊ မနက်က အစော ကြီး၊ ကိုပိန်က လူလွှတ်ပြောလို့ ကျွန်တော် မမကြီးဆီက ခွင့်ယူပြီးလာတာ၊ ကိုပိန်ဆိုတာ ကျွန်တော့် ပထွေးလေ မမ...

'သူက ဗေဒင်ယတြာ သိပ်ယုံတယ်၊ ညီမလေး မွေးနံ ကြာသပတေးထောင့်မှာ သပြေဆယ့်ကိုးညွှန့် လာလှူပေးပါ ဆိုလို့ ကျွန်တော် လာလုပ်ပေးတာ...

'ဒါ... ကုသိုလ်ရေးပဲ၊ မမှားနိုင်ဘူး မဟုတ်လား မမ၊ ကျွန်တော် ဆေးရုံလည်း ရောက်ခဲ့ပြီးပြီ၊ ခုပြန်တော့မလို့'

'မမမနဲ့ တွေ့ခဲ့သေးလား'

'မတွေ့ခဲ့ဘူး မမရဲ့၊ အန်တီ့ကို ကျွန်တော် မေးပါသေး တယ်၊ အန်တီမြင့်ဆိုတာ ရောက်နေတယ်တဲ့ အန်တီ့ သူ ငယ်ချင်းတဲ့၊ တော်ကြာ အန်တီ့ သူငယ်ချင်း နောက်တစ် ယောက် ထပ်ရောက်လာမှာကို စောင့်နေကြတယ်တဲ့ အိမ်ကြီး ပေါ်မှာပဲ...

'သုံးထောက်ဆုံပြီးမှ အဲ့ဒီ အန်တီရဲ့ အားနဲ့ အင်းလျားလိတ် ပန်းပြိုင်ပွဲဆိုလား၊ ပြပွဲဆိုလား၊ အဲ့ဒီကို သွားမှာလို့ ပြောတယ်....

'မမကြီးက ကျွန်တော့်ကို သွားတဲ့၊ ဘယ်သူမှ အပြင်ထွက်ဖို့ မရှိဘူးတဲ့၊ ကျွန်တော် အားတယ်တဲ့မြေခလို့ ကျွန်တော် မစားပွဲတောင် လှမ်းကြည့်ဆေးတယ် မတွေ့ဘူး'

ဩော်....မေမေ။

ချွန်းကို ကားမောင်းခိုင်းပြီး တစ်နေရာရာကို မသွားချေင်တော့တာပေါ့ နော်။ မမကြီးက ဘယ်လိုမြင်လာပြီလဲ မေမေ့အရော ဘယ်လိုမြင်လာပြီလဲ။

'မမဘယ်ကိုလာတာလဲ'

ချွန်း မျက်နှာလေးက အပြစ်ကင်းနေသည်။ သွားစွယ်လေး ဖွင့်၍ ပြုံးပြနေ၏။

'ဘုရားပေါ်မှာတွေ့တာ ဘုရားကိုလာတာပေါ့'

'ဟာ....မမ့က စိတ်တိုနေတာကိုး'

သူရယ်သည်။

'မမ....မမနဲ့ ကျွန်တော်နဲ့ ချိန်းထွက်ရင်တောင် တွေ့ခွင့်ကြုံရမှာမဟုတ်ဘူး၊ တိုက်တိုက် ဆိုင်ဆိုင် တွေ့တုန်းလေး၊ တစ်နေရာရာသွားပြီး ဇာလောက် စကားပြောရအောင်ပါ မမ'

'မသွားပါဘူး'

သီရိ ပြတ်ပြတ် ငြင်းရင်း ငိုချင်လာသည်။ အင်မတန် စိတ်ခိုင် မျက်ရည်ခိုင်လှပါသည့် သီရိလေး ဝမ်းနည်းစိတ်တွေ





ဘယ်က်ရောက်လှာသလဲ၊ ကြေကွဲခြင်းတွေ ဘယ်လိုပေါင်းစုလာသလဲ။

'ပြောစရာရှိလို့ပါ မမ၊ ကျွန်တော် မမတို့ဆီက အလုပ်ထွက်သင့် ထွက်ရမယ်'

'ဘာ....'

ဒေါ်သသံ ဟိန်းထွက်သွားသည်။

'မင်းကို ဘယ်သူ အလုပ်ဖြုတ်တာလဲ'

'မမ တိုးတိုးလေး၊ သူများတွေ ကြည့်ကုန်ပြီ'

ဟုတ်ပါရဲ့။ သီရိတစ်သက်တာမှာ အကျယ်ဆုံး ပြောဖူးသည့် ဝါကျတစ်ကြောင်းပါပဲ။ အောင်လေးအလုပ်ထွက်ရတော့မည်ဆိုတော့ ဘယ်သူဖြုတ်လို့လဲ။ ဖြုတ်လောက်အောင် ကောင်လေးက ဘာအပြစ်တွေ ကျူးလွန်ထားလို့လဲ။ သီရိနဲ့ ကောင်လေးတို့က ဘာတွေဖြစ်နေကြလို့ ပိတ်ပိတ်ပင်ပင် တားတား ဆီးဆီးတွေ လုပ်လာကြတာလဲ။ သည်နေ့ပဲကြည့်၊ မေမေ ကောင်လေးကို ခေါ်သွားမှာမဟုတ်၊ သူများ အားနဲ့ လိုက်မှာကိုများ ပိတ်ပိတ်ဆို့ဆို့တွေ စလုပ်နေပါပကော။

မေမေရယ်။

သီရိ တအယ်ပဲ ဝမ်းနည်းလာပါတော့သည်။ အောင်လေးကို သနားသည်။ အပြစ်မဲ့ လူသားလေး သည်အလုပ်မှာ စိတ်လက်ချမ်းသာနဲ့ ဆယ်တန်းလေးတော့ အောင်သွားရှာစေချင်သည်။ သူ့ခမျာလေး ကြိုးစားခွင့် ရရှာပါစေတော့လား။

သီရိဟာ ကိုယ်ပိုင်အသိဉာဏ် မပြည့်စုံလို့၊ ပြည့်စုံတယ် ဆိုရင်တောင် ထုတ်မသုံးလို့ မိဘက လမ်းကြောင်းချပေးရတဲ့ သူ ဖြစ်နေပြီလား မေမေရယ်။ သီရိဟာ မိုက်မဲသူ စာရင်း ထဲ ဝင်နေပြီလား။ သီရိအတွက် မေမေ စိတ်ဆင်းရဲစ ပြုပြီ လား။

သီရိမှာ အပြစ်တွေ သိပ်ကြီးနေပြီလား မေမေရယ်။

'နော်... မမ၊ တစ်နေရာရာကို ခဏလေး သွားရအောင် ပါ မမရယ်၊ ကျွန်တော် ပြောစရာရှိလို့ပါ'

နုနု မောင်လေးနှင့် သူ့ ကောင်မလေး၊ မှော်ဘီထွက် သွားတာ၊ အဲ့ သည်လို ခဏလေး ပြောစရာရှိလို့ သွားရင်း က ရောက်သွားကြတာလား။

သူခေါ်ရာနောက် လိုက်စရာလား။ သူက ဘာမို့လို့ ဟိုခေါ် သည်ခေါ် လာလုပ်နေရတာလဲ။

သူနဲ့ နှစ်ယောက်တည်း သည်ဘုရားပေါ်မှာ မေမေတွေ့ သွားရင်တောင် တိုက်ဆိုင်မှုပါဆိုတာ ရွှေတိဂုံ စေတီတော် မြတ်ကြီးမှာ သစ္စာဆို၍ ကျိန်ပြမှ ယုံကောင်းယုံချိမ့်မည်။ တခြား တစ်နေရာရာမှာ မေမေ အပါအဝင် မည်သည့်သက် ရှိ လူသားကပဲတွေ့တွေ့ ဘယ်လိုထင်ကြမလဲ။

'မမလည်း တစ်ခုခုဖြစ်နေပါတယ်၊ ကျွန်တော့်ကို ပြောပြပါလား၊ မမ စိတ်သက်သာရာရသွားတာပေါ့၊ ထွက် ပေါက်လေ မမရယ်၊ ကျွန်တော် ဘယ်သူ့ကိုမှ လျှောက် မပြောပါဘူး'





မင်းကို ကျုပ်က ဘာဖြစ်လို့ အရေးစိုက်ပြီး၊ ကျုပ်ရင်ထဲ က ခံစားချက်တွေကို သံတော်ဦးတင်ရမှာလဲ၊ အဲ့ သည်လို ပြောပြရလောက်အောင် ရှင်နဲ့ ကျုပ်ရဲ့ ရင်းနှီးမှု အတိုင်း အတာက ဘယ်လောက်လဲ။

မောင်လေး မျက်နှာကို ဒေါသနှင့် ကြည့်လိုက်သည်။ မောင်လေးရယ်....

သွားစွယ်လေးဖွင့်၍ ပြုံးပြနေပုံက အောက်ကျ နောက် ကျ မျက်နှာထားလေးနှင့်ပါ။ ရိုသေကျိုးနွံမှုလေးနှင့်ပါ။ သီရိ့အတွက်ဆို ရှေ့ကနေ အသေခံပစ်လိုက်ဖို့ထိ စွန့်စားပြု လိုသည့် စေတနာလေးတွေလည်း သူ့မျက်နှာမှာ ဖြူဖြူ စင်စင် ပေါ်လွင်လို့။ ဒါပေမယ့် ဘာလို့သွားရမှာလဲ သင်းနဲ့တူတူ။

'အေးအေး ဆေးဆေး စကားပြောရအောင် တိရစ္ဆာန် ရုံထဲပဲ လမ်းသွားလျှောက်ရအောင် မမရယ်၊ ဗိုလ်ချုပ် ပန်းခြံဆိုလည်း စည်တဲ့နေရာကလည်း ရှုပ်လွန်း၊ လူပြတ်တဲ့ နေရာကျတော့လည်းပြတ်လွန်း၊ ရက်စ်တောရင့်(Restaurant) တွေ ဘာတွေကျတော့လဲ လူတကာတွေမှာ စိုးရတယ် မရှေ့ ရုပ်ရှင်လည်း မကြည့်ချင်ဘူး၊ မမကို ပြောပြစရာ တိုင်ပင် စရာတွေလည်း ရှိနေလို့ပါ'

ရှင့်ကိစ္စ ရှင့်ပြဿနာ ကျုပ်နဲ့ မဆိုင် အနေသာကြီး။
'မမကားပါတယ် မဟုတ်လား၊ ပေး....သော့'

ဒေါ်ဆုနှင့်အငြင်းစကားတွေရင်နှင့်အပြည့်လျှ မို့မေ့ခက် ဆဲမှာပဲ၊ သူ့လက်ထဲ ကစ်းသော့ကို ကြည်ဖြူစွာ အပ်လိုက် မိသည်။

ပထမအမှား။

....◎....

'မမအရင်ပြောမလား၊ ကျွန်တော်အရင် ပြောရမလား'

'ချွန်း'

'ခင်ဗျာ'

'မခလက်ထပ်တော့မယ်'

'မခ'

ချွန်းလမ်းလျှောက်နေရာမှ တုံ့ခနဲရပ်လိုက်သည်၊ 'မခ' ဟုလန့်ဖျပ်အော်၏။ ခံစားချက်ကိုယ်စီနှင့်မို့ ကိုယ့်မှာပြော စရာ ရှိတာလေးတွေ ပြောဖို့၊ သည်တိရစ္ဆာန်ဥယျာဉ်ထဲရောက် လာခဲ့ကြသာ။ ချွန်းက မမအရင်ပြောမလား၊ ကျွန်တော် အရင်ပြောရမလား၊ မေးရုံရှိသေး၊ သိရိမအောင့်အည်းနိုင်စွာ ပြောချပစ်လိုက်သည်။

ဒုတိယအမှား။





မမ။ ကျွန်တော့်ကို တအယ်ပဲ ရက်စက်သွားတော့မှာ လား။ ချစ်ရှိသာချစ်တတ်ပြီး၊ ဘဝမှာ လိုအပ်ချက်တွေတစ်ခု ဖြည့်ဆည်းမပေးနိုင်တဲ့ သူဆင်းရဲ ဝမ်းကို ဆေလိုအသေ၊ ကျေလိုက်ကျေ၊ တကယ်ပဲလျစ်လျူရှု၊ ဥပေက္ခာပြုရက်ခဲ့ပြီ လား မမရယ်။

ချွန်းရင်ကွဲရပါပြီ။

မျှော်လင့်ချက် ဗိမာန်ကြီး ဝုန်းခနဲပြိုကျသည်။ တော် သံကြီးက ရင်နှစ်ခြမ်းကို ဖြုန်းခနဲကွဲစေ၏။ အသည်းနှလုံး ကလီစာတွေ အားလုံးကြေမွ ပျက်စီးလျက် တစ်စစီလွင့် ၏။ ချွန်းဘဝပျက်ပါပြီခဲ၊ ကျွန်တော်ချစ်တယ်။ မမကို ကျွန်တော်သိပ်ချစ်နေတာ၊ အဲဒါကို ဘယ်လို ပြောရမလဲ။ ဘယ်သိုဖွင့်ပြောရမှာလဲ မမရဲ့။

ခြေထောက်အောက်က မြေကြီး ဟက်တက်ကွဲအောင် နှင့်နှင့်ပေါက်၍ ပေါက်၍ခွဲချင်၏။ နီးရာသစ်ပင်၏ ပင် လုံးကို ခေါင်းနှင့်ချည်းပစ်၍ ပစ်၍ဆောင့်ချင်၏။ မျက်စိ မှာ တွေ့နေရသည့် မီးခိုးရောင် လိပ်သဲကျောက်တုံးကြီး လက်သီးနှင့်ထိုး၍ထိုး၍ ခွဲချင်၏။

မမကို ကျွန်တော် ဘယ်သိုလက်လွှတ်ဆုံးရှုံးခံရမလဲ။ စွန့် ဘိဆုံးရှုံးခံနိုင်ဖို့ စွမ်းအား၊ ခံနိုင်ရည် ကျွန်တော့်မှာ ဘူးဗျ။ ကျွန်တော်သေလိမ့်မယ်။ ခုပဲခိုးပြေး သွားလိုက် လား။ ဒါမှမဟုတ်.... မမဲလက်ကိုကျွန်တော်တွဲပြီး ဘော်ကြီးထဲနှစ်လောင်းပြိုင် သွားခုန်ချ သေလိုက်ရမလား။

'မမ'

ခေါ်သံသိပ်ကို တိုးသွားသည်၊ ဓလေ့သံသဲ့သဲ့ပဲ ရှိသည်။
'တင်.... မမငိုနေတယ်'

တတိယအမှား။

လူမှန်းသိတတ်သည်မှ မငိုဖြစ်တော့ပါ ဆိုသည့်သီရိသော စမ်းနည်းစရာ၊ ကြေကွဲစရာလည်းမကြုံခဲ့။ အနီတီတင်တင် ကြီးဆုံးတုန်းကတောင်သနားပါလျက် ချစ်ပါလျက်၊ နှမြော တသဖြစ်ပါလျက်၊ သီရိမျက်ရည်မကျခဲ့ပါ။ သီရိမှာငယ်စဉ် ကတည်းက 'ဖြေတွေး'လေးတွေရှိသည်လေ။

သေခြင်းကိုမည်သူ လွန်ဆန်နိုင်မည်လည်း၊ ရှေ့သွားနှင့် နောက်လိုက်ပဲကွာမည်။ ဓလေ့တခုနှင့်နေခက်ကျတာပဲရှိမည်။ လူ့တာဝန်လျော်လှမ်း ရနည့်ခရီး။ ဤခရီးကို အနီတီ တင်တင်ကြီးသွားနှင့်ပြီ၊ သီရိတို့က နောက်ကလိုက်ကြရဦး ဒါ.... သီရိတရား မြည့်နေလွန်းလို့လည်း မဟုတ်၊ သရုပ်မှန် ဖြစ်မြဲတစ်ခုကို သဘောပေါက်နိုင်ခြင်းပဲ ဖြစ်ခဲ့သည်။ သီရိ ဆိုင်နိုင်ခဲ့ခြင်းပဲ ဖြစ်သည်။

ခု.... သီရိကဘာကို ရင်မဆိုင်နိုင်တော့တာလဲ။

ကိုယ့်ဘဝလေး တစ်ပါးလူ့ရင်ခွင်ထဲ ထည့်သွင်းအပ် လိုက်ရမှာကို ရင်မဆိုင်နိုင်တာလား၊ ကိုယ့်မျက်စိ ရှေ့က သံယောဇဉ် ကြိုးဓလေ့ကို ဖြတ်တောက်ပစ်ခဲ့ဖို့ ရင်မဆိုင်နိုင် တာလား။

သီရိနဲ့ချွန်းဆိုတာ ခွဲဆုံးစည်းနိုင်တဲ့ မျှဉ်းပြိုင်နှစ်ကြောင်း သာလျှင်ဖြစ်ကြောင်း၊ သီရိဘာဖြစ်လို့ ကြိုတင်လက်ခံမထား





ခဲ့တာတဲ့လဲ။ ကိုယ့်ဘာသာ လက်ထပ်မှာ သည်နေ့ခင် းကို ဖွင့်ပြောငိုပြနေစရာလား။

'မမကို ကျွန်တော်ချစ်တယ်၊ သိပ်ချစ်တယ် မမရဲ့၊ကျွန် တော့်ကို မထားခဲ့ပါနဲ့'

နားနားကပ်၍ တိုးတိုးပြောတာကို နားကျင်နေသော းသားနှင့် နားတောင်ဆိုက်ရတော့သည်။ တတိယအမှား ကျူးလွန်ခြင်းဖြင့် ကောင်လေးရှေ့မှာ ငိုပြလိုက်မိသော၊ သိက သည်စကားထွက်လာဖို့ ချူချသိမ်းငင်ရာ ရောက် သွားပေဘူးလား။ မိုက်လိုက်တဲ့ သီရိပါ မေမေ။

'ဖြစ်နေရာရာမှာ ဓဏထိုင်ရအောင်ပါ မမ၊ ကျွန်တော် တ်တတ်ရပ်နေရတာတောင် မမြဲချင်တော့ဘူး'

ကောင်လေးရယ်.... ကောင်လေးရဲ့ မင်းက အဲသည် ာက် ဖြစ်ပြနေတော့ သည်က မိန်းမသား၊ ဘယ်လို ရတော့မှာလဲ။ အစုတ်ပလုတ်ကလေးရဲ့၊ သီရိဆိုတဲ့မိန်းမ က အစုတ်ပလုတ် ကလေးကိုမှ ချစ်မိသူလေ။ သူက နေရာရာမှာ ဓဏထိုင်ရအောင်ဆိုပြီး နေရာရှာတော့ ည်း သီရိ ပါလာတာပါပဲ။ စေတစေက အိခနဲ ဝိုင်းပြီး ကြီးကနဲ စီးကျလာသည့် မျက်ရည်စတွေကိုတော့ မြန်မြန် ။ သိမ်းသုတ်ပစ်လိုက်ရတော့မှာပါ။

'ပြောပါဦး မမ၊ အန်တီတို့က ပေးစားတာလား'

ဟိုတာလေးက လေဆိပ်မှာ ချွန်းနဲ့ မမ သွားကြိုခဲ့တဲ့လူ

ကြော်....'

'အဲဒီ ဒေါက်တာ ဇော်ထွဋ်တင်က နိုင်ငံခြားမှာ ခွဲစိတ်
ကုသမှု ပါရဂူ(F.R.C.S) ဘွဲ့ကို သွားယူလာတာ၊ မြန်မာ
ပြည်မှာ ဆရာဝန်ဖြစ်ပြီး၊ နောက်ထပ်ဘွဲ့လွန် ခွဲစိတ်
တစ်ခု ထပ်ရပြီးမှ နိုင်ငံခြားမှာ ဘွဲ့သွားထပ်ယူတာ၊
ကြီး စာရင်းတော့ နည်းနည်းဝင်ပြီပေါ့၊ သုံးဆယ်ကျော်
လေး ဒါပေမယ့် အရမ်းနုတော့ မထင်ရဘူး' တဲ့။ မမကြီး
ချွန်းကိုမှ တကူးတက လာပြောသွားခဲ့တာ။

'မမကြီးတို့နဲ့ဆိုရင် မိသားစုလိုက် ခင်ကြတာ၊ သူ့အိမ်
သူ့မိဘလည်း သွားတော့ကြိုတာပေါ့၊ ဒီအိမ်ကလည်း
ဦးမှ ဖြစ်မှာပေါ့၊ ဒီမှာလည်း နည်းနည်းပါးပါး
တာက သိရိပဲ ရှိတဲ့ဥစ္စာ' တဲ့။

- တစ်ပတ်တစ်ခါ ဈေးဝယ်ထွက်ရပြီး စာရင်းအင်း
သူ သိရိက သူများနှင့်စာလျှင် နည်းနည်းပိုအားပါ
ဝင်လာသမျှသော ဖုန်းတွေကိုလက်ခံဆောင်ရွက်ပေးရ
တာဝန်သိပ်မရှိသည်မို့ သိရိအလုပ်တွေက ချက်ချင်းထ
ဘဲ ခဏဆိုင်းလျှင်လည်း ရသည်မို့ သိရိက နည်း
ပိုအားတာလည်း အမှန်ပါ။

'အဲဒါ သွားကြိုနေရလို့ စာရင်းတွေ ညှိလုပ်ရ
ဝတ္ထုဖတ် ပျက်သတဲ့ကွယ်၊ မင်းအစ်မ သိရိ တို့က
တစ်နေ့ ဝတ္ထုလုံးချင်း တစ်အုပ်ပြီးအောင် မဖတ်ရရင်
ချင်ဘယ်တဲ့၊ မမကြီးက ပြောရတယ်၊ ဒါနဲ့တော့ မ
ပါနဲ့၊ လောကကြီးမှာ သေချင်စရာတွေ အများကြီး
အခိုင်လုံဆုံး အကြောင်းအရာကို ရွေးပါလို့'





တကူးတက လာပြောပြရလည်း မရှောက်အောင်။
ကယ်တော့ တကူးတက လာပြောခဲ့တယ်ဆိုတာ ခုမှသိရ
တာလေး ပြောလည်း ပြေစတတ်ပါတိခြင်း မမကြီး
ည်၊ တော်ရုံတန်ရုံ လူနဲ့တောင် မယှဉ်သာအောင် နိမ့်ကျ
န်းတဲ့ ကျွန်တော့်ဘဝ၊ ဘွဲ့သုံးခုပိုင် ဆရာဝန် သူဌေး
ားနဲ့ ဘယ်လိုလုပ်ပြီး ယှဉ်နိုင်မှာတဲ့လဲ၊ ချိန်ခွင်ထဲ ထည့်
ရင်တောင် ကျွန်တော့်ဘက်ကပေါ့လွန်းပြီး သူ့ဘက်က
းလွန်းလို့ ချိန်ခွင်ကြိုးပြတ်ကျလောက်အောင်ကို အလေး
ိးလွန်း ကွာခြားလွန်းတဲ့ အခြေအနေမျိုးပါ မမရယ်။

'အမိန့်တော့ မဟုတ်ဘူး၊ ဒါပေမယ့် အဲ့ဒီလူမှာ ငြင်း
ဘာအကြောင်းမှလဲ မရှိဘူး၊ ဒီကိစ္စမျိုးမှာ မိဘ
ရင် မမတို့ ဖောင်နုမဝေ့ ငြင်းလို့မရှိဘူး၊ ကိုကိုကြီးနဲ့
ကိုလေးတို့တောင် ငြင်းခဲ့ကြတာ မဟုတ်ဘူး'

'မခကို ချစ်တယ်၊ သိပ်ချစ်တယ်' လို့ ပေါက်ပေါက်ဟွဲကွဲ
ထားခြင်း ခံရတာ မဟုတ်သလို၊ တစ်နည်း ခုမှ သူ
ပြောပေမယ့် သိပြီးသားကြီးမို့ ထူးခြားတုန်လှုပ်မနေ
တာမျိုး၊ သူပြောထားသည့် စကားကို အရှမထင်
ဘဲ သိရိ ကိုယ်ပြောချင်တာတွေပဲ ပြောနေဖြစ်တော့
ည်။

'ဒါဆို မမက လက်ခံရမှာလား'
'ခေမက အမိန့်မဟုတ်ဘူးလို့တော့ ပြောတယ်'
'ငြင်းလိုက်လေ မမရယ်'

'ပြောခဲ့ပြီလေ၊ ကိုကိုကြီးတို့ ကိုကိုလေးတို့တွန်းအတော
ပြောင်းခဲ့ဘူး'

'မနကြီးတရော'

'မမကြီးကလွတော့ သူချစ်တဲ့သူကို မေမေမှဆီမှာ တ
လာတာ၊ မေမေ့အနေနဲ့ကန့်ကွက်စရာ မရှိဘူး၊ မေမေကိုယ်
ရွေးပေးရင်လည်း ဒီလိုမျိုးကိုပဲရွေးပေးမှာပဲလို့ ပြောတ

ဪ....

ကျွန်တော်သိုးအကောင်ကို သွားတင်ပြလို့ကတော့ ရတ
ရွှေခွက်ကိုခွ တက်နိုက်တဲ့ အနူလိုပြီး ထချိုင်းကုန်းမှာ မို
သွားတောင်းချေလို့ ဖမ်းမပို့ရင် ကံကောင်း။ အ
ကိုယ်တိုင် ရွေးရင်လည်း ကျွန်တော့်လိုလူမျိုး သခင်းသေ
ဖို့တော့ မဟုတ်။ အားမောင်းခိုင်းဖို့၊ အိမ်စောင့်ခိုင်း
ပေါ့။

ကွာကာယ်ခနော် မမ။ ကျွန်တော့်သောက် ကံဆိုး
ရှိရဲ့လား။

'မမ ကျွန်တော့်ကို မထားခဲ့ဘူးမဟုတ်လား၊ ကျွန်ေ
ချစ်နေတာလေး အသိအမှတ်ပြုပေးမယ် မဟုတ်လား
ကျွန်တော် မမကိုချစ်တာ သုသာန်မှာ အနက် ဝမ်းေ
လေးနဲ့ တွေ့လိုက်ရတာတည်းကပါ မမရေ၊ အဲဒီ ဆရ
ဆိုတဲ့လူထက် စောပါတယ်....

'အဲဒီဆရာဝန်ကလည်း မမကို ချစ်တာပဲတဲ့လား'

သို့ရီ ခေါင်းညိတ်ပြလိုက်သည်။

'ဒီလူကလည်းဗျာ၊ တခြားတစ်ယောက် ကြိုက်ရော





ပြောပုံကိုက ကလေးဆန်နေသည်မို့ ရင့်ကျက်မှု
ဝှမ်းအား လျော့ပါးခြင်းသည်လည်း အိမ်ဦးနတ် ဖြစ်ရမည့်သူ့
အတွက် အနုတ်လက္ခဏာမပါပဲ။

'မမ....မမကို ကျွန်တော် သိပ်ချစ်တယ်၊ သိပ်ချစ်ပါတယ်
မမရယ်....ယုံပါ၊ ကျွန်တော် ဖွင့်ပြောဖို့ မရည်ရွယ်ခဲ့ပါဘူး၊
ရုတ်တရက် ပေါက်ကွဲသွားရတာပါ....

'ကျွန်တော် ဖွင့်ပြောလိုက်ရင် မမက ပြန်ချစ်လာမှာ
တောင် စိုးနေတဲ့လူပါ၊ ကျွန်တော်သိုကောင်နဲ့ဆိုရင် ကျွန်
တော်ကိုယ်တိုင် မမအကျိုး နာတယ်လို့ ထင်တဲ့ကောင်ပါ....

'ခုတော့မှုခက်ပြီ မမရဲ့၊ ကျွန်တော် မမနဲ့ မခွဲနိုင်ဘူး၊
ကျွန်တော့်ကို ပြန်ချစ်ပါ မမရယ်၊ သနားစိတ်လေးနဲ့ပဲ
ဖြစ်ဖြစ် ချစ်ပေးပါ....

'ကျွန်တော် မမနဲ့ ဝေးကွာပြီး မနေနိုင်ဘူး၊ ကျွန်တော့်
ဘဝထဲမှာ မမ မရှိလို့မဖြစ်ဘူး၊ မမ ကျွန်တော် ချစ်တာ
ယုံတယ်မဟုတ်လားဟင်၊ ကျွန်တော့်ကိုလည်း ပြန်ချစ်တယ်
မဟုတ်လား....

'ခေါင်းလေးပဲဖြစ်ဖြစ် ညိတ်ပြပါလား မမရယ်'

တောင်းဆောင်းပန်ပန်လွှးပါလား ကောင်လေးရယ်။
သနားလိုက်ပါတီတော့။ မိန်းမသားတွေကို ဖျက်ဆီးနေတာ
အဲဒီသနားစိတ်ပဲလေ။ တိုလှူလည်းသနားလိုက်၊ ဟည်လူ
လည်း သနားလိုက်နဲ့ ယုံလွယ်သနားလွယ်ခြင်းရဲ့ အနွားကို
သိရိုတို့ မိန်းမသားတွေ တစ်သက်လုံး နာကျင်စွာ ခံစားး

ကြွရတာ မဟုတ်လား။ ခုဈည်းမမ မှင်းကို...ချွန်းကို ဆနော
တယ် ဆောင်လေးရဲ့။

'မမ ကျွန်တော့်ကို ခွဲမသွားပါနဲ့၊ ပစ်မထားခဲ့ပါ
မမရယ်၊ ကျွန်တော် အရမ်းချစ်လို့ပါ၊ ကျွန်တော့် တ
မှာ ချစ်စရာလူ အလွန်ရှားပါးပါတယ်၊ ကျွန်တော်
ဆောင်မျိုးက ချစ်မိရင် အသည်းအသန်ပါ၊ အစွဲအလမ်း
လည်းကြီးတယ် ပြန်ချစ်ပါ မမရယ်၊ ကျွန်တော် တောင်း
ပန်နေတာပါ'

ကောင်လေး ဆံပင်တွေက နဖူးပေါ် ဖုတ်သိုက်ကျလျက်
သောကဖိစီးနေရှာသည့် မျက်နှာက ပျက်ချင်တိုင်း ပျက်နေ
သည်။ နဂိုက မလှမပ မျက်နှာလေးက ပို၍ အကျည်းတန်
နေ၏။ နဂိုက ဆွဲဆောင်မှုဖြင့် ချစ်စရာကောင်းသည့် မျက်
နှာလေးက အကျည်းတန် မျက်နှာငယ်လေးအဖြစ် ဆနော
စရာ ပိုကောင်းနေ၏။ ကိုယ့်ထက် အစစ နိမ့်ကျသူ အသ
ဆောင် ကိုယ့်ထက် ငယ်နေသေးသူပေမယ့် သူ့ အ
အမောင်းကြီးကျတော့ ကိုယ့်ထက် ခေါင်းတစ်လုံး
လောက်ထိ ပိုမြင့်နေတဲ့ နှုတ်သွားလေးရယ်။

'မမ ကျွန်တော်လေ လှောကမှာ ထောင်လိုက်ကျကျ
ပြားလိုက်ကျကျ နေတတ်တဲ့ကောင်ပါ၊ နေသည်း နေခဲ့
တယ်၊ အခု ကျွန်တော့် ဘဝလေးကို မမအတွက် ကြိုးစ
မလို့၊ ခုမှ ပြင်ဆင်တုန်းပါ မမရယ်၊ မမက ကျွန်တော့်
တွဲရစေချင်တယ်ဆို...

'အဆိုတော် ဖြစ်စေချင်တယ်ဆို'





'ချွန်း...မင်းပြောစရာ ရှိတယ်ဆိုတာတွေ ပြောဦးလေ'

'အားတောင်မရှိတော့ပါဘူး မမရယ်၊ ကျွန်တော် စာ
မေးပွဲလည်း နီးပြီ၊ ဆယ်တန်းဖြေပြီးတဲ့ အထိပဲ မမတို့
အိမ်မှာ နေတော့မလို့'

'ဒီမှာမနေတော့ မင်းက ဘယ်သွားနေမှာလဲ'

'ထွန်းမောင် အဆက်နဲ့ စက်ပိုင်ရှင် တစ်ယောက်ဆီမှာ
ကျွန်တော် အလုပ်သွားလုပ်ဖို့ ပြောထားပြီးပြီ၊ မမတို့ဆီမှာ
နေနေတော့ မမနဲ့ ကျွန်တော်က မိုးနဲ့မြေလို အမြဲကွာနေ
မယ်၊ ကျွန်တော် ကြိုးစားလည်း အလကားပဲ မမတို့ ခိုင်း
ဖတ်က ခိုင်းဖတ်ပဲ၊ ကျွန်တော် မမကို ချစ်လို့ အမြင့်ထွက်
ပြီး ကြိုးစားတော့မယ်လို့ ဆုံးဖြတ်တာ...

'ဘာပဲဖြစ်ဖြစ် ကိုယ့်အိမ်က ခိုင်းဖတ်၊ ယာဉ်မောင်း၊
အစေခံသာသာ ကောင်နဲ့ဆိုတဲ့ အဖြစ်ကိုတော့ မရောက်
တော့ဘူးပေါ့၊ စာမေးပွဲကတော့ အောင်မှာပါ၊ ကျွန်တော်
ကျူရှင်ကစစ်တဲ့ စာမေးပွဲတွေမှာ အမှတ်ကောင်းကောင်းနဲ့
အောင်ထားပါတယ်...

'ဆယ်တန်းအောင်ပြီးရင် အခဝးသင်တက်မလို့ မမရဲ့
တစ်ဖက်ကနေ အဆိုတော်ဖြစ်အောင် ကြိုးစားရမယ်၊ ဘွဲ့ရ
အဆိုတော်တစ်ယောက်ရဲ့ တန်ဖိုးဟာ မမတို့ အိမ်က ကြမ်း
ခင်းကောင်ဇော တစ်ချပ်စာလောက် ရှိမှာပေမယ့်၊ မမ အိမ်
ကခိုင်းတဲ့ ကောင်နဲ့ဆိုတဲ့ နာခည်မျိုးတော့ မဟုတ်တော့
ဘူးပေါ့ မမရယ်...

'ဒါတွေ ကျွန်တော် စိတ်ကူးယဉ် အိပ်မက်ဒကမ္ဘာကြီး၊ လောကထဲမှာ တိုက်ဆောက်ပြီး ပျော်ခဲ့ရတာပေါ့ မမရယ်၊ ကျွန်တော် ပင်ပန်းခဲ့တာကို နည်းနည်းမှမကြောက်ဘူး၊ မမ မျက်နှာလေး မြင်ရရင် အမောပြေတယ်'

'စက်ပိုင်ရှင်ဆိုတာ ဘာလဲ ရှင်းပြဦးလေ'

'စက်တိုက်ရှိုးတွေ ဘာတွေရှိရင်၊ တီးဝိုင်းငှားရတယ် မဟုတ်လား၊ တချို့ တီးဝိုင်းက ကိုယ်ပိုင်တူရိယာ ပစ္စည်း ရှိတယ်၊ တချို့တီးဝိုင်းက မရှိဘူး၊ အဲ့ဒီအခါမှာ တူရိယာ ပစ္စည်း ငှားရတယ်၊ အသံထွက်တဲ့ ကိရိယာတွေပေါ့၊ အင်ပလီဖိုင်ယာတို့၊ ဆောင်းဒ်ဘောက်စ်တို့၊ ခွက်ကြီးတွေနဲ့ ဆက်ဖို့ လေတိုင်ခုံတို့ အစုံပေါ့၊ အဲ့ဒါတွေ အားလုံးကို စက်လို့ သိမ်းကျုံးခေါ်လိုက်တယ်....

'အဲ့ဒီစက်ငှားစားတဲ့ လူအိမ်မှာ အလုပ်ဝင်တော့မလို့ မမရဲ့၊ ဒါမှ အဆိုတော်တွေ၊ ပလေယာတွေ၊ တေးရေးတွေနဲ့ နီးစပ်မှုရှိမှ ဂီတလောကထဲကို အနိမ့်ဆုံး အဆင့်က စပြီး ခြေတစ်လှမ်းချတော့မလို့ မမရဲ့၊ အဲဒါ မမကို ချစ်လို့'

'ဖြစ်မှဖြစ်ရလေ မောင်လေးရယ်၊

'မချိတဲ့နဲ့ မသက်မသာ ရယ်စရာ ပြောရရင်တော့ ကား ဆင်စီး အပိုင်ရှိချင်လို့၊ ကူရှင်ချုပ်ဖို့ ပိတ်စတစ်ပြီး စုတဲ့ လူလို ဖြစ်နေပါရောလား၊ အဆိုတော်ဖြစ်ဖို့ စက်ပစ္စည်း ငှားတဲ့ အိမ်မှာ စပြီး အလုပ်ဝင်မလို့တဲ့ အရပ်ကတို့ရေ၊

'မင်းက အဲ့ဒီမှာ ဘာလုပ်ရမှာလဲ'





'မမရယ်....ခါတိုင်းဆိုရင်တော့ ကျွန်တော် ရှက်ရှက်နဲ့ ရယ်မိဦးမယ်၊ ခုတော့ ရယ်ချင်စိတ်လည်း မရှိဘူး၊ ရှက်တဲ့ စိတ်လည်း မရှိပါဘူး၊ အဲ့ဒီပစ္စည်းတွေ ထမ်းဖို့ ပိုးဖို့ ကူလီပေါ့၊ အထမ်းသမားပေါ့၊ လက်တိုလက်တောင်းပေါ့'

'ဟင်....အဆိုတော်နဲ့ မနီးစပ်လိုက်တာ'

'စက်အဖွဲ့မှာ လက်တိုလက်တောင်းဆိုတာ မိသားစု တစ်ခုရဲ့ လက်တိုလက်တောင်းထက် အများကြီး ပိုပြီး အဆင့်မြင့်ပါတယ်၊ ထမ်းရင်း ပိုးရင်းက စက်ကိုင်တဲ့လူ မပြည့်စုံရင် ခေတ္တဝင်နိုင်၊ လျှပ်စစ်သမား မပြည့်စုံရင် လျှပ်စစ်သမား ဝင်လုပ်လိုက်၊ ဟိုကလီ ဒီကလီနဲ့ ကလီခွင့်ရတာကိုက နည်းတဲ့အခွင့်အရေး မဟုတ်ပါဘူး၊ ကြည့်ရင်း မြင်ရင်းနဲ့ အဲ့ဒီပညာလည်းရမယ်....

'ကျွန်တော်လို ဘွဲ့မရှိတဲ့ သူဆင်းရဲအဖို့တော့ ရှာနိုင်သမျှ ပညာချည်းပါပဲ မမရယ်၊ တဖြည်းဖြည်းနဲ့ ကိုယ် လိမ္မာရင် လိမ္မာသလို၊ အလုပ်ရှင်က ချစ်ရင် ချစ်သလို၊ ဟိုလူ ဒီလူ သနားရင်သနားသလို၊ ဟိုလူ့ ချဉ်းကပ်၊ ဒီလူ့ ချဉ်းကပ်၊ ဟိုဟာမေး၊ ဒီဟာမေး....

'တစ်ခုသိလည်းပညာပဲ၊ နှစ်ခုသိလည်းပညာပဲ၊ ကြိုးဆရာ၊ မြင်ဆရာ၊ သင်ဆရာတွေချည်းပေါ့ မမရဲ့၊ တီးဝိုင်းအဖွဲ့ နာမည်ကြီးရင်ကြီးသလို ခေါ်ယူပေါင်း၊ လူအောက်ကျို့လို့ လုပ်ပြီး သေတဲ့အသားမှ မရှိတဲ့....

'ရှူးပေါ်ပေါ်ဆောင်လို့ သတိမှတ်ချင်လည်း သတ်ခွတ်၊ ကိုယ့်စက်အဖွဲ့မှာ စက်တွေကလီရင်း ခင်အောင် မင်အောင်

သနားအောင် ပေါင်းထားပြီး တီးဝိုင်းက ပလေယာတွေ အားလုံးရော၊ မန်နေဂျာရော....

'သီချင်း သွားသွားဆိုပြီနေပေါ့၊ ဘယ်သူမှ နားမထောင်ချင်ဘဲ သောက်ပေါ.... အဲ... ကန့်တော့မမ၊ အရှူး ဆိုပြီး ဝိုင်းဟားရင်လည်း မျက်နှာ ထူထူ၊ အရှက် နည်းနည်း၊ နည်းနည်းမဟုတ်ပါဘူး၊ အရှက်မရှိတဲ့ ရှက်ကြောပြတ်တဲ့ မျက်နှာနဲ့ တဟဲဟဲရယ်နေပေါ့'

ထောင်ဆေးရယ်.... မင်းမှာ သိက္ခာရယ်လို့တစ်ပြားသား ကျန်ဦးမှာလား။

'ကိုယ့်မှာပိုက်ဆံတစ်ပြားမှမရှိဘဲ သီချင်းဆိုခွင့်ရအောင် ဒီလိုပဲ ဝင်ရောရမှာပဲ၊ အသနားခံရမှာပဲ၊ ကြာကြာနေတော့ သနားလာလို့ပဲ ဖြစ်ဖြစ်၊ နားညည်းလို့ပဲ ဖြစ်ဖြစ် ဆယ်ပုဒ်တနေလ ဝင်ဆိုခွင့်များရလိုက်ရင် ကျွန်တော့် တက်လမ်းရဲ့ ပထမဆုံး လှေကားထစ်ပါပဲ မမရယ်'

'ဒါဖြင့်.... အခု အဆိုတော်ဖြစ်နေတဲ့ နာမည်ကြီးတွေ ထဲမှာ မင်းလို အောက်ခြေကစခဲ့ရတဲ့လူမျိုး ပါလား'

'ကျွန်တော့် လောက် စုတ်ပြတ်တဲ့ကောင်တော့ ပါမယ် မထင်ပါဘူး၊ အဆိုတော်လောကမှာတင် မဟုတ်ပါဘူး၊ တစ်လောကလုံးမှာ ဖွတ်ဆင်းရဲဘဲ့ ပေးရရင် ကျွန်တော်ပဲ ရမှာ၊ ဦးပုညရဲ့ ရေသည် ပြဇာတ်ထဲက....

'ဝါးကွဲထမ်းပိုး၊ ဆိုင်းပေါင်ကျိုးနှင့် ပုဆိုးညစ်ထေ၊ သျှောင်စေ့ထန်းမှုတ်၊ ခေါင်းမွေးစုတ်တဲ့၊ ကျုပ်ဖအောင်ယ်....





ဆိုတာ၊ အဲဒီတုန်းကအညီးက ဦးပုည ကျွန်တော့် ကို စောင်းရေးခဲ့တာလားမှ မသိဘာ....

'ဆင်းရဲမွဲတေ၊ ဖွတ်ဘိုးအေ ဆိုတဲ့ စကားဟာလည်း ကျွန်တော့် အတွက် ဆက်ဆက်ပါပဲ။ အဲဒီကြားထဲက ဘုရင့်သမီးတော် ထိပ်ခေါင်ဆင်ကိုမှတက်ပြီး စွဲလမ်းတော့ ကျွန်တော့်လို ကောင်မျိုး သက်ဦးဆံပိုင် ဘုရင်ခေတ်မှာသာဆို အဆာတ်ခံရမှာပဲ'

'မင်းလုပ်မယ့် လုပ်ရပ်တွေကို ဆက်ပြောပါဦး'

'တချို့ တီးဝိုင်းတွေ နာမည်ကြီးတယ် မဟုတ်လား၊ စတိတ်ရှိုးဆို သူတို့ချည်း တီးရတယ်၊ ရှိုးတစ်ခုမှာ ရှိုး အန်ထရိုက်က အဆိုတော်ခေါ်တာလည်း ရှိတယ်၊ တီးဝိုင်းမှာ ပင်တိုင်အဆိုတော်ဆိုပြီး ဝိုင်းကခေါ်တာလည်းရှိတယ်....

'ဝိုင်းကြီးတစ်ဝိုင်းက ကျွန်တော့်ကိုသနားပြီး ရှေ့ဆုံးဆိုဖို့ ထုတ်ပေးရင်ပဲ မဟာကံထူးရှင်ဖြစ်ပြီ မမရဲ့'

'ဘာလဲ....ရှေ့ဆုံးဆို ဆိုတာ'

'စတီးတီးချင်း နံပါတ်တစ် ဆိုရတာ၊ အဆိုတော်တွေ ဘယ်သူမှ မဆိုချင်ကြဘူး၊ အသံစမ်းတုန်းမို့ မဆိုချင်တာ ရယ်၊ ရှေ့ဆုံး ထွက်ဆိုတော့ အောက်တယ်ပေါ့ မမရယ်၊ နောက်ပိုင်းဆိုရတာတွေက အဆိုတော်နာမည်ကြီးတွေ....

'ဘယ်သူမှမဆိုချင်တဲ့ ပထမဆုံးနေရာမှာဝင်ဆိုခွင့်ရတာကို ပြောတာ၊ တစ်ခါတလေ စက်အဖွဲ့အလည်း ဗီဒီယောင် လေး ထည့်ပေးလိုက်ပါ၊ ပေးဆိုလိုက်ပါ ပြောပေးရင်လည်း ဆိုခွင့်ရတယ်....

'ကျွန်တော်တာ စက်အဖွဲ့မှာ ရှိနေတော့ အနီးထရိုက်တွေနဲ့လည်း တွေ့ထိ ခင်မင်ခွင့်ရထားပေါ့၊ ကန့်ထရိုက်တွေကို သနားအောင်ပြောပြီး ဆိုခွင့်တောင်းရင်လည်း ရနိုင်တယ်'

'မင်း ပိုက်ဆံရမလား'

'ဝေးသိုက်တာ၊ ဆိုခွင့်ရချင်ဖို့ထခုနှိုးနေရမှာ၊ ဘယ်သူက ပိုက်ဆံပေးမှာလဲ'

'ဒါဆို ဘာနဲ့စားမလဲ'

'ဒါကြောင့် စက်အဖွဲ့မှာ ကူလီအလုပ်ကို ထမင်းစား ကျွန်ခံသာသာနဲ့ ဝင်လုပ်မယ်ပြောတာပေါ့'

'အခု ဆီးရီးတွေ လူသစ်တွေ တစ်ခွေပြီးတစ်ခွေ ထွက်နေကြတာ ဘယ်လိုလုပ်ကြတာလဲ'

'ပိုက်ဆံပေါ့ မမရယ်၊ ငွေပေါ့'

'မင်းပြောသလို၊ ဘယ်သူနဲ့မှ မရင်းနှီးဘဲ ငွေချည်းလမ်းခင်းနေရင် အဆိုတော်ဖြစ်ရောလား'

'ဖြစ်လို့လုပ်'

'ပြောပါဦး'

'ပထမဆုံး သီချင်းဝယ်မယ်၊ ဝိုင်းငှားမယ်၊ စတူဒီယို ငှားမယ်၊ သီချင်းသွင်းမယ်၊ လေးငါးပုဒ်လောက်တစ်ပြိုင်တည်း၊ ကုန်မယ် တစ်သိန်းနီးပါး....

အဲဒါ.... မြန်မာ့ရုပ်မြင်သံကြားကို အသံနဲ့စာသားတင်မယ်၊ အသံရောရုပ်ပါ သင့်တင့်မှင်ပါ့စ်ဖြစ်ရင် တီဗွီ သွားရိုက်၊ ခဏခဏအကုန်ခံပြီး ခဏခဏ သွားသွားရိုက်နေရင် တီဗွီကလည်း ခဏခဏလာရော....





'ကိုယ့်ရုပ်နဲ့ ကိုယ့်အသံ လူခဏခဏမြင်ပြီး၊ မကြိုက်ရင်တောင်လူနဲ့ နာမည်နဲ့တွဲပြီး မှတ်မိသွားရော'

'ဟုတ်တာပဲ'

'ပိုက်ဆံပေါလေ များများ ရိုက်နိုင်လေပေါ့၊ လူများများသိလေပေါ့၊ ဒီလူ.... သီချင်းဆိုတယ် ဆိုတာလောက်တော့ အသိအမှတ်ပြုခံရပြီ....

'အဲဒီအခါကျတော့ ဆီးရီးထုတ်ဖို့ စီစဉ်ပေါ့ ခမရဲ့ သီချင်းတွေဝယ်၊ တီးဝိုင်းကောင်းကောင်းနဲ့ စတူဒီယို ကောင်းကောင်းမှာတီးကြ၊ ဆိုကြ၊ အဲဒါမြန်နိုင်မယ် ထင်နဲ့ တစ်နှစ်နီးပါးနဲ့ပြီးရင် မြန်လှပြီ'

'ကြာလိုက်တာ'

'ဆီးရီးတစ်ခွေကို လေးငါးခြောက်နှစ်ကြာနေတဲ့ သူတွေ တောင်ရှိတယ်၊ ပိုက်ဆံပေါတိုင်းလည်း ဖြစ်မယ် မထင်နဲ့၊ လုပ်ချင်တာလေး လုပ်ခွင့်ရတာပဲရှိမယ်၊ အနုပညာဆမား တွေဆိုတာ ငွေနဲ့ ပေါက်တိုင်းလည်းရတာ မဟုတ်ဘူး....

'တီးတဲ့သူတွေလည်း အနုပညာဆမား၊ ရေးတဲ့သူတွေလည်း အနုပညာသမား၊ ခင်ရင်ခင်ရင် တော်ခါတွေ ဖြစ်သွားရင် ပိုက်ဆံစကား လုံးဝမပြောတော့တဲ့ ဝိုင်းဝန်းပံ့ပိုးကူညီတင်ပေးကြတာ တွေလည်း ရှိတယ်၊ တေးရေး တစ်ယောက်ဆီမှာ သီချင်းဝယ်ရင် တစ်သောင်းဆိုလည်း ဟုတ်၊ နှစ်သောင်းဆိုလည်းဟုတ်၊ ဒါပေမယ့်.... ခင်မင်ရင် သူရင်၊ ဘော်ဒါကျွပေါ့ အလကားလည်း ပေးဆိုခွင့်ပြုတာ တာပဲ၊ ပလေယာတွေဆိုလည်း အနုပညာ ဘော်ဒါချင်း

ပိုက်ဆံရဖို့ အဓိက မဟုတ်တော့ဘူး၊ ဖြစ်ထွန်းပါစေဆိုတဲ့ စေတနာနဲ့တီးပေးကြတာ....

‘ကိုယ်ပိုင် ဆီးရီးခွေလေးရတော့ ဖြန့်ချိရေးတေးသံသွင်းတွေဆီ တစ်ခါ ပြန်ပြေးရတာပေါ့၊ ကိုယ့်ဘာသာဖြန့်ပေါ့၊ ငနဲတစ်ကောင် ဆိုထားတဲ့ သီချင်းခွေကို ဘယ်သူမှအမြတ်ပေးမဝယ်ဘူး....

‘အရှုံးခံရောင်းလည်း အလုပ်ရှုပ်ခံပြီး မဝယ်ဘူး ဖြန့်ချိခယူပြီး ဖြန့်ပေးတာတော့ရှိတယ်၊ ကိုယ် ကုန်ထားရတုန်းက သိန်းနဲ့ချီပြီး တစ်လုံးတစ်ခဲတည်း....

‘ပြန်ရတော့ ရာဂဏန်း၊ ထောင်ဂဏန်း အဆိုတော်အသစ်တစ်ယောက်ဟာ သောင်းနဲ့ချီပြီးတော့တောင် ဝင်မယ်မထင်ဘူး....

‘ရာဂဏန်းဝင်လိုက်၊ ထောင်ဂဏန်းဝင်လိုက်၊ မူးစုံပဲစုံနဲ့ ငွေခေါင်းကွဲပြီး ရလိုက်တယ်တောင် မထင်ရသေးဘူး စခန်းရပ်သွားတော့တာပဲ မခရဲ့ ပလုံတယ် ခေါ်တာပေါ့’

‘မလွယ်ပါလား’

‘ရှုံးသွားသမျှ ပိုက်ဆံတွေဟာ၊ ကိုယ့်နာမည်လေး၊ ကိုယ်ဖြန့်ပြီး ဝယ်ယူလိုက်ရတယ်လို့ သဘောထားရတာပေါ့၊ ပိုက်ဆံတွေ ရှုံးသမျှ အနုပညာ အမြတ်ကလေးရတာပေါ့’

‘တချို့ ကျတော့လည်း တစ်ခွေတည်းနဲ့ ပေါက်သွားတယ် မဟုတ်လား’

‘သီချင်းခွေ ပေါက်လို့ကတော့မခရယ်၊ သိန်းကို ဆယ်နဲ့ချီပြီး စားပေတော့’





‘ဒီလိုတော့လည်း အဟုတ်ကြီးပါလား’

‘မဟုတ်ဘ ကံထူးရှင်တွေပေါ့၊ ပင်ကို အရည်အချင်းကလည်း တော်လို့၊ အသံလည်းကောင်းလို့၊ အဆိုလည်းကောင်းလို့၊ အတီးလည်း တော်လို့၊ စတူဒီယိုကလည်း လုပ်ပေးတာ ကောင်းလို့၊ မူလ သီချင်းရေးပေးတဲ့သူလည်း တော်လို့၊ ဖြန့်ချိရေးကလည်း စေတနာထားလို့ အဘက်ဘက်က တော်ပြီး ကုသိုလ်ကံပါ လိုက်တဲ့သူတွေ သီချင်းပေါက်တာပေါ့’

‘နာမည်ကြီးပြီးသား အဆိုတော်တွေကျတော့ရော’

‘ဒုက္ခပေါင်းစုံကို ဖြတ်ကျော်ခဲ့ပြီးမှ အမြင့်တစ်နေရာကို ရောက်လာကြတဲ့သူတွေ မဟုတ်လား၊ အနုပညာရှင် တစ်ယောက် ဖြစ်လာဖို့ ငွေလိုတယ် ဆိုပေမယ့်၊ ငွေရှိတိုင်းလည်း အနုပညာရှင် ဖြစ်မလာပါဘူး....

‘အနုပညာ ခရီးလမ်းဆိုတာ ကြမ်းပါတယ် မခ၊ ငွေပါလည်း ကြမ်းတာပဲ ငွေမပါတော့ ပိုကြမ်းတယ်၊ အရမ်းကြမ်းတယ်၊ ဘာပဲဖြစ်ဖြစ် အနုပညာ ပန်းတိုင်ရောက်ဖို့ အနုပညာဒုက္ခတွေ ခါးစည်းခံခဲ့ရပြီးမှ အောင်မြင်တဲ့ အနုပညာရှင် ဖြစ်လာတာပါ....

‘ဒီနေ့ အောင်မြင်နေတဲ့ အနုပညာရှင်တိုင်းဟာ ဒီနေရာကို သက်သောင့်သက်သာ အလွယ်တကူ ရောက်လာကြတာ မဟုတ်ပါဘူး၊ ဇွဲလုံ့လနဲ့ ဝီရိယကို သေမလောက် စိုက်ထုတ်ခဲ့ကြသူတွေချည်းပါပဲ....

'ကိုယ့်ရွှေ့က လူတွေ ဒီလို ကြိုးစားသွားကြပြီ၊ ကြိုးစား မြဲခဲ့ကြပြီ၊ ကျွန်တော် ဘာဖြစ်လို့ လိုက်မကြိုးစားနိုင်ရမှာလဲ မမ'

'အခု နာမည်ကြီးပြီးသား အဆိုတော်တွေလည်း အဲဒီလို လုပ်ရတုန်းလား လို့ မေးတာ'

'တချို့လည်း သီချင်းခွေ ကိုယ့်ဘာသာ ထုပ်ကြတုန်း၊ တချို့ကျတော့ ပရိုဂျူဆာတွေက ဓာရိဓာထုနဲ့ အရင်းအနှီးကို အကုန်ခံလုပ်တယ်ပေါ့၊ အဆိုတော်တွေက ဆိုခပေါ့ မေ ရယ်၊ အနုပညာကြေးယူပြီး ဆိုရုံ ဆိုပေးလိုက်တယ်၊ အလုပ် ရှုပ်တော့ဘူးပေါ့'

'မေ သီချင်းကြိုက်တယ်၊ ဝါသနာလည်း ပါတယ်၊ ဘယ်အမျိုးအစားမှ ကြိုက်တယ်ရယ်မဟုတ်ဘူး၊ အားလုံးကို ကြိုက်တာ၊ ခုထွက်သမျှ အခွေတွေအားလုံး မမဝယ်တယ်၊ ညတိုင်း ဝတ္ထုဖတ်သလို သီချင်းလည်း နားထောင်တာပဲ...

'သီချင်းတစ်ခွေဖြစ်အောင် ဘယ်လို လုပ်ရသလဲဆိုတာ တော့ ခု မင်းပြောပြမှ သိတယ်'

'ကျွန်တော် သီချင်းပေါက်တာ မပေါက်တာတော့ ကံတရားပဲ မမရယ်၊ ကျွန်တော့်ဘက်က ဇွဲလို့လတော့ ဘယ် တော့မှ မလျှော့ဘူး၊ လက်ထဲမှာ ပိုက်ဆံလည်း တစ်ပြားမှ မရှိဘူး၊ ဒါပေမယ့် ဆီးရီးခွေထုတ်ဖြစ်အောင် ထုတ်မယ်၊ မမကြည့်ချင်တဲ့ ဖန်သားပြင်ပေါ်မှာ ကျွန်တော့် ရုပ်နဲ့ အသံကို...





'မမ တွေ့စေရမယ်၊ ကျွန်တော်ကြိုးစားမယ်၊ ကျွန်တော့် ကိုသာ မမက အချိန်ပေးပါ၊ ပန်းတိုင်မရှိတဲ့ ဆင်းရဲသား တစ်ယောက်ကို တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် စောင့်မလား ဟင်'

သို့ရှိ နှုတ်ခမ်းဈေး ပိတ်သွားရတော့သည်။

'ကျွန်တော်လေ မမကိုချစ်လွန်းလို့ ကျွန်တော့် တစ် ယောက်တည်းကပဲ ချစ်နေပါရစေ၊ မမက ကျွန်တော့်ကို မချစ်ပါစေနဲ့လို့တောင် ဆုတောင်းခဲ့ပါသေးတယ်၊ သီချင်း တစ်ပုဒ် စပ်ထားတယ်၊ အချစ်ဟာ ရေနဲ့မတူပါတဲ့....

'ရေဟာ မြင့်ရာက နိမ့်ရာသို့ စီးမြဲပါ၊ အချစ်အတွက် နဲ့တော့ အမြင့်စံထိပ်ထားက ရှုံ့ဖွက်ထဲ ခုနှိမဆင်းပါနဲ့လို့ ရေးထားတာ....

'ကျွန်တော် အရမ်းမျိုသိပ်ပါတယ် မမရယ်၊ ဖွင့်ပြော ဖို့လည်း မရည်ရွယ်ဘူး၊ ပြောလည်း ဘယ်တော့မှ ရမှာ မဟုတ်ဘူးလို့ ထင်နေပါတယ်....

'ခု... ကျွန်တော် မအောင့်နိုင်လွန်းလို့ ပေါက်ကွဲသွား တာပါ၊ ပြောမိလို့ရှိမှ မမလည်းသိသွားမှတော့ ကျွန်တော် တေနိဒရာဆန္ဒတွေ ဝင်လာပြီ မမရယ်၊ ကျွန်တော့်ကို ပြန်ချစ်ပါလား ဟင်'

သစ်မြစ်ဆလေး တစ်ခုပေါ် နှစ်ယောက် ယှဉ်ထိုင်နေ ကြခြင်းပါ။ ထိထိစပ်စပ် ပူးပူးကပ်ကပ် မရှိပေမယ့် ဝေး ကွာလှသည်တော့လည်း မဟုတ်ပါချေ။ နားစွင့်မည်ဆိုလျှင်

ဆော့ တစ်ယောက် နှလုံးသား၏ ရင်ခုန်သံကို နောက်တစ်ယောက်က အပြန်အလှန် ကြားနိုင်ကြမှာပါ။

ဘဝပြဿနာတွေကို ဆွေးနွေးစဥ်က ခပ်ငြိမ်ငြိမ်ရှိခဲ့သည့် နှလုံးသားတစ်ခုမှ စတင်၍ ဝုန်းဒိုင်းကျဲအောင် လှုပ်ရှားခုန်ယမ်းတော့သည်။ နှလုံးသားက တစ်ချက် ဆောင့်ခုန်တိုင်း ရင်ညွန့်မှာ ထိုးခနဲပူ၏။ ခံစားချက်ကိုယ်စီ ပြင်းထန်ကြပါသည်။

'ကျွန်တော့်ကို ပြန်ချစ်ပါမလားရယ်၊ တောင်းပန်တာပါ'

လှမိုက်လေးရယ်။ ခင်း ထမင်းဆီဆမ်း ရွှေသင်ပန်းနဲ့ ပေးပါလို့ မိုးပေါ်ကိုမော့ပြီး တောင်းနေတာလား ဟင်။ နှိုးစပ်နိုင်ခွင့် မြင်ရဲ့လား။

ခုနမျှား တိရစ္ဆာန်ဥယျာဥ်ထဲ လာရောက်ကြသူတွေ သို့ရိုက်ခွာသွားလျှင်....

'ဟယ်.... ဘီရိုမဟာရဲ့ စတုတ္ထသမီး ခပ်မွဲမွဲဆောင်လေး တစ်ယောက်နဲ့ပါလား၊ အမယ်လေးတော် မဖွယ်မရာ၊ သစ်မြစ်တစ်ခုတည်းပေါ် နှစ်ယောက်ထိုင်လို့'

အဲ့သည်လို ပြောလိုက်ကြမယ့် အဘင်းတွေ၊ မတို့မိသားစုဟာ ပဝါဖြူလို ဆန့်သန့်ရှင်းရှင်း နေခဲ့လွန်းတော့ အမိုက်တစ်မျှင်ကျရင်တောင် မြင်ကွင်းက ထင်းလွန်းပါတယ်။

ဆောင်လေးရယ်။ သည်လိုဆိုတော့လည်း ခင်းကို 'အမိုက်' လို့ ပြောရာ ရောက်ပြန်ရော။ တကယ်တော့လည်း ခင်းဟာ အမိုက်ကလေးပါပဲ။ မြူမှုန်မတင်တဲ့ မမရဲ့နှလုံးသားဖွေးဖွေးပေါ် လာကျတဲ့ အမှိုက်ကလေး။





ဆောင်မိုက်လေးရယ်...

မမဟာ နှလုံးသားကို ဦးစားပေးရမယ့် အရွယ်လား။ အခြေအနေရှိသား။ မမရဲ့ မာကျောလှတဲ့ ဦးခေါင်းခွံအောက်မှာ ရှိနေတဲ့ ဦးနှောက်ဟာ နှလုံးသားလိုတော့ နူးညံ့စွာ ခံစားတတ်လိမ့်မယ် မထင်ဘူး။ စစ်ခင်းနေကြပါတယ်ကွယ်။ တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည်၊ လူမျိုး တစ်မျိုးနဲ့ တစ်မျိုး စစ်ရယ်လို့ ဖြစ်လာကြရင် ပျက်စီးဆုံးရှုံးရခြင်းတွေ အနန္တပါ။ အသက်တွေ၊ အိုးအိမ်တွေ၊ စည်းစိမ်တွေနဲ့ ယဥ်ကျေးမှုအမွေအနှစ်တွေအားလုံး ပျက်စီးရတယ်၊ ဆုံးရှုံးရတယ်။ ရှုံးသူရော နိုင်သူပါ နှစ်ဦးနှစ်ဖက် နစ်နာကြတယ်။ ဆိုးကျိုးတွေ ဖြစ်ထွန်းတယ်။

ချွန်းရယ်...

မမကျတော့ ခန္ဓာကိုယ်လေး တစ်ခုတွင်းမှာ ဖြစ်ပွားနေတဲ့ စစ်။ ဦးနှောက်နဲ့ နှလုံးသားတို့ရဲ့ တိုက်ပွဲ။ မမရဲ့ တစ်ကိုယ်လုံးမှာရှိတဲ့ အသွေးအသားတွေ၊ အကြောမျှင်တွေ၊ အရိုးတွေ ဖွဲ့စည်းတည်ဆောက်ထားတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသ ပစ္စည်းတွေဟာ နာကျင်တယ်၊ ကျိုးပဲ့တယ်၊ ကြေမွတယ်၊ ပျက်စီးကုန်ကြတယ်၊ အစိတ်စိတ်အမြွှာမြွှာ စုတ်ပြတ်ပဲ့ထွက်ကုန်ကြပါပြီ ချွန်းကလေးရယ်။

အဲသည်တိုက်ပွဲရဲ့ နိဂုံးမှာ မမရဲ့ ရှင်သန်ခြင်းဆိုတဲ့ ဘဝဟာ လုံးဝ ဆိတ်သုဥ်းသွားရတော့မှာပါ။ လူ့ဘဝမှာ အမိပွားယ်မဲ့စွာ အဆက်ရှူနေတဲ့၊ အရသာမဲ့စွာ ထမင်းဝါးနေတဲ့ အထူးအဆန်းဆုံး လူသားတစ်ယောက် ဖြစ်ထွန်း

အာသါလိမ့်မယ်။ တခဝန်အရ စေ့ပိတ်ထားရတဲ့ မျက်ခွံနှစ်လွှာရဲ့ အောက်မှာ ရှုန်းကန်ထကြွနေတဲ့ သူငယ်အိမ်နှစ်ခုမှာ ချစ်သူရဲ့ပုံရိပ်တွေ စွန်းထင်နေဦးမယ်လိမ့်မယ်။

မမရဲ့ အဆက်အရှယ်၊ မမရဲ့ ပညာ၊ မမရဲ့ အသိဉာဏ်နဲ့ မမတို့ရဲ့ သီရိဂေဟာ မိသားစုမှာ 'ခံစားမှု' ဆိုတာ လွယ်ကူစွာ ပေါက်ကွဲတတ်တဲ့အရာ မဟုတ်ခဲ့ဘူး ကောင်လေးရယ်။

'နေဦး...မမ၊ ဘိလပ်ပြန် ဆရာဝန်ကြီးကို ငြင်းပေးပါမမရယ်၊ ကျွန်တော့်ကို စောင့်ပါ'

'ချွန်း... ခုလိုနေရာမှာ ချွန်းနဲ့ လာထိုင်နေတာတောင် မမဟာ ရာဇဝတ်မှု ကျူးလွန်သလောက် အပြစ်ကြီးနေပြီ'

'ကျွန်တော် ယုံပါတယ် မမရယ်၊ ဒါပေမယ့် မပြန်ချင်သေးဘူး၊ မမနားမှာ ကျွန်တော် နေချင်တယ်'

'မမကြီးသာတွေ့သွားရင် ရှက်လွန်းလို့ အရှက်သည်းပြီး နှလုံးသွေး ရပ်သွားနိုင်တယ်' ဆိုတာ ဖွင့်မပြောတော့ဘူး ချွန်းရယ်။

'မမ သိပ်လှတာပဲ'

ကောင်ဆိုးလေး။ ကိုယ်နွေ့ကို မသိမသာ တိုးရွေ့လာတာ မျက်နှာကို ငုံ့ချပြီးမှ ပြန်မော့ကြည့်တာ သူ့ သွားစွယ်လေးတွေ ဖွင့်လျက် ရယ်ပြုံနေသည်။

'တော်စမ်းပါ ချွန်းရယ်၊ စိတ်ညစ်ရတဲ့အထဲ'

'စိတ်ညစ်နေလည်း လှတာပဲ'

'ဟိုဘက်တိုး'





သီရိက ခပ်မာနန်မာန်လေး ပြောလိုက်တော့၊ ချွန်း သိသိသာသာလေး ခွာသွားရှာသည်။

'မမ မပြန့်တော့ဘဲ နေမလားဟင်'

'အလိုတော်'

'ကျွန်တော် လုပ်ကျွေးမှာပေါ့ မမရဲ့၊ အခု—ကျွန်တော်က ရန်ကုန်မြို့မှာ လှူရည်လှည်ပါပြီ၊ ရောက်ကာစတုန်းကသာ လေ့လုပ်တတ် မကိုင်တတ်ထာ'

'ပြောပါဦး၊ ဘာတွေ လှူရည်လည်လာလဲ'

'ဈေးရောင်းမှာပေါ့ မမရဲ့၊ ဓက်လာဈေးက သွားဝယ်ပြီး ဒီဈေးလေးတွေမှာ ပြန်ရောင်း၊ ဈေးရောင်းတာ သိပ်ကိုက်တယ် မမရဲ့၊ ရောင်းတတ် ဝယ်တတ်ရင် ထခင်းခတ်ပါဘူး၊ အရင်းလေး ပွားလာရင် ပစ္စည်းကောင်းကောင်း ပြောင်းရောင်းပေါ့'

'ခုတော့....အဲ့ဒီလိုလုပ်ဖို့ ဘာဖြစ်လို့ စိတ်မကူးလဲ'

'မမက အဆိုတော်ဖြစ်ရမယ်ဆို'

'ချွန်းက မဖြစ်ချင်ဘူးလား'

'ဖြစ်ချင်လိုက်တာမှ တစ်ပိုင်းမကဘူး၊ တစ်ကိုယ်လုံးဆော နေလို့ လုပ်လို့ ရှားလို့ မရတော့ဘာ၊ အခု....မမရဲ့ အချစ်နဲ့ ဆေးကုလို့ တစ်ပိုင်းပြန်ရှင်လာပြီး၊ အဆိုတော် ဖြစ်အောင် လုပ်မှာ မမ ကျွန်တော့်ကို ချစ်တယ်မဟုတ်လား၊ မညာကြေး'

သီရိ မပြုံးဖြစ်ပါ။ ချွန်းကတော့ စပ်ဖြဲဖြဲလေး လုပ်နေသည်။

'မမ ချစ်သားနဲ့၊ ပြောပါ မမရဲ့ ကျွန်တော့်ကို ချစ်တယ်မဟုတ်လား၊ ချစ်လို့ သံယောဇဉ်ရှိတာပေါ့၊ ချစ်လို့ အဆိုတော် ဖြစ်စေချင်တာပေါ့ မမချစ်ပါတယ်၊ မပြောချင်လို့ မြုံနေတာပါ'

ပြန်ထင့်ပြီဆိုတာ သိရှိ နားလည်၏။ သို့ပေမယ့် ချစ်ပါတယ်ဟု အဖြေပေးနိုင်မယ့် ချစ်သူအပေါ်ကို အခွင့်အရေး ပေါက်စလေး တစ်ခုလောက်တော့ ပေးလိုက်ချင်သည်။ ကောင်လေး ပျော်နေသည်။ ပျော်ရွှင်ပါစေ မလှမ်းမကမ်း ထိုင်နေခွင့်မှာ ပြုံးစားတတ်တဲ့ နုတ်ခမ်းလေး ပျော်နေသည် ဆိုလျှင် ပျော်ခွင့်လေးကို တစ်နေ့တာ ကုန်ဆုံးလုနီးပါး ပေးလိုက်ချင်၏။ ကောင်လေး၊ ရရှာမည့် ပထမဆုံးနှင့် နောက်ဆုံး အခွင့်အရေးလည်း ဖြစ်နိုင်တယ် မဟုတ်လား။

'မမ မပြန်ချင်သေးဘူး မဟုတ်လား တင်'

'မင်း ပြန်ချင်ပြန်လေ၊ ညနေလည်း ဆေးရုံမှာ လူနာ သွားကြည့်ရဦးမှာ'

'မမသာ မပြန်သေးဘူးဆိုရင်၊ လူနာတောင် သွား မကြည့်ချင်ဘူး၊ တဆယ်ပြောတာ၊ ဒါပေမယ့် မမလည်း ပြန်ပါ၊ ကျွန်တော်လည်း လူနာသွားကြည့်မယ်၊ ဒီနေရာမှာ ထိုင်တာကြာလေ မမ သိက္ခာပွန်းပဲ့လေ ဖြစ်မှာ....

'ကျွန်တော် မမကို ချစ်ရင် မမနားမှာ ကပ်နေရတာကို …တ်မိုက် မဲမဲ ပျော်နေမယ့်အစား မမ သိက္ခာအပွန်းအပဲ့ …င် စီစဉ်ပေးရမယ်'





'မမရယ်....လူမိုက်တွေ သိပ်ဆောင်းတယ်နော်၊ နာမည်က ပျက်ပြီးသားဆိုတော့ လုပ်ချင်ရာ လုပ်ခွင့်ရှိနေသလိုပဲ၊ နာမည်ထပ်ပျက်ဖို့လည်း မရှိတော့ဘူး၊ အကျိုးစုတ်မှာ အိုးမဲ ပေတာ ဘာအရေးလဲ....

'အသိဉာဏ်နဲ့ အစစ အရာရာ ဆင်ခြင်ရတဲ့ လူမျိုးကျတော့ ပစ်ပြုမှာ ဖုန်တစ်စက် အထင်မခံနိုင်သလိုပဲ၊ လှုပ်ဆောင် သိပ်ခလှုပ်ရဲဘူး....

'လောကမှာလေ လုပ်ချင်တာနဲ့ လုပ်သင့်တာကို ခွဲခြားမသိတဲ့ ခပ်တုံးတုံး ဦးနှောက်မျိုးကိုပဲ ပိုင်ဆိုင်ချင်ပါတယ်'

'ဆေးရုံကို ဘယ်အချိန်သွားမှာလဲ'

'ညနေ လေးနာရီ'

'ခုပဲ သုံးနာရီ ရှိနေပြီ'

'ဟုတ်ပါရဲ့ ပြောမှ ဗိုက်ဆာလာတယ်၊ ကျွန်တော် ဘာမှမစားရသေးဘူး မနက်စာ'

'မမလည်း မစားရသေးဘူး'

'ဟောဗျာ....ဆာနေတော့မှာပဲ ဗျာ၊ ထ....မမ တစ်ခုခု သွားစားမယ်၊ မမ ဂုဏ်ငြိုရအောင် ဘယ်မှာစားမလဲ၊ အဲဒါတွေတော့ ကျွန်တော်က သိပ်မကျွမ်းဘူး'

'ရတယ်လေ...ဂိတ်ပေါက်က ထွက်လိုက်တာနဲ့ ဆိုင်တွေ တန်းစီနေတာပဲဟာ'

'ဟိုဘက် ဆန်တော်ကြီးဘက်ကို ထွက်ရင် ဒေါလီဖင် ရှိတယ်နော် မမ'

'ကိုယ်တော်အေး ဒါကျတော့ ဘယ်လိုလုပ်သိနေလဲ'

'ယောကျ်ား အဆိုတော်ခေါ်ရင် ဝင်ဆိုဖို့ စုံစမ်းရမှာမို့ ရက်စတောရင့်တွေ နည်းနည်း ပါးပါး စုံမေးထားတာ မမရဲ့'

'မသွားတော့ပါဘူး၊ ဒီဘက်ကပဲ ထွက်မယ်၊ ကားလည်း အဲ့ဒီမှာပဲ ရပ်ထားခဲ့တာ၊ အဲ့ဒီမှာ ဆိုင်တွေရှိတာယ်'

'မမ ကျွန်တော် ကျွေးမယ်နော်'

'ရှင်က ဘယ်လောက် ချမ်းသာနေလို့လဲ'

'ကျွေးချင်လို့ပါ အမှတ်တရ၊ ဒီနေ့ မမနဲ့ ကျွန်တော်နဲ့ ရှင်ဖွင့်ပြီး ချစ်ခွင့်ရတဲ့နေ့'

'ချွန်း'

သီရိ ခပ်ဖျာန်မှာန်လေး ခေါ်လိုက်သည်။

'ဆူမလို့လား ဆူပါ၊ ရိုက်ချင်လည်း ရိုက်၊ ဒီနေ့မှာ မမရဲ့ အချစ်ကို ကျွန်တော် အတိအလင်း လက်ခံရရှိတဲ့ နေ့လို့ သတ်မှတ်လိုက်ပြီ'

'အဲ့ ဒါတွေ မပြောနဲ့'

'ပြောချင်တယ် မမရဲ့၊ မမ ကြွားဖူးမှာပေါ့၊ စကားပုံ တစ်ခုရှိတယ်၊ ခွေးကလေး အရှေ့ဝင် ပါးရက်နားရက်တဲ့၊ ကျွန်တော် လူဖြစ်နေတာတောင် ဒေါပွနေတာ၊ ခုနေ ကျွန်တော်သာ ခွေးတစ်ကောင်ဆိုရင် မမကို ပါးရက် နားရက် လုပ်ခွင့်ရနေမှာ'

'ချွန်း...မမက မင်းကို အရှေ့ဝင်တယ်လို့ ပြောလိုက်တာလား'





'မမက ကျွန်တော့်ကို ချစ်တယ်လို့ ဆိုလိုလိုက်တာ၊ မမ သတ္တိရှိရင် ငြင်းလေ ကဲ...'

ချွန်းရယ်၊ ချောင်ဆိုးလေးရယ်၊ အစုတ်ပလုတ်လေးရယ်၊ ပြူးစားတတ်တဲ့ နတ်ဆိုးလေးရယ်၊ စုံနီးထိုးဆေးရယ်'

ဖွင့်ဟ ဝန်ခံမခံရင်သာ ရှိရမယ် ငြင်းတော့ ဘယ်ငြင်းရက်နိုင်ပါ့မလဲ။ ငြင်းရင်လည်း အညာစကားပဲဖြစ်ခွာ၊ မခ မင်းကိုချစ်တယ်၊ မွှားမွှန်းသိလျက်နဲ့ မိုက်မဲစွာ ချစ်နေမိတယ်။ ဘဝက ရေစက်ခပ်ဆိုးဆိုးမို့ မင်းကလေးကိုမှ ချစ်မိသွားတယ်လို့ မခပြောရင် မင်း စိတ်ဆိုးပါနဲ့နော်၊ မင်းဟာ တစ်ဖက်သားရဲ့ နှလုံးသားကို အခရာင်ဆိုး၊ ပြူးစား တတ်တဲ့ စုန်းကဝေလေးလည်း ဖြစ်နေပါသေးတယ်။

'ချစ်တယ်မဟုတ်လား'

ခေါင်းကို ဆတ်ခနဲညိတ်ချလိုက်ဖို့ လုံးဝ ရည်ရွယ်ချက် မရှိပါဘဲ လက်ခံဖို့ မဆင့်တော်ဘူးရယ်လို့ ပိတ်ပိတ်ဆီးဆီး ကြိုးစား အားတင်းထားပါလျက် ခင်းအလွှားအတွက် သည် တစ်ကြိမ် မုန့်တူတူစားပေးခြင်းတာ ပထမဆုံးနဲ့ နောက်ဆုံး ပေးလိုက်တဲ့ အခွင့်အရေးပဲလို့ ဆုံးဖြတ်ထားမိပါလျက်...

စိတ်ဆိုတာ ပိတ်ဆို့ထားဆီး နှောင်ဖွဲ့ထားတဲ့ကြားက လွတ်ထွက်တတ်တဲ့ အရာပါလားကွယ်။ သံကွန်ချာ ခုနစ်ထပ် အုပ်ထားလည်း နှလုံးသားဆိုတာ ထွင်းဖောက်ခုန်ပျံပြီး ထွက်ပြေးတတ်တဲ့ အရာပါလားကွယ်။

ကိုယ့်စိတ်ကိုယ်မနိုင်တဲ့ အသက်ကြီးကြီး ခပ်ညံ့ညံ့မိန်းမ တစ်ယောက်ဟာ ကိုယ့်ထက် လေးငါးနှစ်လောက်ငယ်တဲ့

ညောာ်ခုတတ် ဘွဲ့ခရို၊ အဝရွှေ့ရေး မသေချာ အိမ်ဦးထောင် အရုပ်ညာအချင်းမျှေား နည်းပါးစွာနဲ့ စုတီချွန်းချွန်းဖောင် ဆေးကို ခေါင်းညိတ်ပြလိုက်မိပါပကောလားကွယ်။

'ဟား....ပျော်လိုက်တာ မမရယ်၊ အရမ်းပျော်တာပဲ၊ ရင်တွေ့ ဒိန်းဒိုင်းဆိုပြီး ထခုန့်တယ်၊ သိတော့ သိနေတာပဲ၊ မမ ကျွန်တော့်ကို ချစ်တယ်လို့၊ ဒါပေမယ့် ခေါင်းညိတ် ပြတာလေးတော့လည်း မြင်ချင်သေးတာပေါ့....

'ချစ်ပါတယ်ကွယ်လို့ ပြောတာလေးကျတော့လည်းကြား ချင်သေးတာပေါ့၊ ဒါပေမယ့် မမ မပြောချင်သေးရင်နေ ပါ၊ ဒီလောက်ကြီး စွန့်စားလိုက်တဲ့မမကို ကျွန်တော်သနား လာပြီ'

'ချစ်ပါတယ် ချွန်းရယ်'

'ပျော်ပြီဗျ၊ ဒီကောင် ပျော်ပြီ၊ နေလည်း နေပျော်ပြီ၊ သေမယ်ဆိုလည်း သေပျော်ပြီ၊ အရမ်းပျော်တာပဲဗျာ၊ပြော မပြတတ်ဘူး'

ရှိုက်ဆွဲခုန်ဆွဲဖြစ်နေတဲ့ ကောင်လေးကို အပြုံးလှလှလေး ကျွေးလိုက်ပါတယ်။ မင်းဘဝတက်လမ်းကို ကြိုးစားရာမှာ အားဆေးတစ်ခွက် ဖြစ်မယ်ဆိုရင် မမအပြုံးကို မင်း စား သုံးတော့၊ ခေါင်းညိတ်ပြဖြစ်သွားပြီးမှတော့ စဏ္ဏားလုံး





လေးတွေကို ဆပ်စေးနဲ့ခနေတော့ပါဘူး ကောင်လေးရယ် မိုက်မိပြီဆိုမှတော့ နောက်ဆစ်မိုက်တိုးသည်၊ မိန်းမမိုက်မှာ ထပ်ဆင့် မိုက်မဲ့ဘယ်ရှယ် ရှိတော့ပါဘူး။

စတုတ္ထအမှား။

—❀—

## အခန်း ( ၄ )

နွေးထွေးတဲ့ အပြုံးလေးများနဲ့....
ရင်ထဲက....
သောကများ ဝေးလွင့်သွားအောင်
ဖယ်ရှားပေးတဲ့....
နူးညံ့တဲ့ မင်းရဲ့အပြုံးကို....,
ရွှေချသိမ်းထားချင်တယ်။

ကြောင်လေး စုတ်ချွန်းချွန်းလေး၊ အစုတ်ပလုတ်လေး၊ စုန့်ထိုးလေး၊ ကဝေကောင်လေး၊ နတ်ဆိုးလေး၊ ပြုံးစား၊ ရုပ်ဆက်၊ မင်း မိန်းမသားတစ်ယောက်ရဲ့ ပျော့ညံ့စိတ်ကို အခွင့်ကောင်းယူနေ၍။

စိတ်လည်းဆိုး၏၊ အချစ်တွေလည်း တရစ်ရစ်တိုး၏၊ အနားကို ခေါ်၍ ခေါင်းခေါက်ချင်သည်။





'ပြုံးစားဦး....ပြုံးစားဦး'

'မှတ်ပလား' ဟု မေးပြီးမှ သူ့ခေါင်းလေးကို သူ နာကျင်စွာ ပွတ်သပ်နေမှ အပြုံးလေးကို ကျွေးသင့် ကျွေးချင်၏၊ သူ မက်မောလျှင် စားသုံးပေါ့။

ချွန်းရယ်....မင်း မမဘဝထဲကို ရောက်မလာရင် ဘယ်လောက် ကောင်းမလဲ၊ မင်းနဲ့ပတ်သက်ပြီး ကျူးလွန်လိုက်မိတဲ့ အမှားလေးခုကို သိရိဂေဟာ စတုတ္ထအမိုးက နေ့ခင်တရနေ့လေးရဲ့၊ သိရဲ့လား၊ ဘယ်လိုပြောရမလဲ၊ မင်းကို ချစ်ပါတယ်၊ ချစ်လည်း ချစ်ပါရဲ့၊ မချစ်သင့်မှန်းလည်း သိပါရဲ့၊ ကွာခြားခြင်း မိုးနဲ့မြေကိုလည်း တွေ့နေပါရဲ့၊ အချစ်မှာ အဆင့်အတန်းဆိုတာ ရှိပါသလားလို့လည်း မေးလေးငေါ့လို့ မေးလိုက်ချင်ပါရဲ့၊ အခု မမရဲ့ခံစားချက် မမရဲ့လုပ်ရပ်တွေကို ညီမလေး ကျက်အရေသာ ကျူးလွန်မှုခူးယွင်းနေတာဆိုရင် မမကိုယ်တိုင်က အပြစ် တင်ဆိုက်မယ့် ဖြစ်ခြင်းကွယ်။

နေ့ငွေ့ စက်ယန္တရားက မရွေ့အဘက်ဘန်းစားတို့ရဲ့ 'ဥဒဉ်' လို့ မင်း စွပ်စွဲပါ ကောင်လေးရယ်။

သူ့အသံ ချိုသြှှရှလေးက နားသဲသို့ ချိုမြအေးဆိမ့်စွာ ဝင်၏။ လက်ခံနားထောင်ရခြင်း ပီတိတွေက ရင်ထဲမှာ လျှံ၏၊ နားဝင်ချိုသလောက် ရင်အေးရပါဘိခြင်း၊ မြတ်နိုးမက်မောရပါဘိခြင်း၊ အဲသည် ဂီတသံလေးနဲ့ အိပ်ရာဝင်၊ အိပ်ရာမှ နိုးထထခြင်း၊ သည်ဂီတသံလေးက နှုံးထဲကို

အရင်ဆုံးဝင်။ အိပ်စက်နားနေချိန်မှာတောင် ဂီတသံလေး မရပ်မနားပါစေနှင့်။

အခက်အခဲနဲ့ အတားအဆီးများကို ကျော်ဖြတ်ဖို့
စွမ်းအားတွေ ဖြည့်လို့ပေးတဲ့ အချစ်ဆုံးလေး
စေတနာတွေအတွက်
ကျေးဇူးပါပဲကွယ်....

အလွန်နွဲ့နှားဝင်ချိုမြပါလျက်၊ ဒေါသတွေ တရစ်ရစ်တိုး ရပြန်ပါသည်။

ခင်းသိပ်ပျော်နေတယ်ပေါ့လေ။ မင်းဟာ....ခပ်ကြီးကြီး မိန်းမတစ်ယောက်ရဲ့ နှလုံးသားကို သိမ်းသွင်းနိုင်တဲ့ အောင်နိုင်သူကြီးပေါ့လေ။ ချွန်း.... ရှင် ကျူပ်ကို ဂီတနဲ့ ဖမ်းစားနေတာလား။ အဲ့သည် ဂီတကို ရှင်လိုချင်တဲ့ အချစ်တစ်ခုကို ချူဖို့အတွက် 'တံချူ' အဖြစ်အသုံးချနေတာရှင်တရားသလား။ ချွန်း.... မင်းမမကို အထင်သေးတာလား၊ အထင်ကြီးတာ လား။

မင်းဘဝထဲကို မမခုန်ဆင်းခဲ့ရမှာလား။
မင်းကို ဘဝအမြင့်ဆီဆွဲတင်ပေးရမှာလား။

ဘယ်လိုပဲဖြစ်ဖြစ် 'မေသီရိပြည့်စုံ' ဆိုတဲ့ မိန်းမသားတို ယူတက်ာ လက်ညှိုးထိုးကြတော့မယ်ဆိုတာ မင်းမစဉ်းစား နိုင်ဘူးလား။ မင်း.... တအေယ်ချစ်တယ်ဆိုရင် ကိုယ့်ချစ်သူ မျက်နှာငယ်ရမယ့်အဖြစ် ရောက်အောင် မဆောင်ရွက်သင့် ဘူးမဟုတ်လား။ မင်းကို မုန်းချင်သိုက်ဘာချွန်းရယ်။ ကိုယ်





...ာ မာနရှိမနေတဲ့အတွက်၊ ကိုယ့်ဘိုဘ်ကိုလည်း စိတ်ဆိုး မိ ...ါခဲ့။

တအယ်ဆို....

မင်းက ချစ်တယ်မမ....လို့ ဆိုလာရင်ကိုယ်က စိတ်ဆိုးရ ...ာ၊ ဒေါသထွက်ရမှာ၊ ငြူစူရမှာ၊ ဆောင့်အောင့် ရမှာ ...းနဲ့မြေသော ချွန်းရယ်။ ဒါကိုငြင်းလို့မရဘူး။ လက်မခံချင် ...လို့မရဘူး။ မကြီးပြင်းခဲ့ရတဲ့ အသိုင်းအဝိုင်းမှာ 'အလွှာ' ဆို ...ာကို ခွဲခြားတတ်တဲ့ဉာဉ်ရှိတယ်။ မမမှာလည်း အဲ့သည် ...ဉာဉ်နဲ့ပဲ။ ဘယ်ကောက်ပဲ.... ကိုယ့်ထက်နိမ့်ကျသူကို သနား ...ချစ်ခင်တယ်ဆိုဆို.... စေတနာ သဒ္ဓါတရားလေးနဲ့ သဘော ...ကောင်းလှတယ်ဆိုဆို....

နိမ့်သူကို ကူညီပံ့ပိုးခြင်းဆိုတဲ့ 'စေတနာ' ကိုသာ ပြအ ...ကြတာမဟုတ်လား။

ကိုယ့်ထက်နိမ့်သူကို ကူညီသင့်တယ်။ ထောက်ပံ့သင့် တယ်။ စောင့်ရှောက်သင့်တယ်။ ဒါဟာ.... နှလုံးသားနဲ့စက် ...ချစ်ဖို့မှ မဟုတ်တာ။ အိမ်ဦးနတ်ဆိုတဲ့ နန်းပလ္လင်ပေါ် ...မြင့်တင်ပေးလိုက်ဖို့မှ မဟုတ်တာ။

တခြားစီလေ ချွန်းရယ်၊ တစ်အက္ခရာစီလေ ချွန်းရယ်။ ...နားလည်သား။ မမတို့ရဲ့ သီရိဂေဟာ မိသားစုဟာ စိတ် သဘောထား မြင့်မြတ်ကြပါတယ်၊ သည်းခံစိတ်ရှည်ကြပါ တယ်။ ရိုးသားကြိုးစားကြပါတယ်။ ကိုယ်ကျင့်တရား ထိန်း

သိမ်းပြီး တာသာစာရှားကို ကိုင်းရှိုင်းရှိသေကြပါတယ်။ ဒါ တွေဟာ အမှန်ပဲမို့ လူတကာကပဲ ချီးကျူးဂုဏ်ပြုအားကျ ကြရပါတယ်။

ဒါပေမယ့်....

အဲဒါတွေက အဲဒါတွေပဲ။ အဲ့သည် ဂုဏ်ပုဒ်တွေထဲမှာ 'တွေ့ဆာရာလူ'ကို အဝသခင်ဖမ်းတော်ပစ်လိုက်ဖို့မှ အကျုံး ဝင်တာ။ ဟုတ်တယ်ချွန်းရဲ့.... မမအသိုင်းအဝိုင်းရဲ့ အမြင် မှာတော့ မင်းဟာ 'တွေ့ဆာရာလူ'လို့ ခေါ်ဝေါ်သမုတ်အပ် တဲ့ အဆင့်အတန်းထဲမှာပဲ ရှိနေပါတယ် ချွန်းရယ်။

သီရိ.... အံခန်းတံခါးလေးကို ဖွင့်လိုက်သည်။ မှန်တံခါး ဖွင့်ပြီးပေမယ့် ခြင်ဆန်ခါတံခါးတစ်ချပ် ကျန်နေသေးတာ၊ သံပန်းတစ်ထပ်ကျန်နေသေးတာ။ ပြီးတော့.... ဆွဲစေ့သိမ်း ရုံးထားတဲ့ ရေညှိစိမ်းရောင် ယိုးဒယားပိုးခန်းဆီး တစ်ထပ် ကျန်နေသေးတာတွေကို အရေးအရာလုပ်၍ တွေးမိပြန်၏။ ချွန်းတို့နေကြရသည့် တန်းလျားမှာ ပြတင်းတံခါး ဖွင့်လိုက် ရုံဖြင့် လူတစ်ကိုယ်လုံး ခုန်ထွက်လို့ရသည်။ နောက်ထပ် အတားအဆီး မရှိတော့ပါ။ သီရိမှာတော့ အတားအဆီး သုံးလွှာတိတိ ကျန်ရှိနေသေးသည်။

သဘာဝကို ခံယူရရှိဖို့အတွက် တံခါးခ ားတစ်ချပ် ဖွင့် ရုံမှာတောင် ကွာခြားလှပါပြီကောလေ။

'မေမေ.... စတွေ့ထ သမီး မိုက်လုံးကြီးမိပြီ မေမေ။ အဲဒီ အမိုက်တွင်းထဲကို ခုန်ဆင်းဖို့ သမီးမှာ သတ္တိမရှိပါဘူး။ အဲဒီ အမိုက်တွင်းထဲကို မဆင်းဘဲသည်း မနေနိုင်ပါဘူး။ တွင်းနှုတ်





မေးမှာ ငုတ်တုတ်ထိုင်ပြီး တစ်သက်လုံး ငိုနေရတော့မယ့် အဖြစ်ကို ရောက်ပါပြီ မေမေရယ်'

မေမေ့ကို ကျိတ်၍တ,လိုက်သည်။

သည်ည အောင်လေးသီချင်းသံအ ညဥ့်နက်သည်အထိ ရှိနေ၏။ မေမေ အိပ်ပျော်ပါမလား။ မေမေ့ရင်ထဲမှာလည်း အတွေးတွေ ဆူနေမှာပါ။ ခုလောက်ဆို နုနု လူ့မောင် ကိုစွန့်ရဲ့ မြှော်ဘီယိုက်သွားရမှာမို့ အိမ်မှာ မရှိဘူးဆိုတာ မေမေ စုံစမ်းသိရှိပြီးသားများ ဖြစ်နေမလား။ သမီးသီရိ တစ်နေ့လုံး ပျောက်နေတဲ့အချိန်မှာမှ ချွန်းဆိုတဲ့ လူငယ်အ ခေါ်ယူသွားတာကို မေမေ တိုက်ဆိုင်စွာ စပ်ဟပ်တွေးတော လျှင် တစ်ညလုံး အိပ်မပျော်တော့မှာ သေချာသည်။

ဖေဖေ့မျက်နှာကိုတောင် ကြည့်ရဲဖို့ ခက်လှပါပြီလေ။

....⓪....

'နုနုတို့ သားအမိလည်း တော်တော်စိတ်ညစ်နေရှာတယ် နော်'

'ရှင်....'

နာ့းနားကပ်၍ အမြောက်နှင့် ခွင်းခြင်းခံလိုက်ရတာ အခု သက်သာဦးမည်၊ ဒီနီ၊....ဆို နားထင် နားရင်းတွေပွင့်ထွက်သွားသလို ခံစားလိုက်ရသည်၊ ရင်ထဲအကျတော့ စုန်း ဆို ထပေါက်ကွဲသည်၊ မိဘကို တစ်ခါမှ မလိမ်မညာဘူးသမို့ မိဘမသိအောင် ဘယ်လိုအမှားမျိုးကိုမှ မပြုလုပ်ခဲ့ဘူးသမို့ အကြီးလေးဆုံး အပြစ်တစ်ခု ခေါင်းပေါ် ပြုတ်ကျသလို နှင့်ခနဲ ခံစားလိုက်ရသည်။

'နုနု မောင်ဖေးကလည်း မိန်းမခိုးဖို့ စောသိုက်တာ'

ခြေဖျားရှေ့ လက်ဖျားပါ အေးစက်အာ ချွေးစေးများဖြင့် တစ်ကိုယ်လုံး ရွဲလာသည်။

'ခု ကောင်လေးကို ပြန်သိမ်းလာခဲ့ပြီလား သမီး'

'ရှင်....'

လည်ချောင်းဘူ အက်ကွဲအာ စကားလုံးတွေ ပျောက်ကုန်၏။ ငယ်စဉ်က ကလေးချင်းပြောကြတာ 'သရဲကြီး' အကြောင်းဆို ကြောက်လွန်းလို့ ဆတ်ဆတ်တုန်ခဲ့ဘာထက် ဆိုး၏။

'မောင်မလေးကိုရော သူ့မိဘတွေက ပြန်သိမ်းသွားသလား'

'မေမေ'

ပင့်သက်ကို ရှိုက်လိုက်သည်။ အကြောက်လွန်ကာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် မျက်လုံးတွေပါ ပြူးထွက်လာပြီဟု ထင်၏။

'သမီးအ နုနုနဲ့ ပျော့တဲ့အထိ စောင့်နေခဲ့ဘယ်ပေါ့'

စေတနာစာပေ



'မေမေ'ဟု ခေါ်သံက ပေါ်ပြင်ဘော့ပါ၊ မျက်သားလွှန်လျက် ဆို့တက်သွားရတော့သည်။

'သိရိ....သိရိ'

မေမေ့ စိုးရိမ်တကြီးသံကို ကြားရသည်၊ မိနစ်စက်ခန့် အသက်ရှူပြတ်လျက် အလုံးဆို့အဆို ဖြစ်သွားရပေမယ့် သတိလစ်မသွားပါ၊ ခြေချောင်း လက်ချောင်းတွေ အေးစက် ကောက်ကွေးချင်သလို လိမ်တွန့်သွားတာကို မကြီး ပြေးလာ ဆွဲဆန့်ပေးတာကိုလည်း သိပါသည်၊ ညီမလေး ကျောက်သရေအ ရှာသီဥတု အေးလို့ ပိတ်ထားသည့် ခလ အေးပေးစက်ကို ထဖွင့်တာလည်း သိပါသည်၊

'သိရိ ငိုချလိုက်ပါလား'

မခကြီးအသံအ တိကျပြတ်သားစွာ ခိုင်မာနေ၏၊ အပြစ်မရှိသူ၏ ဩဇာမျိုးနှင့် ပြည့်၏၊ တုန်တုန်ချည့်ချည့်မဟုတ်၊ ပီတ ကြည်မြပါဘိ၊

'မေမေ'

တစ်ခွန်းခေါ်၍ မေမေ့ရင်ခွင်ထဲသို့ ခေါင်းထိုးသွင်းလိုက်သည်။ ဝဝဖိုင့်ဖိုင့်လိုပေမယ့် ခုထက်ထိ ဖက်လို့ကောင်းရုံ ကျန်ရှိနေသေးသော မေမေ့ခါးကို ကျစ်ကျစ်ဖက်လိုက်သည်။ မေမေ့အင်္ကျီသားကို ထွင်းဖောက်လို့ရလျှင် မေမေ့ ဗိုက်သားကိုပါ ဖောက်လျက် ဝမ်းခေါင်းထဲသို့ တိုးဝင်လိုက်ချင်သည်။

'မေမေ့....သမီးကို ဗိုက်ထဲသာ ပြန်ထည့်လိုက်ပါတော့' ဟု ပြောချင်၏။

စေတနာစာပေ

ဘဝတစ်ခု အသစ်ဘဖနီ ပြန်လည်မွေးဖွားခြင်းကို ခံယူ ရရှိချင်ပါ၏။ စိတ်ကို လျှော့ချလိုက်မှ အီးခနဲ အသံထွက် လာသည်။ ဒေါ်ခင်စုမြတ်အား သီရိ ဆံပင်ကို သပ်၏။

'မေမေ'

နောက်တစ်ခွန်းခေါ်လျှက် ရှိုက်ကြီးတငင်ငိုချပစ်လိုက် တော့သည်။ တစ်သက်မှာ တစ်ခါတည်းသည်းခိုက်ခိုက်ပါပဲ။

မျက်ရည်ခိုင်လှသည့် သမီးထံမှ ရှိုက်ငင်သံများက ဒေါ် ခင်စုမြတ် နှလုံးသည်းပွတ်ကို မီးကင်သည့်နှယ် ပူ၏။ မျက် ရည်လွယ်သူ ကျက်သရေတ အသံမထွက်စေဘဲ သူပါ ရော၍ မျက်ရည်ကျသည်။ မမကြီးက စိတ်ကြီးသူမို့ ငြင် မရအောင် ပျက်ယွင်းနေသည့် မျက်နှာမှာ ဒေါသဖြင့် တွတ်တွတ်ရဲနေတော့သည်။

'သမီးမိုက်ပါတယ် မေမေ'

မေမေ့ရင်ခွင်ထဲမှာ ကြေကွဲစွာ၊ ရှိုကျိုးစွာ ကိုယ်တိုင် လက်ခံစွာ ဝန်ချတောင်းပန်လိုက်၏၊ တစ်ဆက်တည်းမှာပဲ...

အချစ်ကို 'မှားပါတယ်၊ မိုက်ပါတယ်' ပြောနေရသည့် ဘဝကို နာကြည်းမိသည်။ သူ့ကို ချစ်မိလို့ 'သမီးမိုက် ဘဝသို့ ရောက်ရသည့်အတွက်' နိမ့်ကျလှသည့် သူ့ဘဝလေး ကို အတိုင်းမသိ သနားမိ၏။ သူသာ... တောင်လေးသာ ပညာဓသာ် လည်းကောင်း၊ ဥစ္စာဓသာ် လည်းကောင်း၊ အောင်မြင်ကျော်ကြားမှုသော် - လည်းကောင်း တစ်ခုခုကို ပိုင်ဆိုင်ထားသူ ဖြစ်နေခဲ့ပါက နာမည်ကြီး အဆိုတော် တစ် ယောက်ပဲ ဖြစ်နေစေဦး ခုချိန်မှာ...





'သမီးမိုက်ပါတယ် မေမေ'ဟု ပြောဖို့ လိုမှာလား။ သီရိ ချစ်မိသူဟာ မောင်ဖိုးချွန်းအလေး'မှဟုတ်ဘဲ မကြာခင်ကမှ နိုင်ငံခြားက ပြန်လာခဲ့တဲ့ 'ဒေါက်တာ စောဘ်ထွန်းအင်' သာ ဆိုလျှင် အသည်သမီးကို မိုက်တယ်လို့ ဆိုနိုင်ဦးမှာလား။ စင်စစ် အချစ်သည် အချစ်သာပဲဖြစ်လျက် ထိုအချစ် ယက်ရောက် ဘန်နုနားခြင်း ခံရသူပေါ် မူတည်လျက် အဲသည် အချစ်ကို မှားသည်၊ မှန်သည်ဟု ဆုံးဖြတ်ကြရတာသေး မိုက်သည်၊ သိမ်မှာသည် ကွဲရဲ့ချီးကျူးကြတာလေး

'သားငယ် ဂူဒိုရဲ့ဆေးတိုက်မှာလည်း လူတွေဘော်ဘော် သိုနေတာ၊ ဖိုးချွန်းကို သားငယ်ဆီမှာ ကူခိုင်းလိုက်မှပဲ'

ဒေါ်ခင်စုမြတ်၏ စကားသံသ အေးဆေး ညင်သာနေ သည်။

အဲဒါသည်ပင်လျှင် သီရိဂေဟာ မိသားစု၏ 'ကျက် သရေ'ဖြစ်ပါသည်။

'ညည်း သူငယ်ချင်းအိမ်ဆိုပြီး ရည်းစားနဲ့ချိန်းတွေ့တာ ငါ မသိဘူး မှတ်နေလား တောင်မ'

ဆိုတာမျိုး မိခင်ကြီးက မပြောပါ။

'ဟဲ့ ...ခွေးမရဲ့၊ မိသားစု မျက်နှာကို အိုးမဲသုတ်ဖို့ တစ် မိပေါက် တစ်ယောက်ထွန်းတာလားဟဲ့...'

အစ်မကြီးကလည်း ဒါမျိုးမစအာဘ်ပါ။

'ကြိုက်စရာရှားလို့ ကဲသေကချေမို့ ကိုယ့်အိမ်မှာအလုပ် ခေါ်ပေးထားရတဲ့ကောင်ကိုမှ—သမီးရှက်လှချည်ရဲ့၊ လူလယ် ကောင် ဒီမျက်နှာ ဘယ်သွားထားရမလဲ'

ညီမငယ်အလည်း ပြစ်တင်ရှုတ်ချစွာ တငိုငို တရယ်ရယ် လေ့ပ်ပါ၊ မီခင်နှင့် အစ်မကြီးနှင့် ကိစ္စပြီးပြတ်မည် ဆိုလျှင် ဖခင်က ထိုပြဿနာနှင့် ဆင်းကွင်း နေပြလိုက်ပါလိမ့်မည်။ သမီးဖြစ်သူကို ခါတိုင်းထက် ပိုချော့မော့ အရှေ့ဝင်အား ပေးလာ၊ ဝါးလာနှင့် ပျော်ကြပါလိမ့်မည်။

အစ်ကိုနှစ်ယောက်ထိုတာကိုတော့ ပြောမနေနှင့်၊ ညီမကို ထိတ်ပုတ် ခေါင်းပုတ်လုပ်အာ ငပလီတို့ ချောင်းသာထို့ ခေါ်သွားပြီး၊ သူတို့ပါရော ဆော့ပစ်ကြမှာ သေချာ သလောက် ဖြစ်သည်။ မကြာခင် တစ်ရက်နှစ်ရက်အတွင်း ယောက်မတွေက အဖိုးတန် အင်္ကျီတွေ လုံချည်တွေ ဖြတ် လာမှာ....

'သီရိနဲ့ ဆင်တူ ဝတ်ကြရအောင်' ဟု လက်ဆောင်တွေ လာပေးကြပါလိမ့်ဦးမည်။

အဲ ဒါသည်ပင်လျှင် သီရိဂေဟာ မိသားစု၏ ဆက်ဆံ ရေး ဖြစ်လေသည်။ သီရိဂေဟာ မိသားစု၏ လူတကာ အားကျ ချီးကျူးယူရသည့် 'ကျက်သရေ' တစ်မျိုး ဖြစ် လေ၏။

စင်စစ် သီရိဂေဟာမှာ ဆောင်မီးကျတာ၊ မုန်တိုင်း မွှေတာဖြစ်၏၊ ဒေါ်ခင်စုမြတ် ရင်ထဲမှာ သည်းထန်စွာ ငိုး ကြွေးနေပါ၏။ 'ဖြစ်မှဖြစ်ရလေခြင်း' ဆိုသည့် ဝါကျတစ် ကြောင်းတည်း ကြိမ်ဖန်များစွာ ထပ်တလဲလဲ မြည်ဟည်း ဆဲ့ ရှိနေ၏။

'အဆင့်အတန်း မခွဲခြားပါဘူး' ဆိုတာ၊





ခင်ဖို့မင်ဖို့၊ ပေးဆာမ်းကျွေးမွေးဖို့၊ စောင့်ရှောက်ကူညီဖို့၊ ရင်းနှီးစွာ ပေါင်းသင်းဖို့ အဆင့်ထိသာ ဖြစ်လျက် သမက် တော်ဖို့ထိတော့ ဘယ်ဆက်ရောက်နိုင်မှာလဲ။

တကယ်တော့....

ခင်မင် ရင်းနှီး စောင့်ရှောက်ကူညီ၊ ကျွေးမွေး ပေးကမ်း ဖို့အတွက် အဆင့်အတန်း မခွဲခြားသော မြင့်မြတ်စိတ် လူကို ထံ ထွေး အယောက်နှစ်ဆယ်မှာ တစ်ယောက်တောင် ရှိ ချင်မှ ရှိမည်လေ။ ဦးပြည့်စုံ ဒေါ်ခင်စုမြတ်တို့က သည့် လောက်ရှိနေတာ၊ သည်အသိုင်းအဝိုင်းမှာတော့ တကယ့် သူတော်ကောင်း စစ်စစ်ကြီးတွေပါ။

သည်သား သည်သမီးတွေကို ဒေါ်ခင်စုံမြတ် ဘယ်လို ပဲ မြင် ထိန်းကျောင်းခဲ့သလဲဆိုတာ ပြန်တွေးရင်း မျက်ဝန်း အိမ်သို့ ရောက်ရောက်လာသည့် မျက်ရည်စတွေ အနိုင်နိုင် သိမ်းရင်း. အပြန်တလဲလဲ စဉ်းစားမိသည်။

ရိုက်ခဲ့ဖူးသလား၊ ခေါက်ငမ်းခဲ့ဖူးသလား။

ဟိုး....ငယ်ငယ် တဆယ့်တလေးပေါက်စ၊ စကားတတ် စာစ၊ လမ်းလျှောက်ကာစ၊ ကျောင်းမနေခင် ဘဝလေး တုန်းကတော့ ဆူခဲ့ ခေါက်ခဲ့ဖူးတာ ရှိသည်။ ထထင်းစာ လိပ်လေးနှင့် 'ရိုက်မှာနော်' 'ရိုက်မှာနော်' ပြောရင်းက နားမထောင်ဘဲ ဇွတ်ဆိုးပြတတ်သည့် 'မဓေသတ္တိပြည့်ဝ' ဆို သည့် သမီးကြီးကိုတော့ တစ်ချက်နှစ်ချက် ရိုက်ခဲ့ဖူးသည်။

သူတို့ လိမ္မာစေဖို့....

အပ်ထုခင်တိုင်း အာပေါက်အောင် ပြောခဲ့ရသည့် ပုံပြင်တွေဟာ အလဟဿတော့ မဖြစ်တန်ကောင်းဘူး ထင်ပါရဲ့။

ခုပဲ ကြည့်လေ။

တစ်ခွန်းမျှ ဆူပူဒါန်မဲ ပစ်တင်ခြင်း မပြုရ။ 'သမီး မိုက်ပါတယ် မေမေ' တဲ့။

သည်သမီးရဲ့ ခေါင်းထဲမှာ 'ဦးနှောက်' ထည့်ပြီး မွေးပေးခဲ့တာပဲ။ သည်ဦးနှောက်ကိုလည်း 'အသိဉာဏ်' ဝင်အောင် ဝင်ပြီးသား၊ အသိဉာဏ် ပြန့်ထွက်မသွားဘဲ။ သေတစ်ပန် ထက်တစ်ဆုံး ကိန်းဝပ်နေအောင် နည်းပေးသမ်းပြီလည်း လုပ်ခဲ့ပြီ။ ပဲ့ပြင်သွန်သင်ခြင်းလည်း လုပ်ခဲ့ပြီ၊ လေ့ကျင့်ခြင်းဖြင့်လည်း စွဲမြဲစေခဲ့ပြီ။

လိမ္မာမည့် သူအတွက် လုံလောက်ပြီ။ သည်ထက်ပိုပြီး ဆုံးမနေလည်း မလိမ္မာမည့်သူက သူ့အမိုက်ကို ပြင်မှာ မဟုတ်တော့ပါ။

'ဒီကောင်မလေး ဒီလောက်မိုက်လိမ့်မယ်ဆိုတာ အဲတွေး ထဲတောင် တစ်ခါမှ မဝင်ဘူး၊ ပွဲချင်းပွဲ သူ့ထက် ငယ်တဲ့ ကျက်သရေကို ပူမိသာ လူမှာ အားလုံးထဲမှာ ကလေးလိုနေ တော့ လူတိုင်းနဲ့ တချင်းတနိုး'

မမသတ္တိက ယူကျုံးမရဖြစ်တိုင်း ဒေါသထွက်ပြီးရင်း ထွက်ခဲ့သည်။ သည့်တစ်မနက်လုံး သီရိကို သတ္တိစားပွဲမှာ ထိုင်၍ သတ္တိအလုပ်တွေ ဝင်လုပ်စေခဲ့ပြီး၊ အမေနှင့် သမီးကြီးက အခန်းတည်းမှာ ခေါင်းချင်းရိုက် လည်ချင်းယှက်၍ မျက်ရည်စက်လက်ကျပွဲကြီး ဆင်နွှဲပြီးပြီဆိုတာ ဦးပြည့်စုံ





တောင် သိခွင့်မရလိုက်ပါ။ တစ်ခါတစ်ခါ မေမေက သူ့ ရတနာလုပ်ငန်းမှာ သမီးကြီးကို ဆွဲခေါ်သုံးတတ်သည်မို့ သံသယဝင်စရာလည်း မရှိပါ။

သီရိဂေဟာမှာ ရတနာအတု (အတုဆိုပေမယ့် အစစ်နှင့် တော်ရုံခွဲမရအောင်တူသည်) တွေကို ငွေနှင့် အဆင်တန်ဆာ မျိုးစုံ (ဆွဲကြိုး၊ လက်ကောက်၊ ဘယက်၊ ဆံထိုး၊ လက်စွပ်) ပုံမျိုးစုံ၊ ရတနာမျိုးစုံ၊ ဆန်းပေ့ ညွှန်ပေ့ လေးတွေလုပ် ပြီးတော့ ရွှေရည်စိမ်၊ အလှုခင်းလာပွဲနေ ပွဲဆိုင်မှာ မည်သူပဲ ဝတ်သွားသွား၊ လှပတင့်တယ်နေတတ်သည့် လက်ဝတ်လက် စား ငှားရမ်းခြင်း လုပ်ငန်းတစ်ခုလည်း ရှိနေသေးသည်။

ပျောက်ရှသွားလည်း စွန့်လွှတ်ဆုံးရှုံးခံနိုင်သည့် တန်ဖိုး ဖြစ်နေသည်။ လျော်ရမည်ဆိုလည်း လျော်နိုင်သည့် အတိုင်း အတာထဲ ဝင်၏၊ ဝတ်သူမှာလည်း စိတ်တာပူပူနှင့် ထင့်နေ စရာ မလိုတော့ပါ။ ဖွတ်လည်း ဝတ်ရသည်၊ ငှားရမ်း ဝတ် ဆင်သူများလည်း စိတ်တိုင်းကျ၊ သီရိဂေဟာမှာလည်း ဝင်ငွေတစ်မျိုးတိုးသည့် သမာအာဇီဝ စီးပွားရေးလုပ်ငန်း တစ်ခု ဖြစ်ပါ၏။

'သမီးနဲ့ မေမေ အခန်းအောင်းနေတော့ အိမ်ရှေ့မှာ ဟိုကောင်နဲ့ သီရိ စိတ်တိုင်းကျသည်း ဖြစ်နေဦးမယ်'

သတ္တိက သူလည်း သဘောထား မြင့်မြတ်ကြီးမားသူ တရင်း ဝင်ပေမယ့်၊ မိသားစုထဲမှာတော့ စိတ်အဆတ်ဆုံးပါ။

'ရှိပစေလေ၊ မနေ့ကမှ စတဲ့ဇာတ်လမ်း၊ ဒီနေ့မှာ အဆုံးသတ်ကြရမှာပဲ'

'ကိုဇော်ထွဋ်ဒွိတင်နဲ့ ချက်ချင်း စီစဉ်လိုက်ရင် မကောင်းဘူးလား'

'နေခင်ကို မိခင်နေရာ ရောက်လာဦးမယ့် သမီး၊ မွတ်ထား၊ ဒါမျိုး မလုပ်ရဘူး၊ နောင်တစ်ချိန်မှာ ကိုယ့်သမီးလေးကို တစ်ခုလပ် တစ်လင်ကွာ ဖြစ်စေဖို့ ငါးဆယ်ရာခိုင်နှုန်း တိမ်းစောင်းပြီးသား လမ်းကို ဘာလို့ရွေးမလဲ'

'နိုင်ငံခြား ပို့လိုက်မယ်လေ'

'ခက်တဲ့ ဆတ္တိပဲကွယ်၊ နိုင်ငံခြားကို စီးပွားရှာဖို့သွား၊ ပညာသင်ဖို့သွား၊ အပြီးနေဖို့များ ဘယ်တော့မှ မသွားနဲ့၊ ပိုက်ဆံပေါ်ရင် ရှော့ပင် (Shopping ဈေးဝယ်)သွား၊ ကိုယ့်နိုင်ငံမှာ ကိုယ့်သားကိုယ့်သမီးကိုမနိုင်လို့ နိုင်ငံခြားပို့ရတယ်ဆိုတာ....

'ရှက်စရာလည်းကောင်း၊ ပျက်စီးချင်တိုင်း ပျက်စီးတော့ဆိုပြီး ဇောင်းထဲကမြင်းကို လွှတ်ပေးလိုက်ရာ ရောက်တယ်၊ ဟီးပြီး ထွက်သွားမှာပေါ့...

'ဟိုမှာ အနေကြာပြီး ဟိုကလူနဲ့ရတော့ ကပြားလေးတွေ မွေးလာရင် ဘယ်ကပြားကများ မြန်မာနဲ့ ပြန်ယူဖူးလို့လဲ၊ သမီးရယ်၊ ဟိုလူမျိုးအစစ်တွေနဲ့ပဲ ပြန်ယူရော၊ ကိုယ့်ဆွေဆက်မျိုးဆက် ပြတ်ပါတယ်'

'ဟိုကောင့်ကိုတော့ အလုပ်ထုတ်မှ ဖြစ်မယ်'

'ဒါက နောက်ပိုင်းမှာ သူ့အလိုလို ဖြစ်ရမယ့်ကိစ္စပါ၊ နေတော့ ဗဒ္ဒိတို့အိမ် ပို့တာပေါ့'





'အံ့ပါရဲ့ မေမေရယ်၊ ဘယ်လိုများ ဖြစ်သွားရသယ် မသိဘူး'

'အချစ်ပေါ့ သမီးရယ်၊ မကြီးမငယ်နဲ့ ကဗျာဆန်ဆန် ပြောရရင် အချစ်ဆိုတာ အချိန်အခါနေရာမရွေး၊ လူပုဂ္ဂိုလ် အဆင့်အတန်းမရွေး လျှပ်တစ်ပြက် ပေါက်ကွဲတတ်တဲ့အရာလေ'

'အခြေအနေပေါ် မူတည်ပြီး ခိုင်မြဲခြင်း၊ မခိုင်မြဲခြင်း ဆိုတာ မရှိနိုင်ဘူးလား မေမေ'

'သိပ်ရှိတာပေါ့ သမီးကြီးရယ်၊ တစ်ခါတလေကျတော့ သူ့ဘာသာ မခိုင်မြဲတာ၊ တစ်ခါတလေ ကျတော့လည်း လိုအပ်လို့ ဖြတ်တောက်ပေးရမှာ၊ ဦးနှောက် အရေးကြီးပါတယ်၊ ဦးနှောက်က စကားပြောပါလိမ့်မယ်၊ မေမေ့ သားသမီးတွေရဲ့ ခေါင်းထဲမှာ မေမေက ဦးနှောက်ထည့်ပြီး မွေးပေးလိုက်တာပဲ....

'ဦးနှောက်မသုံးဘဲ မိုက်မဲရင်သာ လူညံ့လို့ အပြစ်တင်ရမှာ၊ လျှပ်တစ်ပြက် ပေါက်ကွဲသွားတဲ့ အချစ်ကို မေမေက အပြစ်မတင်ပါဘူး....

'တစိမ့်စိမ့် တိုးဝင်ငြိတွယ်ပြီးမှ မဖြတ်နိုင်တော့လောက်အောင် ခိုင်မြဲသွားတတ်တဲ့ သံယောဇဉ် အချစ်ဆိုတာလည်း တစ်မျိုးရှိသေးတယ်....

'အဲဒါမျိုးကျတော့ အဆိပ်ဆည်း မပြင်းဘူး၊ ဖြတ်တောက်ဖို့လည်း မလွယ်ဘူး၊ ဒါကြောင့် အမေလုပ်မယ့်သူတွေဟာ ကိုယ့်သား ကိုယ့်သမီး ပတ်ဝန်းကျင်မှာ....

'ထမိန်စိမ့် တိုးဝင် ထိုးဖောက်လာမယ့် အရည်အသွေး လျော့ အဖြစ်တွေ မတွေ့နိုင်အောင် မြက်နုတ် ပေါင်းသင် လုပ်တတ်ရမယ်၊ အနီးအနားမှာ မရှိစေနဲ့ပေါ့၊ မနီးစပ်စေနဲ့ ပေါ့....

'အဲဒါ အဖေအမေတိုင်းရဲ့ ငါးပါးလွန်၊ ခြောက်ပါး မြောက် ဝတ္တရားပဲ၊ သိရိကိစ္စမှာ သူတို့ တစ်နေ့ရာမှာ ဆုံခဲ့ ကြတယ်၊ လျှပ်တစ်ပြက် ပေါက်ကွဲခဲ့ကြတယ်....

'မေမေ အချိန်မမီလိုက်ဘူး၊ အဲဒါကို မသိခင်မှာ နီးစပ်ခွင့် ရသွားပေမယ့်၊ မေမေဟာ အိမ်ထောင်သည် သား သမီးရော၊ အပျိုနှစ်ယောက်ရော တယ်သူ့ကိုမှ မျက်ခြည် အပြတ်ခံတာ မဟုတ်ဘူး....

'ချွေးမတွေ၊ သမက်တွေလည်း မျက်ခြည်ပြတ် မခံပါ ဘူး၊ စောင့်ကြည့်နေတာပဲ၊ ဒါ အားလုံးကို ချစ်လို့၊ ဘဝ ရေးကြီး မတိမ်းစောင်းဖို့၊ ဖေမကျည်ဖို့၊ အကောင်းဆုံး ဖြစ်ကြစေဖို့ မေမေ့စေတနာ အရင်းခံပဲကွယ့်'

အဲသည်အချိန်မှာ ဒေါ်ခင်စုမြတ် မျက်ရည်ကျရှာ၏။

'ခုတစ်လော မေမေက ကျန်းမာရေး နည်းနည်းညံ့နေ တယ်'

'ရှင်.... မေမေ ဘာဖြစ်လဲဟင်'

မေမေ့ကိုကြည့်တော့ စိုစိုပြည်ပြည်၊ ပြည့်ပြည့်တင်းတင်း ဝင်းဝင်းဝါဝါကြီး လှမှ လှလှလေး။

'မေမေ အီးစီဂျီ နည်းနည်းဆိုးတယ်'





'ဖြစ်မှ ဖြစ်ရလေ၊ အဲဒါ သမီးကို ဘာလို့ မပြော တာလဲ'

'ဗုဒ္ဓိဆီသွားရင်း သူ့ဆေးခန်းမှာ ပြောပြီး ဝင်ရိုက် ခဲ့တာ မပူပါနဲ့၊ မေမေ့အသက်ကို မေမေ မေ့းတတ်ပါ တယ်၊ မီးစာကုန်ပြီး ဆီခန်းရင်တော့ ဘုရားတောင်မှ မလွန် ဆန်နိုင်တဲ့လမ်းကို လိုက်ရမှာပေါ့'

'မပြောပါနဲ့ မေမေ'

သတ္တိ မျှည်ရှည်သုတ်သည်။ မေမေ့ကို အဆုံးရှုံးမခံနိုင်ပါ။ ဤကမ္ဘာတွင် မေမေသည် ရှာမှရှားသော မိန်းမသားတစ်ဦး ဖြစ်ပါ၏။ မေမေသည် သူ့မိဘတွေအတွက် သမီးကောင်း၊ ယောကျ်ားအတွက် ချွေးမကောင်း၊ ခင်ပွန်းအတွက် ဇနီး ကောင်း၊ သားသမီးတွေအတွက် မိခင်ကောင်းဟု သတ်မှတ် ရမည့် အမျိုးသမီးကြီးပါ။

ဤကမ္ဘာမှာ မေမေပျောက်ဆုံးသွားလျှင် သိရိဂေဟာ မိသားစုသာမက၊ ဆွေမျိုးသားချင်း အပေါင်းအသင်း မိတ်ဆွေများ အပါအဝင် လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးမှာ အစားမထိုးနိုင်သည့် ကြီးစွာသောဆုံးရှုံးမှုကြီးနှင့် ရင်ဆိုင် ရပါလိမ့်မည်။ မေမေ့ကို သတ္တိ အဲသည်သောက်ထိ မှတ်ယူ ကိုးကွယ်ပါ၏။

'ကိုယ့်အသက် ကိုယ်မေ့းနေရတာနဲ့ သိရိကို နည်းနည်း ပါးပါး မျက်ခြည်ပြတ်သွားမိတာပါပဲ'

ခုတစ်လော ဒေါ်ခင်စုမြတ် အိပ်ရာထဲမှာ နားနေတာ များပါသည်။ စာတင်အုပ်နှင့် လှဲနေသည်မို့ ပင်ကိုအ

စာဖတ် ဝါသနာကြီးသော မေမေ၊ စာအုပ်ထဲ စိတ်စွဲပြီး လက်ထဲ မချနိုင် ဖြစ်နေလို့ပဲဟု ထင်ခဲ့မိတာ၊ ခုတော့ မေမေမှာ သိပ်အမောမခံနိုင်သည့် သူ့နှလုံးအတွက် အနားပေးရှာတာပါလား။

'ခုကိစ္စ မေမေ စိတ်ထိခိုက်လား တင်'

'ထိခိုက်သင့်သလောက်ပေါ့၊ ရောဂါဖြစ်လောက်အောင် မဟုတ်ပါဘူး၊ ဒါပေမယ့် ဘာဖြစ်တယ် မသိဘူး၊ နေမကောင်းလို့၊ အားနည်းလို့ ထင်ပါရဲ့၊ မေမေ မျက်ရည် လွယ်နေတယ် သမီးကြီးရယ်'

ဒေါ်ခင်စုမြတ်က အရှက်ပြေ လေပြည်သွေးလျက်၊ သူ့မျက်ရည်တွေ သုတ်သည်။ မေမေ့ ဘယ်လိုဖာဖာထေးထေးရင်ထဲမှာ ထည်းထန်စွာ ငိုကြွေးနေပြီဆိုတာ သတ္တိ သိသည်ပေါ့။ သားသမီးကို ရွှေလိုဥအားချင်သည့် မေမေပါ။ ဖြစ်နိုင်လျှင် အလုံးလေးတွေဖြစ်အောင် လုံးပြီး ဗိုက်ထဲ မျိုချထားချင်ရှာသည့် မေမေပါ။

'ကျွန်မလေ၊ သားသမီးတွေကို ချစ်လွန်းနိုး သနားလွန်းလို့ သူတို့ကို ဘဝထဲ ထည့်ထားရတာတောင် မထားရက်ဘူး၊ ဗိုက်ထဲမှာ ပြန်မျိုထားချင်တယ် ကိုပြည့်စုံရယ်' တဲ့။

မေမေ ဆွတ်ဆွတ်ကျင်ကျင်လေး ပြောတတ်မြဲစကားပါ။

'မေမေ့ဗိုက်က အလုံးကြီးဝါးလုံး ပူထွက်နေမှာပေါ့'

သတ္တိက ရယ်၍ပြောခဲ့သည်။

'မလုပ်နဲ့ ဒေါ်မြတ်၊ ခင်ဗျားသားသမီးတွေက အိမ်ထောင်သည် အချို့ဖြစ်ကုန်ပြီ၊ သူတို့ယောကျ်ားတွေ၊ မိန်းမ





တွေကို ခွဲခဲ့နိုင်မှာ မဟုတ်ဘော့၊ ခင်ဗျားမျိုရင် သမက်တွေ၊ ချွေးမတွေပါ ရောမျိုရမှာ'

'မျိုမှာ မျိုမှာ၊ ချွေးမလည်း သမီး၊ သမက်လည်း သားပဲ'

'မင်းဗိုက် ဆန့်ပါဦးမလားကွာ၊ မြေးတွေလည်း ရှိနေပြီ၊ မြေးတွေလည်း ထားခဲ့လို့ ရပြန်ဘူး'

ဖေဖေက ပြောပြော ရယ်၏။

'ကျုပ်တော့ ချန်ထားခဲ့ပါခင်ဗျာ၊ အိုက်လွန်းလို့၊ ခင်ဗျားဗိုက်ထဲမှာ အဲ့ယားကွန်း လေအေးစက်လည်း မရှိဘူး'

'အို... ရှင့်လည်း မမျိုပါဘူး'

'ကြားလား၊ နင်တို့အမေက ငါ့ဘော့ မျိုမှလောက်မချစ်ဘူးတဲ့'

'ဒါတော့ ကိုယ့်ဗိုက်ထဲက ထွက်တဲ့သူပဲ ပိုချစ်ဘော့မှာပေါ့၊ ရှင်က မေမေ ဒေါ်သနီးသနီးရဲ့ ဗိုက်ထဲက ထွက်တာပဲ'

ဒါတွေကို သီရိ ပြန်ပြောင်းသတိရစေဖို့ ပြောရပါမည်။ မေမေ့ အီးစီဂျီ မကောင်းတာလည်း ပြောပြရပါဦးမည်။ မေမေကတော့ ရောဂါအကြောင်းပြပြီး သားသမီးကို အကျပ်ကိုင်မည့် မိခင်မျိုး မဟုတ်ပေ။

အဲသည်ဆို....

မိခင်နှင့် အစ်မကြီး တစ်နေကုန်နီးပါး တိုင်ပင်ဆွေးနွေးရင်ဖွင့် ပေါက်ကွဲကြပြီးမှ အစ်မကြီးသုပ်သူ အိမ်ပြန်ခါနီး

ကျွန် သားအမိလေးယောက် ဒေါ်ခင်စုမြတ် အခန်းထဲမှ ဒုတိယအကြိမ် နာကျင်စွာကြွကွဲကြွရပြန်ခြင်း ဖြစ်လေသည်။

'သမီးလေး၊ ထမင်းစားချင်စိတ် ရှိရဲ့လားဟင်'

ဒေါ်ခင်စုမြတ်က သီရိရဲ့ပင်ဆံလျှော့တွေ သပ်ပေးသည်။

'ခေါင်းနည်းနည်းကိုက်ပါတယ် မေမေ၊ သမီး ကော်ဖီ အုတ် အထုပ်လေးပဲ ဖျော်သောက်လိုက်ချင်ပါတယ်'

'ဒါဖြင့် နှစ်ထုပ်သောက်နော်'

'ဟုတ်ကဲ့'

သားအမိလေးယောက် အခန်းထဲမှ ပြိုင်တူထွက်လာပြီး သီရိကို သူ့အခန်းစသိုထိ လိုက်ပို့ကြသည်။ သတ္တိက သည် နေ့အဖို့ရှာ အိမ်ပြန်နောက်ကျပြီဖြစ်သည့်တူတူ အမေ့အိမ် မှာပဲ ထမင်းစားလိုက်တော့မယ်ဟု ဆို၏။ တဆယ်က သူ့ အမေ ထမင်းစားမဝင်မှာစိုးလို့ စောင့်ကျွေးခြင်းဆိုအာ ခင်ခင်ကျက်သရေပြည့်စုံလေးတောင် သိလိုက်မှ ဒေါ်ခင် စုမြတ်လည်း သိသည်ပဲပေါ့။ သည်တော့ ကိုယ်က ဘယ် လိုပဲ မျိုမချချင်လောက်အောင် ဆို့နင့်ကြေကွဲပစေ၊ သမီး ကြီး,သတ္တိ စိတ်ချမ်းသာအောင်၊ သူ့ ကြိုးစား လုပ်ဆောင် မှုလေး အောင်မြင်အောင် စားပြရပါဦးမည်။

'မေ့မေတောင် ဆာပြီ၊ သမီးကြီးတို့ သွားနှင့်၊ မေမေ သီရိကို ကော်ဖီအုတ်ဖျော်ပြီး ပို့လိုက်ဦးမယ်'

'သမီးပို့မှာပါ မေမေ'

ကျက်သရေက ,ဝင်ပြော၏။





'နေပါစေ ညီမလေး၊ မေမေက ကိုယ်တိုင်ပို့ချင်မှား ပြီးရင် ငုံ့နမ်းခဲ့ဦးမှာ'

သတ္တိက ရယ်၍ပြောသည်မို့ ဒေါ်ခင်စုမြတ်လည်း ရယ် လိုက်သည်။ ဤသည်ပင်လျှင် သီရိဂေဟာ မိသားစု၏ စုံပြ ဆက်ဆံရေး အကြောင်းနှာတရား ဖြစ်လေသတည်း။

....◎....

နွေးထွေးတဲ့ အပြုံးလေးများနဲ့။
ရင်ထဲက....
သောကများ ဝေးလွင့်သွားအောင်။
ဖယ်ရှားပေးတဲ့....
နူးညံ့တဲ့ မင်းလေးအပြုံးကို။
ရွှေချည်မ်းထားချင်တယ်။

ဩော်...ကောင်လေး၊ အခြေအနေ အရပ်ရပ်ကို သူမသိ ရှာသေးပါလား။ သည်သီချင်းလေးကိုလည်း သည်ညသူ ဆက်ဆိုနေပြန်ပြီ၊ သူ့လို အညာရလေးကို အချစ်တွေ ဆုချ တဲ့အတွက် ကျေးဇူးတင်လွန်းလို့ ဆိုပဲ။ မနက်ကလေ...

'မခ ဒီနေ့ အပြင်ထွက်ဖို့ မရှိဘူးလား၊ စီးတော်ယာဉ် အသင့် ယာဉ်မောင်းအသင့်'

အပျော်လွန်း အပြုံးလွန်း သူ့မျက်နှာ ပျော်ရည်မြစ်ကို သီရိ အချစ်များစွာနှင့် ငေးကြည့်လိုက်မိသည်။ ကိုယ့်အပြုံး လေး သူ့ကိုကျွေးဖို့ သူ့မျက်မှောက်ရင် စားခပါလို့ ဒေါင်း တင် မောင်းတင် နှုတ်ခမ်းစူမိတာတွေလည်း ဆန့်ကျင်ဘက် ဖြစ်ပါရောလား။ ခုတော့....

ကိုယ်ကိုယ်တိုင်က သူ့အပြုံးကို မက်မောစွာ စားသုံး နေမိတာ၊ သူ့မျက်နှာ ချွန်းချွန်းလေးက ကိုယ့်အတွက် နှလုံးသား အဟာရ ဖြစ်နေတာမို့ စူးဝေး၍ မပြတ်မလပ် မှီခိုနေမိတာက ကိုယ်ဖြစ်နေပါရောလား။

'ဣန္ဒြေနဲ့နေစမ်း'

ခပ်မာန်မာနီလေး ပြောဖြစ်ပေမယ့်၊ ကိုယ်လည်း ဣန္ဒြေ ရပြစ်နေမှာပါဟု တွေးလိုက်မိသည်။ အပျော်လွန်း မျက်နှာ ဖုံးကို ဘယ်လို ချုပ်ရမလဲ။ သည်လောက် အူမြူးနေတာ၊ သည်မျက်နှာနှစ်ခု၊ ပုရွက်ဆိတ်တွေ မြိုင်တွတက်ခလာတာ ကုံကောင်း။

'ညက သီချင်းဆိုတာကြားလား'

'ကြားသားပဲ'

'ကျေးဇူးအရမ်းတင်လို့'

'တစ်ပုဒ် စပ်လိုက်ပြန်ပြီပေါ့'

'ဆီးရီးတစ်ခွေစာ ပြည့်တော့မယ်၊ ဝယ်မှ ခဝယ်နိုင်အာ ကိုယ့်ဘာသာပဲ ကျဲရတယ်'





'ကျဲရတယ်ဆိုတော့ တဆယ်ကျဲပြီး မြစ်ပြစ် နှစ်နှစ်ခရှိ၊ အရသာ ပေါ့ပြက်ပြက်လည်း ဖြစ်နေဦးမယ်'

'ကြိုးစား ပန်းစား ရေးပါတယ် မခရဲ့၊ ကောင်းလို့ လား'

'ကောင်းပါ'

'မကြိုက်လား'

'မြန်မာပြည် တစ်ပြည်လုံး ကြိုက်မှပေါက်မှာ'

'ကျွန်တော် တစ်ခွေတည်းနဲ့ ပေါက်ရင် ဘယ်လောက် ကောင်းမလဲ နော်'

'ရှိရော ရှိလို့လား'

'ရှိတာပေါ့၊ တစ်ခွေတည်းနဲ့ ပေါက်သွားတာတွေ'

'သီချင်းသာ တစ်ခွေတည်းနဲ့ ပေါက်ပေမယ့်၊ ဗီဒီယိုအရင် က သီချင်းရေးနေတာ၊ ဘာသာရေး ဝမ္မတေးတွေ လိုက်ဆို နေတာမျိုး ဗီဇလောကထဲမှာ လှုပ်ရှားနေတာ ကြာပြီမဟုတ် လား'

'တချို့လည်း ဟုတ်တယ်၊ တချို့လည်း ချက်ချင်း တန်းပြီး အောင်မြင်တာပါ၊ တချို့ကျတော့ ပထမတစ် ခွေမှာ လူသိ၊ ဒုတိယတစ်ခွေမှာ နာမည်ရ၊ တတိယ . စတုတ္ထ တွေမှာ ပေါက်ချင်လည်း ပေါက် မပေါက်ရင်တော့ တန်း ဝင်ပြီး နာမည်ကြီး စာရင်းထဲ ပါသွားကြတယ်'

'ရှင်က ဘယ်အုပ်စုထဲကလဲ'

'မမ ချစ်တဲ့အုပ်စုထဲက'

'ကြည့်စမ်း'

သီရိ စိတ်ဆိုးပစ်လိုက်သည်။ ကော်ခင်လေး သည်စကား ကို ဆည်အိမ်ပေါ်မှာ မဆင်မခြင် ပြောရဲ ပြောရက် လွန်း သည်။ သီရိ မျက်နှာထားတင်းတော့ သူ့ မျက်နှာမေး ငယ်ရှာပြန်၏။

ချွန်းဖိုးချွန်းမောင်ဖိုးချွန်းအလေး ဆိုတဲ့ သူငယ်ရယ်။ ရှင်ဟာ ကလီစာ တစ်ခွလုံးကို ကြွေအောင် ခြွေတဲ့ နေရာ မှာတော့ ပါရဂူပါပဲလား။ ရှင့် ဒီဇိုင်းလေးကိုက ကြွေချင် စရာ အစုတ်ပလုတ်လေး နော်။

'ကျွန်တော် ညက စာစီစာကုံးရေးထားတာ၊ မမ နည်း နည်း ပါးပါး ဖတ်ကြည့်ပြီး လိုတာရှိရင် ပြင်ပေးပါဦး'

ချွန်းက စာအုပ်တစ်အုပ်ကို သီရိရှေ့သို့ လှမ်းချသည်။

'အင်္ဂလိပ်လိုလား၊ မြန်မာလိုလား'

'မြန်မာလိုပဲ'

'အင်္ဂလိပ်လိုလည်း ရေးကြည့်လေ၊ အက်ဆေး (Essay) စာစီစာကုံး ဆိုတာ များများရေးနိုင်မှ ကောင်းတာ'

'နောက်တစ်ခါကျ အင်္ဂလိပ်လိုရေးမယ်'

'ရေးရော ရေးတတ်လို့လား'

'အပျော့'

အပျော့ဆိုတာကို တိုးတိုးပြော၊ လူမမြင်အောင် မျက်စိ တစ်ဖက်မှိတ်ပြ၊ ပြီးတော့....သူတို့အဖွဲ့တွေနား သွားထိုင် လိုက်သည်။ နှစ်ယောက်သား ပူးပူး ကပ်ကပ် အကြာကြီး နေလိုက်သည်။ သင့်မှ မသင့်တော်ကာလေ၊ သီရိက စာအုပ်ကို ဖွင့်လိုက်၏။





မမကို ချစ်တယ်။

'ဟောတော့....ဒါလား၊ စာစီစာကုံး'

မမကို ချစ်တယ်။ သိပ်ချစ်တယ်။ အသည်းထဲမှာ စွဲနစ် ခိုင်မြဲနေအောင် ချစ်တယ်။ တစ်သက်လုံး ချစ်သွားမယ်။ သိကြားမင်း ဆင်းခဲ့တောင် မရဘူးသိလား။ အရမ်းချစ် တယ်။ သိပ်ချစ်တယ်။ တအားချစ်တယ် ယုံကြည်တော်မူ ပါဗျို့။

သီရိ ရယ်ချင်စိတ်ကို မနည်းထိန်းလိုက်ရသည်။ စာမျက် နှာရှစ်ဆယ် ဘောပီစာအုပ် တစ်အုပ်လုံးအပြည့် ချစ်သည့် အကြောင်းတွေချည်း ရေးထားသည်။ သူ...ညက သီချင်း ဆိုပြီးမှ သည်စာအုပ်ကို ရေးတာဆိုလျှင် ကောင်းအောင် တစ် ညလုံး အိပ်မှ အိပ်ရပါ့မလား။ မအိပ်မနေ အသက်ရှည် ဆိုရိုးကိုများ အားကျနေသလား။

'ဟိုက ပေါက်ကျိုင်းမင်းသား၊ ရှင်ဘုရင်ဖြစ်တဲ့ သူ့ ကိုယ်တော်လေးရဲ့၊ ရှင်က အဲ့ဒီလို ကြပ်ကြပ်လုပ် မအိပ် မနေ အသက်တို ဖြစ်သွားမယ် ထိုင်ရဲ့သား'

အဲ့သည်လို နားသယ်မွှေးလေးကို နာအောင်ဆွဲ၍ ပြော ချင်၏။

'ရှင်...စာမကျက်ဘော့ဘူးလား၊ အောင်ရော အောင်ဦး မှာလား ဒီဆယ်တန်း'

အံကြိတ်၍ မေးလိုက်ချင်၏။ အသက်အဖြင့် နှစ်ဆယ်ထဲ ဝင်နေပြီ၊ ရည်းစားလည်း ထားတတ်နေပြီ၊ ဆယ်တန်းကျ

ဆော့ မအောင်သေးဘူး။ တယ်လေ...ပြောရင်းက ဆွဲဆောင့်လိမ်ဖွဲ့ ချင်စိတ်တောင် ပေါက်လာပြီ။

ကြော်...ချစ်ဖို့ကောင်းလိုက်တဲ့ ကောင်လေးရယ်။

သူ့ကိုချစ်သည့်အတွက် သီရိမှာ မျှော်လင့်ချက် လုံးဝဆိတ်သုဉ်းပါသည်။ သည်ချစ်သူလေးနှင့် လက်ထပ်ဖြစ်လျှင်တောင် သီရိသည် 'ဘာကတော်ကြီး ညာကတော်ကြီး' လုံးဝဖြစ်လာဖို့မရှိပါ။ သူ့ လုပ်စာ မလောက်မငအေးနဲ့ ဆင်းရဲလို့ ကောင်းလိုက်မယ့်ဖြစ်ခြင်း၊ ငတ်လို့ကောင်းလိုက်မယ့်ဖြစ်ခြင်း။

သီရိမှာ သူ့ကို လက်ထပ်ရဲသည့်သတ္တိ ရှိလို့လား။

လုံးဝမရှိပါဆိုသည့် အဖြေကို အမြန်ဆုံးရသည်။ သီရိကိုယ်တိုင် ဆင်းရဲမခံနိုင်သောကြောင့် သီရိဂေဟာ မိသားစု၏ဂုဏ်သိက္ခာကို မြေမှာ ချမနင်းရက်ခြင်း၊ မနင်းရဲခြင်း၊ ရက်စက်စွာ နင်းခြေဖို့သတ္တိမရှိခြင်းက ကိုးဆယ့်ကိုး ရာခိုင်နှုန်းပါ။ မေမေကိုငဲ့ရမည်။ ဖေဖေနှင့်တစ်ကွ ညီအစ်ကိုမောင်နှမတွေ၏ မျက်နှာကို ထောက်ထားရမည်။

'မိသားစုထဲမှာ စုန်းပြူး'

အဲ့သည်လိုအပြောခံရဖို့ ကြောက်လန့် တုန်လှုပ်လှပါ၏။ အဲ့ဒါသည်လည်း သီရိအတွက် အကယ့်ကို တစ်ရာခိုင်နှုန်းပါ။ သီရိဂေဟာမိသားစုမှာ စုန်းပြူးတစ်ယောက်ပါလေခြင်းဆိုသည့် 'အတင်းစကား'ကို ကိုယ့်မိသားစု ကြေကွဲနာကျင်စွာ ကြားနာရမှာကို မချိသည့် ကြေကွဲမှုက ကိုးဆယ့်ကိုး ရာခိုင်နှုန်းပါ။





'အဲဒါဆိုလည်း မချစ်ပါနဲ့တော့လား'

ကိုယ့်ကိုယ်ကို ဆုံးမရလွန်းလို့လည်း ကိုယ့်ခေါင်းကိုယ်ရိုက်ခွဲဖို့ပဲ ကျန်သည်။ ကိုယ့်ပေါ်မှာ ကိုယ်တိုင်အပြစ်ပေးထားသည့် နှုတ်ကြိမ်ဒဏ် အရှိုးတွေလည်း ပြည့်နှက်လို့ ရနေပါပြီ။ လက်တွေ့မဟုတ်လို့ ပေါ့တိမ်သည်မထင်ပါနဲ့။ တကယ့်ကြိမ်ဒဏ်ထက် စိတ်ကြိမ်ဒဏ်က အသည်းမှာ အရှိုးထင်တာမို့ ပို၍ နာကြည်းပါ၏။

'မသီရိ၊ အမေက မင်္ဂလာဆောင်သွားမလို့တဲ့၊ ငါးဆယ့်နှစ်ရက်သား ကလေးလေးကို သုံးနာရီထိန်းရမယ်၊ နို့ဘူးတိုက်ရမယ်၊ ဘယ်သူ လွှတ်မလဲ'

ကျွက်သရေက သီရိစားပွဲသို့ ရောက်လာ၏။ သီရိက ချွန်းစာအုပ်လေးကို စားပွဲထဲ ထည့်လိုက်သည်။

'ကြည့်ဦးမယ်'

အမျိုးသမီးအလုပ်သမားတွေ စုထိုင်နေသည့် အခန်းသို့ သီရိ လျှောက်လာသည်။ မနေ့ကတည်းက ကြိုတင်မှာထားသူတွေ အလျှိုအလျှို သွားနှင့်ကြတာတွေရှိပြီမို့ အမျိုးသမီး ကျန်အင်အားတောင် နည်းနေပြီ။

'ဖြစ်ပါ့မလား'

ကျွက်သရေက နောက်မှကပ်ပါလာပြီး သူ့အလုပ်သမားတွေ သူ ကြည့်၍ပြော၏။ ကျန် အမျိုးသမီး သုံးဦးပဲရှိသည်။ သုံးဦးစလုံး အဝတ်လျှော် မီးပူတိုက် ကြမ်းတိုက် အလုပ်ကြမ်းလောက် ရကြမည့်သူတွေချည်း။

'ကလေးအမေက ဘယ်သူလဲ'

'ဒေါက်တာ တင်စိုးဝင်းလေ'
'ကွယ်...နေ့ကတော့ ကိုပြောမသွားဘူး'
ဒေါက်တာတင်စိုးဝင်းက သီရိဂေဟာ၏ ဖောက်သည် ဟောင်းကြီးပါ။ သူ့အိမ်မှာ အိမ်ဖော်မထားပါ။
'မျက်စိနောက် စိတ်ရှုပ်ကြီး' တဲ့။
ခုခေတ်မှာ အိမ်ဖော်ဒုက္ခဆိုတာ နည်းနည်းနောနော မဟုတ်။ ပွဲစားဒုက္ခကလည်း မသေး။ အိမ်ဖော်တစ်ယောက် ခေါ်လျှင် ပေးရ ကျွေးရ၊ ဆေးကုရ၊ သူတို့ အဆောင့် အအောင့်ကို မသိချင်ယောင်ဆောင်ရ၊ အာပေါက်အောင် ဆင်ရ၊ ဒေါချင်စော်နံ့အောင် စိတ်ညစ်စရာကောင်းသည့် အိမ်ဖော်က နှစ်ဆယ်မှာ ဆယ့်ကိုးယောက်လောက်ရှိမည်။ နှစ်ဆယ်မှာ လူကောင်းတစ်ယောက်နှင့် ကံထူးစွာ တိုက်ဆိုင် ၍ ပျော်မည်မှ ကြုံကာရှိသေး၊ ပွဲစားက လာပြန်ခေါ်၍ အောက်အောက်ပါသွားသည်မို့ နောက်ထောက်ကျ ပက်လက် လန် ကျွန်ရစ်ခဲ့ရတာ များ၏။
ဒေါ်တင်စိုးဝင်းထံ သီရိဂေဟာမှ လူတွေ တစ်ပတ် တစ်ခါ လွှတ်ပေးရသည်။ အဝတ်လျှော်၊ မီးပူတိုက်၊ အိမ် သိမ်း၊ တံမြက်စည်းလှည်း၊ ကြမ်းတိုက်၊ တစ်ခြံလုံးပေါ် လုပ် စရာရှိတာတွေ အကုန်လုပ်ပေးခဲ့၊ တစ်ပတ်လုံး သူ အဝတ် မလျှော်၊ တံမြက်စည်းမလှည်းဘဲနေသည်၊ ထမင်းကို ကျောဘော့ ချိုင့်ဆွဲစား၏။ သူတို့က လင်မယား နှစ်ယောက်တည်း၊ နှစ်ယောက်လုံးက ဆရာဝန်တွေ။ မနက်ဆာ ညပြန် ဒရိုင် ဘာတစ်ယောက်ပဲထားသည်။ ခြံထဲမှာ ဒိုဘာမင်နှစ်ကောင်၊





အိမ်ပေါ်မှာ အယ်လ်ဆေးရှင်းတစ်ကောင် အစောင့်ထား ပြီး အိမ်နှင့်ခြံကို သော့ခတ်၍ ထွက်သည်။
ခွေးစာကိုတော့ ဒရိုင်ဘာက ချက်ကျွေး၏။
ဒေါ်တင်စိုးဝင်း 'ကလေးရတော့ သူ့ဆွေမျိုးတွေက အိမ်မှာ ကောလာမေးနေကြသည်။ ချက်ပြုတ်စားကြသည်။ သီရိဂေဟာက ယူမြဲအာဝန်ကို တစ်ပတ်တစ်ခါ ယူရသည်။ ခု သူက ဂင်္လာဆောင်သွားမလို့ဆိုပဲ။
'မသွားတော့ဘူးလို့တဲ့၊ ကျက်သရေတို့ဆီက လူရရင် သွားမယ်၊ မရရင် မသွားဘူးတဲ့၊ မင်္ဂလာဆောင်က သူ့ ယောက်ျားရဲ့ ညီမအရင်းမို့ ဖြစ်နိုင်ရင်တော့ သွားချင် တယ်တဲ့'
'ဟုတ်တာပဲ'

မေမေနှင့် မမကြီးက အခန်းထဲမှာ ဘာတွေ သည် လောက် အလုပ်ရှုပ်နေသည်မသိ။

'တော...မမကြီး'
သတ္တိ အခန်းထဲမှထွက်လာတော့ ကျက်သရေက ဒေါက် တာ တင်စိုးဝင်းအကြောင်း ဆီးပြောသည်။
'အိုအေ...မမကြီး သွားလိုက်မယ်'
'ဟောတော့'
'ဘာဖြစ်လဲ'
'သီရိသွားလည်း ရပါတယ်'
'ကျက်သရေသွားလည်း ဖြစ်တယ်'

အဲဒါ သီရိဂေဟာ မိသားစု၏ စိတ်ဓာတ်ပဲဖြစ်သည်။ အလုပ်ဆိုလျှင် သမာအာဇီဝမှန်သမျှ ဂုဏ်ရှိသည်ချည်းဟု ခံယူနိုင်၏။ ထိတ်ထိတ်ကြဲ သူဌေးသမီးတွေ သူများအိမ်မှာ ကလေးသွားထိန်းကြမလို့တဲ့လေ။

'ပထမ တစ်နာရီငါးရာ၊ ဒုတိယ တစ်နာရီ သုံးရာ၊ နောက်ထပ် ကြာချင်သလောက်ကြာ၊ တစ်နာရီကို နှစ်ရာစီ၊ အဲဒါ ပြေပြီးပလား'

'ဟုတ်ကဲ့....အိုကေတဲ့'

'မကြီး သွားမယ်'

'တစ်ယောက်တည်းလား'

'ပြုံးပြုံးခေါ် သွားမယ်၊ သူ နှစ်ယောက်စာပေးဖို့ မလိုပါဘူး၊ အညစ်အကြေးဆိုရင် ကူဖေ့လောင်ဖက်ရဖို့ပဲ'

သူဌေးသမီး သူဌေးအတော်၊ ဟိုတယ်ကြီးနှစ်လုံးပိုင်ရှင်ရဲ့ အညစ်အကြေးတော့ ဘယ်ကိုင်ချင်ပါ့မလဲ။ ကလေးထိန်းဖို့ ဝန်မလေးပေမယ့် အီးကျုံးဖို့ကျတော့ ဝန်လေးပြီလေ။ သီရိက မမကြီးကို ကြည့်လိုက်၏၊ သီရိဂေဟာမိသားစုဝင်တွေ သဘောကောင်းကြတာ၊ ယဉ်ကျေး သိမ်မွေ့တာ၊ အရည်အချင်းရှိကြတာ၊ ချမ်းသာကြတာ၊ အဆင့်အတန်း မခွဲခြား၊ အလုပ်မခွဲခြား၊ မာနမကြီး ဘဝင်မမြင့်ကြတာ၊ လူတကာတွေ ချီးကျူးအားကျကြရပေမယ့် အတိုင်းအတာ တစ်ခုအထိသာပဲလေ။

အလေးထိန်းပေးနိုင်ပေမယ့် အညစ်အကြေး မသိမ်းချင်တာ၊ ချွန်းထလေးကို မောင်လို တူသို့ ခင်မင်မြှောက်စား၊





ဖွေးစား၊သား အဆုမှာဆောင် ထားချင် ထားနိုင်ပေမယ့် သမက်တော်ဖို့ တော်ဖို့အထိတော့။ သီရိဂေဟာ သူဌေး သမီး ဟိုတယ်နှစ်လုံးပိုင်ရှင် သူဌေးကတော်ကြီး ကဲလေး ထိန်းအလုပ် လုပ်တာပဲ ပန်းကုံးစွပ်ပြီး ချီးကျူးဂုဏ်ပြု ဆင့်လှပြီ။ ဒါမျိုး ဘယ်သူဌေးမကြီးက လုပ်မှာလဲ။

တူလို မောင်လို မြှောက်စားနိုင်တာလည်းပဲ ပန်းကုံးစွပ် ချီးကျူးဆင့်သည်ထိ အထူထဲမှာ ပါနေပြီလေ၊ ဘယ်လို သည် လောက် သဘောကောင်းမှာလဲ။ အညစ်အကြေး မသိမ်း ချင်တာ အပြစ်မဟုတ်သလို၊ ကဲ့ရဲ့ဖို့မရှိသလို၊ ချွန်းကလေးကို သမက်မတော်နိုင်၊ မတ် မတော်နိုင်လျှင်လည်းပဲ အပြစ် မဟုတ်ပြီကောလေ။ ကဲ့ရဲ့ဖို့ မရှိပြီကောလေ။

ချွန်းရယ်၊ မောင်ပိုးချွန်းကလေးရယ်၊ မင်းကို အလေး အညစ်အကြေး ကိစ္စမျိုးနဲ့ ယှဉ်ပြီး အတွေးထဲသွင်းမိတာ ကိုပဲ မမ ရင်နာလှပါပြီ။ မင်းသိရင် စိတ်ဆိုးမှာလား၊ မမ ရက်စက်တယ်လို့ စွပ်စွဲမှာလား၊ မျက်နှာငယ်လေးနဲ့ မျက် ကြော စင်းစင်းချပြီး မမရဲ့ကရုဏာတွေ တစ်ခိုင်လုံးကြွေစေ အောင် ခြေဦးမှာလား မောင်လေးရယ်၊

မမကို ခွင့်လွှတ်နော်။

ခုတော့ မနက်ပိုင်းက အတွေးတွေ ပျက်စီး လွင့် ပျောက်ခဲ့ရပြီ။ တစ်ညနေခင်းရဲ့ မိဘမေတ္တာ ပြခန်းလေးမှာ နှလုံးသား ရင်ခုန်သံလေး တိဘီဆိဘီခဲ့ရပြီ၊ မင်းအလေး ကတော့ မသိရှာဘူး။ သီချင်းအလေးတွေ ဆိုနေတုန်း၊

တို့ရဲ့နှလုံးသားထဲက လမင်းလေးလို၊
အလင်းတန်းများ ပေးလို့ ကိုယ့်ကို၊
စာနာလွန်းတဲ့ ကြင်နာသူရယ်၊
ကျေးဇူးပါပဲကွယ်....။

မင်း ကိုအချစ်တွေပေးလို့ ကျေးဇူးတင်နေတဲ့ ကောင်လေး ရေ။ မနက်ဖြန်မနက် မိုးလင်းလို့ သည်အချစ်တွေကို ရုပ်သိမ်းလိုက်ပါပြီဆိုရင် မင်း ကြေကွဲရှာမယ်၊ နာကျင်ရှာမယ်၊ မင်း ဆွေးတော့မယ်၊ မင်းဘဝလေး ပျက်တော့မယ်၊ ဒါကို မြင်နေတယ်၊ သိနေတယ်၊ သနားနေတယ်။ ဒါပေမယ့် မမက သီရိဂေဟာ မိသားစုရဲ့ စတုတ္ထသမီးပါ ချွန်းကလေးရယ်။

ကျေးဇူးပဲ အချစ်ရယ်၊ ကျေးဇူးပဲ၊
မင်းလေး မင်းလေးရဲ့မေတ္တာတွေ၊
တို့ရင်ထဲမှာ နွေးလိုက် အေးလိုက်နဲ့
အချစ်ကလေးရယ်၊ ဆွေးရအောင်တော့
ဝေးဖို့ မစဉ်းစားပါနဲ့ကွယ်....။

မမ ရင်ကွဲပါပြီ ချွန်းရယ်။ မမအသည်းတွေ ကြေပါပြီ။ မမအသားတွေ အသွေးတွေပဲ စင်ကြေမှုကုန်ပါပြီ။ မင်းကို မမချစ်တယ်။ ပေးသည် နှလုံးသားထဲကနေ ဆွဲနုတ်လို့ မရအောင် စွဲစွဲမြဲမြဲကြီး ချစ်တယ်။ မင်းမရှိတဲ့ မမဘဝဟာ လုံးဝ အဓိပ္ပာယ်မဲ့သွားမယ်။ ဒါပေမယ်...ဒါပေမယ့်....

မင်းဆီက အချစ်တွေ၊ ပေးခဲ့ဖူးတဲ့ နှလုံးသား၊ ထားခဲ့ဖူးတဲ့ မေတ္တာတွေ မနက်ဖြန်မိုးလင်းတာနဲ့ ရုပ်သိမ်းပြီးသား





ဖြစ်နေရတော့မယ်။ အဲသည်အတွက် မင်းဘဝလေး မပျက်စီးပါစေနဲ့။ မမဘဝကတော့ လုံးဝ ဆိတ်သုဉ်းသွားတော့မှာပါ ချွန်းရယ်။

လောကမှာ မိန်းမသားတစ်ယောက် ရှိနေမယ်။

သူဟာ လက်ထပ်ဖြစ်ရင်လည်း လက်ထပ်ဖြစ်မယ်၊ ဒါမှမဟုတ် အပျိုကြီး တစ်ကိုယ်တည်းရင်လည်း ဖြစ်ချင် ဖြစ်နေမယ်။ သူဟာ တာဝန်အရ အသက်ရှူနေမယ်။ တာဝန်အရ ထမင်းတွေကို အရသာမဲ့စွာ မျိုချနေမယ်။ သူ့ရဲ့ အိပ်စက် နားနေခြင်းကို သူ့နှလုံးသားထဲ မုန်တိုင်းကျဆဲနဲ့ ပြုမူဆောင်ရွက်နေရမယ်။ စေ့ပိထားတဲ့ သူ့ရဲ့ မျက်ခွံနှစ်လွှာအောက်မှာ သူ့ သူငယ်အိမ်ဟာ မှိတ်မှိတ်လည်အောင် ချာချာယမ်းနေလိမ့်မယ်။

အိပ်ခြင်း၊ နေခြင်း၊ စားသုံးခြင်းတို့မှာ လုံးဝအဓိပ္ပာယ် အရသာခံစားမှု ကင်းမဲ့စွာ ရှင်သန်နေခြင်း ဆိတ်သုဉ်းနေတဲ့ မိန်းမသား၊ နှလုံးသား ပျက်စီးနေတဲ့ လူသား။ အဲသည်မိန်းမတစ်ယောက် သီရိဂေဟာ မိသားစုထဲမှာ ထူးဆန်းစွာ ရပ်တည်နေလိမ့်မယ်။

သူ့ကို အကောက်ရှင်နေတယ်လို့ မထင်လိုက်ပါနဲ့။ သေဆုံးပြီးသား မိန်းမသားတစ်ဦးရဲ့ အဓိပ္ပာယ်မဲ့ လှုပ်ရှားနေခြင်းလို့သာ မှတ်ယူပေးပါ ချွန်းကလေးရယ်။

မမမှာလေ....

မိသားစုရဲ့မျက်နှာ ရှိနေပါတယ် မောင်လေးရယ်။ ခံစားမှုကို ဦးစားမပေးနိုင်ပါဘူး ချွန်းရယ်။

မှုန်ခြင်း၊ ခေါခြင်း ဝေဒနာတွေ ခေါင်းထဲ ရင်ထဲ ရောက်လာသည်။ မေမေ့လာချပေးသွားသည့် ကော္ဖီအာအုတ်ကလေး၊ မေမေ့စေတနာကို လေးစားစွာ သောက်ချခဲ့တာ အစာအိမ်ထဲထိ မဆင်းဘဲ လည်ချောင်းဝမှာ နှင်နေသည်။ မျက်ရည်ခိုင်သည့် မိန်းကလေး၊ မျက်ရည်အိုင်ထဲမှာ လူးနေရသည်။

ဘယ်သို့လည်း၊ တိမ်းသည်။ ညာသို့လည်း၊ ယိမ်းသည်။ ရင်ထဲမှ ကျိုက်ကျိုက်ဆူ ဝေဒနာက သက်သာလို့မသွားပါ။ ခြေတွေလက်တွေ ဆုပ်လို့တောင် မမြဲ၊ ရပ်လို့တောင် မခိုင်၊ အားအင်ကုန်ခန်းလျက်' မချိတင်ကဲဆိုအာကို ကျကျနနကြီး ခံစားလိုက်ရပါတော့သည်။

ဘယ်လိုဖြေလို့မှ မဖြေနိုင်ပါလား။ ဖြေလည်း မဖြေချင်ပါဘူးလေ။ မျက်ရည်သိုလှောင်ကန်ကြီး ဘယ်လောက်အပြောကျယ်တယ်ဆိုတာ သည်ည အသိဆုံးပါပဲ ချွန်းရယ်၊ ငိုမဆုံးတော့ပါဘူး မမအသက်ကလေးရဲ့၊





ချွန်း....

ချွန်းရဲ့ စာအုပ်အလေး ပြန်ယူပါ၊ သည်နှစ် ဆယ်တန်းအောင်အောင်ဖြေပါ၊ ပြီးရင် အဝေးသင်နဲ့ပဲ ဖြစ်ဖြစ်၊ ဘွဲ့အလေးတစ်ခု ရအောင်ယူပါ၊ ဒါဆို ချွန်းဆိုတဲ့ ခေါင်ဖိုးချွန်းအလေးဟာ ပွဲလယ်တင့်သင့်သလောက် တင့်ဝါပြီ၊ အဲဒါ မမအတွက် မဟုတ်ပါ၊ ချွန်းအတွက် သန့်သန့် မဖြစ်စေချင်တဲ့ စေတနာမို့၊ ချွန်းက မမကိုချစ်တယ်ဆိုရင် ဖြစ်မြောက်အောင် အကောင်အထည်ဖော်ပါ။

မမကို ချွန်း ချစ်တယ်ဆိုတာ မမ အစ်သက်လုံး ယုံနေပါမယ်။ ချွန်းကိုလည်း မမက သိပ်ချစ်တယ်ဆိုတာ ချွန်း ယစ်ဘဝဝေလုံး ယုံလိုက်ပါတော့၊ တို့နှစ်ယောက်ဟာ သိပ်ချစ်ကြတဲ့ ချစ်သူတွေဆိုတာ အပြန်အလှန် နားလည် လက်ခံထားကြမယ်၊ တစ်သက်လုံးပဲပေါ့။

မနက်မိုးသောက်လို့ နေခြင်းကြီး ထွက်လာတာနဲ့ ချွန်းအကြောင်းလေးတွေ တွေးပြီး အိပ်ရာဆာထမယ်။ ချွန်းနဲ့ မမတို့ရဲ့ကြားက အာဘားအဆီးတွေကို ရင်ကွဲပက်လက် ခံယူမယ်။ လွမ်းပြီးရင်း လွမ်းရင်းနဲ့ ရှင်သန်ခြင်း ပျောက်ဆုံးနေတဲ့ ဘဝကို ခြောက်ခြေသွေ့စွာ နိဂုံးချုပ်သွားစေမယ်။

ချွန်းနဲ့ မမဟာ ဘယ်သို့မှ ဓဆုံနိုင်အောင် ဝေးကွာခဲ့ကြရပါပြီ။ ဆုံခွင့်အတွက်လည်း မကြိုးစားနိုင်

သွား ချွန်းရယ်။ မမရဲ့ဆုံးဖြတ်ချက် မှားယွင်းနေပြီလို့ ချွန်း စွပ်စွဲရင်လည်း မမ နာကျင်စွာ ခံယူပါမယ်။ မမ မှစွန့်စားရဲပါဘူး ချွန်းရယ်။ မမမှာ သတ္တိမရှိပါဘူး။ တွေဝေပါတယ်၊ မပြတ်သားနိုင်ပါဘူး။ ပျောက်ဆုံးသွားပြီဖြစ်တဲ့ တို့နှစ်ယောက်ရဲ့ အိပ်မက်လေးကို စွန့်လွှတ် အရှုံးပေးကြစို့ ချွန်းရယ်။

မမမှာ မိသားစု ရှိနေပါတယ်။ ခံစားချက်ကို ဦးစားပေးရဲတဲ့ သတ္တိမရှိတဲ့ မမကို ချွန်း ခွင့်မလွှတ်ပါနဲ့။ ချွန်းရဲ့ သီချင်းသံလေးတွေကို မမ တီဗွီဖွင့်သားပေါ်မှာ ကြားချင်တယ်၊ မြင်ချင်တယ်။ ချွန်းရဲ့ တစ်ကိုယ်တော် ဆိုးရိုးလေးကို မမ အပိုင်ဝယ်ချင်တယ်။ ချွန်းပါတဲ့ စတိတ်ရှိုးတစ်ခုကို မမ ရှေ့ဆုံးတန်းမှာ ထိုင်ပြီး ဈေးကြီးပေးလို့ ကြည့်ခွင့်ရချင်တယ်။

ချွန်းရေ....

အတန်းပညာဆိုတာ သင်ယူလို့ရပါတယ်။ ငွေဆိုတာ ရှာယူလို့ ရပါတယ်။ အောင်မြင်မှုဆိုတာကျတော့ ဘာနဲ့မှ နှိုင်းစက်လို့ မရပါဘူး။ ငွေနဲ့ ပေးပြီး ဝယ်လို့လည်း မရဘူး ချွန်းရယ်။ တစ်နှစ်တစ်နှစ်မှာ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ လေးငါးရာထက် မနည်း ပေါ်ထွက်ကြပါတယ်။ အနုပညာရှင်ကတော့ လေးငါးယောက်တောင်မှ ဖြစ်ထွန်း အောင်မြင်လာရဲ့သား။





နိုင်ငံခြားပြန် ဆရာဝန်ကြီး မဖြစ်ချင်နေပါ ချွန်းရယ်။ သိန်းပေါင်း ရာထောင်ချီပြီး တန်တဲ့ ခြံကျယ်ကြီးထဲက ရဲတိုက်ကြီးနဲ့ မနေရလည်း ကိစ္စမရှိပါဘူး ချွန်းရယ်။ ချွန်းကို ဂီတစင်မြင့်ပေါ်မှာ မမ တွေ့ချင်တယ်။ မိုင်ပေါင်း အသင်္ချေ ခြားနားတဲ့ ချွန်းနဲ့ မမတို့ရဲ့ နှလုံးသားနှစ်ခုဟာ ထာဝရ နွေးထွေးလို့ပဲ နေချင်တယ်။ တူနှစ်ကိုယ် နီးရဖူး အချစ်လား ချွန်းရယ်။

တို့နှစ်ယောက်....

အဝေးဆုံးနေပြီး အနီးဆုံး ချစ်နေကြမယ်။

ချွန်းရဲ့
ထာဝရမမ
မေသီရိပြည့်စုံ။

ဤစာကို နှလုံးသွေးနှင့် ရေးလိုက်ပါသည်ဆိုတာ ထပ်မပြောလိုတော့ပါ။ ရင်ထဲမှာ နုံးချည့် ပူပြင်းနေပြီး၊ ခေါင်းတွေ တစစ်စစ်ကိုက်၊ နှမ်းဖတ် ညှိုးခွေနေတာကိုလည်း မပြောလိုတော့ပါ။ ရေးထားသည့်စာကို စာအိတ်ထဲထည့်၊ ကော်ကပ်၍ ပိတ်လိုက်၏။ ပြီးတော့ ချွန်းပေးထားသည့် စာအုပ်အလေးကြားထဲမှာညှပ်။

သည်နေ့ သီရိ အလုပ်ခန်းကို သွားဖြစ်အောင် သွားမှာပါ။

'မမ...'

ချွန်းမျက်နှာလေးက ငယ်နု ကြည်စင်ရှာ၏။ ယာဉ်မောင်း ရောက်ပြီဆိုကာ အလုပ်စာအုပ်မှာ အခြား အလုပ်သမားများနည်းတူ လက်မှတ်ထိုးသည်။ မျက်ရည်ခိုင်သည့် သီရိရင်ထဲမှာ ဝမ်းနည်းသွားရသည်။ သူကလေး မသိရှာသေးဘူး။ ငိုချင်စိတ်ကို ထိန်းမရ။ သီရိဆိုတာ အငိုလွယ်သည့် မိန်းမသားလည်း မဟုတ်ပါဘဲ...

'ရော့...ချွန်း'

ချွန်းပေးထားသည့်စာအုပ်အနေလေးမှန်း သိပေမယ့် အထဲမှာ စာအိတ်တစ်အိတ် ပါလာတာ ချွန်းမြင်သည်။ မမက စာတစ်တန် ပေးအပ်ထားနိုင်တောင် ရေးသေးရှာ အပေါ်လားဟု ချွန်း ပျော်သွားပုံလေးက သွားစွယ်လေးတောင် ပေါ်၏။ သနားလိုက်တာ ချွန်းရယ်။ အဲဒါ ဖြတ်စာ။

'မမကြီးနဲ့သွားမယ့်လိုက်ဦး၊ ချွန်း ဒီနေ့ ကိုကိုလေးအိမ် သွားရမယ်'

'မမကို လိုက်ပို့ရမှာလား'

'မဟုတ်ဘူး၊ ချွန်းတစ်ယောက်တည်း'

'ဟုတ်ကဲ့'

သီရိ ချွန်းနဲ့လှည့်ထွက်ခဲ့သည်။ ကုလားထိုင်ခြေထောက်နှင့် ငြိကာ လူက လဲမလို ယိုင်သွားဆေးသည်။ ချွန်းဆက်ကြီး နှစ်ဖက် စိတ်ပူစွာ ဆန့်ထွက်လာတာကို မသိကျိုးကျွင် ပြုလိုက်သည်။ မျက်ရည်နှစ်စက် ပေါက်ခနဲကျ၏။ မျက်ရည်မှာသာ 'အချိန်'ရှိလျှင် ရုံးခန်း အမံတလင်း ကြေမွသွားနိုင်သည်။ အဲသည်လောက် ပြင်းထန်၏။ ညနေရောက်မှာ ထိုင်





နှလုံးသား ကြေမွသေသတည်းဟု ရေးအက်ပန်း အမွှည်းထိုးလိုက်ချင်တော့သည်။

....◎....

'ချွန်းရေ... ကိုကိုလေးက ပူဆာလို့လေ၊ မင်းကိုမှ လိုချင်သတဲ့၊ မောင်ထွန်းမောင်လိုပေါ့၊ မေမေ့ဆီ အတင်းတောင်းတော့လည်း ပေးရတာပဲ'

'ခင်ဗျာ'

'မင်း ကိုကိုလေးတို့အိမ်ကို ပြောင်းရမယ်'

အဲသည်ကတည်းက ရိပ်မိလိုက်ဆလိုလိုတော့ အရှိသား။ ဘုရင့်သမီးတော်ကိုမှ ကြိုက်မိသည့်ငမိုက်သား 'သတ်စေ'လို့ အမိန့်ကျမလာတာကပဲ ညာတာခြင်း ကြီးလှပါပြီ။ နယ်နှင်ဒဏ် ပေးပြီပေါ့။

'အခန်းပြန်ပြီး ယူစရာရှိတာလေးတွေ ယူ၊ ဖြည်းဖြည်းသိမ်းပါ၊ ထမင်းပါစားပြီးမှ သွား၊ ကျော်ထူး လိုက်ပို့လိမ့်မယ်၊ အထုပ်အပိုးနဲ့ဆိုတော့ ကားယူသွား'

နယ်နှင်ဒဏ် အစစ်ကြီးပါပဲ။

ချွန်း အခန်းသို့ ပြန်လာသည်။ အခန်းသည် တိတ်ဆိတ်နေ၏။ အလုပ်ခွင်ရှိရာသို့ သွားသူသွား၊ ရုံးခန်းမှာ အဆင်သင့် စောင့်သူက သွားစောင့်နေသည်မို့ တစ်ဆောင်လုံးမှာ အိမ်မြှောင်စုတ်ထိုးသံမှ ကြားရသည်။ စာကို ဖွင့်ဖတ်၏။

'မမ...'

ချွန်း ရင်ကွဲပါပြီ မမ၊ ချွန်း ဆေးရပါတော့မယ်၊ ရက်စက်လိုက်ပြီပေါ့ မမရယ်။

မမကြီး၊ မမကြီးတို့ရဲ့ ညီမကို မချစ်နဲ့ဆို ချစ်တော့ပါဘူး၊ မျက်နှာလေးဖူးခွင့် အမြဲရအောင် သည်ခြံကြီးထဲက မထွက်ပါရစေနဲ့။

အနိုတီခင်ဗျား၊ ကျွန်တော့်ကို အဆေးသတ်ပြီးမှ နှင်ထုတ်ပါ။

ကိုကိုကြီးနဲ့ ကိုကိုလေး ကျွန်တော့်ကို အပြစ်ပေးပါ၊ ဒါပေမယ့် မမမျက်နှာကို မလှမ်းမကမ်းကပဲဖြစ်ဖြစ် မြင်နေရမယ့်နေရာမှာ ကျွန်တော့်ကို ခိုင်းပါ။

မမလေး ကျွန်တော့်ဘက်က ဝိုင်းပြောမပေးချင်ရင်တောင် နှင်ထုတ်တဲ့အုပ်စု မတောင့်အောင် တစ်ယောက်လျော့အဖြစ်နဲ့ နေပေးပါ။

အန်ကယ်ဦးပြည့်စုံ ကျွန်တော့်ကို အဆသာ သတ်လိုက်ပါတော့။

ဆေးက်တည်ရာမရ ပေါက်ကွဲခြင်းက ပြင်းထန်၏၊ အရူးလို စကားတွေပြောသည်၊ နံရံကို လက်သီးနှင့် ထိုးသည်၊ ဆယ်မိနစ်လောက် ဝုန်းဒိုင်းကြဲပစ်လိုက်သည်၊ ပြေးလာနှစ်သိမ့်မည့်သူတစ်ယောက်မျှမရှိ၊ ချော့မော့ဖျောင်းဖျမည့်သူမရှိ၊ ဘယ်နားနာသွားလည်း မေးမည့်သူမရှိ၊

'အဖေ....ကျွန်တော် ရင်ကွဲပြီဗျ'

အံကြိတ်၍ ထလိုက်သည်၊ တဆယ့်ကို ရင်ကွဲပက်လက်ပါပဲ။





'တောက်....'

ရင်ထဲမှာ နာကြည်းမှုတွေ ဝင်လာသည်၊ ကိုယ့်ဘာသာကိုယ်နာကြည်းသည်၊ အသည်းနှလုံးက နာကျင်သည်၊ တောက်ခေါက်သံ အကျယ်ကြီးထွက်သွားသည်၊ ပစ္စည်းတွေကို ပရမ်းပတာ သိမ်းလိုက်၏၊ ဖွားဖက်တော် ဂစ်တာအေးကို ယူ၏၊ ကြုံသလို ဆွဲယူထားသည့်ပစ္စည်းတွေ ပြုတ်ကျသည့်အထဲက ဒေါက်ခနဲဆို မှန်ဝိုင်းလေးတစ်ခု ထွက်လာသည်၊ ကောက်ယူလိုက်သည်၊ အမှတ်မထင် ကြည့်လိုက်၏၊ မျက်လုံးတွေပြူးလျက် ကျက်သရေ တော်တော်နည်းပါးသည့် သူဆင်းရဲတစ်ယောက်၏ပုံကို တွေ့သည်၊

'တောက်....စုတ်ချွန်းချွန်းနဲ့'

အောက်တန်းကျလွန်းလို့ ကိုယ့်ကိုယ်ကို စက်ဆုပ်သည်၊ အဲသည် အစုတ်ပလုတ်ကောင်ကို ကိုယ်မှ ဆယ်တင်ပြုစုခြင်း မပြုလုပ်ပါလျှင် ဘယ်သူလာလို့ ခေါင်းငုံ့ကြည့်လေမလဲ၊

'ထွက်တော်မူနန်းက ခွာတယ်'လို့ သီချင်းလေးတစ်ပုဒ်လောက်မျှ အော်ဆိုလိုက်ရလျှင် မတန်မရာမို့၊ ဝဲပေါက်မှာတောင် စိုးရ၏၊ ကြမ်းပိုးတစ်ယောက် အနေအထိုင်မတတ်လို့ နှင်ထုတ်ခံရတာ မဟုတ်ဘူးလား၊

'အဲဒီ ခွေးသူတောင်းစားကို လူတစ်လုံး သူတစ်လုံးဖြစ်လာအောင် ငါလုပ်မယ်၊ ကြိုးစားမယ်၊ ယောကျ်ားနာမည်ခံသိရင် မှတ်ထား မောင်ဖိုးချွန်းဆာလေးတဲ့'

—◎—

## အခန်း ( ၈ )

ခုတော့လည်း....

အရာရာဟာ ပြောင်းလဲခဲ့ပြီပဲဖြစ်၏။ မမြဲသော တရားကြီးထဲမှာ ချွန်းဆေး ဆင်းရဲသားဘဝမှာ မမြဲဘဲ အောင်မြင်မှုသို့ ရွေ့လျားခဲ့သည်။ သို့ပေမယ့် မြတ်စွာဘုရားက လူ့ဘဝကို 'ဒုက္ခဘုံ' ဟု ဟောဆည်တဲ့။ ချွန်း နားလည်လွန်းလို့တော့ မဟုတ်ပါ။ ချွန်းကို စာလာချုပ်သွားသော ပရိုဂျူဆာတစ်ယောက်၏ မိခင်ကြီးက ဟောပြောလို့ပါ။ ခုတော့ ချွန်းမှာ ပြောဆိုဆုံးမ ပဲ့ပြင်ပေးသူတွေ တစ်တွေနှင့်။

'အောင်မြင်ခြင်း' အစည်းစိမ်ဥစ္စာကိုလည်း သယ်ဆောင်လာခဲ့သည်။ အသိုက်အဝန်းဆိုတာကိုလည်း ဖန်ဆင်းပေးသည်။ စေတနာရှင်တို့ ရင်းနှီးသူတို့ကိုလည်း အရောက်ပို့





ပေးသည်။ ချွန်းဆိုတဲ့ တောင်စုတ်လေးရဲ့ အဆင့်အတန်းကိုလည်း ဆွဲမြှင့်ပို့ဆောင်ပေးခဲ့ပြီ။

အောင်မြင်သည့် အဆိုတော် ချွန်း ဖြစ်ခဲ့ပြီ။

မြတ်စွာဘုရား ဟောကြားခဲ့သလို 'ဒုက္ခဘုံ' ထဲမှာမို့ ချွန်း မပျော်ရွှင်ပါ မမ။

ပိယေဟိဝိပ္ပယောဂေါ ဒုက္ခောတဲ့။

ချစ်သောသူနှင့် ကွေကွင်းရခြင်း ဆင်းရဲတဲ့။

ချွန်း အဲဒီဆင်းရဲထဲမှာ စုန်းစုန်းမြုပ်လို့ မွန်းကျပ်ရပါသည်မမ။ ပါဂျရိုးဆိုတဲ့ ကားတစ်စီးဟာ လိုရာခရီးကို အရောက်ပို့နိုင်ပေမယ့် နွမ်းခြောက်နေတဲ့ အသည်းတစ်ဖက်ကို အေးမြအောင် ရေစင်တစ်စက် မဖျန်းနိုင်ပါဘူး မမ။ မက်မောစွာ လိုချင်လွန်းလို့ မဖြစ်မနေ ကြိုးစားခဲ့ရပြီး တဆယ်တမ်း ရရှိလာတဲ့အခါမှာ အောင်မြင်ခြင်းဆိုတာဟာလည်း ဘာအဓိပ္ပာယ်မှ မရှိပါလား မမရယ်။

ဘာပဲဖြစ်ဖြစ်လေ....

မဖြစ်စေချင်တဲ့ အဆိုတော်၊ မရစေချင်တဲ့ အောင်မြင်ခြင်းကို 'မောင်ဖို့ချွန်းကလေး' ရရှိ ပိုင်ဆိုင်ခဲ့ပါပြီ မမခင်ဗျား။

မျက်နှာငွေလ ချွန်းပပနဲ့ 'မေ' ဝမ်းမြောက်ပါလေတော့။

—⑦—

'ညွှဲသည်'ဆို၍ ဂီတဲဘော်ဒါတွေပဲလား'ဟု ထင်လိုက်သည်။

'ဩော်....'

အသက်အရွယ်ကြီးရင့်သူ ဦးလေး ဘကြီးအရွယ် ပုဂ္ဂိုလ်တစ်ဦးကို ချွန်း ပြုံးပြလိုက်သည်။ ပုဂ္ဂိုလ်ကြီးက ချွန်း၏ ညှီခန်းမှာ မြိန့်မြိန့်ကြီး ထိုင်တောင်နေပြီ။

'တစ်ယောက်တည်း နေလား'

'ကျွန်တော့် သူငယ်ချင်း ထွန်းမောင်နဲ့ပါ'

ချွန်းလည်း ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

'မှတ်မိလား'

'ကျွန်တော့် ကျေးဇူးရှင်ပဲ ဦးလေးကြီးရယ်၊ ဦးလေးကြီးမှာ စားပါလာရင် ကျွန်တော် ဖုန်သုတ်ပေးပါရစေ'

'ဟ....ဘယ်ဆိုးလို့လဲ'

'ကျွန်တော် လူလိမ္မာပါ ဦးလေးကြီးရဲ့'

ဦးလေးကြီး နာမည်ကို အဲသည်တုန်းက သိခွင့်မရလိုက်သည်မို့ ခုထိလည်း မသိသေးပါ။ သို့ပေမယ့် ချွန်းဘဝတစ်ဆက်တာမှာ အလွန် အရေးကြီးပုဂ္ဂိုလ်မို့ ချွန်းသုံးလေးနှစ်အတွင်းမှာ နေ့တက်ထပ် မမြင်တွေ့ရတော့ပေမယ့် လွန်ခဲ့သော သုံးလေးနှစ်က တွေ့ခဲ့ဖူးသူကို ကောင်းကောင်းကြီး မှတ်မိပါသည်။ ထိုလူကြီးသည် ချွန်း၏ကျေးဇူးရှင်ဟု ဆိုနိုင်၏။

'ဒီနေ့ ကြံဆောစားချိုင်းမှာ ရုပ်ရှင်သရုပ်ဆောင် တစ်ယောက် အသုဘချမယ်'ဟု ပြောခဲ့သည့်ပုဂ္ဂိုလ်ကြီး။ တကယ်





တမ်းက အဲသည်နေ့မှာ အသုဘချတာ နာမည်ကြီး သရုပ်ဆောင်တစ်ဦး မဟုတ်ခဲ့ပါ။ ရုပ်ရှင်ခင်းသား မင်းသမီးတွေသည်း ထင်သလောက်မလာခဲ့ပါ။ လာခဲ့သူက မမ။

မေသီရိပြည့်စုံဟူ၍ နောင်အခါမှာ နာမည်သိလာရပြီး အသည်းနင့်အောင်ချစ်သွားမိသည့် မဇာသည်သာလျှင် သူနှင့် ဘာတော်သည်မသိသော အမျိုးသမီးကြီးတစ်ဦး၏ အုတ်ဂူမှာ ရှေ့မ ပန်းခြင်းကြီး လာချခဲ့တာ။ အဲသည်တုန်းက မမအာမေဟုအောင် ထင်ခဲ့တာ။

'ဦးလေးကြီးက ကျွန်တော့် ကျေးဇူးရှင်ဖြစ်သလို ကျွန်တော်တစ်သက်လုံး ဖြေမဆည်နိုင်အောင် ဆွေးရိနေစေအောင် စထင် ဖန်တီးခဲ့သူလည်း ဖြစ်ပါတယ်'

ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ်ပြောလိုက်သည်။

'ပြောပါဦးလေးကြီး.... ကျွန်တော် ဘာအကူအညီ ပေးရမလဲ'

'ဘယ်လို အကူအညီမျိုးပေးနိုင်လဲ'

'လောလောဆယ် ကူညီနိုင်တာကတော့၊ သီချင်းဆိုတာပါပဲ၊ ဦးလေးကြီးရဲ့ သမီးတွေ မင်္ဂလာလေး ဘာလေး ဆောင်ရင်ပေါ့'

'တစ်ခုမေးရဦးမယ်၊ မင်းကိုယ်တိုင် မင်္ဂလာဆောင်ရင် မင်းကသတို့သားဝတ်စုံကြီးနဲ့ သီချင်းထွက်ဆိုဦးမှာလား'

'အဲ့ ဒီမေးခွန်းကို ဖြေဖို့ မလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့၊ ကျွန်တော်ဟာ ဘယ်တော့မှ သတို့သားဖြစ်မလာနိုင်လို့ပါပဲ'

'လူပျိုကြီး လုပ်ဖို့ စိတ်ကူးရှိဟယ်ပေါ့လေ'

'စိတ်ကူးရှိတာ မဟုတ်ပါဘူး၊ ဖြစ်ထွန်းတာပါ'

ပုဂ္ဂိုလ်ကြီးက ရယ်လိုက်သည်။

'မင်္ဂလာဆောင်ပဲ၊ ဟိုတယ်မှာတော့ မဟုတ်ဘူး၊ ခြံပွဲ၊ သားကောင်ဦးရဲ့ သားအငယ်ဆောင်'

'ကျွန်တော်ဆိုပေးပါမယ် ဦးလေးကြီး'

'ခြံပွဲဆိုလို့ နွယ်နွယ်ရရမှတ်နဲ့၊ ခြံထဲမှာ လုပ်ရတာဘာယ် ဟိုတယ်မှာမှ မဆန့်လို့လုပ်ရတာ၊ ဖိတ်စာတစ်ထောင်ကျော် ရိုက်ရတယ်၊ လာမယ့်သူဦးရေ ထောင့်ခုနစ်ရာလောက် မှန်း တယ်'

'ခမ်းခမ်းနားနားပဲ၊ ဦးလေးကြီးက ကျွန်တော့်ကို လာပြောတာ၊ ဟိုတုန်းက တွေ့ခဲ့ဖူးတဲ့ကောင်လေးဟာ ကျွန် တော်မှန်းသိလို့လား'

'သိတယ်'

'ထူးဆန်းတယ်၊ ဦးလေးကြီး ဘယ်လိုသိတာလဲ၊ ရုပ်မှတ် မိတာလား'

'ရုပ်လည်း မှတ်မိတယ်၊ မင်းကိုလည်း မျက်ခြည်မပြတ် ဘဲ၊ လူချင်းသာ မတွေ့တာ၊ အမြဲနားစွင့်တယ်၊ မင်း ဘာ ဖြစ်ပြီး ဘာလုပ်နေလဲ သိတယ်'

ဒါနဲ့များတောင် နည်းနည်းပါးပါး လာမကူညီဘူး

ချန်ရယ်စရာပြောလိုက်သည်။ အစုတ်ပလုတ် ဘဝတုန်းက ဆိုလျှင်တော့ သည်စကားကို ဘယ်ပြောဖြစ်လိမ့်မလဲ။ တကူး တကကို ဆင်ခြင်၏။ ခုလို... မည်သူ့ အကူအညီမှ မလိုတော့





သည့်အခါကျတော့ သည်စကားကို ရယ်စရာ ဟာသအဖြစ် ပြောရဲပြီလေ။

'ဝါလာကူရင်မှင်းအစွမ်းဆုစ ဘယ်ထွက်တော့မလဲ'

'အဲဒီအစွမ်းအစဆိုတာကို ထုတ်ရတာ ခုသေရုံးတစ်မည်ပဲ'

'သိသားပဲ'

'လူများတွေက အရှက်နဲ့ လူလုပ်တယ်လို့ ပြောကြဟယ်၊ ကျွန်တော်ကတော့ အရှက်မရှိ လူလုပ်ခဲ့ရတာ ဦးလေးကြီးရဲ့'

'သိပါတယ်ကွ'

'ဩော်... လာပြီပြီးတော့များ ပိုက်ဆံလေး ဘာလေး ထုတ်ချေးရောပေါ့'

'အဲဒီလို ထုတ်ချေးခဲ့ရင် မင်းအခုလောက်ချင်မှ ပေါက် မှာ၊ မငတ်ရုံတစ်မည်ခြိုးခြံပြီး ခြစ်ကုတ်လုပ်ရတော့၊ မင်း ကလည်း အစွမ်းကုန် ကြိုးစားတယ်၊ အရင်းအနှီးကို လွယ် လွယ်နဲ့ရရင် ဒီလောက်ဘယ်ကြိုးစားပါ့မလဲ'

'ဦးလေးကြီးကို ကျေးဇူးတင်ပါတယ်'

'ဘာအတွက်ပါလိမ့်'

'မသိဘူး၊ တင်ချင်စိတ်ပေါက်လာလို့'

'ကောင်းတယ်'

'ကျွန်တော်... ဘယ်နေ့ဆိုပေးရမှာလဲ၊ လိပ်စာက...'

'ဒီ ဆန်းနေး'

'ကျွန်တော် ရီတောဒင်း....ရှိ'

လူကြီးက လက်ဝါးကာ၍ရယ်၏။

'မင်းက ဒီစကားမျိုးတွေတောင် ပြောတတ်နေပြီပဲ၊ ရှိလည်း ဘာဖြစ်လဲ၊ မင်္ဂလာဆောင် ခဏထွက်ဆိုတာ၊ အနုပညာသည်တွေ အောင်မြင်လာရင် တကယ်မအားကြတာလည်း မှန်ပါတယ်၊ မအားတာကိုလည်း တယ်ထုတ်ကြွားတာကိုး'

'ဆိုပါမယ် ဦးလေးကြီးရဲ့၊ ဘယ်ခြံလဲ'

'သီရိဂေဟာခြံ'

'ခင်ဗျာ'

'မိန်းကလေးရှင်ဆီမှာ လုပ်ပေးရတာလေ၊ မျက်လုံးကြီး ဒီလောက်ပြူးမနေပါနဲ့၊ အသက်လည်းရှူပါဦး၊ သတို့သမီးက ခင်ခင်ကျက်သရေပြည့်စုံလေးပါကွာ'

ဆက်ပြင်းမောကြီး ဆုပ်ဆုပ်ခဲခဲကျလေ၏။

'လူငယ်ချင်း၊ကြိုက်တာဇလား ဦးလေး'

'ငါသွားဆောင်းတာ'

'လူငယ်ချင်းရော'

'ခုမှ မြင်ဖူး တွေ့ဖူးကြတာပဲ'

'ဩော်'

ကျက်သရေတောင် သည်လောက် လိမ္မာပြနေမှ၊ မမတစ်ယောက် ဘယ်လုပ်သာလိမ့်မလဲ၊ မမ.... ဒေါက်တာဇော်လွင်ရှိတင်နှင့် လက်မှတ်ပြစ်ပါ။ မမနဲ့အတွေ့မခံပေမယ့် မေသတင်းကို ထာဝရနားစွင့်ခဲ့သူမို့ မမအပျိုကြီး ဘဝမှာပဲ ရှိနေသေးကြောင်းနှင့် ကျန်းမာရေးချို့တဲ့သည်မို့ အလုပ်သိပ် မလုပ်နိုင်ကြောင်း၊ မမကြီး ဒေါ်မမသတ္တိ ပြည့်စုံလည်း စားသမီးထွန်းကားပြီမို့ သီရိဂေဟာ အိမ်တွင်းမှု





ဝန်ဆောင်လုပ်ငန်းသို့ မလာရောက် နိုင်တော့ကြောင်း၊ အသက်အရွယ် ကြီးရင့်ပြီဖြစ်သည့် ဒေါ်ခင်စုမြင့်က ဦးဆောင်နေရ၍ သည်လုပ်ငန်းကို ဖျက်သိမ်းပစ်လိုစိတ်တောင် ရှိကြောင်း၊ ပိတ်ပစ်ရမှာလည်း နှမြော လှကြောင်း.... ကြောင်း....ကြောင်းတွေအားလုံး ချွန်းနားစွင့်ရင်း ကြားခဲ့ရပါ၏။

'ကိုယ့်မိတ်ဟောင်း ဆွေဟောင်း၊ ဆရာသမားဟောင်းတွေပဲကွာ၊ မင်းဆိုမှာ မဟုတ်လား'

'ကျွန်တော်ဆိုမယ်လို့ ပြောပြီး သွားပါပြီ'

'မဆိုချင်ဘူးလား'

'မဆိုရဲတာလည်း ဖြစ်နိုင်ပါတယ်'

'ဒီမှာ ချွန်း၊ မေခင်ပိုးချွန်းတာလေးရဲ့'

'ခင်ဗျာ'

'ပိုက်ဆံဆိုတာ ရှာယူလို့ရတယ်၊ အတန်းပညာ ဆိုတာ ဆင်ယူလို့ရတယ်၊ အောင်မြင်မှုဆိုတာ ကိုယ်ပိုင် အရည်အချင်းနဲ့စက်မှုရတာ၊ ငွေနဲ့ပေးဝယ်လို့လည်း မရဘူး၊ မင်းဟာ ခုလို ပိုက်ဆံရှိနေပြီ၊ သူဌေးအကြီးစားကြီး မဟုတ်ပေမယ့်....

'စားနိုင်သောက်နိုင်ဖြစ်နေပြီ၊ မကြာခင်လည်း တွဲ့ရတော့မယ်၊ ဒါပေမယ့်.... အဲဒါတွေဟာ အာပလာ'

လူကြီးက ဗန်းစကားပြောသည်မို့ ပြုံးမိ၏။

'အဆိုတော်ဆိုတဲ့ နာမည်ကမှ အဓိက။ မင်းဟာ အလကားကောင် မဟုတ်တော့ဘူး၊ လမ်းပေါ် လိမ့်ကျ

စေတနာစာပေ

နေတဲ့ ပြောင်းဖူးရိုး မဟုတ်တော့ဘူး၊ အဆိုတော်ကွ၊ အဆိုတော်'

တချို့မိဘတွေကျတော့ အဆိုတော်တို့၊ ရုပ်ရှင်မင်းသားတို့လို အနုပညာရှင်မျိုးကို သမက်တော်ဖို့ သဘောမကြပါ။ စန်လေးကြွတာ ရှိပါ၏။

'ဘယ်သူ့ဆီကို ဘာကိစ္စကြောင့် မသွားရဲစရာ ရှိသလဲ၊ မင်း ဘယ်သူ့မျက်နှာ အိုးမဲ့သုတ်ခဲ့ဖူးလဲ'

'မလုပ်ဖူးပါဘူး'

'ပြီးပြီပေါ့၊ မင်းပြောပြီးသား စကား၊ တည်အောင်ဆိုပြစ်အောင် လာဆိုပါ၊ မင်းကို ငါ ပိုက်ဆံမပေးဘူးနော်၊ နေတ္တာနဲ့ ကူညီရမှာ၊ မင်းအာ မင်္ဂလာဆောင် တစ်ခုဆိုရင် သီချင်းနှစ်ပုဒ် ဆိုတယ်၊ အနုပညာကြေး နှစ်ထောင်ဆို'

ချွန်း ရယ်နေလိုက်သည်။

'ဘယ်စိုင်းလဲ'

'မင်းဆိုနေကျဝိုင်းပဲ'

ဩော်... ဦးလေးကြီး၊ ခုထိ ခွကျတုန်းပါလား။

....◎....

ကော်စက်ကို ယိုပါရောလား မမရေ။

လှလိုက်တာ၊ ဆံပင်တွေကို အုပ်လုံးသိမ်း၍ ခပ်မြင့်မြင့်မှာ စုချည်ထားသည်။ ဆံအုံကောင်းသူမို့ ဆံလုံးကြီး၏ မုန့်ကြွံးလိမ်ကျစ်၍ ချထားတော့ ခါးနားဆီထိ တွဲတဲတွဲ





ခဲခဲနှင့် လှပစွာ ကျသည်။ ကြိုးစည်းနေရာမှာ စိန်နှင့်ပတ္တမြားတို့ ရောစပ်ထားသည့် ရွှေဇာတော့ငွပ် ကြီးကြီး စွပ်ထား၏။ အင်္ကျီအ တိုကော်ဘင်လေးတွေ ပြောခဲ့သည့် 'ဘိုးရှောင် ဇာ၊ လိုချည်လည်း တူတူ၊ အင်္ကျီက မြန်မာအင်္ကျီ ရင်စေ့ကို ခါးဆစ်ဖုံးအောင် ချုပ်ထား၏။ ကိုယ်ကျပ်ဈေးမို့ မခကိုယ်လုံး သွယ်လျလျလေးမှာ လှချင်တိုင်းလှနေတော့သည်။

ဟိုသွား သည်သွားနှင့် ညှိခံရင်း မမမျက်နှာလေး ရှင်ပျနေသည်။ ကျွန်းမှာရေး ပြန်ဆောင်းလာပြီ ထင်ပါရဲ့။ အဆိုတော်တွေ ထိုင်သည့်နားမှာ ထိုင်နေရင်း မျက်လုံးတွေချည်း မမနောက်သို့ လျောက်လိုက်နေ၏။

'သတို့သမီးအစ်မတဲ့၊ လှတယ်နော်'

ဘေးနားမှ အဆိုတော်ကောင်မလေးက အားကျစွာဆို၏။ အားကျလောက်ပါပေရဲ့ မမ။ ဟော....မမ။ သည်ကိုလာနေတာပါလား။ ချွန်းတို့ရဲ့ကောင်စုတ်လေးဆီ လာနေတာပါလား။

'ချွန်း....'

'ခင်ဗျာ'

ထူးသံအာ လန့်ဖျပ် ထွက်ပေါ်၏။ ရင်ထဲ စုန်းဒိုင်းကြဲသွားသည်။ ငြိမ်းနေသည့်ဆန်ရေပြင်ထဲ ခဲတစ်လုံး ကျလေပြီ။

'မနက်ဖြန်ကျရင် မင်းရဲ့ ပါဂျရိုးနဲ့ ကိုးနာရီတိတိမှာ မမကို မမထိုင်နေကျ ရုံးခန်းရှေ့မှာ လာကြို'

'ဟုတ်'

'သုသာန်ကိုသွားမှာ၊ အန်ထီဒေါ်တင်တင်ကြီးကို သွား
ဆန်တော့ဖို့'

'ဟုတ်ကဲ့'

အည်တစ်ခါမှ 'ကဲ့' ပါလာသည်။

'မင်းက သေွးကြီးမွေးကြီး၊နဲ့ စတိုင်တစ်ခွဲသား ထုတ်ပြီး
ထိုင်နေလိုက်တာ၊ မေမေ့ကိုတောင် မနှုတ်ဆက်ဘူး'

'ကျွန်တော် နှုတ်ဆက်ရမှာလား'

'တရားစွဲမယ် ထင်လို့လား'

ချွန်း ဝုန်းခနဲ ထရပ်ဖြစ်သည်။ မမ၏ နှုတ်မိန့်သည်
ချွန်း၏ ဦးခေါင်းထက်၌ 'ဥပဒေ'ကဲ့သို့ တည်ဆဲပါပဲသား။

...၏...

'အိမ်မှိုလာယာဉ်မောင်း ထွက်သွားပြန်ပြီ ချွန်းရဲ့၊ ပြန်လာ
မောင်းပေးမှာလား'

'မမ မောင်းစေချင်လို့လား'

ကိုယ်ပိုင်သည့်ကားကို ကိုယ်တိုင်မောင်းလျက် အချစ်ဆုံး
သူကို စားမှာ တင်[illegible]ဝင်လာခဲ့နိုင်သည့် ကြည်နူးပီတိကို
ဘယ်လိုရှင်းပြရမလဲ။ သို့ပေမယ့် ပီတိက တထိတ်ထိတ်နှင့်





အလန့်တကြားရှိဆဲ ဖြစ်ယည်။ ဦးပြည့်စုံ ဒေါ်ခင်စုမြတ်မှ
စ၍ ကိုကိုကြီးတို့၊ ကိုကိုလေးတို့၊ မမကြီးတို့ အားလုံးက
ရွှေးပုံစံမပျက် ဖော်ဖော်ရွှေရွှေ။

ချွန်း၊ အဲသည်အိမ်ပေါ်က ဆင်းလာချိန်အလည်း သည်
ပုံစံနှင့်ပင် ဆင်းလာခဲ့ခြင်း ဖြစ်သည်။ မည်သူ တစ်ဦး တစ်
ယောက်ကမျှ စူစူပုပ်ပုပ် ဆောင့်ဆောင့်အောင့်အောင့်မရှိ။
မမတစ်ယောက်တည်းသာ မျက်နှာလေးပျက်ပျက်နှင့်၊ ကိုကို
လေးအိမ်သို့ နှင်ခဲ့တာဟာ မမဆန္ဒ မဟုတ်နိုင်မှန်း၊ မမ
မလွန်ဆန်နိုင်သည့် မိသားစုဆန္ဒမှန်း ချွန်း နားလည်ပေးခဲ့
နိုင်သည်လေ။

'ကျောင်းပြီးပလား'

'တစ်နှစ် ကျန်သေးတယ်'

'မိန်းမယူတော့လေ'

'မမ၊ အိပ်ပျော်နေတဲ့ ကျားနာကို လာမဆွနဲ့၊ ကျွန်
တော် တစ်ခါတည်း ခိုးပြေးမိလိမ့်မယ်'

'မမက လိုက်မယ်ထင်လို့လား'

'သိပါတယ်၊ သိရိခဂဟာ မိသားစုံရဲ့ စတုတ္ထသမီး'

'ချွန်း အောင်မြင်တာ မမ အရမ်းပျော်တယ်'

'ကျေးဇူးတင်ပါတယ်'

'ထေ့ငေါ့တယ်ဆိုတဲ့ အလုပ်ကို မမတို့ မိန်းမသားတွေ
ကို၀ဲ အပိုင်ပေးပါကွယ်'

'ယောကျ်ားလည်း ခံစားတတ်တယ်'

'ခင်းဟာ နည်းနည်းဈေးမှုလည်း ရင့်ကျက်လာသေး ပါလား'

'အထင်သေးပါ'

'မဝံ့ပါဘူးတော်၊ နိုင်ငံကျော် အဆိုတော်ကြီးကို'

'အပင်း.... မမတို့အိမ်ရဲ့ ဖိနပ်ချွတ် တစ်ကွက်စာလောက် တော့ ကျွန်တော် ချမ်းသာပါပြီ'

'အဲဒီလောက် ချမ်းသာရင် မိန်းမယူလို့ ရပြီ'

'မမ၊ မစနဲ့လို့ ကျွန်တော်ပြောထားတယ်၊ ကျွန်တော်က ကျားနာလို ဖြစ်နေတာ၊ ဒေါသထွက်လာရင် အသေကိုက် မှာ၊ ကျွန်တော့်ရင်ကို ခွဲပြချင်တယ် သိလား၊ ဓားရာ ဓား ချက်တွေနဲ့ ပွထနေတဲ့ နှလုံးသားကို မမ မြင်ဖူးအောင်လို့'

'မိတ်ဆက်စာ တစ်နေ့ကို ဘယ်နှစ်စောင်ရလဲ'

'တစ်သိန်း'

'ဖိုးကြွား'

'မမကို ချစ်တယ်'

ထိန်းသိမ်း မနေချင်တော့ပါ။ မွန်းကျပ် ပိတ်လှောင် အကျဉ်းချထားသည့် စိတ်တွေကို လွှတ်ပေးလိုက်သည်။ သူမ သည် လွတ်လပ်သော အပျိုဖြစ်၏။ ကိုယ်လည်း လွတ်လပ် သော လူပျို။ လူပျိုက အပျိုကို ချစ်လို့ ချစ်တယ်ပြောတာ ဘယ်ဥပဒေနဲ့ တားမလဲ။

'မမ မထုံတက်တေး ပြုံးစေ စေ့နဲ့ ကျွန်တော်က တကယ်ခိုးပြေးတော့မယ်၊ ကျွန်တော် မမကို သုံးလေးနှစ် အတွင်း စက္ကန့်မလပ် ချစ်နေတယ်'





'အန့်တိ့ကို ထွားကန်တော့ရဦးမယ်'

'ပြီးရင်....ကျွန်တော်တို့နှစ်ယောက် အိမ်ပြန်ကြနဲ့တော့ တရားရုံးကို ပြေးပြီး လက်ထပ်ရအောင်နော် မမ'

'ဘယ်သူက ချစ်ပါတယ် ပြောလို့လဲ၊ ဘယ်တုန်းက ပြော ဖူးလို့လဲ'

ချွန်း....အံကို ကြိတ်ပစ်လိုက်သည်။ ကြည့်စေ မမ ဘယ် လောက် အသည်းယားစရာကောင်းအောင် နှိပ်စက်နေသလဲ။ တကယ် တို့ ပြန်မပို့တော့ဘူး၊ သိကြရောပေါ့။ နေနှင့်ဦး။ အခြေအနေက တော်တော်ကြီး အခွင့်သာနေတယ်ဆိုတာ ပြောစရာမလို၊ ချွန်းပဲ သည်လောက်အပေါ်မှလွှား။ မမ သည်လောက် ပြုံးပြုံးလေးဖြစ်နေတာ၊ သီရိဂေဟာ မိသား စုရဲ့ မျက်နှာတွေကို ထောက်ထားစရာ မလိုတော့လို့ ခံစား မှုကို ဦးစားပေးခွင့် ရပြီမို့ပဲ မဟုတ်လား။

'မမ'

'ပြော'

'မိသားစုရဲ့ မျက်နှာရှိသေးသား'

'ချွန်းက ဒါကို စိတ်နာနေတာလား၊ ချွန်း သိချင်း သိပ်ကောင်းတာပဲ၊ တစ်ခွေလုံးမှာ အဲ့ဒီသီချင်း အကြိုက် ဆုံးပဲ ချွန်းရဲ့၊ မမလေ...နေလိုက်လည်း သိပ်ကောင်း၊ ချွန်းနဲ့လည်း မဆုံရသေး၊ အဲ့ဒီသီချင်း တီဗွီမှာလာတော့ ငိုငိုပြီး ကြည့်ရတာ'

'မမက မျက်ရည်ခိုင်တယ်ဆို'

'ခံစားမှုကို ဦးစားပေးလိုက်တာ'

'မခ'

'အို…ကားကြည့်ခေါင်း'

ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်ချင်ဆည်။ မမ ကိုယ်သွယ်လျလျလေးကို ကျောကုန်းမှာ ထမ်း၍ ပြေးလိုက်ချင်သည်။ တရားရုံးဆီသို့....

'မခ....ကျွန်တော့်ကို ချစ်တယ်နော်'

သီရိ မျက်စိရော ခေါင်းပါရော၍ ညိတ်ချလိုက်သည်။

'ဝမ်းသာလိုက်တာ မခရယ်'

ကားကို တကယ်ပဲ ထိုးရပ်လိုက်ရသည်။ ခြေတွေတုန်၊ လက်တွေတုန်၊ အသည်း၊ အူ၊ နှလုံးနှင့် ကျောက်ကပ်တွေပါ ထခုန်ကြပြီလား မသိ။ စတုန်ဆယင်နှင့်မို့ ကားခေါင်းနိုင်စွမ်း မရှိတော့ပါ။

'မမရယ်....လမ်းမဘေး၊ ကားပေါ်ကြီးမှာ ဗီလို ဖြေရလား၊ ကျွန်တော် ဘာလုပ်ရမှာလဲ၊ ပျော်လို့ ကျုံးအောင်မြန်ရည်း အရူးဖြစ်ဦးမယ်'

'နိုင်ငံကျော် အနုပညာရှင်ကြီး ရှင့်၊ ရှင့်မျက်နှာကို လူတိုင်း သိနေပါတယ်၊ ကွက်ကြည့်တွေဖြစ်ကုန်ပြီ၊ ခံစားမှုကို ဦးစားမပေးပါနဲ့၊ ကားကို ပြန်မောင်းပါ'

'မမ....မမကို ကားပေါ်က ဆွဲချပြီး၊ လမ်းမကြောင်းမှာ လျှောက်ပြေးချင်တယ်'

'လုပ်လိုက်လေ၊ အဆိုတော် ချွန်းတစ်ယောက် ရူးရှာပြီလို့ ရှေ့ဆုတ် မဂ္ဂဇင်းထဲ ပါလာမှာပေါ့'

'မမနော်....မခ'





ကားစတီယာရင်ကိုပဲ လက်သီးနှင့် သုံးလေးချက် ဆင့်ထိုးပစ်လိုက်တော့ သီရိ ရယ်၏။

'မောင်းပါ၊ ဟိုကျတော့ ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်'

'အန္တီတီ ဒေါ်တင်တင်ကြီးလား'

သီရိ ခေါင်းညိတ်ပုံလေးက တည်ငြိမ်နေပြန်တော့သည်။

—◎—

'အန္တီတီ ဒေါ်တင်တင်ကြီး ဆိုတာ မခတို့ရဲ့ အဒေါ်ပဲ ဆိုပါတော့၊ ဘွားဘွားရဲ့ မွေးစားသမီး၊ ဘွားဘွားက မေမေနဲ့ကူတူ ကျောင်းထားပေးခဲ့တာ၊ အန္တီတီကြီးက ဉာဏ်သိပ်မကောင်းလို့ ဆယ်တန်းမအောင်ဘူး၊ ကိုးတန်းထိတော့ အောင်တယ်၊ ဒါနဲ့ ကျောင်းထွက်ပြီး အိမ်မှာပဲ ဘွားဘွားနားမှာနေပေါ့....

'အိမ်မှုကိစ္စ ဝိုင်းလုပ်ပေါ့ ချွန်းရယ်၊ တစ်နေ့ကျတော့ အန္တီတီကြီးဟာ အော့တယ် အနှိုဟယ် ဖြစ်လာတယ်၊ ချွန်းနားလည်လား ဟင်'

ချွန်း သည်လောက် မအပါဟု ဝန်ခံထားပြီးပြီပဲ၊ ချွန်းနားလည်ပါသည်။ ခေါင်းညိတ်ပြလိုက်သည်။

'ဘွားဘွားက အရမ်းစိတ်ဆိုးပါတယ် ချွန်းရယ်၊ အဲ့ဒီကတည်းက မတို့ ခြံကြီးရဲ့ နာမည်က သီရိဂေဟာ...

'သီရိဂေဟာ မိသားစုတွေ အားလုံး ရှက်ကြရတယ်ပေါ့ ချွန်းရယ်'

'လက်ထပ် ပေးစားဆိုက်လို့ မရဘူးလား'

'အမျိုးသားမှာက ဇနီးသည် ငုတ်တုတ်နဲ့ ဖြစ်နေတယ်။ သားကြီး သမီးကြီးတွေ ရှိနေတယ်'

'ခြော်...'

'တကယ်တော့...အန်တီကြီးမှာ အပြစ်တော့လည်း သိပ်မရှိပါဘူး၊ ဟို အမျိုးသားရဲ့ ဇနီးနဲ့ အန်တီကြီးက အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေ ညအိပ် ညနေတွေ သွားလည်တာ၊ ကလေးမွေးတာကို မီးနေသွားစောင့်၊ အဲ့ဒီလို မမျှော်လင့်တဲ့ မှားတာ၊ အမှက်ပေါ့၊ အဲ့ဒီအိမ်မှာ'

ငါကျ သိပ်မချောပါ။ သီရိ မျက်နှာလေးရဲ၍ ရှက်နေရှာသည်။

'ဒါကြောင့် မေမေကပြောတာ မကောင်းတဲ့အလုပ်များ ဘယ်တော့မှ အကျင့်မလုပ်နဲ့တဲ့၊ မမတို့ တစ်အိမ်သားလုံး ဘယ်သူမှ ဆေးလိပ်မသောက်ဘူး၊ ယောက်ျားတွေလည်း အရက်ပြင်း မသောက်ဘူး၊ အလွန်ဆုံး ဘီယာပဲ'

ဦးပြည့်စုံ ကိုယ်တိုင် ဘာအရက်မှ မသောက်တာ ချွန်း သိသည်။





'ဒီကိစ္စကို တစ်နေ့မှာ ဆုံရှင်းကြတော့၊ ဘယ်လောက်ကြေကွဲစရာကောင်းလဲ၊ မီးနေအည်က စိတ်ထိခိုက်ပြီး မျက်ဖြူလန်သွားတာ တော်တော်နဲ့ သတိပြန်မရဘူး'

'ဖြစ်မှဖြစ်ရလေ'

'အန်တီကြီးလည်း ခြေဦးတည့်ရာ ထွက်ပြေးတာ၊ လေးဝါးနှစ်လောက် အိမ်က ပျောက်သွားတယ်၊ တိုတိုပြောရရင် ပြန်တွေ့တော့ ဆင်းရဲနေတာနဲ့ မေမေက ပြန်ခေါ်ထားတာ၊ လွန်ခဲ့တဲ့ ခြောက်နှစ်က သီရိဂေဟာမှာပဲ ဆုံးတယ်'

'အလေးရော'

'မေးလို့မရဘူး၊ မပြောဘူး၊ တကယ်မသိတာထင်တယ်၊ စိတ်လည်း နည်းနည်း ကယောက်ကယက် ဖြစ်နေတယ်'

'ဟိုလူကြီးအရော'

'ယားသမီးနဲ့ ဇနီးနဲ့ ဒီလိုပဲနေရတာပေါ့၊ ဒီဘက်မှာက အရက်ကြောင့် မှားတာ၊ ဟိုဘက်မှာက ချစ်တဲ့မိသားစု'

'အန်တီကြီး သနားပါတယ်နော်'

'ဟို ဦးဦးကမျှား ကလေးကိုတစ်နေ့ရာရာမှာ အပ်ထားတာလားလည်း မသိပါဘူး၊ ဦးဦးလည်း သီရိဂေဟာကို မလာ၊ အန်တီကြီးလည်း သူ့သူငယ်ချင်းဆီ မသွားဘဲ နေလိုက်တာ ဆုံးတဲ့အထိပဲ'

'ဟိုဇနီးက ရှိသေးလား'

'မနှစ်ကမှ ဆုံးတာ'

'ကလေးရော'

'အဲဒါ တကယ်လို့ မဆိုရင်'

'မမ တကယ်လား'

'တကယ်ဆိုရင်'

'ဘာဖြစ်လဲ မမရဲ့'

'အေးနော်....ဘာဖြစ်စရာရှိလဲ'

'ဟုတ်တယ်၊ ဘာဖြစ်စရာမှမရှိဘူး'

'တန်တော့ရအောင်'

အုတ်ဂူဟောင်းတစ်ခုဆိုပေမယ့် ချစ်လူနှင့် ယှဉ်တွဲဦးချရသည် မို့လားမသိ၊ ကြည်နူးလှိုက်လှဲနေမိသည်။ ခံစားမှုကို ဦးစားပေးနေပါပြီဆိုသည့် သီရိက မျက်ရည်သုတ်နေသည်။

'အိမ်ကိုပဲ ပြန်ပို့နော်'

တယ်ဟုတ်တဲ့ငါ့ပါလား၊ ငါ့ကွဟု ချွန်းပစ်လိုက်ချင်၏။ အခြေအနေက သိသိသာသာကြီး တိုးတက်နေ၏။ ဦးလေးကြီး ကျေးဇူးပါပဲ။ သူ့သားနှင့် ကျက်သရေတို့ ခေါ်လာဆောင်ပေးလို့။ ဦးလေးကြီးကိုတော့ ဆိတ်ခွန်လုံချည်အဆင်းကောင်း တစ်ထည်နှင့်ကို သွားကန်တော့ရပါဦးမည်။

'ချွန်းရေ.... သီရိဂေဟာမှာတော့ မင်းပရိသတ်ကြီးပဲ၊ ဒီယောက်သီချင်းဆိုကောင်းတာ ခုမှပဲ သိကြတယ်'

မမကြီးက ဆီးကြိုနှုတ်ဆက်သည်။ ချွန်း ပျော်လိုက်ရပါဘိခြင်း။ တစ်အိမ်လုံးက မီးစိမ်းပြနေသည်လေ။ ညစာခန်းမှာ တူတူထိုင်ဖြစ်တော့သည်။ မမက ချွန်းနှင့် နှစ်ယောက်ထိုင်ခုံမှာ လာရောက်ထိုင်တာမို့ အံ့သြရပါသေးသည်။ မိဘမောင်ဖွားတွေနှင့်မို့ တော်ရုံတန်ရုံနှင့်တော့ မမ သည်လို





မဆင်ခြင်နိုင်အောင် ဖြစ်မည်မထင်။ ချွန်းက အိမ်သား တစ်ယောက်ထွက်လာမှာ မျက်နှာပူအားနာပေမယ့် မမနှင့် နီးနီးကပ်ကပ်လေးနေရတာကျေနပ်လည်း ကြိုက်၏။

'ချွန်း....'

'ကျွန်တော့်ကို ချစ်လား'

'ချစ်ပါတယ်ဆိုမှ ဒါပဲမေးနေတယ်၊ ဒီမှာ ကျက်သရေရဲ့ ယောက္ခမနာမည်သိလား'

'ဖိတ်စာထဲမှာတော့ တွေ့လိုက်သားပဲ၊ မေ့သွားပြီ၊ ဘာဖြစ်လို့လဲ'

သီရိက ချွန်း လက်အစ်ဖက်ကို လှမ်းဆွဲလိုက်သည်။ ချွန်းဆိုသည့်ကောင်က တလို့အောင် အချင်ပုံနှင့် ဝမ်းသာလို့ ဆို့နေ၏။

'ဦးကျော်မြိုင်တဲ့'

'ဪ....'

'အန်တီကြီး ယောကျ်ားလေ'

'ဟင်....'

ခုမှ အံ့သြသွားရသည်။ ဦးလေးကြီးနာမည်ကို ဘာကြောင့် သိဖို့လိုရမှာလဲ ဆိုသည့်အဖြေ ပေါ်၏၊

'မမ အဖေလား'

'ချွန်း....အဲဒါ ချွန်းအဖေ၊ အန်တီကြီးက ချွန်းမေမေ'

လူတစ်ကိုယ်လုံး လွင့်ခနဲ စဉ်ထွက်သွားသလို ခံစားလိုက်ရသည်။ သီရိက ချွန်းလက်ကို ပို၍မြဲမြဲဆုပ်သေး၏။ ချွန်း တစ်ခုခုကို ခံစားရပြီ၊ ပြေးထွက်သွားမှာ စိုးလွန်းလို့ကို

နီးနီးကပ်ဆပ်ကလေး လာထိုင်ပြီး လက်တွေကိုပါ ဆုပ်ကိုင်ထားတာကိုး။

'ချွန်း တစ်ချိန်လုံး ချွန်းအဖေလို့ ထင်ခဲ့တဲ့သူဟာ အန်တီကြီးရဲ့ အစ်ကိုအရင်း၊ ချွန်းရဲ့ ဘကြီးအရင်း၊ ချွန်းအဖေဟာ ချွန်းနဲ့ ဘာမှမတော်ဘူး'

နှိပ်စက်လိုက်ကွ လောကဓံရေ....

ရေစီးသန်မြစ်ထဲမှာ အရှိန်နှင့်မျောလာရပြီးမှ ကျောက်ဆောင်နှင့် တွေ့လုံး ဝင်တိုက်မိတာထက် ဆိုးသေးသည်။ ရင်ထဲ နင့်ခနဲ နေအောင် ခံစားရပြန်သည်။ မဟာကံဆိုးရှင် [illegible] အဆောက်အအုံ [illegible] များလှန်းသည်။ ကြေကွဲမှုတစ်မျိုး ဖြစ်ထွန်းရပြန်သည်။

သီရိက နှုတ်မှ ထွက်တွက် ရေရွတ် ပြောပြနေသည်။ ဦးကျော်မြိုင်က လိုက်ရှာတာတွေ ဇနီးသည် ရှိနေသေးလို့ အိမ်ပေါ် ခေါ်မတင်စံ့တာတွေ၊ ဘယ်သူ့မှ မေမွှ အပြစ်မရှိတာတွေ၊ ကံကံ၏ အကျိုးပေးတွေဟာ ဖြစ်ကြောင်းတွေ၊ ဆည်အတွက် ဘယ်လိုမှ ခံစားမနေ့တော့ဖို့ ဘယ်သူဘယ်ဝါ သားသမီးပဲဖြစ်ဖြစ် ချွန်းဟာ ချွန်းပဲ ဖြစ်ကြောင်းတွေ။

မိဘဆိုတာ အနန္တဂိုဏ်းဝင်တဲ့ အဖေဟာ အဖေပဲတဲ့။ ဒါတွေကို ယုံကြည်ဖို့ အကိုးအကားနှင့် သက်သေအထောက်အထားတွေလည်း တင်ပြသွားသည်။ နိဂုံးချုပ်တော့ မမကတော့ ဆောက်ချက်ဘယ်လိုဆွဲမည်မသိ။ ချွန်း အဖို့ရာမှာတော့ မျက်နှာငယ်စရာမှ အမွဲတောင် တစ်ရစ်ထပ်တိုးရတော့သည်။ ဆောချင်လိုက်ပါဘိ။





'ချွန်းဟာ တစ်ကောင်ကြွက်မဟုတ်တော့ဘူး၊ သံယောဇဉ်တွယ်စရာ ဖခင်နှင့် ညီအစ်ကို မောင်နှမတွေနဲ့'

ဆိတ်ခနဲလုံချည်ကောင်းကွေ့ာင်းတစ်ထည်နှင့် တန်တော့ဖို့ အတွေးကို မေ့သွားသည်။ မမ ပြောသလို ချွန်း ပျော်နိုင်ပါမလား။ ဟိုညီအစ်ကို မောင်နှမတွေဟာ ချွန်းဟာ သူတို့နဲ့ အဖေတူ အမေကွဲပါလို့ လက်ခံကြမှာလား။

'ချွန်းရဲ့ဖေဖေဟာ မမကိုလည်း၊ မေမေ့ဆီမှာတောင်းတယ်၊ သူ့သား ချွန်းနဲ့ ပေးစားပါတဲ့'

'ဟင်...'

သည်တစ်ချက်ကိုတော့ ရှက်မျက်နှာပူကြီးနှင့်ပဲ စိတ်ဝင်စားမိသည်။

'အန်ကယ် ဦးကျော်မြိုင်ဟာ တစ်သက်မှာ တစ်ခါမှားဖူးတာကလွဲရင် လူကောင်းကြီးပါ ချွန်းရယ်၊ ချမ်းသည်းချမ်းသာပါတယ်၊ ဒါပေမယ့် မေမေ လက်ခံလိုက်တာဟာ အန်ကယ် ချမ်းသာလို့ချည်း မဟုတ်ပါဘူး'

ဩော်... အန်တီ ဒေါ်ခင်စုမြတ် ခွင့်ပြုမိန့်ကျဖြိုကိုး။

'ချွန်းဟာ အိမ်ထောင်တစ်ခုအတွက် စီးပွားရှာနိုင်တဲ့သူလည်း ဖြစ်နေပါပြီ၊ ဒါပေမယ့် ဒီဝင်ငွေဟာလည်း မက်လောက်စရာ မဟုတ်ပါဘူး'

ဒါကိုတော့ အထူးတလည်မကြေညာလည်း သိပြီးသားပါပဲ။

'မေမေ့ ဆာဘာတူခွင့်ပြုလိုက်တာဟာ ချွန်းရဲ့ ရိုးသားစွာကြိုးစားမှုကို ဂုဏ်ပြုခြင်း၊ အန်တီကြီးရဲ့ သားကို စောင့်

ရှောက်လိုခြင်း၊ မခအပေါ်မှာ ထားတဲ့ ချွန်းမေတ္တာကို ယုံကြည်ခြင်း၊ သမီးကို သနားလို့ လိုက်လျောခြင်း....

'ပြီးတော့ မမပြောခဲ့ဖူးတယ်လေ၊ တစ်နှစ်မှာ ဆရာဝန် အင်ဂျင်နီယာ လေးဝါးရာ ဖြစ်ပါတယ်၊ တောင်မြင့်တဲ့ အနုပညာရှင် လေးဝါးယောက် မထွက်ပါဘူးလို့၊ ချွန်းဟာ အောင်မြင်တဲ့ အနုပညာရှင် ဖြစ်သွားပြီဆိုတော့....'

သီရိဂေဟာရဲ့ ဆမက်လောင်း စာရင်းဝင်ဖို့ ထိုက်တန် သွားပြီပေါ့လေဟု ခနိုးခနဲ့ ပြောမနေချင်တော့ပါ။ ကိုယ့် ငင်ရင်းကို တစ်ဆက်လုံး စောင့်ရှောက်လာခဲ့သည့် အမျိုး သမီးကြီးသည် ကိုယ့်မိခင်၏ ကျေးဇူးရှင်ဆို၊ ကိုယ့်ကျေးဇူး ရှင်ပဲပေါ့။

'မကောတော့ မေမေ့ခွင့်ပြုချက်နဲ့ ခံစားမှုကို ဦးစားပေး လိုက်မိတာပါ'

'မမရယ်'

မမ ဆုပ်ညှစ်ထားသည့် လက်ကို သာသာချွန်းတော့ မမက လွှတ်ပေးသည်။ ချွန်းက တစ်ပြန့်တလဲ ပြန်ဆုပ် လိုက်၏။ အတွေ့အထောက် များလှတဲ့ ချွန်းရဲ့ ကပြောင်း နေပြန့် ဘဝလေး မရှက်ထဲ ထိုးအပ်ပါတယ်။ သခင်မ စိတ်ကိုင်ကျ ရှိပါစေတော့။

'အားလုံးဟာ ပြီးခဲ့ပြီနော် ချွန်း၊ အရာရာတိုင်းကို မမတို့ နှင်ယောက် ကျော်ဖြတ်လာခဲ့ပြီးကြပြီ'

ချွန်း ခေါင်းညိတ်လိုက်သည်။

'ကြည်ကြည်လင်လင်ရှိရဲ့လား ချွန်းရယ်'





'ဘာခဲဖြစ်ဖြစ် ကျွန်တော် ပျော်ပါတယ်၊ ကျွန်တော့် နားမှာ မမရှိနေပြီပဲ'

'မမကိုရော အစာကြေရဲ့လား'

'ကြေပါတယ်၊ သမီးလိမ္မာပဲ'

'သားလိမ္မာတွေဟာ လင်ကောင်းမဖြစ်ဘတိဘူးလို့ အဆို ရှိကြတယ်၊ မမကတော့ သမီးလိမ္မာလည်းဖြစ်ပြီး၊ ဇနီး ကောင်းလည်း ဖြစ်အောင် ကြိုးစားမှာပါ'

'မမရယ်'

အစာတင် မကပါဘူး။ ကလီစာတစ်ခွေလုံး ကြေပါပြီ မမရယ်။ ချွန်းဆိုတဲ့ကောင် အရည်ပျော်ပါပြီ။ ပြေး ပါပေရဲ့။ အဲသည်နှုတ်ခမ်းလေးကိုတော့ ရွှေချ သိမ်းထား ဦးမှာပါ။ ချွန်းဆိုတဲ့ စုတ်ချွန်းချွန်းကောင်လေးရဲ့ မျက် ပေါ်မှာ အလှအပကို မတွေ့တွေ့အောင်ရှာပြီး ချစ်တတ်ငဲ့ မမရဲ့ အချစ်ကို ကျေးဇူးတင်လိုက်ပါတယ်။

ကျေးဇူးပါပဲ မမရယ်၊

မမရဲ့ စကားသံလေးတွေဟာ နှလုံးသားထဲထိ စီးဆင်း ချိုမြလွန်းလို့လည်း ကျေးဇူးတင်ရပါတယ် မမရယ်။

ကျွန်တော်နဲ့ မမတို့ရဲ့ 'အိပ်မက်လေး' လှပစွာ အကောင် အထည် ပေါ်လာခဲ့ပြီနော်။

အခက်အခဲနဲ့အတားအဆီးများကိုကျော်ဖြတ်ဖို့....
စွမ်းအားတို့ ဖြည့်ဆည်းလို့ပေးတဲ့....
အချစ်ဆုံးလေး စေအနာအတွက်....
ကျေးဇူးပါပဲကွယ်....။

ရွှင်ပမော့
မမေ
လိုက်

စာချစ်သူတိုင်းကိုချစ်တဲ့

နေနွယ်ဇင်မြင့်

(ဤဝတ္ထုထဲတွင်ပါသော 'စာနာတတ်သူမို့' သီချင်းနှင့် သီချင်းစာသား အချို့ကို 'ဖိုးခွား' ရေးဖွဲ့ပါသည်။)